မှတ်ပုံတင်အမှတ်—၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ပြန်တမ်း

အမှတ် ၁၁ ] ရန်ကုန်မြို့ { ၁၃၈၀ ပြည့်နှစ်၊ တပေါင်းလဆန်း ၁၀ ရက် ( ၂၀၁၉ ခုနှစ်၊ မတ်လ ၁၅ ရက် ) } သောကြာနေ့ [ အတွဲ ၇၂

ဤအပိုင်းကို သီးခြားစုပေါင်း၍တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။

## အပိုင်း ၁

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
**နိုင်ငံတော်သမ္မတရုံး**
**အမိန့်ကြော်ငြာစာအမှတ် ၉/၂၀၁၉**
၁၃၈၀ ပြည့်နှစ်၊ ပြာသိုလဆန်း ၂ ရက်
(၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ ၇ ရက်)

**လက်နက်ကိုင်ပဋိပက္ခအတွင်း ကလေးသူငယ်များအပေါ် ကြီးလေးသောကျူးလွန်မှုများမှ ကာကွယ်တားဆီးရေးကော်မတီ ဖွဲ့စည်းခြင်း**

၁။ ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ ဆုံးဖြတ်ချက်အမှတ်၊ ၁၆၁၂ (၂၀၀၅) နှင့် နောက်ဆက်တွဲ ဆုံးဖြတ်ချက်များအရ သတ်မှတ်ထားသော လက်နက်ကိုင်ပဋိပက္ခအတွင်း ကလေးသူငယ်များအပေါ် ကြီးလေးသော ကျူးလွန်မှု (၆) ရပ် (Six Grave Violations) ဖြစ်သည့် ကလေးသူငယ်များအား သေကျေ ထိခိုက်ဒဏ်ရာရစေခြင်း၊ အရွယ်မရောက်သေးသူများအား လက်နက်ကိုင်အဖွဲ့များသို့ စုဆောင်းခြင်း၊ ကျောင်းနှင့် ဆေးရုံများအား တိုက်ခိုက်ခြင်း၊ လိင်ပိုင်းဆိုင်ရာအကြမ်းဖက်ကျူးလွန်ခြင်း၊ ကလေးသူငယ်များအား ပြန်ပေးဆွဲခြင်းနှင့် ကလေးသူငယ်များအား လူသားချင်းစာနာမှုဆိုင်ရာအထောက်အပံ့များပိတ်ပင်ခြင်းတို့မှ ကာကွယ်တားဆီးရန်အတွက် **လက်နက်ကိုင်ပဋိပက္ခအတွင်း ကလေးသူငယ်များအပေါ် ကြီးလေးသော ကျူးလွန်မှုများမှ ကာကွယ်တားဆီးရေးကော်မတီ** ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းလိုက်သည် -

| | | |
|---|---|---|
| (က) | ပြည်ထောင်စုဝန်ကြီး<br>လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (ခ) | ဒုတိယဝန်ကြီး<br>ပြည်ထဲရေးဝန်ကြီးဌာန | ဒုတိယဥက္ကဋ္ဌ (၁) |
| (ဂ) | ဒုတိယဝန်ကြီး<br>ကာကွယ်ရေးဝန်ကြီးဌာန | ဒုတိယဥက္ကဋ္ဌ (၂) |
| (ဃ) | အမြဲတမ်းအတွင်းဝန်<br>နိုင်ငံခြားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (င) | အမြဲတမ်းအတွင်းဝန်<br>ပြန်ကြားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |

(စ) အမြဲတမ်းအတွင်းဝန် — အဖွဲ့ဝင်
အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန

(ဆ) အမြဲတမ်းအတွင်းဝန် — အဖွဲ့ဝင်
ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

(ဇ) အမြဲတမ်းအတွင်းဝန် — အဖွဲ့ဝင်
ပြည်ထောင်စုရှေ့နေချုပ်ရုံး

(ဈ) ကိုယ်စားလှယ်တစ်ဦး — အဖွဲ့ဝင်
စစ်ရေးချုပ်ရုံး

(ည) ကိုယ်စားလှယ်တစ်ဦး — အဖွဲ့ဝင်
စစ်ဥပဒေချုပ်ရုံး

(ဋ) ကိုယ်စားလှယ်တစ်ဦး — အဖွဲ့ဝင်
တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ်ရုံး

(ဌ) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများနှင့် စီးပွားရေးဦးစီးဌာန
နိုင်ငံခြားရေးဝန်ကြီးဌာန

(ဍ) ရဲချုပ် — အဖွဲ့ဝင်
မြန်မာနိုင်ငံရဲတပ်ဖွဲ့
ပြည်ထဲရေးဝန်ကြီးဌာန

(ဎ) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန

(ဏ) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
လူမှုဝန်ထမ်းဦးစီးဌာန
လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန

(တ) ညွှန်ကြားရေးမှူးချုပ် — အတွင်းရေးမှူး
ပြန်လည်ထူထောင်ရေးဦးစီးဌာန
လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန

၂။ လက်နက်ကိုင်ပဋိပက္ခအတွင်း ကလေးသူငယ်များအပေါ် ကြီးလေးသောကျူးလွန်မှုများမှ ကာကွယ်တားဆီးရေးကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) လက်နက်ကိုင်ပဋိပက္ခအတွင်း ကြီးလေးသောကျူးလွန်မှုများမဖြစ်ပွားစေရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် သက်ဆိုင်ရာဌာနများမှ တာဝန်ရှိပုဂ္ဂိုလ်များအား အသိပညာပေးမှုများ၊ ကြိုတင်ကာကွယ်သည့်သင်တန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရန်နှင့် လုပ်ငန်းအစီအစဉ်များ ချမှတ်ဆောင်ရွက်ရန်၊

(ခ) ကြီးလေးသောကျူးလွန်မှု (၆) ရပ်အနက် တစ်ရပ်ဖြစ်သည့် လက်နက်ကိုင်အဖွဲ့များသို့ အသက်မပြည့်သေးဘဲ စုဆောင်းခြင်းမှ တားဆီးကာကွယ်ရေးနှင့်စပ်လျဉ်း၍ နိုင်ငံတော်သမ္မတရုံးက ဖွဲ့စည်းထားသည့် "အရွယ်မရောက်သေးသူ ကလေးသူငယ်များအား စစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီးထိန်းသိမ်းရေးကော်မတီ" နှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရန်၊

(ဂ) အကြမ်းဖက်ခြင်းခံရသည့် ကလေးသူငယ်များအတွက် ဆေးကုသမှု၊ စိတ်ပိုင်းရုပ်ပိုင်းဆိုင်ရာ ပြန်လည်ထူထောင်မှု၊ ဥပဒေရေးရာပံ့ပိုးမှုနှင့် ၎င်းတို့၏ ဘဝရပ်တည်နေထိုင်မှုတို့အတွက် ထောက်ပံ့မှုများပေးရေးအတွက် ညှိနှိုင်းဆောင်ရွက်ရန်၊

(ဃ) ကော်မတီသည် ကုလသမဂ္ဂအဖွဲ့အစည်းများဖြစ်သော UNICEF၊ UNDP အဖွဲ့အစည်းများ အပါအဝင် CTFMR နှင့် ပူးပေါင်းဆောင်ရွက်ရန်၊

(င) ဒေသတွင်းရှိ သက်ဆိုင်ရာတပ်ဌာနချုပ်များ၊ လုံခြုံရေးတပ်ဖွဲ့များအနေဖြင့် လက်နက်ကိုင်ပဋိပက္ခ အတွင်း ကလေးသူငယ်များအပေါ် ကြီးလေးသောကျူးလွန်မှုများ မရှိစေရန် သတ်မှတ်ထားသည့် အမိန့်၊ ညွှန်ကြားချက်၊ စည်းမျဉ်းစည်းကမ်းများနှင့်အညီ စောင့်ကြည့်ဆောင်ရွက်ရန်၊

(စ) ကလေးသူငယ်စောင့်ရှောက်ရေးလုပ်ငန်းများ အဓိကလုပ်ကိုင်နေသည့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ ဦးဆောင်၍ ကော်မတီ၏ ဆောင်ရွက်ချက်များကို မီဒီယာတွင် ကျယ်ကျယ်ပြန့်ပြန့်သိရှိနိုင်ရေး ပြန်ကြားရေးဝန်ကြီးဌာနနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ရန်၊

(ဆ) ကော်မတီအနေဖြင့် အရပ်ဘက်၊ စစ်ဘက်ဆိုင်ရာ တည်ဆဲဥပဒေ၊ အမိန့်၊ ညွှန်ကြားချက်များမှ သွေဖည်ဖောက်ဖျက်သည့် သတင်းအချက်အလက်များရရှိပါက သက်ဆိုင်ရာအရပ်ဘက်၊ စစ်ဘက် ဌာနများသို့ ညှိနှိုင်းအသိပေးပြီး စိစစ်၍ လိုအပ်ပါက အချိန်မီပြုပြင်ဆောင်ရွက်ရန်၊

(ဇ) အဆိုပါ ကျူးလွန်မှုများဖြစ်ပွားပါက တည်ဆဲသက်ဆိုင်ရာဥပဒေများနှင့်အညီ အရေးယူ ဆောင်ရွက်ရန်၊

(ဈ) နိုင်ငံတော်သမ္မတရုံးက ဖွဲ့စည်းခဲ့သည့် "လွတ်လပ်သောစုံစမ်းစစ်ဆေးရေးကော်မရှင်" ၏ စုံစမ်း တွေ့ရှိချက်တွင် ကြီးလေးသောကျူးလွန်မှု (၆) ရပ်နှင့် ပတ်သက်သည်များတွေ့ရှိပါက တည်ဆဲ ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်မှုများပြုလုပ်ရန်၊

(ည) ကော်မတီအဖွဲ့ဝင်များကို လိုအပ်ပါက ပြင်ဆင်၊ ဖြည့်စွက်ခန့်အပ်တာဝန်ပေးအပ်နိုင်ရေး နိုင်ငံတော် သမ္မတရုံးသို့ တင်ပြဆောင်ရွက်ရန်။

၃။ "မူ" အရ ဆုံးဖြတ်ခြင်းမပြုနိုင်သောကိစ္စများနှင့် ကော်မတီ၏ အစီရင်ခံစာကို နိုင်ငံတော်သမ္မတရုံးသို့ တင်ပြဆောင်ရွက်ရန်ဖြစ်သည်။

(ပုံ) ဝင်းမြင့်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# နိုင်ငံတော်သမ္မတရုံး

## အမိန့်ကြော်ငြာစာအမှတ် ၁၁/၂၀၁၉

၁၃၈၀ ပြည့်နှစ်၊ ပြာသိုလဆန်း ၉ ရက်
(၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ ၁၄ ရက်)

### ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးအား ရာထူးမှထုတ်ပယ်ခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၀၈ နှင့် နိုင်ငံ့ဝန်ထမ်းဥပဒေ ပုဒ်မ ၆ တို့ပါ ပြဋ္ဌာန်းချက်များအရ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးရန်နိုင်ထွန်း ကို ယနေ့မှစ၍ ရာထူးမှထုတ်ပယ်လိုက်သည်။

(ပုံ) ဝင်းမြင့်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**[ ယခင်အပတ် နိုင်ငံတော်သမ္မတရုံး၊ ညွှန်ကြားချက်အမှတ် ၂/၂၀၁၈၊ စီမံကိန်းဘဏ် (Project Bank) ဆိုင်ရာ ညွှန်ကြားချက် ထုတ်ပြန်ခြင်းမှ အဆက် ]**

## အခန်း (၅)

## အစိုးရကဖိတ်ခေါ်ခြင်းမရှိဘဲ မိမိဆန္ဒအလျောက် တင်သွင်းသည့် စီမံကိန်းအဆိုပြုလွှာများ (Unsolicited Proposals)

၂၃။ ပုဂ္ဂလိကအဖွဲ့အစည်းတစ်ခုခုက မိမိဆန္ဒအလျောက် သက်ဆိုင်ရာ အစိုးရဌာနသို့ အဆိုပြုတင်သွင်းလာသည့် Unsolicited Proposal တွင်ပါဝင်သောစီမံကိန်း၏ တန်ဖိုးသည် မြန်မာကျပ်ငွေ သန်း ၂၀၀၀ ထက် ကျော်လွန်ပါက ယင်းစီမံကိန်း အဆိုပြုလွှာကို စီမံကိန်းဘဏ်အတွင်းသို့ ထည့်သွင်းရန် လိုအပ်ခြင်း ရှိ မရှိ PPP Center ၏အကြံဉာဏ်ကို ရယူရမည်။

၂၄။ အဆိုပြု တင်သွင်းလာသည့် Unsolicited Proposal တွင်ပါဝင်သည့် စီမံကိန်းသည် အခြားဌာနများနှင့် ပေါင်းစပ်ညှိနှိုင်းရန် လိုအပ်သော စီမံကိန်းဖြစ်ပါက PPP Center သို့ လွှဲပြောင်းနိုင်သည်။ PPP Center အနေဖြင့် ယင်းစီမံကိန်း အဆိုပြုလွှာကို သတ်မှတ်ထားသည့် လမ်းညွှန်ချက်များ၊ လုပ်ငန်းစဉ်နည်းလမ်းများနှင့် အညီ ဆောင်ရွက်ရမည်။

၂၅။ ဤအခန်းတွင် ဖော်ပြထားသော လမ်းညွှန်သတ်မှတ်ချက်များ၊ လုပ်ငန်းစဉ် နည်းလမ်းများသည် စွမ်းအင်နှင့် သတ္တုတူးဖော်ရေးဆိုင်ရာ Greenfield စီမံကိန်းများနှင့်ပတ်သက်၍ တင်ပြလာသော Unsolicited Proposals များအတွက် အကျုံးဝင်ခြင်းမရှိစေရ။

၂၆။ Unsolicited Proposals များတွင် အောက်ပါအချက်များ (သို့မဟုတ်) PPP Center က ပြင်ဆင်ထားသည့် ပုံစံများတွင် ပါဝင်သည့်အချက်များ ပါဝင်ရမည် -

(က) **စီမံကိန်းအဆိုပြုလွှာ**

(၁) စီမံကိန်းရည်ရွယ်ချက်၊ အရွယ်အစား၊ အကောင်အထည်ဖော်ဆောင်မှု၊ တည်နေရာ၊ အသုံးပြုမည့် မြေအနေအထားနှင့် သဘာဝအရင်းအမြစ်များ၊

(၂) စီမံကိန်းအကောင်အထည်ဖော်ဆောင်မှုအတွက် လိုအပ်သော နည်းပညာများ၊ စံနှုန်းသတ်မှတ်ချက်များ၊ ထောက်ပံ့ပေးရမည့်ဝန်ဆောင်မှု (သို့မဟုတ်) ကုန်ပစ္စည်းဆိုင်ရာ အရည်အသွေးစသည်တို့အား ကြိုတင်လေ့လာဆန်းစစ်ခြင်း၊

(၃) အကောင်အထည်ဖော်ဆောင်ရွက်မည့် စီမံကိန်း၏ မျှော်မှန်းလုပ်ငန်းစဉ်များ၊ တည်ဆောက်ရေးနှင့် စီမံကိန်းလည်ပတ်ရာတွင် သဘောတူညီထားသည့် အချက်များအပြင် စီမံခန့်ခွဲမှု၊ စီးပွားရေးအရ လုပ်ငန်းလည်ပတ်မှု သို့မဟုတ် ဝန်ဆောင်မှုကဏ္ဍနှင့်ပတ်သက်သည့် လုပ်ငန်းအစီအစဉ်များ စသည်တို့ပါဝင်သော စာချုပ်ပါအချက်အလက်များ၊

(၄) လျော်ကြေးငွေကိစ္စရပ်များ၊ မြေယာအသုံးချခွင့်နှင့် ပြန်လည်နေရာချထားရေးစသည်တို့ အလုံးစုံပါဝင်သော ကြိုတင်စီမံမှုများ၊

(၅) ကြိုတင်ဆန်းစစ်လေ့လာချက်ပြုလုပ်ထားသော စီမံကိန်း၏ ဘဏ္ဍာရေးဆိုင်ရာစီမံချက်များ-

(ကက) စီမံကိန်းအတွက်လိုအပ်သည့် ငွေလုံးငွေရင်းရင်းနှီးမြှုပ်နှံမှု၊

(ခခ) ငွေပင်ငွေရင်းနှင့် ငွေကြေးလည်ပတ်မည့်ပုံစံ၊

(ဂဂ) စီမံကိန်းဖော်ဆောင်ရာတွင် အစိုးရမှထည့်ဝင်ရမည့် ရင်းနှီးမြှုပ်နှံမှုငွေလုံးငွေရင်း (ထည့်ဝင်ရန်ရှိပါကဖော်ပြရန်)၊

(ဃဃ) ခန့်မှန်းကုန်ကျစရိတ်နှင့် ဝင်ငွေရင်းမြစ်များ၊ စီမံကိန်းပြီးစီးပါက ရရှိလာမည့် ဝန်ဆောင်မှုနှင့် ထုတ်ကုန်များအား အသုံးပြုခြင်းအတွက် ပေးရမည့်ကာလအလိုက် ခန့်မှန်းဈေးနှုန်းနှင့် အဖိုးအခများ၊

(ငင) အရင်းကျေကာလနှင့် အမြတ်ငွေခွဲဝေခြင်းဆိုင်ရာဖော်ပြချက်များ၊

(၆) စီမံကိန်းအကောင်အထည်ဖော်နေစဉ်အတွင်း ပျက်စီးဆုံးရှုံးနိုင်ခြေရှိမှုများနှင့် စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်မည့် သက်ဆိုင်ရာအစိုးရအဖွဲ့အစည်းများနှင့် ရင်းနှီးမြှုပ်နှံသူများအကြား ပျက်စီးဆုံးရှုံးနိုင်ခြေများအား မျှဝေကျခံခြင်းဆိုင်ရာ အချက်အလက်များအား ကြိုတင်လေ့လာဆန်းစစ်ခြင်း၊

(၇) ရင်းနှီးမြှုပ်နှံမှုများအား ဆွဲဆောင်နိုင်ရန်မက်လုံးများ (Investment Incentives) နှင့် အာမခံချက်များအား အဆိုပြုဖော်ပြခြင်း (ရှိလျှင်ဖော်ပြရန်)၊

(၈) စီမံကိန်း၏ လူမှု-စီးပွား အကျိုးသက်ရောက်မှုများ၊ လူမှုအသိုင်းအဝိုင်းနှင့် သဘာဝပတ်ဝန်းကျင်အပေါ် ထိခိုက်နိုင်မှုများအား ကြိုတင်ခန့်မှန်းခြင်း။

(ခ) စီမံကိန်းရင်းနှီးမြှုပ်နှံသူ၏ ဥပဒေနှင့်အညီလုပ်ဆောင်နိုင်မှု၊ စွမ်းဆောင်ရည်နှင့် အတွေ့အကြုံတို့ကို ဖော်ပြထားသည့် စာရွက်စာတမ်းများ (ထိုသို့ဖော်ပြရာတွင် ဉာဏပစ္စည်းဆိုင်ရာ မူပိုင်ခွင့်နှင့် ကုန်သွယ်ရေးဆိုင်ရာ လျှို့ဝှက်ချက်များ၊ အခြားအပြင်သို့မပေါက်ကြားစေလိုသည့် ကိစ္စရပ်များ ပါဝင်လျှင် ယင်းအချက်များကိုစိစစ်၍ ထည့်သွင်းဖော်ပြနိုင်သည်)၊

(ဂ) အဆိုပြုလွှာပါ စီမံကိန်းနှင့်အလားသဏ္ဌာန်ဆင်တူသော စီမံကိန်းများကို အကောင်အထည်ဖော်ခဲ့ဖူးသည့် အတွေ့အကြုံဆိုင်ရာ အထောက်အထားများ၊ သဘာဝပတ်ဝန်းကျင်နှင့် လူမှုဆိုင်ရာ တာဝန်ယူမှုများရှိကြောင်း အထောက်အထားများ၊

(ဃ) သက်ဆိုင်ရာအစိုးရအဖွဲ့အစည်းများနှင့် PPP Center တို့မှ စီမံကိန်းအတွက် လိုအပ်ချက်အရ တောင်းခံလာသော အချက်အလက်များ။

၂၇။ အစိုးရကဖိတ်ခေါ်ခြင်းမရှိဘဲ မိမိဆန္ဒအလျောက်တင်သွင်းလာသည့် စီမံကိန်းအဆိုပြုလွှာများ (Unsolicited Proposals) တစ်ခုချင်းစီအတွက် သက်ဆိုင်ရာအစိုးရအဖွဲ့အစည်းသည် PPP Center ၏ အကူအညီကို တောင်းခံရယူ၍ Swiss Challenge တင်ဒါခေါ်ယူမှုလုပ်ငန်းစဉ် အဆင့်ဆင့်ကို ပြင်ဆင်ရမည်။ ထိုသို့ပြင်ဆင်ရာတွင် အနည်းဆုံးအောက်ပါအဆင့်များ ပါဝင်ရမည် -

(က) သက်ဆိုင်ရာအစိုးရ အဖွဲ့အစည်းအနေဖြင့် အခြားပုဂ္ဂလိက အဖွဲ့အစည်းများမှ အလားတူစီမံကိန်းအဆိုပြုလွှာများအပြိုင်တင်သွင်းရန် တောင်းခံသည့် တင်ဒါအဆိုပြုလွှာတောင်းခံသည့်စာ (Request for Proposal) ကိုပြင်ဆင်ရန်၊

(ခ) အထက်ပါတင်ဒါအဆိုပြုလွှာတောင်းခံသည့်စာ (Request for Proposal) မပြင်ဆင်မီ စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်မည့် သက်ဆိုင်ရာအစိုးရအဖွဲ့အစည်းသည် Unsolicited Proposal ကိုဖတ်ရှုသုံးသပ်၍၊ မူလအဆိုပြုသည့် ရင်းနှီးမြှုပ်နှံသူကသာ ပိုင်ဆိုင်ခွင့်ရှိသော အချက်အလက်များ (တစ်နည်းဆိုသော် တင်ဒါတွင် ထည့်သွင်းဖော်ပြရန် မသင့်သည့်အချက်အလက်များ) ကို ယင်းမူလအဆိုပြုသည့် ရင်းနှီးမြှုပ်နှံသူနှင့် တိုင်ပင်သတ်မှတ်ရန်၊

(ဂ) တင်ဒါယှဉ်ပြိုင်တင်သွင်းလာသည့် စီမံကိန်းအဆိုပြုလွှာများအနက် မူလအဆိုပြုလွှာထက် ပိုမိုကောင်းမွန်သောအချက်များ ပါဝင်ပါက မူလအဆိုပြုသည့် ရင်းနှီးမြှုပ်နှံသူထံ အကြောင်းကြား၍ ၄၅ ရက်အတွင်း ပြန်လည်ပြင်ဆင်ခွင့်ပေးရန်၊

(ဃ) စီမံကိန်းအဆိုပြုလွှာများကို စိစစ်ရာတွင် အစိုးရလိုအပ်ချက်၊ စီမံကိန်းမှ ထွက်ပေါ်လာမည့် အကျိုးကျေးဇူးများ၊ အပြန်အလှန်အကျိုးပြုမှု၊ သီးခြားပေါ်လွင်မှု၊ စီမံကိန်း အယူအဆနှင့်နည်းပညာဆိုင်ရာ ထူးခြားကောင်းမွန်မှုတို့အပေါ် မူတည်၍အကဲဖြတ်ရန်၊

(င) မူလစီမံကိန်းတင်သွင်းသူထံသို့ ပေးပို့သည့်အကြောင်းကြားစာတွင် မိမိနှင့် တင်ဒါ ယှဉ်ပြိုင်ဘက်၏ အဆိုပြုလွှာတွင် ပါဝင်သော လျှို့ဝှက်ထားရန် မလိုအပ်သည့် သက်ဆိုင်ရာ အချက်အလက်အသေးစိတ်အားလုံးကို ဖော်ပြပေးရန်၊

(စ) မူလစီမံကိန်းတင်သွင်းသူက ပြန်လည်ပြင်ဆင်တင်သွင်းလာသော အဆိုပြုလွှာသည် တင်ဒါယှဉ်ပြိုင်ဘက်မှ တင်သွင်းလာသော အဆိုပြုလွှာတွင် ပါဝင်သည့်အချက်များနည်းတူ ကောင်းမွန်မှု

ရှိပါက သက်ဆိုင်ရာအစိုးရအဖွဲ့အစည်းအနေဖြင့် မူလစီမံကိန်းတင်သွင်းသူနှင့် ဆက်လက်ညှိနှိုင်းဆောင်ရွက်ရမည်။ မူလစီမံကိန်းတင်သွင်းသူက ပြန်လည်ပြင်ဆင်တင်သွင်းသော အဆိုပြုလွှာသည် ရွေးချယ်ထားသော တင်ဒါယှဉ်ပြိုင်ဘက်တင်သွင်းထားသည့် အဆိုပြုလွှာတွင် ပါဝင်သောအချက်များကို ယှဉ်ပြိုင်နိုင်ခြင်းမရှိပါက၊ သက်ဆိုင်ရာအစိုးရအဖွဲ့အစည်းအနေဖြင့် ရွေးချယ်ထားသော တင်ဒါယှဉ်ပြိုင်ဘက်နှင့် ဆွေးနွေးညှိနှိုင်းခြင်း၊ ပြင်ဆင်ဆောင်ရွက်ခြင်းများလုပ်ဆောင်၍ စီမံကိန်းသဘောတူညီမှု ရရှိနိုင်ရေးဆက်လက်ဆောင်ရွက်ရန်၊

(ဆ) မူလအဆိုပြုသူနှင့် တင်ဒါအောင်သောယှဉ်ပြိုင်ဘက်အကြား မျှတမှုရှိစေရေး အစီအမံများ စဉ်းစားဆောင်ရွက်ရန်။

၂၈။ အစိုးရကတောင်းခံခြင်းမရှိဘဲ အဆိုပြုသူမှ မိမိဆန္ဒအလျောက်တင်သွင်းသည့် စီမံကိန်းနှင့်စပ်လျဉ်း၍ အဆိုတင်သွင်းသည့် ကုမ္ပဏီသည် ကောင်းမွန်သောအမည် ဂုဏ်သတင်းရှိမှု၊ သက်ဆိုင်ရာ စီမံကိန်းလုပ်ငန်းနယ်ပယ်တွင် နိုင်ငံတကာအတွေ့အကြုံရှိမှုစသည့် အနည်းဆုံးအချက်များပါဝင်သော တိကျစွာသတ်မှတ်ထားသည့် သတ်မှတ်ချက်များနှင့် ပြည့်စုံမှုရှိခြင်းအပေါ် အခြေခံ၍ ယင်းအဆိုပြုလွှာထက် ပိုမိုကောင်းမွန်သော စီးပွားရေးနှင့်နည်းပညာဆိုင်ရာ အားသာမှုများကို တင်ဒါခေါ်ယူဆောင်ရွက်ခြင်းဖြင့် ရရှိနိုင်မည်မဟုတ်ဟု သက်ဆိုင်ရာအစိုးရအဖွဲ့အစည်းနှင့် PPP Center အဖွဲ့အစည်းနှစ်ခုလုံးက ယူဆပါက အဆိုပါ ကုမ္ပဏီအား ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း လုပ်ကိုင်ခွင့်ကို တိုက်ရိုက်ခွင့်ပြုပေးနိုင်သည်။

## အခန်း(၆)
## အစိုးရ-ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ စီမံကိန်းများအတွက် ငွေကြေးရင်းမြစ်များ

၂၉။ အစိုးရ-ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ စီမံကိန်းများရေရှည်တည်တံ့ခိုင်မြဲစေရန် (စီးပွားဖြစ်ဆောင်ရွက်နိုင်ရန် လိုအပ်သည့်ငွေကြေးထောက်ပံ့မှု) အတွက် တင်ဒါအဆိုပြုလွှာပါ သဘောတူညီချက်များနှင့်အညီ အစိုးရ ရသုံးမှန်းခြေငွေစာရင်းမှလည်းကောင်း၊ ဖွံ့ဖြိုးမှုအကူအညီမှလည်းကောင်း ပြည်ထောင်စုအစိုးရ၏အတည်ပြုချက်ဖြင့် ဖြည့်ဆည်းအသုံးပြုနိုင်သည်။

၃၀။ PPP Center သည် အစိုးရ-ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ စီမံကိန်းများအတွက် အစိုးရကထည့်ဝင်ရန်လျာထားသည့် ရင်းနှီးမြှုပ်နှံမှုအားလုံး၏ လေ့လာဆန်းစစ်မှုများကို တာဝန်ယူ လုပ်ဆောင်ရမည်ဖြစ်ပြီး တွေ့ရှိချက်များကို စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်မည့် အစိုးရအဖွဲ့အစည်းများအား လိုအပ်သလို အကြံဉာဏ်ပေးရမည်။

၃၁။ အစိုးရက ရင်းနှီးမြှုပ်နှံမှုထည့်ဝင်ရာတွင် အစိုးရ ရသုံးမှန်းခြေငွေစာရင်းမှ ထည့်ဝင်ခြင်း၊ အစိုးရငွေချေးစာချုပ်များ (Government Bonds) ဖြင့် ထည့်ဝင်ခြင်း၊ ဖွံ့ဖြိုးမှုအကူအညီဖြင့် ထည့်ဝင်ခြင်း၊ ငွေကြေးမဟုတ်သည့်ဝန်ဆောင်မှု (သို့မဟုတ်) ရွှေ့ပြောင်းနိုင်သော/မရွှေ့ပြောင်းနိုင်သော ပစ္စည်းများပုံစံဖြင့် ထည့်ဝင်ခြင်း (သို့မဟုတ်) အခြားဖြစ်နိုင်ခြေရှိသော နည်းလမ်းအားလုံးကို ထည့်သွင်းစဉ်းစားနိုင်သည်။

၃၂။ ယှဉ်ပြိုင်တင်ဒါစနစ် (သို့မဟုတ်) Swiss Challenge တင်ဒါစနစ်ကို အသုံးပြု၍ ရွေးချယ်ထားသော အစိုးရ-ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်ခြင်းဆိုင်ရာ စီမံကိန်းများသာလျှင် အစိုးရ၏ အထောက်အပံ့ကို အာမခံပုံစံဖြင့်သော်လည်းကောင်း၊ စီးပွားဖြစ်ဆောင်ရွက်နိုင်ရန် လိုအပ်ချက်အတွက် ငွေကြေးထောက်ပံ့မှု (Viability Gap Funding) အဖြစ်သော်လည်းကောင်း၊ အခြားပုံစံများဖြင့်သော်လည်းကောင်း ရယူနိုင်သည်။

၃၃။ PPP Center သည် ဖြစ်နိုင်ခြေအလားအလာရှိသော အစိုးရကထည့်ဝင်မည့် ရင်းနှီးမြှုပ်နှံမှုများအတွက် တိကျသော စံနှုန်းသတ်မှတ်ချက်များကို သတ်မှတ်ပြဋ္ဌာန်းရမည်။ ထိုစံနှုန်းများတွင် အောက်ပါအချက်များအပြင် အခြားလိုအပ်ချက်များကိုလည်း ပါဝင်နိုင်သည် -

(က) အထူးသတ်မှတ်ချက်များ မပါရှိပါက ပိုင်ဆိုင်မှုအချိုး (Equity Ratio) သည် အမေရိကန်ဒေါ်လာသန်း (၅၀) အထိရှိသော မတည်ရင်းနှီးငွေပမာဏ၏ ၃၀ ရာခိုင်နှုန်းအောက် မလျော့ခြင်း။

(ခ) အမေရိကန်ဒေါ်လာ သန်း (၅၀) ထက်ပိုသော မတည်ရင်းနှီးငွေပမာဏအတွက် ကြွေးမြီနှင့် ပိုင်ဆိုင်မှုအချိုး (Debt-to-Equity Ratio) သည် ယင်းပမာဏ၏ ၂၀ ရာခိုင်နှုန်းအောက် မလျော့ခြင်း။

(ဂ) စီမံကိန်းအကောင်အထည်ဖော်မှု၌ အစိုးရ၏ မတည်ရင်းနှီးမြှုပ်နှံမှုကို အစိုးရအကူအညီအထောက်အပံ့ပုံစံဖြင့် ရယူပါက ယင်းအထောက်အပံ့ကိုကြွေးမြီနှင့် ပိုင်ဆိုင်မှုအချိုး (Debt-to-Equity -Ratio) တွက်ချက်ရာတွင် စုစုပေါင်းရင်းနှီးမြှုပ်နှံမှုတန်ဖိုး၌ ထည့်သွင်းတွက်ချက်ခြင်း မပြုရ။

(ဃ) စီမံကိန်းရင်းနှီးမြှုပ်နှံသူသည် အဆိုပြုလွှာ စီမံကိန်းနှင့်အလားသဏ္ဍာန်ဆင်တူသော စီမံကိန်းများကို ယခင်က အောင်မြင်စွာအကောင်အထည်ဖော်ခဲ့ဖူးသည့် အတွေ့အကြုံဆိုင်ရာ အထောက်အထားများ၊ သဘာဝပတ်ဝန်းကျင်နှင့် လူမှုတာဝန်ယူမှုများရှိကြောင်း အထောက်အထားများကို တင်ပြနိုင်ရမည်။

(င) စီမံကိန်းအကောင်အထည်ဖော်ဆောင်မည့်ကုမ္ပဏီ/အဖွဲ့အစည်းအနေဖြင့် တင်ဒါတွင် ဖော်ပြထားသည့် အာမခံကြေးများကို ပေးသွင်းရန်တာဝန်ရှိသည်။

(စ) စီမံကိန်းရင်းနှီးမြှုပ်နှံသူသည် တင်ဒါတွင် ဖော်ပြထားသည့် အခြားသော စံနှုန်းသတ်မှတ်ချက်များအားလုံးကို လိုက်နာရမည်ဖြစ်သည်။

၃၄။ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနသည် နှစ်စဉ်အာမခံပေးနိုင်သည့် ကန့်သတ်မှုပမာဏကို ကာလလတ်ကြွေးမြီစီမံခန့်ခွဲမှုစီမံချက်အပေါ် အခြေခံ၍ ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေတွင် ထည့်သွင်းအတည်ပြုရမည်။

၃၅။ မူလရှိပြီးသားနှင့် အသစ်ရယူရန်စီစဉ်ထားသော အစိုးရ၏ အာမခံချက်ပေးပြီးသည့် ကြွေးမြီများအားလုံးကို ပြည်ထောင်စု၏ရသုံးမှန်းခြေငွေစာရင်း၌ ပြည်ထောင်စုအစိုးရ၏ ပေးရန်တာဝန်ရှိသော ကြွေးမြီများအဖြစ် သတ်မှတ်၍ သတင်းအချက်အလက်ဖော်ပြရမည်။ အစိုးရ၏ အာမခံချက်ပေးပြီးသား ကြွေးမြီများအားလုံးက ပြည်ထောင်စုအစိုးရ၏ နှစ်ပတ်လည်ဘဏ္ဍာရေးအစီရင်ခံစာသို့ အစီရင်ခံတင်ပြရမည်ဖြစ်သည်။

၃၆။ အစုရှယ်ယာရှင်ချေးငွေများ သို့မဟုတ် ပြည်ပမှချေးယူသည့် ချေးငွေများကို အစိုးရ-ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်သည့် ပုဂ္ဂလိကလုပ်ငန်းရှင်မှ နိုင်ငံခြားသုံးငွေစီမံခန့်ခွဲမှုဥပဒေပါ သတ်မှတ်ချက်များနှင့်အညီ ရယူနိုင်သည်။

## အခန်း (၇)

## အစိုးရ-ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ စီမံကိန်းများတွင် သဘာဝပတ်ဝန်းကျင်နှင့် လူမှုရေးဆိုင်ရာ ထည့်သွင်းစဉ်းစားရမည့်အချက်များ

၃၇။ အစိုးရ-ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ စီမံကိန်းများအပါအဝင် စီမံကိန်းတိုင်းအတွက် သဘာဝပတ်ဝန်းကျင်နှင့် လူမှုရေးဆိုင်ရာ သက်ရောက်မှုများကို ဆန်းစစ်ရာတွင် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနက ထုတ်ပြန်ထားသည့် စည်းမျဉ်းဥပဒေများနှင့်အညီ လိုက်နာဆောင်ရွက်ရမည်။

၃၈။ စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်ခြင်းကြောင့် နစ်နာဆုံးရှုံးမှုများရှိခဲ့သော ပြည်သူများအား ပြန်လည်နေရာချထားပေးခြင်းနှင့် လျော်ကြေးများပေးခြင်းတို့ကို ဥပဒေစည်းမျဉ်းစည်းကမ်းများ၊ စံနှုန်းများနှင့်အညီ သတ်မှတ်ချိန်အတွင်း ဆောင်ရွက်ပေးရန် အစိုးရတွင် တာဝန်ရှိသည်။

၃၉။ စီမံကိန်းကြောင့် နစ်နာဆုံးရှုံးမှုရှိခဲ့သော ပြည်သူများအား နိုင်ငံတကာစံနှုန်းများနှင့်အညီ မျှတ လုံလောက်သည့် ငွေကြေးပမာဏကို ဆိုင်းငံ့မှုမရှိဘဲ အမြန်ဆုံးပေးရန် အကျိုးတူပူးပေါင်းဆောင်ရွက်သည့် ပုဂ္ဂလိကရင်းနှီးမြှုပ်နှံသူတွင် တာဝန်ရှိသည်ဟု စီမံကိန်း စာချုပ်စာတမ်းများတွင် ထည့်သွင်းချုပ်ဆိုနိုင်သည်။ သို့ရာတွင် နစ်နာဆုံးရှုံးသည့်ပြည်သူများထံသို့ လျော်ကြေးငွေ တိုက်ရိုက်ပေးချေခြင်းကို သက်ဆိုင်ရာအစိုးရ အဖွဲ့အစည်းက ဆောင်ရွက်ရမည်။

## အခန်း (၈)

## အစိုးရ-ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ စီမံကိန်းများနှင့်သက်ဆိုင်သော သဘောတူစာချုပ်ချုပ်ဆိုခြင်းများတွင် လိုအပ်သောအချက်များ

၄၀။ အစိုးရ-ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ စီမံကိန်းနှင့်သက်ဆိုင်သော သဘောတူစာချုပ်များ ချုပ်ဆိုရာတွင် ဆုံးရှုံးနိုင်ခြေများအား မျှတစွာကျခံသည့် ပုံစံဖြစ်စေရန် စီမံကိန်းအကောင်အထည်ဖော် ဆောင်ရွက်မည့် အစိုးရအဖွဲ့အစည်းသည် Availability Payments, BOO, BOT, BTL, BTO, O&M နှင့် အခြား PPP ပုံစံများအပေါ် အခြေခံနိုင်သည်။ စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်မည့် အစိုးရ အဖွဲ့အစည်းသည် စာချုပ်ချုပ်ဆိုရာတွင် ထိုကဲ့သို့သောအချက်များကို ထည့်သွင်းစဉ်းစားရန် PPP Center ၏ အကူအညီကိုရယူနိုင်သည်။ PPP Center သည် အစိုးရ-ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်ခြင်းဆိုင်ရာ စာချုပ်များ ပြင်ဆင်ဆောင်ရွက်ရာတွင် စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်မည့် အစိုးရအဖွဲ့အစည်းများ လိုက်နာအသုံးပြုနိုင်ရန် လမ်းညွှန်ချက်များ၊ စာချုပ်စာတမ်းရေးသားမှုဆိုင်ရာ အခြေခံမူများ၊ စာချုပ်ရေးသားမှု ပုံစံများအား ပြင်ဆင်ထုတ်ပြန်ရမည်။

၄၁။ အစိုးရ-ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ စီမံကိန်းများအတွက် စာချုပ်ချုပ်ဆိုရာတွင် အောက်ပါအချက်အလက်များအပြင် အခြားလိုအပ်သော အချက်များလည်းပါဝင်ရမည် -

(က) ရင်းနှီးမြှုပ်နှံမှုပမာဏ (Amount of Investment)၊

(ခ) ကြိုတင်စည်းကမ်းသတ်မှတ်ချက်များ (Conditions Precedent)၊

(ဂ) စာချုပ်ပါအဖွဲ့ဝင်များ၏တာဝန်နှင့် ဝတ္တရားများ (Responsibilities & Liabilities) -

(၁) ပြည်ထောင်စုအစိုးရ (သို့မဟုတ်) တိုင်းဒေသကြီး/ပြည်နယ်အစိုးရများ၏ တာဝန်နှင့် ဝတ္တရားများ၊

(၂) ပုဂ္ဂလိကအဖွဲ့အစည်း၏တာဝန်နှင့် ဝတ္တရားများ။

(ဃ) ပျက်စီးဆုံးရှုံးနိုင်ခြေများအား မျှဝေကျခံခြင်း (Risk Allocation)၊

(င) စီမံကိန်းဆိုင်ရာမက်လုံးများ (Incentives)၊

(စ) အငြင်းပွားမှုကိုဖြေရှင်းခြင်း (Dispute Resolution)၊

(ဆ) ထိရောက်မှုနှင့် စွမ်းဆောင်ရည်ကို အကဲဖြတ်သည့် ညွှန်းကိန်းများ (Effectiveness and Key Performance Indicators)၊

(ဇ) ဘဏ္ဍာငွေကြေးထည့်ဝင်မှု (Financing)၊

(ဈ) အာမခံ (Insurance)၊

(ည) စီမံကိန်းကာလသတ်မှတ်ချက် (Term)၊

(ဋ) အနိမ့်ဆုံးစွမ်းဆောင်ရည်သတ်မှတ်ချက်များ (Minimal Performance Standards)၊

(ဌ) စီမံကိန်းစွမ်းဆောင်ရည်ကို စောင့်ကြည့်ကြပ်မတ်ခြင်း (Performance Monitoring)၊

(ဍ) စီမံကိန်းရပ်ဆိုင်းခြင်း (Termination)၊

(ဎ) သတ်မှတ်ကာလထက်စော၍ စီမံကိန်းရပ်ဆိုင်းခြင်းနှင့်စီမံကိန်းကာလတိုးခြင်း (Early Termination and Extension)၊

(ဏ) ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်း (Amendments)၊

(တ) မလွန်ဆန်နိုင်သောဖြစ်ရပ် (Force Majeure)၊

(ထ) အခွန်ပေးဆောင်မှုဆိုင်ရာသတ်မှတ်ချက်များ (Tax and Duties)၊

(ဒ) စာရင်းစစ်ခြင်း (Auditing)၊

(ဓ) တည်ဆဲဥပဒေပြောင်းလဲခြင်း (Change in Law)၊

(န) စာချုပ်စတင်အကျိုးသက်ရောက်သည့်နေ့ (Effective Date)၊

(ပ) စာချုပ်သက်တမ်း (Contract Term)၊

(ဖ) အာမခံခြင်းနှင့်ကိုယ်စားပြုခြင်း (Guarantee and Representation)၊

(ဗ) စာချုပ်အားပြန်လည်စေ့စပ်ညှိနှိုင်းခြင်း (Renegotiation)။

၄၂။ အမေရိကန်ဒေါ်လာသန်း (၁၀၀) အထက်ရှိသော အစိုးရ-ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ စီမံကိန်းများ အကောင်အထည်ဖော်ရာတွင် စာချုပ်တွင်ဖော်ပြထားသည့် သတ်မှတ်ချက်များအတိုင်း လိုက်နာမှု ရှိ မရှိကို စောင့်ကြည့်ကြပ်မတ်ရန်အတွက် သက်ဆိုင်ရာ အစိုးရအဖွဲ့အစည်းများသည် လွတ်လပ်သော စောင့်ကြည့်ကြပ်မတ်သူ/အဖွဲ့အစည်းကို အသုံးပြု၍ ကာလအလိုက် အကဲဖြတ်ဆန်းစစ်မှုများ လုပ်ဆောင်နိုင်သည်။

၄၃။ ၂၀၁၆ ခုနှစ် မြန်မာနိုင်ငံ အနုညာတစီရင်ဆုံးဖြတ်ခြင်းဥပဒေနှင့် စာချုပ်ပါ သတ်မှတ်ချက်များနှင့် လိုက်လျောညီထွေဖြစ်သည့် နိုင်ငံတကာ အနုညာတစီရင်ဆုံးဖြတ်မှု လုပ်ဆောင်ခွင့်ကို စာချုပ်တွင် ထည့်သွင်းနိုင်သည်။

၄၄။ စာချုပ်ပါအချက်များကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်က ပြဋ္ဌာန်းထားသော တည်ဆဲဥပဒေများနှင့်အညီ လွှမ်းမိုးမှုရှိစေရမည်။

၄၅။ သက်ဆိုင်ရာအဖွဲ့အစည်းများအနေဖြင့် အစိုးရ-ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ စီမံကိန်းများကို စာချုပ်ပါ သတ်မှတ်ချက်များအတိုင်း အကောင်အထည်ဖော်ရာတွင် တရားစီရင်ခြင်းနှင့်ဥပဒေအရ အရေးယူဆောင်ရွက်ခြင်းမှ ကင်းလွတ်ခွင့် (Waiver of Immunity from Jurisdiction and Execution by Statute) ကို စွန့်လွှတ်သည်ဟု သတ်မှတ်ကြောင်း စာချုပ်တွင် ထည့်သွင်းဖော်ပြနိုင်သည်။

## အခန်း (၉)
## အစိုးရ-ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှုများအား စောင့်ကြည့်ကြပ်မတ်ခြင်း

၄၆။ အစိုးရ-ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ စီမံကိန်းအကောင်အထည်ဖော် ဆောင်ရွက်သည့် အစိုးရအဖွဲ့အစည်းများအနေဖြင့် မိမိတို့နှင့်သက်ဆိုင်သည့် စီမံကိန်းများသည် စာချုပ်ပါသတ်မှတ်ချက်များ အတိုင်း လိုက်နာမှု ရှိ မရှိကို စောင့်ကြည့်ကြပ်မတ်ရမည်ဖြစ်ပြီး အကဲဖြတ်အစီရင်ခံစာများကို PPP Center သို့ ၆ လ တစ်ကြိမ် ပေးပို့ရမည်။

၄၇။ ဖွံ့ဖြိုးမှုအကူအညီများညှိနှိုင်းရေးအဖွဲ့သည် ဖွံ့ဖြိုးမှုအကူအညီမှ ငွေကြေးရယူထားသော စီမံကိန်းများကို မြန်မာနိုင်ငံ၏ ဖွံ့ဖြိုးမှုအကူအညီဆိုင်ရာ မူဝါဒ (The Myanmar Development Assistance Policy-DAP) နှင့်အညီ စောင့်ကြည့်အကဲဖြတ်ရမည်။

၄၈။ စီမံကိန်းလုပ်ငန်းစဉ်များ စောင့်ကြည့်ကြပ်မတ်ရာတွင် အစိုးရအနေဖြင့် ပြင်ပမှ အကြံပေးများ၊ လွတ်လပ်သောကျွမ်းကျင်ပညာရှင်များနှင့် ချိတ်ဆက်ဆောင်ရွက်နိုင်သည်။

## အခန်း (၁၀)

## နိုင်ငံတော်ပိုင်စီးပွားရေးလုပ်ငန်းများ၏ ရှယ်ယာတစ်စိတ်တစ်ဒေသ/အလုံးစုံကို ပုဂ္ဂလိကသို့ လွှဲပြောင်းခြင်းနည်းလမ်း (သို့မဟုတ်) အစိုးရ-ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှုနည်းလမ်းများဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ခြင်း

၄၉။ ပုဂ္ဂလိကသို့ တစ်စိတ်တစ်ပိုင်းဖြစ်စေ၊ အလုံးစုံဖြစ်စေ လွှဲပြောင်းလိုသည့် နိုင်ငံတော်ပိုင်စီးပွားရေးလုပ်ငန်းကို စီမံကိန်းဘဏ်အတွင်းထည့်သွင်းရန် သက်ဆိုင်ရာအစိုးရအဖွဲ့အစည်းက စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနသို့ တင်သွင်းနိုင်သည်။

၅၀။ နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများကို ပုဂ္ဂလိကသို့ ရှယ်ယာလွှဲပြောင်းရောင်းချသည့် နည်းလမ်း (Equitization) ဖြင့်သော်လည်းကောင်း၊ အစိုးရ-ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်ခြင်း နည်းလမ်းဖြင့်သော်လည်းကောင်း အကောင်အထည်ဖော်ရန် သက်ဆိုင်ရာအစိုးရအဖွဲ့အစည်းများမှ တင်ပြလာသော အဆိုပြုလွှာများတွင် အောက်ပါ အစီအစဉ်အချက်အလက်များ ပါဝင်ရမည်ဖြစ်ပြီး ယင်းအချက်အလက်စာရွက်စာတမ်းများကို PPP Center က စိစစ်ရမည် -

(က) အနည်းဆုံးလွန်ခဲ့သည့် ငါးနှစ်အတွင်း ဝင်ငွေထွက်ငွေစာရင်း၊

(ခ) ဝန်ထမ်းအင်အားဆိုင်ရာ အချက်အလက်အပြည့်အစုံ၊

(ဂ) ထုတ်ကုန် (သို့မဟုတ်) ဝန်ဆောင်မှုပေးခြင်းဆိုင်ရာအချက်အလက်များ၊

(ဃ) လာမည့်ငါးနှစ်အတွက် ကြိုတင်တွက်ချက်ထားသည့် ငွေကြေးစီးဆင်းမှုခန့်မှန်းချက်များ၊

(င) မြန်မာနိုင်ငံကုမ္ပဏီများဥပဒေတွင် ပြဋ္ဌာန်းထားသည့်သတ်မှတ်ချက်များနှင့်အညီ ယနေ့အချိန်အထိ ရေးဆွဲထားသော စီးပွားရေးလုပ်ငန်းဆိုင်ရာ မှတ်တမ်းများနှင့် စာရင်းဇယားများ၊

(စ) ရှေ့လာမည့် နှစ်နှစ်စာအတွက် ကြိုတင်ရေးဆွဲထားသော ရင်းနှီးမြှုပ်နှံမှုနှင့် ငွေကြေးအစီအစဉ်၊ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေးအစီအစဉ်၊

(ဆ) ဘဏ္ဍာရေးနှစ်တစ်နှစ် ကုန်ဆုံးတိုင်း လေးလထက်နောက်မကျဘဲ စာရင်းစစ်ဆေးခြင်းခံယူထားသော နှစ်စဉ်ဘဏ္ဍာရေးစာရင်းရှင်းတမ်းများ။

၅၁။ ပုဂ္ဂလိကသို့ ရှယ်ယာလွှဲပြောင်းသည့် နည်းလမ်း (Equitization) ဖြင့်သော်လည်းကောင်း၊ ကော်ပိုရေးရှင်းအသွင်ပြောင်းခြင်းဖြင့်သော်လည်းကောင်း အကောင်အထည်ဖော်ရန် စီမံကိန်းဘဏ်သို့ တင်ပြထားသည့် နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းတိုင်းအတွက် သက်ဆိုင်ရာအစိုးရအဖွဲ့အစည်းများအနေဖြင့် အောက်ပါအချက်များကို ဆောင်ရွက်ပေးရမည်ဖြစ်သည် -

(က) မရွှေ့ပြောင်းနိုင်သော ပစ္စည်းများစာရင်း ပြုလုပ်ထိန်းသိမ်းခြင်း၊ ယင်းစာရင်းနှင့် ဘဏ္ဍာရေးရှင်းတမ်းတို့ ကိုက်ညီမှုရှိစေရန် ဆောင်ရွက်ခြင်း၊

(ခ) သက်ဆိုင်ရာ စီးပွားရေးအဖွဲ့အစည်းက ပိုင်ဆိုင်သည့် ပစ္စည်းဥစ္စာများ ပျောက်ဆုံး ပျက်စီးခြင်းနှင့် အလေအလွင့်များ ဖြစ်ပေါ်စေမည့် မည်သည့်လုပ်ရပ်မျိုးကိုမဆို ဆောင်ရွက်မှု မရှိစေရေး၊

(ဂ) မတည်ရင်းနှီးမြှုပ်နှံမှုအသစ်များ ပြုလုပ်မှုမရှိစေရေး၊

(ဃ) ပုံမှန်လုပ်ဆောင်နေသည့် စီးပွားရေးလုပ်ငန်းစဉ်များအရ ကျန်ရှိသည့် ကြွေးကျန်များမှအပ အခြားကြွေးမြီများ မရှိစေရေး၊

(င) အလားအလာရှိသည့် ရင်းနှီးမြှုပ်နှံသူ သို့မဟုတ် ပုဂ္ဂိုလ် မည်သူမဆိုအတွက် အကျိုးဖြစ်ထွန်းစေမည့် သတင်းအချက်အလက်များကို မည်သူတစ်ဦးတစ်ယောက်ကိုမှ ပေးအပ်ခြင်း မရှိစေရေး။

၅၂။ နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းကို ပုဂ္ဂလိကသို့ ရှယ်ယာများ လွှဲပြောင်းခြင်း (Equitization) သို့မဟုတ် ကော်ပိုရေးရှင်းအသွင်ပြောင်းခြင်း သို့မဟုတ် အစိုးရ-ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်ခြင်း နည်းလမ်းများမှ သင့်လျော်သည့်နည်းလမ်းကို ရွေးချယ်နိုင်ရန်အတွက် စီမံကိန်းအဆိုပြုတင်သွင်းလာသည့် သက်ဆိုင်ရာ အစိုးရအဖွဲ့အစည်းအား PPP Center က အကူအညီပေးရမည်။ ယင်းအကူအညီများတွင် Equitization မလုပ်ဆောင်မီ သင့်လျော်သည့်ပုံစံဖြင့် အဖွဲ့အစည်းအား ပြင်ဆင်ဖွဲ့စည်းပေးခြင်းများပါဝင်နိုင်သည်။ ဥပမာ-

(က) စီးပွားရေးဆိုင်ရာ လုပ်ငန်းတာဝန်များနှင့် စည်းမျဉ်းစည်းကမ်း ကြီးကြပ်မှုဆိုင်ရာ တာဝန်များအား သီးခြားခွဲထုတ်၍ အစိုးရအား စည်းမျဉ်းစည်းကမ်းကြီးကြပ်မှုဆိုင်ရာ တာဝန်များသာ ဆက်လက်လုပ်ဆောင်စေခြင်း၊

(ခ) ပုဂ္ဂလိကရှယ်ယာများ လွှဲပြောင်းထားသော (သို့မဟုတ်) ကော်ပိုရေးရှင်း အသွင်ပြောင်းထားသော စီးပွားရေးအဖွဲ့အစည်းအနေဖြင့် ဈေးကွက်အတွင်းမျှတသော ယှဉ်ပြိုင်မှုဖြင့် စီးပွားရေးလုပ်ငန်းများ လုပ်ဆောင်နိုင်စေရေးအတွက် ဥပဒေများကို ပြန်လည်ဆန်းစစ်သုံးသပ်ခြင်းတို့ကို လုပ်ဆောင်ပေးခြင်း။

၅၃။ PPP Center နှင့် သက်ဆိုင်ရာအစိုးရအဖွဲ့အစည်းအနေဖြင့် Equitization သို့မဟုတ် အစိုးရ-ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်ခြင်းတို့အတွက် အောက်ပါနည်းလမ်းများ အပါအဝင် အခြားလိုအပ်သော နည်းလမ်းများကို အသုံးပြုနိုင်သည် -

(က) အစုရှယ်ယာများကို အများပြည်သူသို့ ကမ်းလှမ်းရောင်းချခြင်း၊

(ခ) လေလံတင်ခြင်း၊

(ဂ) အစုရှယ်ယာများကို ယှဉ်ပြိုင်မှုရှိသည့် တင်ဒါလုပ်ငန်းစဉ်များ သို့မဟုတ် Swiss Challenge မှတစ်ဆင့် ရောင်းချခြင်း၊

(ဃ) နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းက ပိုင်ဆိုင်သော ပစ္စည်းများနှင့် စီးပွားရေးလုပ်ငန်းများအား ရောင်းချခြင်း၊

(င) နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်း၏ စီမံခန့်ခွဲမှု အဖွဲ့ (သို့မဟုတ်) ဝန်ထမ်းများက ယင်းအဖွဲ့အစည်း၏ အစုရှယ်ယာများကို ဝယ်ယူခြင်း၊

(စ) ငှားရမ်းခြင်း သို့မဟုတ် စီမံခန့်ခွဲမှု သို့မဟုတ် Concession စာချုပ်များ ချုပ်ဆိုခြင်း၊

(ဆ) BOT, BTO, BT, BOO, BTL, BLT, O & M (သို့မဟုတ်) PPP ဆိုင်ရာ နည်းလမ်းများ၊

(ဇ) အခြားသောနည်းလမ်းများ။

၅၄။ နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းတစ်ခုကို ကော်ပိုရေးရှင်းအသွင်ပြောင်းခြင်း သို့မဟုတ် ပုဂ္ဂလိကသို့ ရှယ်ယာလွှဲပြောင်းခြင်း (Equitization) လုပ်မည်ဆိုပါက နိုင်ငံတော်မှ ပိုင်ဆိုင်သည့် ယင်း၏ ရှယ်ယာများကို စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနက ကိုယ်စားပြုလက်ခံရမည်။

၅၅။ နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းတစ်ခု၏ ကာလပေါက်ဈေးကို သီးခြားလွတ်လပ်သော အဖွဲ့အစည်း (သို့မဟုတ်) အရည်အချင်းသတ်မှတ်ချက်များနှင့် ပြည့်စုံသော အကြံပေးများက သတ်မှတ်ရမည်ဖြစ်ပြီး ယင်းတို့က သက်ဆိုင်ရာ အစိုးရအဖွဲ့အစည်းထံသို့ ကာလပေါက်ဈေးသတ်မှတ် ထုတ်ပြန်ရာတွင် အောက်ပါနည်းလမ်းများကို အသုံးပြုနိုင်သည် -

(က) လုပ်ငန်းသည် ရှေ့ဆက်လက် လုပ်ကိုင်လည်ပတ်နေသည့် အခြေအနေဆိုပါက လုပ်ငန်း၏ သို့မဟုတ် လုပ်ငန်းရှိပိုင်ဆိုင်မှုများ၏ လက်ရှိကာလတန်ဖိုး၊

(ခ) လုပ်ငန်းသည် သို့မဟုတ် လုပ်ငန်းရှိပိုင်ဆိုင်မှုများသည် ရှေ့ဆက်လက်လည်ပတ်နေမည့် အခြေအနေ မရှိပါက အသားတင်ပိုင်ဆိုင်မှုများ၏တန်ဖိုး၊

(ဂ) PPP Center ကခွင့်ပြုထားသည့် အခြားကာလပေါက်ဈေး တွက်ချက်မှုပုံစံ နည်းလမ်းများ။

[From continue last week, Office of the President Notification No. 2 / 2018, Project Bank Notification]

## Section V
## Unsolicited PPP Proposals

23. If the size of a Project submitted by a private party to a relevant government agency via an Unsolicited Proposal exceeds two billion Myanmar Kyat, the relevant government agency shall seek advice of the PPP Center whether to include it in the Project Bank.

24. Where an Unsolicited Proposal submitted to a relevant government agency requires coordination with other agencies, the Project may be referred to the PPP Center. The PPP Center shall then proceed in accordance with established guidelines and procedures.

25. Provisions in this section shall not be applicable to Unsolicited Proposals for the development of Greenfield Projects in the energy and mining sectors.

26. All Unsolicited Proposals shall contain the following information or the information contained in the template prepared by the PPP Center;

a. A Project proposal that includes but shall not be limited to the following:

(1) anticipation of the Project objectives, scale, implementation, location, demand for the use of land and natural resources;

(2) preliminary analysis of the technical requirements, standards, quality of the Project facilities, products or services to be provided;

(3) anticipated schedule and terms for Project implementation; terms for construction, exploitation of Project facilities; plans for organizing the management, commercial operation or provision of services;

(4) anticipated overall plans for compensation, land clearance and resettlement;

(5) preliminary analysis of the financial plan of the Project, including the following contents;

(5.1) the total investment capital of the Project;

(5.2) the structure of the capital sources and the [capital] mobilization plan;

(5.3) Government's investment capital for the participation in the Project implementation (if any);

(5.4) estimated expenditures; revenue sources, prices, fees of products and services and

(5.5) the term for recovering capital and gaining profits;

(6) preliminary anticipation of the risks in Project implementation process and risk sharing between the relevant government agency and the investor;

(7) proposal on forms of investment incentives and guarantees (if any);

(8) preliminary estimation on the socio-economic effectiveness of the Project; impacts of the Project on environment and society.

b. documents setting out legal status, capacity, experience of the investor, and as appropriate, a specification of intellectual property, trade secrets or other proprietary information may need to be protected, including from publication;

c. evidence of experience implementing similar Projects and environmental and social responsibility and

d. other documents as required by the relevant government agency or PPP Center to explain the Project proposal.

27. For each Unsolicited Proposal for which a relevant government agency decides to pursue, the relevant government agency, with support to be provided by the PPP Center upon request,

shall prepare a Swiss Challenge tender process that shall include but not be limited to the following steps:

a. the relevant government agency shall draft the Request for Proposal and invite comparative proposals for competitive bidding;

b. prior to drafting the Request for Proposal, the relevant government agency shall review the Unsolicited Proposal and determine what, if any, information is considered proprietary in consultation with the Project proponent;

c. if a successful counter-proposal is superior to the original Unsolicited Proposal, the relevant government agency shall notify the original proponent of the Unsolicited Proposal that they have at least 45 working days to match or improve on the selected competing proposal;

d. assessment of the proposals shall include public need, Project merits, complementary nature, uniqueness and novelty of the concept and technology;

e. the notification shall include all relevant details of the competing proposal determined to be non-proprietary and

f. if the original proponent matches the counter-proposal, the relevant government agency shall continue negotiating with the original proponent. If the original proponent does not match the selected competing proposal, the relevant government agency shall negotiate with the selected competing proponent with the objective of entering into an agreement based on the proposal submission, as may be amended through the negotiation process;

g. consider and implement fair mechanisms and arrangements between the original proponent and the tender award winning competing proponent.

28. Unsolicited Projects may be awarded directly to a private party if both PPP Center and the relevant government agency determine that more favorable commercial and technical terms could not be secured following a tender process based on concrete criteria that include but are not limited to reputation and international experience of the proponent in the same or similar business field.

## Section VI
## Sources of Funds for PPP Projects

29. PPP Projects may use either Government's budget in order to ensure their sustainability (viability gap funding) or development assistance in accordance with the bid terms of the tender documentation with the consent of the Union Government.

30. The PPP Center shall be responsible for analyzing all potential Government contributions and shall advise IGAs accordingly.

31. The Government's contribution to Project implementation shall include but not be limited to capital from the Government's budget, Government bonds, Development Assistance, in-kind contributions, or other forms.

32. Only PPP Projects selected via a competitive tender process or Swiss Challenge tender process shall seek Government support in terms of guarantee, viability gap funding, or other forms of support.

33. The PPP Center shall establish concrete criteria upon which potential Government contributions shall be based that may include but not be limited to the following:

a. unless specifically recommended otherwise, the equity ratio shall not be lower than 30 percent for the capital portion of up to US$ 50 million;

b. for the capital portion of more than US$ 50 million, the debt-to-equity ratio shall not be lower than 20 percent of this portion;

c. the Government's investment capital in terms of the Government's support, if any, for participation in Project implementation shall not be counted as part of the total investment capital when identifying the debt-to-equity ratio;

d. the investor shall demonstrate successful experience with comparable projects and demonstrate environmental and social responsibility;

e. the Project company shall be liable to pay the guarantee fee set out in the bidding documentation and

f. the investor shall comply with other criteria set out in the bidding documentation.

34. The MoPF shall use the annual medium-term debt management plan as defined in the Public Debt Management Law to determine an absolute annual limit per year on the total amount of guaranteed obligations, which shall be approved annually in the Union's Budget Law.

35. Both existing and planned, new government guarantees shall be presented for information in the annual Union's Budget Law as contingent liabilities of the Union Government. Existing government guarantees shall be also reported on in the notes to the annual financial statements of the Union Government.

36. Shareholder loans or offshore financing may be acquired by a private party under the PPP arrangement in accordance with the Foreign Exchange Management Law.

## Section VII
## Environmental and Social Aspects for PPPs

37. Environmental and social impact studies and aspects for proposed Projects including PPP Projects shall comply with regulations set out by the Ministry of Natural Resources and Environmental Conservation.

38. The Government may be responsible for resettling and paying compensation to Project-affected persons within the timeframe provided for by the applicable regulations and standards.

39. Project documents may provide that the private partner would be liable for paying a prompt, fair and adequate compensation, in line with international best practice, to Project-affected persons, but direct payment be made through the relevant government agency.

## Section VIII
## Contractual Requirements for PPPs

40. PPP contracts may be based upon Availability Payments, BOO, BOT, BTL, BTO and O&M or Other Forms of PPP considered by the IGA, with support to be provided by the PPP Center upon request, to achieve the most appropriate risk sharing structure. The PPP Center will issue guidelines and contract document principles and structures for the IGA to follow in the preparation of PPP contracts.

41. A PPP contract may include but not be limited to the following:

a. amount of investment;

b. conditions precedent;

c. responsibilities and liabilities;

  a. rights and obligations of the Union or State or Region Governments;

  b. rights and obligations of the private partner;

d. risk allocation;

e. incentives;

f. dispute resolution;
g. effectiveness and key performance indicators;
h. financing;
i. insurance;
j. term;
k. minimal performance standards;
l. performance monitoring;
m. termination;
n. early termination and extension;
o. amendments;
p. force majeure;
q. tax and duties;
r. auditing;
s. change in law;
t. effective date;
u. contract term;
v. guarantee and representation and
w. renegotiation.

42. For Projects exceeding US$ 100 million in value, the relevant government agency may engage an independent monitor to conduct periodic assessments to ensure that all parties are abiding by contract terms.

43. A PPP contract may provide for international arbitration in accordance with the 2016 Arbitration Law and the terms of the PPP contract.

44. A PPP contract should as a principle be governed by Myanmar Law.

45. A PPP contract may state that the relevant government agency shall be considered to have a waiver of immunity from jurisdiction and execution by statute when executing a PPP contract.

## Section IX
## Monitoring and Supervision for PPPs

46. IGAs shall monitor and supervise PPP Projects to ensure compliance with terms and conditions stated within respective PPP contracts and shall send a copy of monitoring reports to the PPP Center on a 6-month basis.

47. The Development Assistance Coordination Unit (DACU) shall monitor and evaluate the Development Assistance financed Projects in accordance with the Myanmar Development Assistance Policy (DAP).

48. The Government may also engage with external consultants and independent experts to assist in the monitoring and evaluation of Projects.

## Section X
## Transferring SEEs in Part or in Whole to the Private Sector through Equitization or PPP Mechanisms

49. A relevant government agency may submit to the MoPF to include in the Project Bank a SEE for the transfer, in part or in whole, to the private sector.

50. Where relevant government agencies propose to undertake Equitization or apply a PPP mechanism for a SEE, plans may include the following and be reviewed by the PPP Center:

a. provide cash flows for at least the past five years;
b. provide comprehensive information on the SEE's employment and labour;
c. provide information on products and services produced or provided;
d. prepare Projected or forecasted free cash flows for at least five years;
e. prepare up-to-date business records and books of account according to standards listed in the Companies Law;
f. prepare a rolling two-year investment and financing plan and a manpower development plan;
g. prepare annual financial statements and cause them to be audited not later than four months after each financial year.

51. For any SEE submitted for Equitization or Corporatization, and submitted to the Project Bank, the relevant government agency shall ensure:

a. that a fixed asset register is maintained that shall be reconciled with the financial statements;
b. not to perform any action or actions that would result in the assets of the enterprise being dissipated;
c. not to undertake any new capital investment program;
d. not to incur any liabilities other than in the ordinary course of business and
e. not to give any person information other than in the ordinary course of business that might confer any advantage on that person or any potential investor.

52. The PPP Center shall assist the submitting relevant government agency to go through a proper Corporatization and Equitization or PPP mechanism. This includes advising on pre-Equitization restructures, such as:

a. separating regulatory and commercial functions and restructuring so that Government retains the regulatory functions and
b. reviewing legislation to enable Corporatized or Equitized entities to compete on a level playing field and to maintain competition in relevant markets.

53. The PPP Center and the relevant government agency may employ various modes of Equitization or PPP that include but are not limited to the following:

a. public offering of shares;
b. auction;
c. sale of shares through competitive bids and Swiss Challenge tender process arrangements;
d. sale of the assets and business of a SEE;
e. management or employee buyouts by management or employees of a SEE;
f. lease, management or concession contracts;
g. BOT, BTO, BT, BOO, BTL, BLT, O&M or Other Forms of PPP or
h. others.

54. When a SEE is Equitized, its shares shall be allotted to the State represented by the MoPF.

55. The valuation of a SEE shall be performed by an independent valuation company or qualified individual consultants who shall issue a certificate of valuation to the relevant government agency. The valuation mechanism shall be based on the following:

a. the current value of the SEE or its assets as a going concern;
b. where the enterprise or the assets are not a going concern, the valuation shall be based on net asset value or
c. any other prudent valuation method approved by the PPP Center.

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

### ကြေညာချက်အမှတ် (၁/၂၀၁၉)

၁၃၈၀ ပြည့်နှစ်၊ ပြာသိုလဆန်း ၆ ရက်
(၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ ၁၁ ရက်)

**ရခိုင့်ဦးဆောင်ပါတီ [Arakan Front Party (AFP)] အား**
**နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုခြင်း**

ရခိုင်ပြည်နယ်၊ စစ်တွေမြို့၊ အိုးတန်းရပ်ကွက်၊ ရွှေဘန်းလမ်း၊ ရဘ-၁ တွင် ပါတီရုံးချုပ်ဖွင့်လှစ်ထားရှိသော **ရခိုင့်ဦးဆောင်ပါတီ [Arakan Front Party (AFP)]** အား ၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ ၁၁ ရက်နေ့မှစ၍ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၉ နှင့်အညီ မှတ်ပုံတင်ခွင့်ပြုကြောင်း ကြေညာလိုက်သည်။

**ရခိုင့်ဦးဆောင်ပါတီ [Arakan Front Party (AFP)]** ၏ မှတ်ပုံတင်အမှတ်မှာ (၁၁၁) ဖြစ်ပါသည်။

လှသိန်း
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

### ကြေညာချက်အမှတ် (၂/၂၀၁၉)

၁၃၈၀ ပြည့်နှစ်၊ ပြာသိုလဆန်း ၉ ရက်
(၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ ၁၄ ရက်)

**မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲတွင် အဖွဲ့ဝင် လေးဦး အစားထိုးတာဝန်ပေးအပ်ခြင်း**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေပုဒ်မ ၁၀ (ဂ) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကိုကျင့်သုံး၍ ရှမ်းပြည်နယ်၊ သီပေါမြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင် လေးဦး နေရာ၌ အောက်ဖော်ပြပါပုဂ္ဂိုလ်များအား စတင်တာဝန်ထမ်းဆောင်သည့်နေ့မှစ၍ အစားထိုးတာဝန်ပေးအပ်လိုက်သည် -

| | | | | | | |
|---|---|---|---|---|---|---|
| (၁) | အဖွဲ့ဝင် (၁) | နေရာတွင် | ဦးစိုင်းရွှေအေး | **အစား** | ဦးတင်မောင်မောင် |
| (၂) | အဖွဲ့ဝင် (၂) | နေရာတွင် | ဦးစိုင်းဝင်းကြူ | **အစား** | ဦးစိုင်းဆာအောင် |
| (၃) | အဖွဲ့ဝင် (၄) | နေရာတွင် | ဒေါ်စိုးစိုးမြင့် | **အစား** | ဒေါ်မြင့်မြင့်စိမ်း |
| (၄) | အဖွဲ့ဝင် (၅) | နေရာတွင် | ဦးအောင်သန်းဝင်း | **အစား** | ဒေါ်နန်းခင်ညွန့်လူ |

လှသိန်း
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

### ကြေညာချက်အမှတ် (၃/၂၀၁၉)

၁၃၈၀ ပြည့်နှစ်၊ ပြာသိုလဆန်း ၉ ရက်
(၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ ၁၄ ရက်)

**မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲတွင် ဥက္ကဋ္ဌနှင့် အဖွဲ့ဝင် နှစ်ဦး အစားထိုးတာဝန်ပေးအပ်ခြင်း**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေပုဒ်မ ၁၀ (ဂ) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကိုကျင့်သုံး၍ ပြည်ထောင်စုနယ်မြေ၊ ဥတ္တရသီရိမြို့နယ်

ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်နှစ်ဦးနေရာ၌ အောက်ဖော်ပြပါပုဂ္ဂိုလ်များအား စတင်တာဝန်ထမ်းဆောင်သည့်နေ့မှစ၍ အစားထိုးတာဝန်ပေးအပ်လိုက်သည် -

| | | | | | |
|---|---|---|---|---|---|
| (၁) | ဥက္ကဋ္ဌ | နေရာတွင် | ဦးသန်းဇော် | **အစား** | ဦးသိန်းနိုင် |
| (၂) | အဖွဲ့ဝင် (၁) | နေရာတွင် | ဦးသာဆောင် | **အစား** | ဦးကိုကိုဝင်း |
| (၃) | အဖွဲ့ဝင် (၅) | နေရာတွင် | ဦးသိန်းနိုင် | **အစား** | ဦးကျော်စိုး |

လှသိန်း
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## ပြည်ထဲရေးဝန်ကြီးဌာန

## အမိန့်ကြော်ငြာစာ (၁၆၆၈/ ၂၀၁၈)

နေပြည်တော်၊ ၁၃၈၀ ပြည့်နှစ်၊ နတ်တော်လဆန်း ၇ ရက်
(၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၁၄ ရက်)

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးသူရေးရာဦးစီးဌာနမှ အသုံးပြုရန်မရှိသဖြင့် ၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ ၃၀ ရက်တွင် စစ်ကိုင်းတိုင်းဒေသကြီး၊ ကသာခရိုင်၊ ထီးချိုင့်မြို့နယ်၊ အမှတ် (၂) ရပ်ကွက်၊ ကွင်းအမှတ်/အမည် (၈၃၇/ထီးချိုင့်ကွင်း)၊ မြေအမျိုးအစား-မြို့မြေ ဦးပိုင်အမှတ် (၄၀၂/၈၇၄) ရှိ **စုစုပေါင်းမြေဧရိယာ ဝ. ၃၃ ဧက** ကို နိုင်ငံတော်သို့ ပြန်လည်စွန့်လွှတ်အပ်နှံလာမှုအပေါ် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ လယ်ယာမြေနှင့်အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးဗဟိုကော်မတီ၏ ၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ ၁၃ ရက်စွဲပါ စာအမှတ်၊ ၁၈၃၉/၁-ကော်မတီ/မြေ (ဗဟို)/၂၀၁၈ ဖြင့် နိုင်ငံတော်သို့ ပြန်လည်အပ်နှံခွင့်ပြုခဲ့ပါသည်။

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးသူရေးရာဦးစီးဌာနမှ စွန့်လွှတ်အပ်နှံလာသည့် အဆိုပါ **မြေဧရိယာ ဝ. ၃၃ ဧက** ကို **နိုင်ငံတော်ပိုင်မြေ (State Land)** အဖြစ် သတ်မှတ်လိုက်သည်။

## အမိန့်ကြော်ငြာစာ (၁၆၆၉/ ၂၀၁၈)

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးသူရေးရာဦးစီးဌာနမှ အသုံးပြုရန်မရှိသဖြင့် မွန်ပြည်နယ်၊ မော်လမြိုင်ခရိုင်၊ ချောင်းဆုံမြို့နယ်၊ ချောင်းဆုံအရှေ့ရပ်ကွက်၊ ကွင်းအမှတ်/အမည် (၇၇၇ က$^{B}$/ ချောင်းဆုံကွင်း)၊ မြေအမျိုးအစား-လ/န (၃၉) ရပြီးမြေ၊ ဦးပိုင်အမှတ် (၂၉၉) ရှိ **စုစုပေါင်းမြေဧရိယာ ၁. ၅၄ ဧက** ကို ၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ ၁၉ ရက်တွင် နိုင်ငံတော်သို့ ပြန်လည်စွန့်လွှတ်အပ်နှံလာမှုအပေါ် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ လယ်ယာမြေနှင့်အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးဗဟိုကော်မတီ၏ ၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ ၁၃ ရက်စွဲပါ စာအမှတ်၊ ၁၈၃၆/၁-ကော်မတီ/ မြေ (ဗဟို)/၂၀၁၈ ဖြင့် နိုင်ငံတော်သို့ ပြန်လည်အပ်နှံခွင့်ပြုခဲ့ပါသည်။

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးသူရေးရာဦးစီးဌာနမှ စွန့်လွှတ်အပ်နှံလာသည့် အဆိုပါ **မြေဧရိယာ ၁. ၅၄ ဧက** ကို **နိုင်ငံတော်ပိုင်မြေ (State Land)** အဖြစ် သတ်မှတ်လိုက်သည်။

## အမိန့်ကြော်ငြာစာ (၁၆၇၀/ ၂၀၁၈)

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးသူရေးရာဦးစီးဌာနမှ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ အားကစားကွင်းမြေနေရာအတွက် လွှဲပြောင်းပေးရန် မွန်ပြည်နယ်၊ မော်လမြိုင်ခရိုင်၊ ချောင်းဆုံမြို့နယ်၊ ချောင်းဆုံအရှေ့ရပ်ကွက်၊ ကွင်းအမှတ်/အမည် (၇၇၇က$^{B}$/ချောင်းဆုံကွင်း)၊ မြေအမျိုးအစား - လ/န-၃၉ ရပြီးမြေ၊ ဦးပိုင်အမှတ် (၂၁၄၊ ၂၉၉) ရှိ **စုစုပေါင်းမြေဧရိယာ ၂. ၅၄ ဧက** ကို ၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ ၈ ရက်တွင် နိုင်ငံတော်သို့ ပြန်လည်စွန့်လွှတ်အပ်နှံလာမှုအပေါ် ပြည်ထောင်စုသမ္မတ

မြန်မာနိုင်ငံတော်၊ လယ်ယာမြေနှင့်အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးဗဟို ကော်မတီ၏ ၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ ၂၇ ရက်စွဲပါ စာအမှတ်၊ ၁၉၃၁/၁-ကော်မတီ/မြေ (ဗဟို)/ ၂၀၁၈ ဖြင့် နိုင်ငံတော်သို့ ပြန်လည်အပ်နှံခွင့်ပြုခဲ့ပါသည်။

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးသူရေးရာဦးစီးဌာနမှ စွန့်လွှတ်အပ်နှံလာသည့် အဆိုပါ **မြေဧရိယာ ၂. ၅၄ ဧက** ကို **နိုင်ငံတော်ပိုင်မြေ (State Land)** အဖြစ် သတ်မှတ်လိုက်သည်။

## အမိန့်ကြော်ငြာစာ (၁၆၇၃/၂၀၁၈)

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးသူရေးရာဦးစီးဌာနမှ အသုံးပြုရန်မရှိသဖြင့် စစ်ကိုင်းတိုင်းဒေသကြီး၊ တမူးခရိုင်၊ တမူးမြို့နယ်၊ အင်ဒိုင်းကျေးရွာအုပ်စု၊ ကွင်းအမှတ်/အမည် (၂၅၇E/ ပန်းသာအရှေ့)၊ မြေအမျိုးအစား-ရွာမြေ၊ ဦးပိုင်အမှတ် (၆၁၃/၃၁၄၁) ရှိ မူလရှိ **မြေဧရိယာ ၁. ၇၅ ဧက** အနက်မှ **မြေဧရိယာ ၁. ၀၅ ဧက** ကို ၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ ၃၀ ရက်တွင် နိုင်ငံတော်သို့ ပြန်လည်စွန့်လွှတ်အပ်နှံလာမှုအပေါ် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ လယ်ယာမြေနှင့်အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးဗဟိုကော်မတီ၏ ၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ ၁၃ ရက်စွဲပါ စာအမှတ်၊ ၁၈၄၁/၁-ကော်မတီ/မြေ (ဗဟို)/၂၀၁၈ ဖြင့် နိုင်ငံတော်သို့ ပြန်လည်အပ်နှံခွင့်ပြုခဲ့ပါသည်။

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးသူရေးရာဦးစီးဌာနမှ စွန့်လွှတ်အပ်နှံလာသည့် အဆိုပါ **မြေဧရိယာ ၁. ၀၅ ဧက** ကို **နိုင်ငံတော်ပိုင်မြေ (State Land)** အဖြစ် သတ်မှတ်လိုက်သည်။

## အမိန့်ကြော်ငြာစာ (၁၆၇၄/၂၀၁၈)

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးသူရေးရာဦးစီးဌာနမှ အသုံးပြုရန်မရှိသဖြင့် ၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ ၃၀ ရက်တွင် စစ်ကိုင်းတိုင်းဒေသကြီး၊ ကသာခရိုင်၊ ထီးချိုင့်မြို့နယ်၊ အလယ်တောကျေးရွာအုပ်စု၊ ကွင်းအမှတ်/အမည် (၉၂၇/အင်ကြင်းကုန်း)၊ မြေအမျိုးအစား-ယာမြေ၊ ဦးပိုင်အမှတ် (-) ရှိ **စုစုပေါင်းမြေဧရိယာ ၀. ၇၇ ဧက** ကို နိုင်ငံတော်သို့ ပြန်လည်စွန့်လွှတ်အပ်နှံလာမှုအပေါ် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ လယ်ယာမြေနှင့်အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည် စိစစ်ရေးဗဟိုကော်မတီ၏ ၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ ၁၃ ရက်စွဲပါ စာအမှတ်၊ ၁၈၄၀/၁-ကော်မတီ/မြေ (ဗဟို)/၂၀၁၈ ဖြင့် နိုင်ငံတော်သို့ ပြန်လည်အပ်နှံခွင့်ပြုခဲ့ပါသည်။

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးသူရေးရာဦးစီးဌာနမှ စွန့်လွှတ်အပ်နှံလာသည့် အဆိုပါ **မြေဧရိယာ ၀. ၇၇ ဧက** ကို **နိုင်ငံတော်ပိုင်မြေ (State Land)** အဖြစ် သတ်မှတ်လိုက်သည်။

## အမိန့်ကြော်ငြာစာ (၁၆၇၅/၂၀၁၈)

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးသူရေးရာဦးစီးဌာနမှ အသုံးပြုရန်မရှိသဖြင့် စစ်ကိုင်းတိုင်းဒေသကြီး၊ ကသာခရိုင်၊ ပင်လည်ဘူးမြို့နယ်၊ ကသောကျေးရွာအုပ်စု၊ ကွင်းအမှတ်/အမည် (၁၆၄၅-ခ/ထောင်ထွက် N)၊ မြေအမျိုးအစား (-)၊ ဦးပိုင်အမှတ် (H ၂၀) ရှိ **စုစုပေါင်းမြေဧရိယာ ၁. ၃၀ ဧက** ကို ၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ ၃၀ ရက်တွင် နိုင်ငံတော်သို့ ပြန်လည်စွန့်လွှတ်အပ်နှံလာမှုအပေါ် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ လယ်ယာမြေနှင့်အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည် စိစစ်ရေးဗဟိုကော်မတီ၏ ၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ ၁၃ ရက်စွဲပါ စာအမှတ်၊ ၁၈၄၂/ ၁-ကော်မတီ/ မြေ (ဗဟို)/၂၀၁၈ ဖြင့် နိုင်ငံတော်သို့ ပြန်လည်အပ်နှံခွင့်ပြုခဲ့ပါသည်။

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးသူရေးရာဦးစီးဌာနမှ စွန့်လွှတ်အပ်နှံလာသည့် အဆိုပါ **မြေဧရိယာ ၁. ၃၀ ဧက** ကို **နိုင်ငံတော်ပိုင်မြေ (State Land)** အဖြစ် သတ်မှတ်လိုက်သည်။

## အမိန့်ကြော်ငြာစာ (၁၆၈၅/၂၀၁၈)

နေပြည်တော်၊ ၁၃၈၀ ပြည့်နှစ်၊ နတ်တော်လဆန်း ၆ ရက်
(၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၁၃ ရက်)

၁။ မကွေးတိုင်းဒေသကြီး၊ မင်းဘူးခရိုင်၊ စလင်းမြို့နယ်တွင် မြေမိကုန်းကျေးရွာအုပ်စု၊ မြေမိကုန်း ကျေးရွာရှိ မြေဧရိယာ (၇၁) ဧကကို မြေမိကုန်းရပ်ကွက်အဖြစ် တိုးချဲ့ဖွဲ့စည်းပြီး ကျန်ရှိသည့်မြေဧရိယာ

(၉၉၁) ဧကကို ကြက်သကိုင်ကျေးရွာအုပ်စုအတွင်းသို့ ထည့်သွင်းဖွဲ့စည်း၍ မြေမိကုန်းကျေးရွာအုပ်စု (၁) အုပ်စုနှင့် မြေမိကုန်းကျေးရွာ (၁) ရွာအား ပယ်ဖျက်ခြင်း၊ ကူဖြူကျေးရွာအုပ်စုအတွင်းရှိ စာစီကျောင်းကျေးရွာကို စာစီကျောင်းရပ်ကွက်အဖြစ် တိုးချဲ့ဖွဲ့စည်းပြီး စာစီကျောင်းကျေးရွာ (၁) ရွာအား ပယ်ဖျက်ခြင်းကို အောက်ပါအတိုင်း ပြင်ဆင်ဖွဲ့စည်းလိုက်သည် -

**(က) စလင်းမြို့နယ်တွင် ရပ်ကွက် (၂) ရပ်ကွက် တိုးချဲ့ဖွဲ့စည်းခြင်း**

| **မူလမြို့** | **မူလရပ်ကွက်** | **ပြုပြင်ဖွဲ့စည်းပြီး မြို့** | **ပြုပြင်ဖွဲ့စည်းပြီး ရပ်ကွက်** |
|---|---|---|---|
| (၁) စလင်း | (၁) ပေါင်းပင်ဇင်း | (၁) စလင်း | (၁) ပေါင်းပင်ဇင်း |
| | (၂) ဈေးမ | | (၂) ဈေးမ |
| | (၃) ပေါင်းနား | | (၃) ပေါင်းနား |
| | (၄) ကျောင်းကြား | | (၄) ကျောင်းကြား |
| | (၅) ပုထိုးဖြူ | | (၅) ပုထိုးဖြူ |
| | (၆) မြင်တင် | | (၆) မြင်တင် |
| | | | (၇) **မြေမိကုန်း** |
| | | | (၈) **စာစီကျောင်း** |

**( ခ ) ကျေးရွာအုပ်စု (၁) အုပ်စုနှင့် ကျေးရွာ (၂) ရွာ ပယ်ဖျက်ခြင်း၊ ကျေးရွာအုပ်စု (၁) အုပ်စု ဧရိယာ ပြင်ဆင်ဖွဲ့စည်းခြင်း**

| **မူလကျေးရွာ အုပ်စု** | **မူလကျေးရွာ** | **ပြုပြင်ဖွဲ့စည်းပြီး ကျေးရွာအုပ်စု** | **ပြုပြင်ဖွဲ့စည်းပြီး ကျေးရွာ** |
|---|---|---|---|
| (၁) မြေမိကုန်း | (၁) မြေမိကုန်း | - | - |
| (၂) ကူဖြူ | (၁) ကူဖြူ | (၁) ကူဖြူ | (၁) ကူဖြူ |
| | (၂) **စာစီကျောင်း** | | |
| (၃) **ကြက်သကိုင်** | (၁) ကြက်သကိုင် | (၁) **ကြက်သကိုင်** | (၁) ကြက်သကိုင် |
| | (၂) လွှဲကုန်း | | (၂) လွှဲကုန်း |
| | (၃) မင်းတဲ | | (၃) မင်းတဲ |

၂။ အထက်ဖော်ပြပါအတိုင်း မကွေးတိုင်းဒေသကြီး၊ မင်းဘူးခရိုင်၊ စလင်းမြို့နယ်တွင် ရပ်ကွက် (၂) ရပ်ကွက် တိုးချဲ့ဖွဲ့စည်းခြင်း၊ ကျေးရွာအုပ်စု (၁) အုပ်စုနှင့် ကျေးရွာ (၂) ရွာ ပယ်ဖျက်ခြင်း၊ ကျေးရွာအုပ်စု (၁) အုပ်စု ဧရိယာ ပြင်ဆင်ဖွဲ့စည်းခြင်းကြောင့် စလင်းမြို့နယ်အတွင်းပါဝင်သည့် မြို့၊ ရပ်ကွက်၊ ကျေးရွာအုပ်စု၊ ကျေးရွာများ၏ ဖွဲ့စည်းတည်ရှိမှုဧရိယာအကျယ်အဝန်းနှင့် နယ်နိမိတ်အလားအလာ သတ်မှတ်ချက်များသည် စလင်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ အမှုတွဲတွင် ပါရှိသည့်အတိုင်းဖြစ်သည်။

၃။ မကွေးတိုင်းဒေသကြီး၊ ပခုက္ကူခရိုင်၊ ပခုက္ကူမြို့နယ်၊ ကျထိုးကျေးရွာအုပ်စုအတွင်းရှိ အနောက်တော ကျေးရွာအား အောင်နန်းကျေးရွာအဖြစ် အမည်ပြောင်းလဲဖွဲ့စည်းခြင်းကို အောက်ပါအတိုင်း ပြင်ဆင် ဖွဲ့စည်းလိုက်သည် -

| **မူလကျေးရွာ အုပ်စု** | **မူလကျေးရွာ** | **ပြုပြင်ဖွဲ့စည်းပြီး ကျေးရွာအုပ်စု** | **ပြုပြင်ဖွဲ့စည်းပြီး ကျေးရွာ** |
|---|---|---|---|
| (၁) ကျထိုး | (၁) ကျထိုး | (၁) ကျထိုး | (၁) ကျထိုး |
| | (၂) ကျပ်ပြည့် | | (၂) ကျပ်ပြည့် |
| | (၃) အုံးတော | | (၃) အုံးတော |
| | (၄) ဆုံကုန်း | | (၄) ဆုံကုန်း |

| **မူလကျေးရွာအုပ်စု** | **မူလကျေးရွာ** | **ပြုပြင်ဖွဲ့စည်းပြီးကျေးရွာအုပ်စု** | **ပြုပြင်ဖွဲ့စည်းပြီးကျေးရွာ** |
|---|---|---|---|
| | (၅) **အနောက်တော** | | (၅) **အောင်နန်း** |
| | (၆) အနောက်ကုန်း | | (၆) အနောက်ကုန်း |
| | (၇) ချောင်းဆုံ | | (၇) ချောင်းဆုံ |
| | (၈) ကြိုးတန်း | | (၈) ကြိုးတန်း |

၄။ အထက်ဖော်ပြပါအတိုင်း မကွေးတိုင်းဒေသကြီး၊ ပခုက္ကူခရိုင်၊ ပခုက္ကူမြို့နယ်တွင် ကျေးရွာ (၁) ရွာ အမည်ပြောင်းလဲဖွဲ့စည်းခြင်းကြောင့် ပခုက္ကူမြို့နယ်အတွင်းပါဝင်သည့် မြို့၊ ရပ်ကွက်၊ ကျေးရွာအုပ်စု၊ ကျေးရွာများ၏ ဖွဲ့စည်းတည်ရှိမှုဧရိယာအကျယ်အဝန်းနှင့် နယ်နိမိတ်အလားအလာသတ်မှတ်ချက်များသည် ပခုက္ကူမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ အမှုတွဲတွင် ပါရှိသည့်အတိုင်းဖြစ်သည်။

ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဆွေ၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
ပြည်ထဲရေးဝန်ကြီးဌာန။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန

## အမိန့်ကြော်ငြာစာအမှတ် (၂၂၉/၂၀၁၈)

၁၃၈၀ ပြည့်နှစ်၊ တန်ဆောင်မုန်းလဆန်း ၅ ရက်
(၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ ၁၂ ရက်)

### မြန်မာ့ကမ်းရိုးတန်းသွား အင်ဂျင်နီယာကျွမ်းကျင်မှုလက်မှတ်နှင့် လျှပ်စစ်ကျွမ်းကျင်မှု လက်မှတ်များသတ်မှတ်ခြင်း

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနသည် မြန်မာနိုင်ငံကုန်သည်သင်္ဘောအက်ဥပဒေပုဒ်မ ၂၉၄-ခ၊ ပုဒ်မခွဲ (ခ) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ဤအမိန့်ကြော်ငြာစာကို ထုတ်ပြန်လိုက်သည်။

၂။ မြန်မာ့ကမ်းရိုးတန်းသွားသင်္ဘောများတွင် မြန်မာ့ကမ်းရိုးတန်းသွားအင်ဂျင်နီယာနှင့် လျှပ်စစ်ကျွမ်းကျင် အဖြစ် တာဝန်ထမ်းဆောင်နိုင်သည့် ကျွမ်းကျင်မှုလက်မှတ်များအတွက် အနည်းဆုံးလိုအပ်ချက်များကို သတ်မှတ်လိုက်သည်။

၃။ **ပင်မစက်မောင်းနှင်မှုစွမ်းအား ၃၀၀၀ ကီလိုဝပ်နှင့်အထက် မြန်မာ့ကမ်းရိုးတန်းသွားသင်္ဘောများတွင် အင်ဂျင်နီယာမှူးအဖြစ် တာဝန်ထမ်းဆောင်နိုင်သည့် မြန်မာ့ကမ်းရိုးတန်းသွား အင်ဂျင်နီယာမှူး အဆင့် (၁) ကျွမ်းကျင်မှုလက်မှတ် (Myanmar Coastal Chief Engineer Class I)** ကျွမ်းကျင်မှုလက်မှတ် လျှောက်ထားသူသည် -

(က) ရေကြောင်းအင်ဂျင်နီယာအရာရှိအဆင့် (၂) ကျွမ်းကျင်မှုလက်မှတ် (MEO Class II) ကိုင်ဆောင်၍ ရေကြောင်းအင်ဂျင်နီယာအရာရှိအဆင့် (၁) ကျွမ်းကျင်မှုလက်မှတ်သင်တန်း (MEO Class I Refresher Course) တက်ရောက်ပြီး မြန်မာ့ကမ်းရိုးတန်းသွား အင်ဂျင်နီယာမှူးအဆင့် (၁) နှုတ်ဖြေစာမေးပွဲ အောင်မြင်ရမည်၊ (သို့မဟုတ်)

ရေကြောင်းအင်ဂျင်နီယာအရာရှိအဆင့် (၂) ကျွမ်းကျင်မှုလက်မှတ် (MEO Class II) ကိုင်ဆောင်ပြီးနောက် အပြည်ပြည်ဆိုင်ရာသွားသင်္ဘောတွင် ဒုတိယအင်ဂျင်နီယာ လုပ်သက် (၁) နှစ်ရှိပြီး မြန်မာ့ကမ်းရိုးတန်းသွား အင်ဂျင်နီယာမှူးအဆင့် (၁) နှုတ်ဖြေစာမေးပွဲ အောင်မြင်ရမည်၊ (သို့မဟုတ်)

ရေကြောင်းအင်ဂျင်နီယာအရာရှိအဆင့် (၄) ကျွမ်းကျင်မှုလက်မှတ် (MEO Class IV) ဖြင့် ပင်မစက်မောင်းနှင်မှုစွမ်းအား ၅၀၀ ကီလိုဝပ်နှင့်အထက် သင်္ဘောတွင် အင်ဂျင်နီယာမှူးလုပ်သက် (၁) နှစ် ရှိရမည်၊ (သို့မဟုတ်)

မြန်မာ့ကမ်းရိုးတန်းသွား အင်ဂျင်နီယာမှူးအဆင့် (၂) ကျွမ်းကျင်မှုလက်မှတ်ကိုင်ဆောင်၍ ပင်မစက်မောင်းနှင်မှုစွမ်းအား ၁၅၀၀ ကီလိုဝပ်နှင့်အထက် သင်္ဘောတွင် အင်ဂျင်နီယာမှူးလုပ်သက် (၁) နှစ်ရှိပြီး မြန်မာ့ကမ်းရိုးတန်းသွား အင်ဂျင်နီယာမှူးအဆင့် (၁) နှုတ်ဖြေစာမေးပွဲ အောင်မြင်ရမည်၊ (သို့မဟုတ်)

မြန်မာ့ကမ်းရိုးတန်းသွား ဒုတိယအင်ဂျင်နီယာအဆင့် (၁) ကျွမ်းကျင်မှုလက်မှတ်ကိုင်ဆောင်၍ ပင်မစက်မောင်းနှင်မှုစွမ်းအား ၂၀၀၀ ကီလိုဝပ်နှင့်အထက် ကမ်းရိုးတန်းသွားသင်္ဘောတွင် ဒုတိယအင်ဂျင်နီယာလုပ်သက် (၁) နှစ်ရှိပြီး မြန်မာ့ကမ်းရိုးတန်းသွားအင်ဂျင်နီယာမှူးအဆင့် (၁) နှုတ်ဖြေစာမေးပွဲ အောင်မြင်ရမည်။

(ခ) အောက်ဖော်ပြပါ လက်မှတ်များကိုင်ဆောင်ထားရမည် -

(၁) Safety Familiarization and Basic Training (STCW)

(၂) Medical Fitness

(၃) Advanced Fire Fighting

၄။ **ပင်မစက်မောင်းနှင်မှုစွမ်းအား ၃၀၀၀ ကီလိုဝပ်အောက် မြန်မာ့ကမ်းရိုးတန်းသွားသင်္ဘောများတွင် အင်ဂျင်နီယာမှူးအဖြစ် တာဝန်ထမ်းဆောင်နိုင်သည့် မြန်မာ့ကမ်းရိုးတန်းသွား အင်ဂျင်နီယာမှူးအဆင့် (၂) ကျွမ်းကျင်မှုလက်မှတ် (Myanmar Coastal Chief Engineer Class II)** ကျွမ်းကျင်မှုလက်မှတ် လျှောက်ထားသူသည် -

(က) ရေကြောင်းအင်ဂျင်နီယာအရာရှိ အဆင့် (၃) ကျွမ်းကျင်မှုလက်မှတ် (MEO Class III) ကိုင်ဆောင်၍ အင်ဂျင်နီယာအရာရှိလုပ်သက် (၁) နှစ် ရှိရမည်၊ (သို့မဟုတ်)

ရေကြောင်းအင်ဂျင်နီယာအရာရှိ အဆင့် (၅) ကျွမ်းကျင်မှုလက်မှတ် (MEO Class V) ကိုင်ဆောင်ထားရမည်၊ (သို့မဟုတ်)

မြန်မာ့ကမ်းရိုးတန်းသွား ဒုတိယအင်ဂျင်နီယာ အဆင့် (၂) ကျွမ်းကျင်မှုလက်မှတ်ကိုင်ဆောင်၍ ပင်မစက်မောင်းနှင်မှုစွမ်းအား ၅၀၀ ကီလိုဝပ်နှင့်အထက် ကမ်းရိုးတန်းသွားသင်္ဘောတွင် ဒုတိယအင်ဂျင်နီယာလုပ်သက် (၁) နှစ် ရှိရမည်၊ (သို့မဟုတ်)

တပ်မတော် (ရေ) အင်ဂျင်နီယာအရာရှိအဆင့်ဖြင့် လုပ်သက် (၃) နှစ်ရှိသည့် နုတ်ထွက်ခွင့် သို့မဟုတ် အငြိမ်းစားယူပြီးသူဖြစ်ရမည်၊ (သို့မဟုတ်)

ပြည်တွင်းရေကြောင်းသွား အင်ဂျင်နီယာ အရာရှိအဆင့် (၁) ကျွမ်းကျင်မှုလက်မှတ်ကိုင်ဆောင်၍ ပင်မစက်မောင်းနှင်မှုစွမ်းအား ၇၅၀ ကီလိုဝပ်နှင့်အထက် ရေယာဉ်တွင် အင်ဂျင်နီယာမှူး လုပ်သက် (၁) နှစ် ရှိရမည်၊ (သို့မဟုတ်)

မြန်မာ့ကမ်းရိုးတန်းသွား အင်ဂျင်နီယာမှူး အဆင့် (၃) ကျွမ်းကျင်မှုလက်မှတ်ကိုင်ဆောင်၍ ပင်မစက်မောင်းနှင်မှုစွမ်းအား ၅၀၀ ကီလိုဝပ်နှင့်အထက် ကမ်းရိုးတန်းသွားသင်္ဘောတွင် အင်ဂျင်နီယာမှူး လုပ်သက် (၁) နှစ် ရှိရမည်။

(ခ) မြန်မာ့ကမ်းရိုးတန်းသွား အင်ဂျင်နီယာမှူးအဆင့် (၂) နှုတ်ဖြေစာမေးပွဲ အောင်မြင်ရမည်။

(ဂ) အောက်ဖော်ပြပါ လက်မှတ်များကိုင်ဆောင်ထားရမည် -

(၁) Safety Familiarization and Basic Training (STCW)

(၂) Medical Fitness

(၃) Advanced Fire Fighting

၅။ **ပင်မစက်မောင်းနှင်မှုစွမ်းအား ၂၀၀၀ ကီလိုဝပ်အောက် မြန်မာ့ကမ်းရိုးတန်းသွား သင်္ဘောများတွင် အင်ဂျင်နီယာမှူးအဖြစ် တာဝန်ထမ်းဆောင်နိုင်သည့် မြန်မာ့ကမ်းရိုးတန်းသွား အင်ဂျင်နီယာမှူးအဆင့် (၃) ကျွမ်းကျင်မှုလက်မှတ် (Myanmar Coastal Chief Engineer Class III)** ကျွမ်းကျင်မှုလက်မှတ် လျှောက်ထားသူသည် -

(က) ယခင်စနစ်ဟောင်း JE Fit အောင်မြင်၍ အပြည်ပြည်ဆိုင်ရာသွား သင်္ဘောများတွင် ဆီလောင်း လုပ်သက် (၃) နှစ် ရှိရမည်၊ (သို့မဟုတ်)

တပ်မတော် (ရေ) စက်မှုလက်မှု သင်တန်းဌာန၏ ရေယာဉ်စက်ပြင်သင်တန်းတက်ရောက်ပြီး စက်ခန်းဘက်ဆိုင်ရာ ပင်လယ်ပြင်လုပ်သက် (၂) နှစ်ရှိသည့် နုတ်ထွက်ခွင့် သို့မဟုတ် အငြိမ်းစား ယူပြီးသူ ဖြစ်ရမည်၊ (သို့မဟုတ်)

ပြည်တွင်းရေကြောင်းသွား အင်ဂျင်နီယာအရာရှိအဆင့် (၂) ကျွမ်းကျင်မှုလက်မှတ် ကိုင်ဆောင်၍ ပင်မစက်မောင်းနှင်မှုစွမ်းအား ၇၅၀ ကီလိုဝပ်နှင့်အထက် ရေယာဉ်တွင် အင်ဂျင်နီယာမှူး လုပ်သက် (၁) နှစ် ရှိရမည်၊ (သို့မဟုတ်)

Inland Powered-Vessel Engineer လက်မှတ်ကိုင်ဆောင်၍ အင်ဂျင်နီယာမှူး လုပ်သက် (၁) နှစ် ရှိရမည်၊ (သို့မဟုတ်)

နည်းပညာကောလိပ်မှ စက်မှု (Mechanical) သို့မဟုတ် မက္ကာထရောနစ် (Mechatronics) ဘာသာရပ်ဖြင့် ဒီပလိုမာရရှိပြီး၊ ပင်မစက်မောင်းနှင်မှုစွမ်းအား ၅၀၀ ကီလိုဝပ်နှင့်အထက် ကမ်းရိုးတန်းသွား သင်္ဘောတွင် စက်ခန်းသင်္ဘောသား လုပ်သက် (၁၈) လ ရှိရမည်၊ (သို့မဟုတ်)

စက်မှု (Mechanical) သို့မဟုတ် ရေကြောင်းအင်ဂျင်နီယာ (Marine Engineering) သို့မဟုတ် မက္ကာထရောနစ် (Mechatronics) ဘာသာရပ်ဖြင့် အင်ဂျင်နီယာဘွဲ့ရ ရှိပြီးသူဖြစ်ရမည်၊ (သို့မဟုတ်)

ရေကြောင်းအင်ဂျင်နီယာအရာရှိအဆင့် (၃) (MEO Class III) Workshop Skill သင်တန်း တက်ရောက်အောင်မြင်ပြီး ပင်မစက်မောင်းနှင်မှုစွမ်းအား ၅၀၀ ကီလိုဝပ်နှင့်အထက် ကမ်းရိုးတန်း သွားသင်္ဘောတွင် စက်ခန်းသင်္ဘောသား လုပ်သက် (၂) နှစ် ရှိရမည်၊ (သို့မဟုတ်)

အစိုးရနည်းပညာအထက်တန်းကျောင်းမှ မော်တော်ယာဉ်နည်းပညာ (Auto Mechanics Technology) သင်တန်းအား နည်းပညာကောလိပ်ဝင်ခွင့်ရအဆင့်ဖြင့် အောင်မြင်ပြီး ပင်မစက် မောင်းနှင်မှုစွမ်းအား ၅၀၀ ကီလိုဝပ်နှင့်အထက် ကမ်းရိုးတန်းသွားသင်္ဘောတွင် စက်ခန်း သင်္ဘောသားလုပ်သက် (၂) နှစ် ရှိရမည်၊ (သို့မဟုတ်)

အခြေခံပညာအထက်တန်းအောင်မြင်ပြီး ပင်မစက်မောင်းနှင်မှုစွမ်းအား ၅၀၀ ကီလိုဝပ်နှင့်အထက် ကမ်းရိုးတန်းသွားသင်္ဘောတွင် စက်ခန်းသင်္ဘောသားလုပ်သက် (၃) နှစ် ရှိရမည်။

(ခ) မြန်မာ့ကမ်းရိုးတန်းသွား အင်ဂျင်နီယာမှူးအဆင့် (၃) သင်တန်းတက်ရောက်ပြီး ရေးဖြေ၊ နှုတ်ဖြေ စာမေးပွဲများ အောင်မြင်ရမည်။

(ဂ) အောက်ဖော်ပြပါလက်မှတ်များ ကိုင်ဆောင်ထားရမည် -

(၁) Safety Familiarization and Basic Training (STCW)

(၂) Medical Fitness

(၃) Advanced Fire Fighting

၆။ **ပင်မစက်မောင်းနှင်မှုစွမ်းအား ၃၀၀၀ ကီလိုဝပ်နှင့်အထက် မြန်မာ့ကမ်းရိုးတန်းသွားသင်္ဘောများတွင် ဒုတိယအင်ဂျင်နီယာအဖြစ် တာဝန်ထမ်းဆောင်နိုင်သည့် မြန်မာ့ကမ်းရိုးတန်းသွား ဒုတိယအင်ဂျင်နီယာ အဆင့် (၁) ကျွမ်းကျင်မှုလက်မှတ် (Myanmar Coastal Second Engineer Class I)** ကျွမ်းကျင်မှု လက်မှတ်လျှောက်ထားသူသည် -

(က) ရေကြောင်းအင်ဂျင်နီယာအရာရှိအဆင့် (၃) ကျွမ်းကျင်မှုလက်မှတ် (MEO Class III) ဖြင့် အပြည်ပြည်ဆိုင်ရာသွားသင်္ဘောတွင် အင်ဂျင်နီယာအရာရှိအဖြစ် ပင်လယ်ပြင်လုပ်သက် (၁) နှစ် ရှိရမည်၊ (သို့မဟုတ်)

မြန်မာ့ကမ်းရိုးတန်းသွား ဒုတိယအင်ဂျင်နီယာအဆင့် (၂) ကျွမ်းကျင်မှုလက်မှတ်ကိုင်ဆောင်၍ ပင်မစက်မောင်းနှင်မှုစွမ်းအား ၂၀၀၀ ကီလိုဝပ်နှင့်အထက် ကမ်းရိုးတန်းသွားသင်္ဘောတွင် ဒုတိယအင်ဂျင်နီယာလုပ်သက် (၁) နှစ်ရှိပြီး မြန်မာ့ကမ်းရိုးတန်းသွား ဒုတိယအင်ဂျင်နီယာအဆင့် (၁) နှုတ်ဖြေစာမေးပွဲအောင်မြင်ရမည်။

(ခ) အောက်ဖော်ပြပါ လက်မှတ်များကိုင်ဆောင်ထားရမည် -

(၁) Safety Familiarization and Basic Training (STCW)

(၂) Medical Fitness

(၃) Advanced Fire Fighting

၇။ **ပင်မစက်မောင်းနှင်မှုစွမ်းအား ၃၀၀၀ ကီလိုဝပ်အောက် မြန်မာ့ကမ်းရိုးတန်းသွား သင်္ဘောများတွင် ဒုတိယအင်ဂျင်နီယာအဖြစ် တာဝန်ထမ်းဆောင်နိုင်သည့် မြန်မာ့ကမ်းရိုးတန်းသွား ဒုတိယအင်ဂျင်နီယာအဆင့် (၂) ကျွမ်းကျင်မှုလက်မှတ် (Myanmar Coastal Second Engineer Class II)** ကျွမ်းကျင်မှုလက်မှတ်လျှောက်ထားသူသည် -

(က) ရေကြောင်းအင်ဂျင်နီယာအရာရှိအဆင့် (၃) ကျွမ်းကျင်မှုလက်မှတ် (MEO Class III) ကိုင်ဆောင်ထားရမည်၊ (သို့မဟုတ်)

ပြည်တွင်းရေကြောင်းသွား အင်ဂျင်နီယာအရာရှိအဆင့် (၂) ကျွမ်းကျင်မှုလက်မှတ်ကိုင်ဆောင်၍ ပင်မစက်မောင်းနှင်မှုစွမ်းအား ၃၀၀ ကီလိုဝပ်နှင့်အထက် ရေယာဉ်တွင် အင်ဂျင်နီယာမှူးလုပ်သက် (၁) နှစ်ရှိရမည်။

(ခ) မြန်မာ့ကမ်းရိုးတန်းသွား ဒုတိယအင်ဂျင်နီယာအဆင့် (၂) နှုတ်ဖြေစာမေးပွဲ အောင်မြင်ရမည်။

(ဂ) အောက်ဖော်ပြပါ လက်မှတ်များကိုင်ဆောင်ထားရမည် -

(၁) Safety Familiarization and Basic Training (STCW)

(၂) Medical Fitness

(၃) Advanced Fire Fighting

၈။ **မြန်မာ့ကမ်းရိုးတန်းသွား သင်္ဘောများတွင် လျှပ်စစ်ကျွမ်းကျင်အဖြစ် တာဝန်ထမ်းဆောင်နိုင်သည့် လျှပ်စစ်ကျွမ်းကျင်မှုလက်မှတ်** ကျွမ်းကျင်မှုလက်မှတ် လျှောက်ထားသူသည် -

(က) ပြည်တွင်းရေကြောင်းသွား လျှပ်စစ်ကျွမ်းကျင်မှုလက်မှတ် ကိုင်ဆောင်၍ ပင်မစက်မောင်းနှင်မှုစွမ်းအား ၃၀၀ ကီလိုဝပ်နှင့်အထက် ရေယာဉ်တွင် လျှပ်စစ်ကျွမ်းကျင်အဆင့်ဖြင့် လုပ်သက် (၁) နှစ်ရှိရမည်၊ (သို့မဟုတ်)

တပ်မတော် (ရေ) လျှပ်စစ်ပညာသည် လုပ်သက် (၃) နှစ်ရှိပြီး နုတ်ထွက်ခွင့် သို့မဟုတ် အငြိမ်းစားယူပြီးဖြစ်ပါက မြန်မာ့ကမ်းရိုးတန်းသွား လျှပ်စစ်ကျွမ်းကျင်အဆင့် နှုတ်ဖြေစာမေးပွဲ အောင်မြင်ရမည်၊ (သို့မဟုတ်)

အစိုးရစက်မှုသင်တန်းကျောင်းမှ လျှပ်စစ် (Electrical) သို့မဟုတ် အီလက်ထရွန်းနစ် (Electronic) ပညာသည် သင်တန်းအောင်မြင်ပြီး ပင်လယ်ပြင်လုပ်သက် (၁) နှစ် ရှိရမည်။

(ခ) အောက်ဖော်ပြပါ လက်မှတ်များကိုင်ဆောင်ထားရမည် -

(၁) Safety Familiarization and Basic Training (STCW)

(၂) Medical Fitness

(၃) Advanced Fire Fighting

၉။ အောက်ဖော်ပြပါ ကျွမ်းကျင်မှုလက်မှတ်များအား ကိုင်ဆောင်ထားသူများသည် ယှဉ်တွဲဖော်ပြပါ အဆင့်သို့ တိုက်ရိုက် ထမ်းဆောင်ခွင့်ရှိသည် -

| ကျွမ်းကျင်မှုလက်မှတ် | ထမ်းဆောင်ခွင့်ရှိသည့်အဆင့် |
|---|---|
| (က) ရေကြောင်းအင်ဂျင်နီယာအရာရှိအဆင့် (၁) | ၃၀၀၀ ကီလိုဝပ်နှင့်အထက် မြန်မာ့ကမ်းရိုးတန်းသွား သင်္ဘောအင်ဂျင်နီယာမှူး |
| ( ခ ) ရေကြောင်းအင်ဂျင်နီယာအရာရှိအဆင့် (၄) | ၃၀၀၀ ကီလိုဝပ်အောက် မြန်မာ့ကမ်းရိုးတန်းသွား သင်္ဘောအင်ဂျင်နီယာမှူး |
| ( ဂ ) ရေကြောင်းအင်ဂျင်နီယာအရာရှိအဆင့် (၃) | ၂၀၀၀ ကီလိုဝပ်အောက် မြန်မာ့ကမ်းရိုးတန်းသွား သင်္ဘောအင်ဂျင်နီယာမှူး |
| (ဃ) ရေကြောင်းအင်ဂျင်နီယာအရာရှိအဆင့် (၅) | ၃၀၀၀ ကီလိုဝပ်နှင့်အထက် မြန်မာ့ကမ်းရိုးတန်းသွား သင်္ဘောဒုတိယအင်ဂျင်နီယာ |
| ( င ) မြန်မာ့ကမ်းရိုးတန်းသွား အင်ဂျင်နီယာမှူး အဆင့် (၃) | ၃၀၀၀ ကီလိုဝပ်အောက် မြန်မာ့ကမ်းရိုးတန်းသွား သင်္ဘောဒုတိယအင်ဂျင်နီယာ |
| ( စ ) လျှပ်စစ်နည်းပညာသင်္ဘောသား (ETR) | မြန်မာ့ကမ်းရိုးတန်းသွား သင်္ဘော လျှပ်စစ်ကျွမ်းကျင်သူ |

## အမိန့်ကြော်ငြာစာအမှတ် (၂၃၀/၂၀၁၈)

## ပြည်တွင်းရေကြောင်းသွား စက်ခန်းအုပ်ကျွမ်းကျင်မှုလက်မှတ်များ ပြင်ဆင်သတ်မှတ်ခြင်း

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနသည် ပြည်တွင်းရေကြောင်းသွားရေယာဉ်ဥပဒေပုဒ်မ ၆၁၊ ပုဒ်မခွဲ (ခ) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ဤအမိန့်ကြော်ငြာစာကို ထုတ်ပြန်လိုက်သည်။

၂။ ပြည်တွင်းရေကြောင်းသွားရေယာဉ်ဥပဒေပုဒ်မ ၁၈ အရ ပြည်တွင်းရေကြောင်းသွားစက်ခန်းအုပ် ကျွမ်းကျင်မှုလက်မှတ်များအတွက် အနည်းဆုံးလိုအပ်ချက်များကို သတ်မှတ်လိုက်သည်။

၃။ **ပင်မစက်မောင်းနှင်မှုစွမ်းအား ၇၅၀ ကီလိုဝပ်အောက်ရှိသော ပြည်တွင်းရေကြောင်းသွားရေယာဉ်များတွင် စက်ခန်းအုပ်အဖြစ် တာဝန်ထမ်းဆောင်နိုင်သည့် ပြည်တွင်းရေကြောင်းသွား ပထမတန်းစက်ခန်းအုပ် ကျွမ်းကျင်မှုလက်မှတ်**

ကျွမ်းကျင်မှုလက်မှတ်လျှောက်ထားသူသည် -

(က) အောက်ဖော်ပြပါ သတ်မှတ်ချက်တစ်ခုနှင့်ကိုက်ညီပြီး ပြည်တွင်းရေကြောင်းသွား ပထမတန်း စက်ခန်းအုပ်သင်တန်း တက်ရောက်၍ ရေးဖြေ၊ နှုတ်ဖြေ စာမေးပွဲများအောင်မြင်ပြီးဖြစ်ရမည် -

(၁) ပြည်တွင်းရေကြောင်းသွား ဒုတိယတန်းစက်ခန်းအုပ် ကျွမ်းကျင်မှုလက်မှတ်ကိုင်ဆောင်၍ ပင်မစက်မောင်းနှင်မှုစွမ်းအား ၂၅၀ ကီလိုဝပ်နှင့်အထက်ရှိသော ပြည်တွင်းရေကြောင်းသွား ရေယာဉ်တွင် စက်ခန်းအုပ်လုပ်သက် (၁) နှစ် သို့မဟုတ် ဒုတိယစက်ခန်းအုပ်လုပ်သက် (၂) နှစ် ရှိရမည်၊

(၂) အစိုးရနည်းပညာအထက်တန်းကျောင်းမှ မော်တော်ယာဉ်နည်းပညာ (Auto Mechanics Technology) သင်တန်း အောင်မြင်ပြီးဖြစ်ရမည်၊

(၃) တပ်မတော် (ရေ) စက်မှုလက်မှုသင်တန်းဌာန၏ ရေယာဉ်စက်ပြင်သင်တန်းတက်ရောက် အောင်မြင်ထားသော တပ်မတော် (ရေ) စက်ဘက်ဆိုင်ရာအဆင့်ဖြင့် နုတ်ထွက်ခွင့် သို့မဟုတ် အငြိမ်းစားယူပြီးသူ ဖြစ်ရမည်။ (သို့မဟုတ်)

( ခ ) နိုင်ငံခြားသွားသင်္ဘောများတွင် ဆီလောင်း (Oiler) လက်မှတ်ကိုင်ဆောင်၍ ဆီလောင်းလုပ်သက် (၃) နှစ်ရှိပြီး ပြည်တွင်းရေကြောင်းသွား ပထမတန်းစက်ခန်းအုပ် နှုတ်ဖြေစာမေးပွဲ အောင်မြင်ရမည်။

၄။ **ပင်မစက်မောင်းနှင်မှုစွမ်းအား ၅၀၀ ကီလိုဝပ်အောက် ပြည်တွင်းရေကြောင်းသွား ရေယာဉ်များတွင် စက်ခန်းအုပ်အဖြစ် တာဝန်ထမ်းဆောင်နိုင်သည့် ပြည်တွင်းရေကြောင်းသွား ဒုတိယတန်းစက်ခန်းအုပ် ကျွမ်းကျင်မှုလက်မှတ်**

ကျွမ်းကျင်မှုလက်မှတ်လျှောက်ထားသူသည် -

(က) အောက်ဖော်ပြပါ သတ်မှတ်ချက်တစ်ခုနှင့်ကိုက်ညီပြီး ပြည်တွင်းရေကြောင်းသွား ဒုတိယတန်း စက်ခန်းအုပ်သင်တန်း တက်ရောက်၍ ရေးဖြေ၊ နှုတ်ဖြေ စာမေးပွဲများအောင်မြင်ပြီးဖြစ်ရမည် -

(၁) ပြည်တွင်းရေကြောင်းသွား တတိယတန်းစက်ခန်းအုပ်ကျွမ်းကျင်မှု လက်မှတ်ကိုင်ဆောင်၍ ပင်မစက်မောင်းနှင်မှုစွမ်းအား ၁၅၀ ကီလိုဝပ်နှင့်အထက် ပြည်တွင်းရေကြောင်းသွား ရေယာဉ်တွင် စက်ခန်းအုပ်လုပ်သက် (၁) နှစ် သို့မဟုတ် ဒုတိယစက်ခန်းအုပ်လုပ်သက် (၂) နှစ် ရှိရမည်၊

(၂) အစိုးရစက်မှုသင်တန်းကျောင်းမှ မော်တော်ယာဉ်စက်ပြင်သင်တန်း အောင်မြင်ပြီးဖြစ်ရမည်၊

(၃) အခြေခံပညာအထက်တန်းအောင်မြင်ပြီး ပင်မစက်မောင်းနှင်မှုစွမ်းအား ၆၀ ကီလိုဝပ်နှင့် အထက် ပြည်တွင်းရေကြောင်းသွားရေယာဉ်စက်ခန်းတွင် ဆီလောင်းလုပ်သက် (၂) နှစ် ရှိရမည်။

(သို့မဟုတ်)

( ခ ) နိုင်ငံခြားသွားသင်္ဘောများတွင် ဆီလောင်း (Oiler) လက်မှတ်ကိုင်ဆောင်၍ ဆီလောင်းလုပ်သက် (၁) နှစ်ရှိပြီး ပြည်တွင်းရေကြောင်းသွား ဒုတိယတန်းစက်ခန်းအုပ် နှုတ်ဖြေစာမေးပွဲ အောင်မြင်ရမည်။

(သို့မဟုတ်)

( ဂ ) နိုင်ငံခြားသွားသင်္ဘောများတွင် စက်ခန်းသင်္ဘောသား (Rating Engine) လက်မှတ်ကိုင်ဆောင်၍ စက်ခန်းလုပ်သက် (၂) နှစ်ရှိပြီး ပြည်တွင်းရေကြောင်းသွား ဒုတိယတန်းစက်ခန်းအုပ် နှုတ်ဖြေ စာမေးပွဲ အောင်မြင်ရမည်။

၅။ **ပင်မစက်မောင်းနှင်မှုစွမ်းအား ၂၅၀ ကီလိုဝပ်အောက် ပြည်တွင်းရေကြောင်းသွား ရေယာဉ်များတွင် စက်ခန်းအုပ်အဖြစ် တာဝန်ထမ်းဆောင်နိုင်သော ပြည်တွင်းရေကြောင်းသွား တတိယတန်းစက်ခန်းအုပ် ကျွမ်းကျင်မှုလက်မှတ်**

ကျွမ်းကျင်မှုလက်မှတ်လျှောက်ထားသူသည် -

(က) ပင်မစက်မောင်းနှင်မှုစွမ်းအား ၁၅ ကီလိုဝပ်နှင့်အထက် ပြည်တွင်းရေကြောင်းသွား ရေယာဉ်တွင် စက်ခန်းအုပ်လုပ်သက် (၂) နှစ် (သို့မဟုတ်) ပင်မစက်မောင်းနှင်မှုစွမ်းအား ၆၀ ကီလိုဝပ်နှင့် အထက် ပြည်တွင်းရေကြောင်းသွားရေယာဉ်တွင် ဆီလောင်းလုပ်သက် (၂) နှစ် ရှိရမည်၊

( ခ ) ပြည်တွင်းရေကြောင်းသွား တတိယတန်း စက်ခန်းအုပ်သင်တန်း တက်ရောက်ပြီး ရေးဖြေ၊ နှုတ်ဖြေ စာမေးပွဲ အောင်မြင်ရမည်။

၆။ **စက်မောင်းလက်မှတ်အဆင့် (၁)**

သက်ဆိုင်ရာ ပြည်နယ်/တိုင်းဒေသကြီး ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနက ထုတ်ပေးသည့် ခုတ်မောင်းသွားလာခွင့်လက်မှတ်ဖြင့်မောင်းနှင်သော ပင်မစက်မောင်းနှင်မှုစွမ်းအား ၁၁၀ ကီလိုဝပ်အောက် ရေယာဉ်များတွင် စက်မောင်းအဖြစ် တာဝန်ထမ်းဆောင်နိုင်သည့် စက်မောင်းလက်မှတ်အဆင့် (၁) လျှောက်ထားသူသည် ပင်မစက်မောင်းနှင်မှုစွမ်းအား ၁၁၀ ကီလိုဝပ်အောက် ရေယာဉ်စက်မောင်းသင်တန်း အောင်မြင်ရမည်။

၇။ **စက်မောင်းလက်မှတ်အဆင့် (၂)**

သက်ဆိုင်ရာမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက ထုတ်ပေးသောရေယာဉ်မှတ်ပုံတင်လက်မှတ်ဖြင့် မောင်းနှင်သည့် ပင်မစက်မောင်းနှင်မှုစွမ်းအား ၁၅ ကီလိုဝပ်အောက် ရေယာဉ်တွင် စက်မောင်းအဖြစ် တာဝန်ထမ်းဆောင်နိုင်သည့် စက်မောင်းလက်မှတ်အဆင့် (၂) လျှောက်ထားသူသည် ပင်မစက်မောင်းနှင်မှု စွမ်းအား ၁၅ ကီလိုဝပ်အောက် ရေယာဉ်ငယ်စက်မောင်းသင်တန်း အောင်မြင်ရမည်။

၈။ ဤအမိန့်ကြော်ငြာစာ မထုတ်ပြန်မီ၊ ယခင်အတည်ပြုထုတ်ပေးခဲ့သော ပြည်တွင်းရေကြောင်းသွား ပထမတန်းနှင့် ဒုတိယတန်းစက်ခန်းအုပ် ကျွမ်းကျင်မှုလက်မှတ်များသည် ယခုအမိန့်ကြော်ငြာစာပါ ပထမတန်းနှင့် ဒုတိယတန်းစက်ခန်းအုပ်များနှင့် အဆင့်တူအဖြစ်သတ်မှတ်သည်။

၉။ စက်ခန်းအုပ်ကျွမ်းကျင်မှု လက်မှတ်များအတွက် အမိန့်ကြော်ငြာစာအမှတ်၊ ၁၆/၂၀၁၆ ဖြင့် ထုတ်ပြန်ခဲ့သည့် ရေယာဉ်လုပ်သက် သတ်မှတ်ချက်များကို ဤအမိန့်ကြော်ငြာစာဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်သည်။

## အမိန့်ကြော်ငြာစာအမှတ် (၂၃၁/၂၀၁၈)

## ပြည်တွင်းရေကြောင်းသွား အင်ဂျင်နီယာကျွမ်းကျင်မှုလက်မှတ်နှင့် လျှပ်စစ်ကျွမ်းကျင်မှု လက်မှတ်များ သတ်မှတ်ခြင်း

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနသည် ပြည်တွင်းရေကြောင်းသွားရေယာဉ်ဥပဒေပုဒ်မ ၆၁၊ ပုဒ်မခွဲ (ခ) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ဤအမိန့်ကြော်ငြာစာကို ထုတ်ပြန်လိုက်သည်။

၂။ ပြည်တွင်းရေကြောင်းသွားရေယာဉ်ဥပဒေပုဒ်မ ၁၈ အရ ပြည်တွင်းရေကြောင်းသွား အင်ဂျင်နီယာ ကျွမ်းကျင်မှုလက်မှတ်နှင့် လျှပ်စစ်ကျွမ်းကျင်မှု လက်မှတ်များအတွက် အနည်းဆုံးလိုအပ်ချက်များကို သတ်မှတ်လိုက်သည်။

၃။ **ပင်မစက်မောင်းနှင်မှုစွမ်းအား ၂၀၀၀ ကီလိုဝပ်အောက်ရှိသော ပြည်တွင်းရေကြောင်းသွားရေယာဉ် များတွင် အင်ဂျင်နီယာမှူးအဖြစ် တာဝန်ထမ်းဆောင်နိုင်သည့် ပြည်တွင်းရေကြောင်းသွား အင်ဂျင်နီယာ အရာရှိအဆင့် (၁) ကျွမ်းကျင်မှုလက်မှတ်**

ကျွမ်းကျင်မှုလက်မှတ်လျှောက်ထားသူသည် -

(က) ပြည်တွင်းရေကြောင်းသွား အင်ဂျင်နီယာအရာရှိအဆင့် (၂) ကျွမ်းကျင်မှုလက်မှတ်ကိုင်ဆောင်၍ ပင်မစက်မောင်းနှင်မှုစွမ်းအား ၇၅၀ ကီလိုဝပ်နှင့်အထက် ပြည်တွင်းရေကြောင်းသွားရေယာဉ်တွင် အင်ဂျင်နီယာမှူးလုပ်သက် (၁) နှစ် သို့မဟုတ် ဒုတိယအင်ဂျင်နီယာမှူးလုပ်သက် (၁၈) လ ရှိရမည်။ (သို့မဟုတ်)

အပြည်ပြည်ဆိုင်ရာသွားသင်္ဘောများတွင် JE Fit လက်မှတ်ကိုင်ဆောင်၍ ဆီလောင်းလုပ်သက် (၃) နှစ်ရှိရမည်။ (သို့မဟုတ်)

Mechanical သို့မဟုတ် Marine Engineering ဘာသာရပ်ဖြင့် အင်ဂျင်နီယာဘွဲ့ ရရှိရမည်။

(ခ) ပြည်တွင်းရေကြောင်းသွား အင်ဂျင်နီယာအရာရှိအဆင့် (၁) သင်တန်းတက်ရောက်ပြီး ရေးဖြေ၊ နှုတ်ဖြေ စာမေးပွဲများ အောင်မြင်ရမည်။

၄။ **ပင်မစက်မောင်းနှင်မှုစွမ်းအား ၁၃၅၀ ကီလိုဝပ်အောက်ရှိသော ပြည်တွင်းရေကြောင်းသွား ရေယာဉ် များတွင် အင်ဂျင်နီယာမှူးအဖြစ် တာဝန်ထမ်းဆောင်နိုင်သည့် ပြည်တွင်းရေကြောင်းသွား အင်ဂျင်နီယာ အရာရှိအဆင့် (၂) ကျွမ်းကျင်မှုလက်မှတ်**

ကျွမ်းကျင်မှုလက်မှတ် လျှောက်ထားသူသည် -

(က) အခြေခံပညာအထက်တန်းအောင်မြင်ပြီး အပြည်ပြည်ဆိုင်ရာသွားသင်္ဘောများတွင် ဆီလောင်း လုပ်သက် (၁) နှစ်ရှိရမည်။ (သို့မဟုတ်)

နည်းပညာကောလိပ်မှ စက်မှု (Mechanical) ဘာသာရပ်ဖြင့် နည်းပညာဒီပလိုမာရရှိပြီး ဖြစ်ရမည်။ (သို့မဟုတ်)

ပထမတန်းစက်ခန်းအုပ်ကျွမ်းကျင်မှုလက်မှတ် ကိုင်ဆောင်၍ ပင်မစက်မောင်းနှင်မှုစွမ်းအား ၅၀၀ ကီလိုဝပ်နှင့်အထက် ပြည်တွင်းရေကြောင်းသွားရေယာဉ်တွင် စက်ခန်းအုပ်လုပ်သက် (၁) နှစ် သို့မဟုတ် ဒုတိယစက်ခန်းအုပ်လုပ်သက် (၂) နှစ်ရှိပြီး အောက်ဖော်ပြပါ သတ်မှတ်ချက်တစ်ခုနှင့် ကိုက်ညီရမည် -

(၁) အစိုးရနည်းပညာအထက်တန်းကျောင်းမှ မော်တော်ယာဉ်နည်းပညာ (Auto Mechanics Technology) သင်တန်းအား နည်းပညာကောလိပ် ဝင်ခွင့်ရအဆင့်ဖြင့် အောင်မြင်ရမည်။

(၂) အခြေခံပညာအထက်တန်း အောင်မြင်ရမည်။

(၃) တပ်မတော် (ရေ) စက်မှုလက်မှုသင်တန်းဌာန၏ ရေယာဉ်စက်ပြင်သင်တန်းတက်ရောက် အောင်မြင်ပြီး တပ်မတော် (ရေ) စက်ဘက်ဆိုင်ရာ အဆင့်ဖြင့် နုတ်ထွက်ခွင့် သို့မဟုတ် အငြိမ်းစားယူပြီး ဖြစ်ရမည်။

(ခ) ပြည်တွင်းရေကြောင်းသွား အင်ဂျင်နီယာ အရာရှိအဆင့် (၂) သင်တန်းတက်ရောက်ပြီး ရေးဖြေ၊ နှုတ်ဖြေ စာမေးပွဲများ အောင်မြင်ရမည်။

၅။ **ပြည်တွင်းရေကြောင်းသွားရေယာဉ်များတွင် လျှပ်စစ်ကျွမ်းကျင်အဖြစ် တာဝန်ထမ်းဆောင်နိုင်သည့် လျှပ်စစ်ကျွမ်းကျင်မှုလက်မှတ်**

ကျွမ်းကျင်မှုလက်မှတ်လျှောက်ထားသူသည် -

(က) တပ်မတော် (ရေ) လျှပ်စစ်ပညာသည်အဆင့်ဖြင့် လုပ်သက် (၂) နှစ်ရှိပြီး နုတ်ထွက်ခွင့် သို့မဟုတ် အငြိမ်းစားယူပြီးဖြစ်ရမည်။ (သို့မဟုတ်)

အစိုးရနည်းပညာအထက်တန်းကျောင်းမှ လျှပ်စစ်နည်းပညာသင်တန်း တက်ရောက်အောင်မြင်ရမည်။

(ခ) ပြည်တွင်းရေကြောင်းသွား လျှပ်စစ်ကျွမ်းကျင်နှုတ်ဖြေစာမေးပွဲ အောင်မြင်ရမည်။

၆။ ဤအမိန့်ကြော်ငြာစာမထုတ်ပြန်မီ ယခင် Rules and Notifications in Force Under the Inland Steam-Vessels Act, 1917 အရ အတည်ပြုထုတ်ပေးထားသော Inland Powered-Vessel Engineer ကျွမ်းကျင်မှုလက်မှတ်များသည် သက်ဆိုင်သောလုပ်ငန်းတွင် ပြီးခဲ့သည့် (၅) နှစ်တာကာလအတွင်း စုစုပေါင်း လုပ်သက် (၁) နှစ် ဆောင်ရွက်ခဲ့ပါက ယခုအမိန့်ကြော်ငြာစာပါ ပြည်တွင်းရေကြောင်းသွားအင်ဂျင်နီယာ အရာရှိအဆင့် (၁) နှင့် အဆင့်တူအဖြစ် သတ်မှတ်သည်။

## (ဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမိန့်အမှတ် (၂၃၂/၂၀၁၈)

နေပြည်တော်၊ ၁၃၈၀ ပြည့်နှစ်၊ တန်ဆောင်မုန်းလဆန်း ၆ ရက်

(၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ ၁၃ ရက်)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတရုံး၏ ၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ ၁၂ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်၊ ၈၆/၂၀၁၈ အရ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာကျော်မိုးဦး အား ယင်းဌာန၏ ညွှန်ကြားရေးမှူးချုပ် အဖြစ် အစမ်းခန့်ကာလ (၁) နှစ် ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်။

## (ဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမိန့်အမှတ် (၂၃၃/၂၀၁၈)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတရုံး၏ ၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ ၁၂ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်၊ ၈၆/၂၀၁၈ အရ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ မြန်မာ့သင်္ဘောကျင်း

လုပ်ငန်းမှ ဦးဆောင်ညွှန်ကြားရေးမှူး ဦးခင်ဇော် အား ယင်းဌာန၏ ဦးဆောင်ညွှန်ကြားရေးမှူးအဖြစ် အစမ်းခန့်ကာလ (၁) နှစ် ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်။

## (ဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမိန့်အမှတ် (၂၃၄/၂၀၁၈)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတရုံး၏ ၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ ၁၂ ရက်စွဲပါစာအမှတ်၊ ၁၁၈ (၁)/၈/ သမ္မတရုံးအရ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ မြန်မာအမျိုးသားလေကြောင်းမှ အမှုဆောင်အရာရှိချုပ် ဦးသန်းထွန်း အား မြန်မာအမျိုးသားလေကြောင်းဥပဒေနှင့်အညီ ယင်းဌာန၏ အမှုဆောင်အရာရှိချုပ်အဖြစ် ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၂၈ ရက်နေ့မှ ၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလ ၂၇ ရက်နေ့အထိ တတိယအကြိမ် (၁) နှစ် ဆက်လက်တာဝန်ပေးခန့်ထားလိုက်သည်။

## (ဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမိန့်အမှတ် (၂၃၈/၂၀၁၈)

နေပြည်တော်၊ ၁၃၈၀ ပြည့်နှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၈ ရက်
(၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ ၃၀ ရက်)

၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ ၁၁ ရက်နေ့တွင် ကျင်းပပြီးစီးခဲ့သော ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၉/၂၀၁၈) ၏ သဘောတူဆုံးဖြတ်ချက်အရ ပြည်ထောင်စုရာထူးဝန်အဖွဲ့နှင့် ညှိနှိုင်းဆောင်ရွက်ခဲ့ရာ ပြည်ထောင်စုရာထူးဝန်အဖွဲ့ အစည်းအဝေးအမှတ်စဉ် (၂၂/၂၀၁၈) ၏ သဘောတူခွင့်ပြုချက်ရရှိပြီးဖြစ်ပါသဖြင့် လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ အောက်ဖော်ပြပါ လစာနှုန်း (၂၃၄,၀၀၀-၂,၀၀၀-၂၄၄,၀၀၀)၊ ရုံးအုပ် (၂) ဦးအား ယင်းတို့အမည်နှင့် ယှဉ်တွဲဖော်ပြထားသော ရာထူးနေရာများသို့ ၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ ၂၈ ရက်နေ့ နံနက်ပိုင်းမှစ၍ တိုးမြှင့်ခန့်ထားလိုက်သည် -

| စဉ် | အမည် | တိုးမြှင့်ခန့်ထားသည့်ရာထူး၊ လစာနှုန်း |
|---|---|---|
| (က) | ဒေါ်သိန်းသိန်း | ဦးစီးအရာရှိ (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) |
| (ခ) | ဒေါ်အေးအေးမွန် | ဦးစီးအရာရှိ (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) |

## (ဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမိန့်အမှတ် (၂၃၉/၂၀၁၈)

၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ ၁၁ ရက်နေ့တွင် ကျင်းပပြီးစီးခဲ့သော ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၉/၂၀၁၈) ၏ သဘောတူဆုံးဖြတ်ချက်အရ ပြည်ထောင်စုရာထူးဝန်အဖွဲ့နှင့် ညှိနှိုင်းဆောင်ရွက်ခဲ့ရာ ပြည်ထောင်စုရာထူးဝန်အဖွဲ့ အစည်းအဝေးအမှတ်စဉ် (၂၂/၂၀၁၈) ၏ သဘောတူခွင့်ပြုချက်ရရှိပြီးဖြစ်ပါသဖြင့် လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ လေကြောင်းပျံသန်းမှုလမ်းညွှန်ထိန်းသိမ်းရေးဌာနခွဲ၊ လေကြောင်းဆက်သွယ်ရေးဌာနစုမှ လစာနှုန်း (၂၃၄,၀၀၀-၂,၀၀၀-၂၄၄,၀၀၀)၊ ဦးစီးမှူး (ဆက်သွယ်) ဦးသန့်ဇင်မိုး အား ယင်းဌာနတွင် လစ်လပ်လျက်ရှိသော လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀)၊ ဦးစီးအရာရှိ (ဆက်သွယ်ရေး) ရာထူးနေရာသို့ ၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ ၂၈ ရက်နေ့ နံနက်ပိုင်းမှစ၍ တိုးမြှင့်ခန့်ထားလိုက်သည်။

## (ဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမိန့်အမှတ် (၂၄၀/၂၀၁၈)

၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ ၁၁ ရက်နေ့တွင် ကျင်းပပြီးစီးခဲ့သော ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး ဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၉/၂၀၁၈) ၏ သဘောတူဆုံးဖြတ်ချက်အရ ပြည်ထောင်စုရာထူးဝန်အဖွဲ့နှင့် ညှိနှိုင်းဆောင်ရွက်ခဲ့ရာ ပြည်ထောင်စုရာထူးဝန်အဖွဲ့ အစည်းအဝေးအမှတ်စဉ် (၂၂/၂၀၁၈) ၏ သဘောတူခွင့်ပြုချက်ရရှိပြီးဖြစ်ပါသဖြင့် လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ လစာနှုန်း (၂၃၄,၀၀၀-၂,၀၀၀-၂၄၄,၀၀၀)၊ ရုံးအုပ် ဒေါ်လှိုင်ကြည် (ဝန်ကြီးရုံးတွဲဖက်) အား ယင်းဌာနတွင် လစ်လပ်လျက်ရှိသော လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀)၊ ဦးစီးအရာရှိ ရာထူးသို့ သတ်မှတ်လုပ်သက်ကို လျှော့ပေါ့၍ အထူးကိစ္စတစ်ရပ်အနေဖြင့် ၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ ၂၈ ရက်နေ့ နံနက်ပိုင်းမှစ၍ တိုးမြှင့်ခန့်ထားလိုက်သည်။

## (ဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမိန့်အမှတ် (၂၄၃/၂၀၁၈)

နေပြည်တော်၊ ၁၃၈၀ ပြည့်နှစ်၊ နတ်တော်လဆန်း ၇ ရက်
(၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၁၄ ရက်)

၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ ၂၂ ရက်နေ့တွင် ကျင်းပပြီးစီးခဲ့သော ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး ဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၉/၂၀၁၈) ၏ သဘောတူဆုံးဖြတ်ချက်အရ ပြည်ထောင်စုရာထူးဝန်အဖွဲ့နှင့် ညှိနှိုင်းဆောင်ရွက်ခဲ့ရာ ပြည်ထောင်စုရာထူးဝန်အဖွဲ့ အစည်းအဝေးအမှတ်စဉ် (၂၃/၂၀၁၈) ၏ သဘောတူခွင့်ပြုချက်ရရှိပြီးဖြစ်ပါသဖြင့် မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ လစာနှုန်း (၂၁၆,၀၀၀-၂,၀၀၀-၂၂၆,၀၀၀)၊ စာရင်းစစ်-၂ ဒေါ်တင်တင်အေး အား ယင်းဌာနတွင် လစ်လပ်လျက် ရှိသော လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀)၊ ဦးစီးအရာရှိ (အုပ်ချုပ်ရေး) ရာထူးနေရာသို့ ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၁၂ ရက်နေ့ နံနက်ပိုင်းမှစ၍ တိုးမြှင့်ခန့်ထားလိုက်သည်။

## (ဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမိန့်အမှတ် (၂၄၅/၂၀၁၈)

နေပြည်တော်၊ ၁၃၈၀ ပြည့်နှစ်၊ နတ်တော်လဆန်း ၁၁ ရက်
(၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၁၈ ရက်)

၁။ ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၇ ရက်နေ့တွင် ကျင်းပပြီးစီးခဲ့သော ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး ဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၁၂/၂၀၁၈) ၏ သဘောတူဆုံးဖြတ်ချက်အရ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်၊ ရေကြောင်းဌာနမှ လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀)၊ ရေကြောင်းပြ မှူးကြီး ဦးမြင့်လွင် အား ၂၀၁၉ ခုနှစ်၊ မေလ ၁၁ ရက်နေ့ နံနက်ပိုင်းမှစ၍ အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လ ခံစားခွင့်ပြုပါရန် လျှောက်ထားခြင်းကို နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများအခန်း (၈)၊ နည်းဥပဒေ (၈၁) ပါ ပြဋ္ဌာန်းချက်အရ အများပြည်သူအကျိုးငှာ ငြင်းပယ်လိုက်သည်။

၂။ ငြင်းပယ်ခဲ့သော အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လကို ၂၀၁၉ ခုနှစ်၊ မေလ ၁၁ ရက်နေ့ မှစတင်၍ ခံစားခွင့်ပြုပြီးနောက် ယင်းခွင့်ရက်များကုန်ဆုံးသည့် ၂၀၁၉ ခုနှစ်၊ စက်တင်ဘာလ ၁၁ ရက်နေ့ မှစ၍ နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ (၅၆)၊ ပုဒ်မခွဲ (က)၊ ပုဒ်မ (၅၇) နှင့် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ (၂၃၃)၊ နည်းဥပဒေခွဲ (က) တို့အရ သက်ပြည့်အငြိမ်းစား ယူခွင့်ပြုလိုက်သည်။

## (ဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမိန့်အမှတ် (၂၄၈/၂၀၁၈)

၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၇ ရက်နေ့တွင် ကျင်းပပြီးစီးခဲ့သော ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး ဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၁၂/၂၀၁၈) ၏ သဘောတူဆုံးဖြတ်ချက်အရ ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ ရေကြောင်းအန္တရာယ်ကင်းရှင်းရေး၊ လုံခြုံရေးနှင့် ပတ်ဝန်းကျင် ထိန်းသိမ်းရေးဌာနခွဲမှ လစာနှုန်း (၃၄၁,၀၀၀-၄,၀၀၀-၃၆၁,၀၀၀)၊ ဒုတိယညွှန်ကြားရေးမှူး ဦးအောင်ကျော်ဇန်

အား ပြည်နယ်နှင့် တိုင်းဒေသကြီးရုံးများဌာနခွဲ (အောက်မြန်မာပြည်) တွင် လစ်လပ်လျက်ရှိသော လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀)၊ ညွှန်ကြားရေးမှူး ရာထူးနေရာသို့ ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၇ ရက်နေ့ နံနက်ပိုင်းမှစ၍ တိုးမြှင့်ပြောင်းရွှေ့ ခန့်ထားလိုက်သည်။

သန့်စင်မောင်၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန
## (ပြည်ထောင်စုဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် (၉၂/၂၀၁၇)

နေပြည်တော်၊ ၁၃၇၉ ခုနှစ်၊ နယုန်လပြည့်ကျော် ၁၄ ရက်
(၂၀၁၇ ခုနှစ်၊ ဇွန်လ ၂၃ ရက်)

## ကြိုးပြင်ကာကွယ်တောသတ်မှတ်ရန် ရည်ရွယ်ကြောင်းကြေညာခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးသည် ၁၉၉၂ ခုနှစ်၊ မြန်မာနိုင်ငံသစ်တောဥပဒေပုဒ်မ (၆)၊ ပုဒ်မခွဲ (က) အရ အပ်နှင်းထားသည့် အခွင့်အာဏာများကိုကျင့်သုံး၍ ရှမ်းပြည်နယ်၊ တာချီလိတ်ခရိုင်၊ မိုင်းယောင်း မြို့နယ်အတွင်းရှိ အောက်ဖော်ပြပါ နယ်နိမိတ်များအတွင်း ကျရောက်နေသည့် ဧရိယာအကျယ်အဝန်း (၁၆၂၇၄) ဧကရှိသော နယ်မြေကို "နောင်လျဲန် (ခ) မိုင်းယောင်းနွဲ့ ကြိုးပြင်ကာကွယ်တော" အဖြစ် ၁၃၇၉ ခုနှစ်၊ နယုန်လပြည့်ကျော် ၁၄ ရက် (၂၀၁၇ ခုနှစ်၊ ဇွန်လ ၂၃ ရက်) မှစ၍ သတ်မှတ်ရန်ရည်ရွယ်ကြောင်း ကြေညာလိုက်သည်။

### ၁။ နယ်နိမိတ်အလားအလာဖော်ပြချက်

မြောက်ဘက် ။ ။ ဝမ်တောင်းရွာ၏မြောက်ဘက် (၂) မိုင် (၃) ဖာလုံခန့်အကွာ ခန့်မှန်းမြေပုံညွှန်း (ML-၄၃၇၅၁၅) မှအစပြု၍ တောင်ကြောလူသွားလမ်းအတိုင်း ဝမ်နွဲ့လီရွာပျက်ကိုဖြတ်၍ အရှေ့မြောက် ဘက်သို့ (၅) မိုင် (၁) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (ML-၅၁၂၅၂၆) အထိ၊

အရှေ့ဘက် ။ ။ ထိုမှ အရှေ့တောင်ဘက်သို့ တောင်ကြောလူသွားလမ်းအတိုင်း (၃) မိုင်ခန့်လာရာ ခန့်မှန်း မြေပုံညွှန်း (ML-၅၄၀၄၇၂) အထိ၊ ထိုမှ တောင်ကြောအတိုင်း ချောင်းဖျားမှတစ်ဆင့် (၁) မိုင် (၅) ဖာလုံခန့် စုန်ဆင်းလာရာ ခန့်မှန်းမြေပုံညွှန်း (ML-၅၄၃၄၄၅) အထိ၊

တောင်ဘက် ။ ။ ထိုမှ မိုင်းယောင်းမြို့နယ်နှင့် တာချီလိတ်မြို့နယ်တို့၏ မြို့နယ်ခြားနယ်နိမိတ်ဖြစ်သည့် နမ့်ကောင်လုံချောင်းအတိုင်း အနောက်ဘက်သို့ (၇) မိုင်ခန့် ဆန်တက်ရာ ရေဝေခင်ကြောထိပ် ခန့်မှန်းမြေပုံညွှန်း (ML-၄၂၇၄၄၅) အထိ၊

အနောက်ဘက် ။ ။ ထိုမှ တောင်ကြောအတိုင်း အနောက်မြောက်ဘက်သို့ (၂) မိုင်ခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (ML-၄၀၈၄၇၅) အထိ၊ ထိုမှ တောင်ကြောလူသွားလမ်းအတိုင်း အရှေ့မြောက်ဘက်သို့ (၄) မိုင်ခန့်လာရာ မူလစတင်သည့် ခန့်မှန်းမြေပုံညွှန်း (ML-၄၃၇၅၁၅) အထိ။

### ၂။ သစ်တောကြေးတိုင်အရာရှိခန့်အပ်ခြင်း

ကြိုးပြင်ကာကွယ်တော သတ်မှတ်ကြေညာခြင်းနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာနယ်မြေဒေသရှိ အများ ပြည်သူတို့၏ အခွင့်အရေး၊ ထိခိုက်နစ်နာမှုများကို သတ်မှတ်သည့်နည်းလမ်းများနှင့်အညီ စုံစမ်းစစ်ဆေး၍ ဆုံးဖြတ်နိုင်ရန်နှင့် ကြိုးပြင်ကာကွယ်တောနယ်နိမိတ်များ သတ်မှတ်ရေးလုပ်ငန်းများကို ဆောင်ရွက်နိုင်ရန် သစ်တောဥပဒေပုဒ်မ (၆)၊ ပုဒ်မခွဲ (ဂ) အရ သစ်တောဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်အား သစ်တောကြေးတိုင် အရာရှိအဖြစ် ခန့်အပ်လိုက်သည်။

## (ပြည်ထောင်စုဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် (၈၇/၂၀၁၈)

နေပြည်တော်၊ ၁၃၈၀ ပြည့်နှစ်၊ နယုန်လပြည့်ကျော် ၇ ရက်

(၂၀၁၈ ခုနှစ်၊ ဇွန်လ ၅ ရက်)

## ကြိုးဝိုင်းတောမြေအဖြစ်မှ ပယ်ဖျက်ခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးသည် ၁၉၉၂ ခုနှစ်တွင် ပြဋ္ဌာန်းထားသည့် မြန်မာနိုင်ငံသစ်တောဥပဒေ ပုဒ်မ-၇၊ ပုဒ်မခွဲ (က) အရ အပ်နှင်းထားသည့် အခွင့်အာဏာများကိုသုံးစွဲလျက် မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင်၊ ပြင်ဦးလွင်မြို့နယ်ရှိ ဇီးပင်ကြီး-ထုံးဘိုကြိုးဝိုင်းအတွင်းကျရောက်နေသည့် ဧရိယာအကျယ်အဝန်း ၁၆. ၇၃ ဧကရှိ မြေကို (၂၀၁၈ ခုနှစ်၊ ဇွန်လ ၅ ရက်) နေ့မှစ၍ ကြိုးဝိုင်းတောမြေအဖြစ်မှ ပယ်ဖျက်လိုက်သည်။

၁။ **ကြိုးဝိုင်းတောအဖြစ်မှ ပယ်ဖျက်လိုက်သည့်မြေ၏ အကြောင်းအရာဖော်ပြချက်**

| စဉ် | ကြိုးဝိုင်းတောအမည် | တိုင်းဒေသကြီး/ ပြည်နယ် | ခရိုင် | မြို့နယ် | ဧရိယာ (ဧက) |
|---|---|---|---|---|---|
| (က) | ဇီးပင်ကြီး-ထုံးဘိုကြိုးဝိုင်း (တစ်စိတ်တစ်ဒေသ) | မန္တလေး | ပြင်ဦးလွင် | ပြင်ဦးလွင် | ၁၆. ၇၃ |
| | | | **စုစုပေါင်း** | | **၁၆. ၇၃** |

၂။ **နယ်နိမိတ်အလားအလာဖော်ပြချက်**

**ကျောက်ချောစစ်ဆေးရေးစခန်း (၁၆-မိုင်ဂိတ်) မြေ ၁၆. ၇၃ ဧက၏ နယ်နိမိတ်အလားအလာ**

မြောက်ဘက် ။ ။ ပြင်ဦးလွင်မြို့နယ်၊ ဇီးပင်ကြီး-ထုံးဘိုကြိုးဝိုင်း၊ အကွက်အမှတ် (၂၀) အတွင်း ကျောက်တောင်ကမ်းပါးယံ ခန့်မှန်းမြေပုံညွှန်း F-771501 မှအစပြု၍ အရှေ့တောင်ဘက်ယွန်းယွန်းသို့ ၃၁၈ ပေ ခန့်လာရာ ခန့်မှန်းမြေပုံညွှန်း F-772499 အထိ၊ ထိုမှ အရှေ့ဘက်သို့ ၂၁၄ ပေ ခန့်လာရာ ခန့်မှန်းမြေပုံညွှန်း F-773499 အထိ၊ ထိုမှ အရှေ့တောင်ယွန်းယွန်းသို့ ၇၄၂ ပေ ခန့်လာရာ ခန့်မှန်းမြေပုံညွှန်း F-774497 အထိ၊

အရှေ့ဘက် ။ ။ ထိုမှ တောင်ဘက်သို့ ၅၂၄ ပေ ခန့်လာရာ ခန့်မှန်းမြေပုံညွှန်း F-774496 အထိ၊

တောင်ဘက် ။ ။ ထိုမှ အနောက်မြောက်ယွန်းယွန်းသို့ ၁၄၁၀ ပေ ခန့်လာရာ ခန့်မှန်းမြေပုံညွှန်း F-770498 အထိ၊

အနောက်ဘက် ။ ။ ထိုမှ မြောက်ဘက်သို့ ၅၇၇ ပေ ခန့်လာရာ မူလစတင်သည့် ခန့်မှန်းမြေပုံညွှန်း F-771501 နှင့်ဆုံသည်အထိ။

၃။ **ကြိုးဝိုင်းတောမြေအဖြစ်မှ ပယ်ဖျက်ပေးရသည့် အကြောင်းအရာ**

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင်၊ ပြင်ဦးလွင်မြို့နယ်ရှိ ဇီးပင်ကြီး-ထုံးဘိုကြိုးဝိုင်းမှ ဧရိယာ ၁၆. ၇၃ ဧကကို အကောက်ခွန်ဦးစီးဌာန၊ ကျောက်ချောစစ်ဆေးရေးစခန်း (၁၆-မိုင်ဂိတ်) မြေအဖြစ် ပြောင်းလဲအသုံးပြုနိုင်ရန်အတွက် ကြိုးဝိုင်းတောမြေအဖြစ်မှ ပယ်ဖျက်ပေးရခြင်းဖြစ်ပါသည်။

## (ပြည်ထောင်စုဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် (၈၈/၂၀၁၈)

## ကြိုးဝိုင်းတောနယ်နိမိတ်များ ပြင်ဆင်ဖွဲ့စည်းခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံး၏ ၂၀၁၈ ခုနှစ်၊ ဇွန်လ ၅ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၈၇/၂၀၁၈)

အရ ကြိုးဝိုင်းတောမြေအဖြစ်မှ ပယ်ဖျက်လိုက်သဖြင့် ကျန်ရှိသည့် ဇီးပင်ကြီး-ထုံးဘိုကြိုးဝိုင်းတော၏ နယ်နိမိတ်အလားအလာများအား အောက်ဖော်ပြပါအတိုင်း ပြင်ဆင်ဖွဲ့စည်းလိုက်သည်။

၁။ ဇီးပင်ကြီး-ထုံးဘိုကြိုးဝိုင်းကို သစ်တောဦးစီးဌာန၏ ၁၉၀၁ ခုနှစ်၊ အောက်တိုဘာလ ၁ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၃၄၉) အရ ဧရိယာအကျယ်အဝန်း ၇၃၀၇ ဧကဖြင့် စတင်ဖွဲ့စည်းတည်ထောင်ခဲ့ပါသည်။ အဆိုပါ ကြိုးဝိုင်းအတွင်းမှ ဧရိယာ ၈၄၈. ၈၈ ဧကအား ကြိုးဝိုင်းတောမြေအဖြစ်မှ ပယ်ဖျက်ပေးခဲ့ပြီး ယခု ဧရိယာ ၁၆. ၇၃ ဧကအား ကျောက်ချောစစ်ဆေးရေးစခန်း (၁၆-မိုင်ဂိတ်) မြေအဖြစ် ပြောင်းလဲအသုံးချနိုင်ရေးအတွက် ကြိုးဝိုင်းတောမြေအဖြစ်မှ ပယ်ဖျက်ပေးလိုက်သဖြင့် ဇီးပင်ကြီး-ထုံးဘိုကြိုးဝိုင်းကို ကျန်ရှိ ဧရိယာ ၆၄၄၁ ဧကဖြင့် ပြင်ဆင်ဖွဲ့စည်းလိုက်သည်။

## ၂။ ပြင်ဆင်ဖွဲ့စည်းလိုက်သည့် ကြိုးဝိုင်းတောနယ်နိမိတ်များ

မြောက်ဘက် ။ ။ ကျောက်တန်းကုန်းနေရာအနီး၊ ခန့်မှန်းမြေပုံညွှန်း F-786547 မှအစပြု၍ အရှေ့မြောက်ဘက်သို့ မူလကြိုးလမ်း နယ်နိမိတ်အတိုင်း ဆည်တော်ချောင်းအထိ ၁၅၅၀ ကိုက်ခန့်လာရာ ခန့်မှန်းမြေပုံညွှန်း F-800555 အထိ၊ ထိုမှ အရှေ့ဘက်သို့ မူလကြိုးလမ်းဆည်တော်ချောင်းဘေးတစ်လျှောက်အတိုင်း ၄၂၅၀ ကိုက်ခန့်လာရာ ခန့်မှန်းမြေပုံညွှန်း F-833570 အထိ၊

အရှေ့ဘက် ။ ။ ထိုမှ တောင်ဘက်သို့ မူလကြိုးဝိုင်းနယ်နိမိတ်အတိုင်း ၁၄၅၀ ကိုက်ခန့်လာရာ ခန့်မှန်းမြေပုံညွှန်း F-833556 အထိ၊ ထိုမှ အနောက်တောင်ဘက်သို့ မူလကြိုးလမ်းအတိုင်း ၁၇၀၀ ကိုက်ခန့်လာရာ ခန့်မှန်းမြေပုံညွှန်း F-820547 အထိ၊ ထိုမှ တောင်ဘက်သို့ မူလကြိုးလမ်းနယ်နိမိတ်လမ်းအတိုင်း ၂၄၀၀ ကိုက်ခန့်လာရာ ဒိုးဂနိုင်ချောင်းဂွဆုံအနီး၊ ခန့်မှန်းမြေပုံညွှန်း F-825522 အထိ၊ ထိုမှ အနောက်တောင်ဘက်သို့ ကြိုးလမ်းနယ်နိမိတ်အတိုင်း ၃၃၀၀ ကိုက်ခန့်လာရာ (၂၁) မိုင် ကျေးရွာသုသာန်အနီး၊ ခန့်မှန်းမြေပုံညွှန်း F-813493 အထိ၊ ထိုမှ အနောက်တောင်ဘက်သို့ (၂၁) မိုင် ကျေးရွာပယ်ဖျက်နယ်နိမိတ်အတိုင်း ၄၅၀ ကိုက်ခန့်လာရာ ဘုန်းကြီးကျောင်းထောင့်အနီး ခန့်မှန်းမြေပုံညွှန်း F-810490 အထိ၊ ထိုမှ အနောက်ဘက်သို့ ရွာမြောက်ဘက်ချောင်းကမ်းဘေးမှ ၃၅၀ ကိုက်ခန့်လာရာ ခန့်မှန်းမြေပုံညွှန်း F-806491 အထိ၊

တောင်ဘက် ။ ။ ထိုမှ အနောက်တောင်ဘက်သို့ မူလကြိုးလမ်း နယ်နိမိတ်အတိုင်း ၂၀၀၀ ကိုက်ခန့်လာရာ ယခင် ဆင်ဘုရားသာသနာပိုင်မြေအား သစ်တောမြေမှ ပယ်ဖျက်ပြီးနောက် ပြန်လည်ပြင်ဆင်ဖွဲ့စည်းထားသည့် တောင်ဘက်နယ်နိမိတ်လမ်းကြောင်းအတိုင်း၊ ထိုမှ မူလကြိုးလမ်းအတိုင်းဆက်လာရာ တောင်နီမတောင် မြောက်ဘက် ခန့်မှန်းမြေပုံညွှန်း F-792476 အထိ၊

အနောက်ဘက် ။ ။ ထိုမှ တောင်ဘက်သို့ ၂ မိုင်ခန့်လာရာ ခန့်မှန်းမြေပုံညွှန်း F-793439 အထိ၊ ထိုမှ မြောက်ဘက်သို့ ၁. ၅ မိုင်ခန့်လာရာ ခန့်မှန်းမြေပုံညွှန်း F-780476 အထိ၊ ထိုမှ အနောက်ဘက်သို့ ၁၀၀ ကိုက်ခန့်လာရာ ခန့်မှန်းမြေပုံညွှန်း F-788476 အထိ၊ ထိုမှ မူလကြိုးလမ်းနယ်နိမိတ်အတိုင်း မြောက်ဘက်သို့ ၁. ၅ မိုင်ခန့်လာရာ ပြင်ဦးလွင်-မန္တလေးကားလမ်းဘေး ခန့်မှန်းမြေပုံညွှန်း F-782498 အထိ၊ ထိုမှ မူလကြိုးလမ်းနယ်နိမိတ်အတိုင်း အနောက်ဘက်သို့ ၃ ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း F-774495 အထိ၊ ထိုမှ မြောက်ဘက်သို့ ၁၇၄ ကိုက်ခန့်လာရာ ခန့်မှန်းမြေပုံညွှန်း F-774498 အထိ၊ ထိုမှ အနောက်မြောက်ဘက်ယွန်းယွန်းသို့ ၂၄၇ ကိုက်ခန့်လာရာ ခန့်မှန်းမြေပုံညွှန်း F-773499 အထိ၊ ထိုမှ အနောက်ဘက်သို့ ၇၁ ကိုက်ခန့်လာရာ ခန့်မှန်းမြေပုံညွှန်း F-772499 အထိ၊ ထိုမှ အနောက်မြောက်ယွန်းယွန်းသို့ ၁၀၆ ကိုက်ခန့်လာရာ ခန့်မှန်းမြေပုံညွှန်း F-771500 အထိ၊ ထိုမှ တောင်ဘက်သို့ ၁၉၂ ကိုက်ခန့်လာရာ ခန့်မှန်းမြေပုံညွှန်း F-770499 အထိ၊ ထိုမှ မူလကြိုးဝိုင်းနယ်နိမိတ်အတိုင်းဆက်၍လာရာ ခန့်မှန်းမြေပုံညွှန်း F-769500 အထိ၊ ထိုမှ မြောက်ဘက်သို့ ၁၂၀ ပေခန့်လာရာ ခန့်မှန်းမြေပုံညွှန်း F-769501 အထိ၊ ထိုမှ မြောက်

ယွန်းယွန်းသို့ ၅၀၀ ပေခန့်လာရာ ခန့်မှန်းမြေပုံညွှန်း F-768502 အထိ၊ ထိုမှ အနောက်မြောက်ဘက်သို့ ၉၅၀ ပေခန့်လာရာ ခန့်မှန်းမြေပုံညွှန်း F-766504 အထိ၊ ထိုမှ အနောက်တောင်ယွန်းယွန်းသို့ ၄၅၀ ပေခန့်လာရာ ခန့်မှန်းမြေပုံညွှန်း F-765503 အထိ၊ ထိုမှ ကြိုးဝိုင်းနယ်နိမိတ်အတိုင်း မြောက်ဘက်သို့ ၄. ၅ မိုင်ခန့်လာရာ မူလစတင်သည့် ခန့်မှန်းမြေပုံညွှန်း F-786547 ရောက်သည်အထိ။

၃။ **ချန်လှပ်ကွက်နယ်နိမိတ်များ**

**အမှတ် (၂) သစ်တောလုံခြုံရေးရဲတပ်ဖွဲ့ခွဲ (မန္တလေး) မြေဧရိယာ ၁၁၂ ဧက၏ နယ်နိမိတ်အလားအလာ**

မြောက်ဘက် ။ ။ ဇီးပင်ကြီး-ထုံးဘိုကြိုးဝိုင်း အတွင်းရှိ သရက်ရေချောင်း တောင်ဘက် ခန့်မှန်းမြေပုံညွှန်း F-791493 မှအစပြု၍ အရှေ့ဘက်သို့ ပေ ၂၂၀၀ ခန့်လာရာ ခန့်မှန်းမြေပုံညွှန်း F-798494 အထိ၊

အရှေ့ဘက် ။ ။ ထိုမှ တောင်ဘက်သို့ ပေ ၁၅၀၀ ခန့်လာရာ ခန့်မှန်းမြေပုံညွှန်း F-799489 အထိ၊

တောင်ဘက် ။ ။ ထိုမှ အနောက်တောင်ဘက်သို့ ပေ ၂၄၀၀ ခန့်လာရာ ခန့်မှန်းမြေပုံညွှန်း F-793484 အထိ၊

အနောက်ဘက် ။ ။ ထိုမှ မြောက်ဘက်သို့ ပေ ၃၀၀၀ ခန့်လာရာ မူလစတင်သည့် ခန့်မှန်းမြေပုံညွှန်း F-791493 နှင့် ဆုံသည်အထိ။

## (ပြည်ထောင်စုဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် (၉၈/၂၀၁၈)

နေပြည်တော်၊ ၁၃၈၀ ပြည့်နှစ်၊ ပထမဝါဆိုလဆန်း ၉ ရက်
(၂၀၁၈ ခုနှစ်၊ ဇွန်လ ၂၁ ရက်)

## ကြိုးပြင်ကာကွယ်တောမြေအဖြစ်မှ ပယ်ဖျက်ခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၏ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးသည် ၁၉၉၂ ခုနှစ်တွင် ပြဋ္ဌာန်းထားသည့် မြန်မာနိုင်ငံသစ်တောဥပဒေ ပုဒ်မ-၇၊ ပုဒ်မခွဲ (ခ) အရ အပ်နှင်းထားသည့် အခွင့်အာဏာများကိုသုံးစွဲလျက် ကချင်ပြည်နယ်၊ မြစ်ကြီးနားခရိုင်၊ မိုးကောင်းမြို့နယ်အတွင်းရှိ ဟောင်ပါးကြိုးပြင်ကာကွယ်တောအတွင်း ကျရောက်နေသည့် ဧရိယာ အကျယ်အဝန်း ၅. ၈၇၁ ဧကရှိမြေကို (၂၀၁၈ ခုနှစ်၊ ဇွန်လ ၂၁ ရက်) နေ့မှစ၍ ကြိုးပြင်ကာကွယ်တောမြေ အဖြစ်မှ ပယ်ဖျက်လိုက်သည်။

၁။ **ကြိုးပြင်ကာကွယ်တောအဖြစ်မှ ပယ်ဖျက်လိုက်သည့်မြေ၏ အကြောင်းအရာဖော်ပြချက်**

| စဉ် | ကြိုးပြင်ကာကွယ်တောအမည် | တိုင်းဒေသကြီး/ ပြည်နယ် | ခရိုင် | မြို့နယ် | ဧရိယာ (ဧက) |
|---|---|---|---|---|---|
| (က) | ဟောင်ပါးကြိုးပြင်ကာကွယ်တော (တစ်စိတ်တစ်ဒေသ) | ကချင်ပြည်နယ် | မြစ်ကြီးနား | မိုးကောင်း | ၅. ၈၇၁ |
| | **စုစုပေါင်း** | | | | **၅. ၈၇၁** |

၂။ **နယ်နိမိတ်အလားအလာဖော်ပြချက်**

**ဝေ့ခါတိုက်နယ်ဆေးရုံမြေဧရိယာ ၅. ၈၇၁ ဧက၏ နယ်နိမိတ်အလားအလာ**

မြောက်ဘက် ။ ။ ခန့်မှန်းမြေပုံညွှန်း SB-865544 မှအစပြု၍ အရှေ့တောင်ဘက်သို့ ၃၃ ကိုက်ခန့်လာရာ ခန့်မှန်းမြေပုံညွှန်း SB-867544 အထိ၊

အရှေ့ဘက် ။ ။ ထိုမှ အရှေ့တောင်ယွန်းယွန်းသို့ ၁၈၇ ကိုက်ခန့်လာရာ ခန့်မှန်းမြေပုံညွှန်း SB-867543 အထိ၊ ထိုမှ အနောက်တောင်ဘက်သို့ ၅၇ ကိုက်ခန့်လာရာ ခန့်မှန်းမြေပုံညွှန်း SB-867543 အထိ၊ ထိုမှ တောင်ယွန်းယွန်းသို့ ၄၄ ကိုက်ခန့်လာရာ ခန့်မှန်းမြေပုံညွှန်း SB-867541 အထိ၊

တောင်ဘက် ။ ။ ထိုမှ အနောက်တောင်ဘက်သို့ ၁၃၂ ကိုက်ခန့်လာရာ ခန့်မှန်းမြေပုံညွှန်း SB-866541 အထိ။

အနောက်ဘက် ။ ။ ထိုမှ မြောက်ယွန်းယွန်းသို့ ၃၄၁ ကိုက်ခန့်လာရာ မူလစတင်သည့် ခန့်မှန်းမြေပုံညွှန်း SB-866544 ရောက်သည်အထိ။

၃။ **ကြိုးပြင်ကာကွယ်တောမြေအဖြစ်မှ ပယ်ဖျက်ပေးရသည့် အကြောင်းအရာ**

ကချင်ပြည်နယ်၊ မြစ်ကြီးနားခရိုင်၊ မိုးကောင်းမြို့နယ်၊ ဟောင်ပါးကြိုးပြင်ကာကွယ်တောမှ ဧရိယာ ၅. ၈၇၁ ဧကကို ဝေ့ခါတိုက်နယ်ဆေးရုံမြေအဖြစ် ပြောင်းလဲအသုံးပြုနိုင်ရန်အတွက် ကြိုးပြင်ကာကွယ်တောမြေအဖြစ်မှ ပယ်ဖျက်ပေးရခြင်းဖြစ်ပါသည်။

## (ပြည်ထောင်စုဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် (၉၉/ ၂၀၁၈)

## ကြိုးပြင်ကာကွယ်တောနယ်နိမိတ်များ ပြင်ဆင်သတ်မှတ်ခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံး၏ ၂၀၁၈ ခုနှစ်၊ ဇွန်လ ၂၁ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၉၈/၂၀၁၈) အရ ကြိုးပြင်ကာကွယ်တောမြေအဖြစ်မှ ပယ်ဖျက်လိုက်သဖြင့် ကျန်ရှိသည့် ဟောင်ပါးကြိုးပြင်ကာကွယ်တော၏ နယ်နိမိတ်အလားအလာများအား အောက်ဖော်ပြပါအတိုင်း ပြင်ဆင်သတ်မှတ်လိုက်သည်။

၁။ ကချင်ပြည်နယ်၊ မြစ်ကြီးနားခရိုင်၊ မိုးကောင်းမြို့နယ်ရှိ ဟောင်ပါးကြိုးပြင်ကာကွယ်တောကို သစ်တောရေးရာဝန်ကြီးဌာန၊ ဝန်ကြီးရုံး၏ ၁၉၉၉ ခုနှစ်၊ ဒီဇင်ဘာလ ၂၉ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၁၅၂/၉၉) အရ ဧရိယာအကျယ်အဝန်း ၁၆၇၀၄၀ ဧကဖြင့် စတင်သတ်မှတ်တည်ထောင်ခဲ့ပါသည်။ အဆိုပါ ကြိုးပြင်ကာကွယ်တောအတွင်းမှ ဧရိယာ ၅. ၈၇၁ ဧကအား ဝေ့ခါတိုက်နယ်ဆေးရုံမြေအဖြစ် ကြိုးပြင်ကာကွယ်တောအဖြစ်မှ ပယ်ဖျက်ပေးလိုက်သဖြင့် ဟောင်ပါးကြိုးပြင်ကာကွယ်တောကို ကျန်ရှိဧရိယာ ၁၆၇၀၃၄ ဧကဖြင့် ပြင်ဆင်သတ်မှတ်လိုက်သည်။

၂။ **ပြင်ဆင်သတ်မှတ်လိုက်သည့် ကြိုးပြင်ကာကွယ်တောနယ်နိမိတ်များ**

မြောက်ဘက် ။ ။ ဥရုချောင်းနံဘေး ကွင်ဟီးရွာအနီး ခန့်မှန်းမြေပုံညွှန်း SB-605518 မှအစပြု၍ ချောင်းအတိုင်း အရှေ့ဘက်သို့ ၁၀ မိုင်ခန့်လာရာ တိန်နားရွာအနီး ခန့်မှန်းမြေပုံညွှန်း SB-689526 အထိ၊ ထိုမှ အရှေ့ဘက်သို့ ရေဝေခင်ကြောအတိုင်း ၃ မိုင်ခွဲခန့်လာရာ တောင်ကုန်းအမှတ် (၂၃၃၅) ခန့်မှန်းမြေပုံညွှန်း SB-732502 အထိ၊ ထိုမှ အရှေ့မြောက်ဘက်သို့ ကြောအတိုင်း အိုင်တိုးချောင်းကိုဖြတ်၍ ၄ မိုင်ခန့်လာရာ တောင်ကုန်းအမှတ် (၂၀၇၃) ခန့်မှန်းမြေပုံညွှန်း SB-790545 အထိ၊ ထိုမှ နမ့်မန်းကျိုင်ချောင်းအားဖြတ်ပြီး အရှေ့မြောက်ဘက်သို့ ၇ မိုင်ခန့်လာရာ နမ့်ပေါ်ရွာအနီး ခန့်မှန်းမြေပုံညွှန်း SB-853628 အထိ၊ ထိုမှ အရှေ့ဘက်သို့ ဟွေချောင်းကို ဖြတ်ပြီး ၈ မိုင်ခန့်ဆက်၍လာရာ နန့်တိန်းကြိုးပြင် ကာကွယ်တောနယ်နိမိတ်နှင့်ဆုံရာ ခန့်မှန်းမြေပုံညွှန်း SB-975636 အထိ၊ ထိုမှ တောင်ဘက်သို့ ၁ မိုင်ခွဲခန့်လာရာ မောင့်ပါ တောင်ကြောပေါ်ရှိ တောင်ကုန်းအမှတ် (၂၄၄၅) ခန့်မှန်းမြေပုံညွှန်း SB-979613 အထိ၊

အရှေ့ဘက် ။ ။ ထိုမှ ဂွင်းတောင်ကြောအတိုင်း တောင်ဘက်သို့ ၅ မိုင်ခန့် တောင်ကုန်းအမှတ် (၃၁၀၀) ကို ဖြတ်၍လာရာ တောင်ကုန်းအမှတ် (၁၁၃၈) ခန့်မှန်းမြေပုံညွှန်း SB-985528 အထိ၊ ထိုမှ ရေဝေခင်ကြောအတိုင်း တောင်ဘက်သို့ ၈ မိုင်ခန့်ဆက်၍လာရာ ဆင်ဘွိုင်းဘမ်တောင်ကြောပေါ်ရှိ တောင်ကုန်းအမှတ် (၃၂၅၁) ခန့်မှန်းမြေပုံညွှန်း SB-952436 အထိ၊

တောင်ဘက် ။ ။ ထိုမှ ၎င်းတောင်ကြောအတိုင်း အနောက်ဘက်သို့ ဝူယားရွာအနီးရှိ တောင်ကုန်းအမှတ် (၃၄၄၉) ကိုဖြတ်၍ ၁၃ မိုင်ခန့်လာရာ တောင်ကုန်းအမှတ် (၂၂၅၂) ခန့်မှန်းမြေပုံညွှန်း SB-778347 အထိ၊ ထိုမှ အနောက်ဘက်သို့ ၃ မိုင်ခန့်လာရာ နန့်မော်ကြီးဝိုင်းနယ်နိမိတ်နှင့် ဆုံရာ ခန့်မှန်းမြေပုံညွှန်း SB-745332 အထိ၊ ထိုမှ အနောက်ဘက်သို့ ၁ မိုင်ခန့်လာရာ ဂျန်မိန်းဘမ်းတောင်ကြောပေါ်ရှိ တောင်ကုန်းအမှတ် (၃၁၉၆) ခန့်မှန်းမြေပုံညွှန်း SB-729343 အထိ၊ ထိုမှ နမ့်ဆီးဇင်ချောင်းလက်တက်အတိုင်း တောင်ဘက်သို့ ၃ မိုင်ခွဲခန့် လာရာ ချောင်းမကြီးနှင့်ဆုံသည့် ခန့်မှန်းမြေပုံညွှန်း SB-720305 အထိ၊ ထိုမှ ချောင်းကို ဖြတ်ပြီး အနောက်တောင်ဘက်သို့ ၃ မိုင်ခန့်ဆက်၍လာရာ နမ့်ဖတ်ချောင်းလက်တက် ခန့်မှန်းမြေပုံညွှန်း SB-675284 အထိ၊ ထိုမှ ချောင်းလက်တက်အတိုင်းဆက်၍လာရာ နမ့်ဖတ်ချောင်းနှင့်ဆုံသည့် ခန့်မှန်းမြေပုံညွှန်း SB-670274 အထိ၊ ထိုမှ ချောင်းကိုဖြတ်ပြီး အနောက်ဘက်သို့လာရာ မောပွန်ချောင်းနှင့်ဆုံရာ ခန့်မှန်းမြေပုံညွှန်း SB-651259 အထိ၊ ထိုမှ အနောက်ဘက်သို့ ၂ မိုင်ခွဲခန့်လာရာ နမ့်ခရောင်းချောင်းနှင့်ဆုံသည့် ခန့်မှန်းမြေပုံညွှန်း SB-641247 အထိ၊

အနောက်ဘက် ။ ။ ထိုမှ နမ့်ခရောင်းချောင်းအတိုင်း မြောက်ဘက်သို့ ၉ မိုင်ခန့် စုန်ဆင်းလာရာ ဥရုချောင်း ဘေးရှိ ဆီဇင်ရွာအနီး ခန့်မှန်းမြေပုံညွှန်း SB-563335 အထိ၊ ထိုမှ ဥရုချောင်းအတိုင်း မြောက်ဘက်သို့ ၁၅ မိုင်ခန့်လာရာ မူလစတင်သည့် ကွင်ဟီးရွာအနီး ခန့်မှန်းမြေပုံညွှန်း SB-605518 ရောက်သည်အထိ။

၃။ **ချန်လှပ်ကွက်နယ်နိမိတ်များ**

**ဝေ့ခါတိုက်နယ်ဆေးရုံမြေဧရိယာ ၅. ၈၇၁ ဧက၏ နယ်နိမိတ်အလားအလာ**

မြောက်ဘက် ။ ။ ခန့်မှန်းမြေပုံညွှန်း SB-865544 မှအစပြု၍ အရှေ့တောင်ဘက်သို့ ၃၃ ကိုက်ခန့်လာရာ ခန့်မှန်းမြေပုံညွှန်း SB-867544 အထိ၊

အရှေ့ဘက် ။ ။ ထိုမှ အရှေ့တောင်ယွန်းယွန်းသို့ ၁၈၇ ကိုက်ခန့်လာရာ ခန့်မှန်းမြေပုံညွှန်း SB-867543 အထိ၊ ထိုမှ အနောက်တောင်ဘက်သို့ ၅၇ ကိုက်ခန့်လာရာ ခန့်မှန်းမြေပုံညွှန်း SB-867543 အထိ၊ ထိုမှ တောင်ယွန်းယွန်းသို့ ၄၄ ကိုက်ခန့်လာရာ ခန့်မှန်းမြေပုံညွှန်း SB-867541 အထိ၊

တောင်ဘက် ။ ။ ထိုမှ အနောက်တောင်ဘက်သို့ ၁၃၂ ကိုက်ခန့်လာရာ ခန့်မှန်းမြေပုံညွှန်း F-866541 အထိ၊

အနောက်ဘက် ။ ။ ထိုမှ မြောက်ယွန်းယွန်းသို့ ၃၄၁ ကိုက်ခန့်လာရာ မူလစတင်သည့် ခန့်မှန်းမြေပုံညွှန်း SB-866544 ရောက်သည်အထိ။

**(ပြည်ထောင်စုဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၁၀၄/၂၀၁၈)**

နေပြည်တော်၊ ၁၃၈၀ ပြည့်နှစ်၊ ပထမဝါဆိုလပြည့်ကျော် ၆ ရက်

(၂၀၁၈ ခုနှစ်၊ ဇူလိုင်လ ၃ ရက်)

**သဘာဝကြိုးဝိုင်းသတ်မှတ်ရန် ရည်ရွယ်ကြောင်းကြေညာခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာနသည် ၂၀၁၈ ခုနှစ်၊ မေလတွင်ထုတ်ပြန်သည့် ဇီဝမျိုးစုံ မျိုးကွဲနှင့် သဘာဝထိန်းသိမ်းရေးနယ်မြေများ ကာကွယ်စောင့်ရှောက်ခြင်းဆိုင်ရာဥပဒေပုဒ်မ ၉၊ ပုဒ်မခွဲ (ဃ) အရ အပ်နှင်းထားသည့် အခွင့်အာဏာများကို ကျင့်သုံးလျက် ရှမ်းပြည်နယ် (လားရှိုး)၊ မူဆယ်ခရိုင်၊ ကွတ်ခိုင်မြို့နယ်အတွင်း ကျရောက်နေသည့် အကျယ်အဝန်း (၁၆၃၀၀) ဧက၊ (၂၅. ၄၆) စတုရန်းမိုင်ရှိမြေကို သဘာဝပတ်ဝန်းကျင်နှင့် ဇီဝမျိုးစုံ မျိုးကွဲများထိန်းသိမ်း ကာကွယ်ရန်အလို့ငှာ **လွိုင်ဆမ်ဆစ်တောင်သဘာဝကြိုးဝိုင်း** အဖြစ် ၁၃၈၀ ပြည့်နှစ်၊ ပထမဝါဆိုလပြည့်ကျော် ၆ ရက်နေ့ (၂၀၁၈ ခုနှစ်၊ ဇူလိုင်လ ၃ ရက်နေ့) မှစတင်၍ သတ်မှတ်ရန်ရည်ရွယ်ကြောင်း ကြေညာလိုက်သည်။

**နယ်နိမိတ်အလားအလာဖော်ပြချက်**

၁။ နယ်နိမိတ်လားရာဖော်ပြချက်မှာ အောက်ပါအတိုင်းဖြစ်ပါသည် -

မြောက်ဘက် ။ ။ ခန့်မှန်းမြေပုံညွှန်း SO-894145 မှအစပြု၍ အရှေ့ဘက်သို့ ယာစပ်အတိုင်းလာရာ (၁ မိုင် ၆ ဖာလုံ) အကွာ၊ ခန့်မှန်းမြေပုံညွှန်း SO-919145 အထိ၊ ထိုမှ မြောက်ဘက်စူးစူးသို့ ဖာဟက်တောင်၏အနောက်ဘက်တောင်ခြေအတိုင်းလာရာ (၁ ဖာလုံ ၈၃ ကိုက်) အကွာရှိ ခန့်မှန်းမြေပုံညွှန်း SO-920155 အထိ၊ ထိုမှ အနောက်မြောက်ယွန်းယွန်းသို့ (၁ မိုင် ၁ ဖာလုံ) အကွာရှိ ခန့်မှန်းမြေပုံညွှန်း SO-910161 အထိ၊ ထိုမှ အရှေ့ဘက်သို့ ကွတ်ခိုင်-ကောင်းခါး သွားလမ်းအတိုင်းလာရာ (၁ မိုင် ၅ ဖာလုံ ၆ သံကြိုး) အကွာရှိ ဟို့နမ့်တောင် အရှေ့ မြောက်ထောင့် ခန့်မှန်းမြေပုံညွှန်း SO-929165 အထိ၊ ထိုမှ တောင်ဘက်သို့ ဟို့နမ့်တောင် အရှေ့ဘက် တောင်ခြေအတိုင်း (၂ မိုင် ၆ သံကြိုး) အကွာရှိ ဟို့နမ့်ရွာတောင်ဘက် ခန့်မှန်း မြေပုံညွှန်း SO-931146 အထိ၊ ထိုမှ အနောက်တောင်ဘက်သို့ နော့ကိုကန်တောင်၏ အရှေ့ဘက် တောင်ခြေအတိုင်း (၁ မိုင် ၁ ဖာလုံ) ခန့်လာရာ နော့လွယ်အန်တောင်၏ အရှေ့မြောက်ထောင့် ခန့်မှန်းမြေပုံညွှန်း SO-923131 အထိ၊ ထိုမှ အရှေ့တောင်ယွန်းယွန်းသို့ နော့မက်ခေါက် တောင်၏ မြောက်ဘက်တောင်ခြေအတိုင်း (၇ ဖာလုံ ၅ သံကြိုး) ခန့်လာရာ ခန့်မှန်း မြေပုံညွှန်း SO-934124 အထိ၊ ထိုမှ အရှေ့မြောက်ယွန်းယွန်းသို့ နော့မက်ခေါက်တောင်၏ အနောက်ဘက်တောင်ခြေအတိုင်း (၇ ဖာလုံ ၁ သံကြိုး) ခန့်လာရာ ခန့်မှန်းမြေပုံညွှန်း SO-937136 အထိ၊ ထိုမှ အရှေ့တောင်ယွန်းယွန်းသို့ ယာစပ်အတိုင်း (၁ မိုင် ၆ ဖာလုံ ၇ သံကြိုး) ခန့်လာရာ ခန့်မှန်းမြေပုံညွှန်း SO-958127 အထိ၊ ထိုမှ အနောက်တောင်ယွန်းယွန်းသို့ မိုင်းဝမ်မြောင်အတိုင်း (၆ ဖာလုံ) အကွာရှိ ခန့်မှန်းမြေပုံညွှန်း SO-955116 အထိ၊ ထိုမှ အရှေ့တောင်ယွန်းယွန်းသို့ လွယ်ပွန်းခေါင်တောင်၏ မြောက်ဘက်တောင်ခြေအတိုင်း (၁ မိုင် ၃ ဖာလုံ ၃ သံကြိုး) ခန့်လာရာ ခန့်မှန်းမြေပုံညွှန်း SO-975116 အထိ၊ ထိုမှ မြောက်ဘက်ယွန်းယွန်းသို့ မိုင်းဝမ်မြောင်အတိုင်း (၁ မိုင် ၅ ဖာလုံ ၅ သံကြိုး) ခန့်လာရာ ခန့်မှန်းမြေပုံညွှန်း SO-968141 အထိ၊ ထိုမှ အရှေ့ဘက်စူးစူးသို့ တာစမ်းမြောင်အတိုင်း (၆ ဖာလုံ ၈ သံကြိုး) ခန့်လာရာ ခန့်မှန်းမြေပုံညွှန်း SO-981142 အထိ၊ ထိုမှ အရှေ့တောင် ဘက်သို့ တောစပ်အတိုင်း (၆ ဖာလုံ ၅ သံကြိုး) အကွာရှိ ခန့်မှန်းမြေပုံညွှန်း SO-987127 အထိ၊ ထိုမှ အရှေ့မြောက်ယွန်းယွန်းသို့ နမ့်မျုံးမြောင်လက်တက်အတိုင်း (၁ မိုင် ၂ ဖာလုံ ၅ သံကြိုး) ခန့်လာရာ ခန့်မှန်းမြေပုံညွှန်း SO-993141 အထိ၊

အရှေ့ဘက် ။ ။ ခန့်မှန်းမြေပုံညွှန်း SO-993141 မှအစပြု၍ အရှေ့တောင်ယွန်းယွန်းသို့ နမ့်မျုံးချောင်းမကြီး အတိုင်း (၄ ဖာလုံ ၅ သံကြိုး) ခန့်လာရာ ခန့်မှန်းမြေပုံညွှန်း SP-002139 အထိ၊ ထိုမှ အရှေ့တောင်ယွန်းယွန်းသို့ နမ့်မျုံးချောင်းမကြီးအတိုင်း (၁ မိုင် ၅ ဖာလုံ) ခန့်လာရာ ခန့်မှန်းမြေပုံညွှန်း SP-010116 အထိ၊ ထိုမှ အနောက်တောင်ယွန်းယွန်းသို့ နမ့်မျုံးချောင်း မကြီးအတိုင်း (၁ မိုင် ၄ ဖာလုံ ၄ သံကြိုး) ခန့်လာရာ ခန့်မှန်းမြေပုံညွှန်း SO-998093 အထိ၊

တောင်ဘက် ။ ။ ခန့်မှန်းမြေပုံညွှန်း SO-999092 မှအစပြု၍ အနောက်တောင်ယွန်းယွန်းသို့ ယာစပ်အတိုင်း နမ့်မျုံးချောင်းလက်တက်များအားဖြတ်၍ (၄ မိုင် ၆ သံကြိုး) ခန့်လာရာ ခန့်မှန်းမြေပုံညွှန်း SO-941064 အထိ၊ ထိုမှ အနောက်တောင်ယွန်းယွန်းသို့ နမ့်မျုံးချောင်းလက်တက်များအား ဖြတ်၍ (၂ မိုင် ၂ ဖာလုံ) ခန့်လာရာ ခန့်မှန်းမြေပုံညွှန်း SO-916046 အထိ၊ ထိုမှ အရှေ့ မြောက်ယွန်းယွန်းသို့ တောစပ်အတိုင်း (၄ ဖာလုံ ၆ သံကြိုး) ခန့်လာရာ ကောင်းခမ်- လုံကျိန်သွားလမ်း ခန့်မှန်းမြေပုံညွှန်း SO-917056 အထိ၊ ထိုမှ အရှေ့ဘက်စူးစူးသို့ တောစပ် အတိုင်း (၂ မိုင် ၇ သံကြိုးနှင့် ၁၁ ကိုက်) ခန့်လာရာ ခန့်မှန်းမြေပုံညွှန်း SO-924058 အထိ၊ ထိုမှ မြောက်ဘက်ယွန်းယွန်းသို့ လွိုင်ပွန်းတောင်၏ အနောက်ဘက်တောင်ခြေအတိုင်း (၂ မိုင်) ခန့်အကွာရှိ လွယ်ဟာရော့တောင်၏ အရှေ့တောင်ထောင့် ခန့်မှန်းမြေပုံညွှန်း SO-922078 အထိ၊ ထိုမှ အနောက်ဘက်ယွန်းယွန်းသို့ လွယ်ဟာရော့တောင်၏ တောင်ဘက် တောင်ခြေအတိုင်း (၃ မိုင် ၅ ဖာလုံ ၃ သံကြိုး) ခန့်လာရာ ခန့်မှန်းမြေပုံညွှန်း SO-888069 အထိ၊

အနောက်ဘက် ။ ။ ခန့်မှန်းမြေပုံညွှန်း SO-888069 မှအစပြု၍ အနောက်မြောက်သို့ လွယ်ဟာရော့တောင်၏ အနောက်ဘက်တောင်ခြေအတိုင်း (၂ ဖာလုံ ၁၄၇ ကိုက်) အကွာရှိ ခန့်မှန်းမြေပုံညွှန်း SO-887079 အထိ၊ ထိုမှ အရှေ့မြောက်ဘက်သို့ လွယ်ဟာရော့တောင်၏ အနောက်ဘက် တောင်ခြေအတိုင်း (၂ မိုင် ၁ ဖာလုံ ၅ သံကြိုး) ခန့်လာရာ ခန့်မှန်းမြေပုံညွှန်း SO-907094 အထိ၊ ထိုမှ အနောက်မြောက်ယွန်းယွန်းသို့ နော့ကုလားတောင်၏ တောင်ဘက်တောင်ခြေအတိုင်း (၂ မိုင် ၂ ဖာလုံ) ခန့်လာရာ ခန့်မှန်းမြေပုံညွှန်း SO-880096 အထိ၊ ထိုမှ အနောက်မြောက် ယွန်းယွန်းသို့ နော့ကုလားတောင်၏ တောင်ဘက်တောင်ခြေအတိုင်း (၅ ဖာလုံ ၁၁ ကိုက်) အကွာရှိ ခန့်မှန်းမြေပုံညွှန်း SO-875101 အထိ၊ ထိုမှ မြောက်ဘက်စူးစူးသို့ လားရှိုး-ကွတ်ခိုင် ပြည်ထောင်စုလမ်းအတိုင်း (၃ ဖာလုံ) အကွာရှိ ခန့်မှန်းမြေပုံညွှန်း SO-875106 အထိ၊ ထိုမှ အရှေ့မြောက်ယွန်းယွန်းသို့ နော့ကုလားတောင်၏မြောက်ဘက်တောင်ခြေအတိုင်း (၄ ဖာလုံ ၄ သံကြိုး) ခန့်လာရာ ခန့်မှန်းမြေပုံညွှန်း SO-883111 အထိ၊ ထိုမှ အနောက် မြောက်ယွန်းယွန်းသို့ လွိုင်ဆမ်ဆစ်တောင်၏ အနောက်ဘက်တောင်ခြေအတိုင်း (၅ ဖာလုံ ၂ သံကြိုး) ခန့်လာရာ ခန့်မှန်းမြေပုံညွှန်း SO-879120 အထိ၊ ထိုမှ အရှေ့မြောက်ယွန်းယွန်းသို့ လွိုင်ဆမ်ဆစ်တောင်၏အနောက်ဘက် တောင်ခြေအတိုင်း (၃ ဖာလုံ ၁၀၃ ကိုက်) အကွာရှိ ခန့်မှန်းမြေပုံညွှန်း SO-884125 အထိ၊ ထိုမှ မြောက်ဘက်ယွန်းယွန်းသို့ လွိုင်ဆမ်ဆစ်တောင်၏ အနောက်ဘက်တောင်ခြေအတိုင်း (၆ ဖာလုံ) ခန့်လာရာ ခန့်မှန်းမြေပုံညွှန်း SO-886134 အထိ၊ ထိုမှ အရှေ့ဘက်သို့ လွိုင်ဆမ်ဆစ်တောင်၏မြောက်ဘက်တောင်ခြေအတိုင်း (၁ မိုင် ၁ ဖာလုံ ၇ သံကြိုး ၁၃ ကိုက်) ခန့်လာရာ ခန့်မှန်းမြေပုံညွှန်း SO-903132 အထိ၊ ထိုမှ အနောက်မြောက်ယွန်းယွန်းသို့ တောင်ခြေတောစပ်အတိုင်း (၁ မိုင် ၁ ဖာလုံ) ခန့်လာရာ ခိုလုံ-ဟွေအစ်ရွာသွားလမ်းနှင့်ဆုံရာ ခန့်မှန်းမြေပုံညွှန်း SO-890139 အထိ၊ ထိုမှ အရှေ့ မြောက်ယွန်းယွန်းသို့ တောင်ခြေတောစပ်အတိုင်း (၅ ဖာလုံ ၂ သံကြိုး) ခန့်လာရာ မူလစမှတ် ဖြစ်သည့် ခန့်မှန်းမြေပုံညွှန်း SO-894145 အထိ။

**တားမြစ်ချက်များ**

၂။ လွိုင်ဆမ်ဆစ်တောင်သဘာဝကြိုးဝိုင်း ဖွဲ့စည်းသတ်မှတ်ရန်ရည်ရွယ်သည့် သတ်မှတ်နယ်မြေအတွင်း အောက်ဖော်ပြပါ တားမြစ်ချက်များကိုမပြုလုပ်ရန် ဤအမိန့်ထုတ်ပြန်သည့်နေ့မှစ၍ တားမြစ်လိုက်သည် -

(က) ကျူးကျော်ဝင်ရောက်နေထိုင်ခြင်း၊

(ခ) သဘာဝကြိုးဝိုင်းအတွင်း အဆိပ်အတောက်ဖြစ်စေသော ပစ္စည်းကိုဖြစ်စေ၊ ဓာတ်သတ္တုအညစ်အကြေးကို ဖြစ်စေ လက်ဝယ်ထားရှိခြင်း သို့မဟုတ် စွန့်ပစ်ခြင်း၊

(ဂ) သဘာဝကြိုးဝိုင်းအတွင်း ရေထု၊ လေထုကို တမင်ညစ်ညမ်းစေခြင်း၊ ရေစီးရေလာပျက်စီးစေခြင်း သို့မဟုတ် ရေတွင်အဆိပ်ခတ်ခြင်း၊

(ဃ) ကာကွယ်ထားသည့် တိရစ္ဆာန်များအပါအဝင် မည်သည့်တောရိုင်းတိရစ္ဆာန်ကိုမျှသဘာဝကြိုးဝိုင်း အတွင်းသော်လည်းကောင်း၊ ၎င်းနှင့်ဆက်စပ်နေသည့် နေရာဒေသအတွင်းဖမ်းဆီးခြင်း၊ သတ်ဖြတ်ခြင်း သို့မဟုတ် အနာတရဖြစ်စေခြင်း၊ ယင်းတောရိုင်းတိရစ္ဆာန်ကိုဖြစ်စေ၊ ယင်း၏အစိတ်အပိုင်းကိုဖြစ်စေ လက်ဝယ်ထားခြင်း၊ ရောင်းချခြင်း၊ သယ်ဆောင်ခြင်း သို့မဟုတ် လွှဲပြောင်းခြင်း၊

(င) သဘာဝကြိုးဝိုင်းနယ်မြေအတွင်း မည်သည့်သဘာဝအပင်ကိုမဆို ခုတ်ယူခြင်း၊ စုဆောင်းခြင်း သို့မဟုတ် တစ်နည်းနည်းဖြင့်ဖျက်ဆီးခြင်း၊ လက်ဝယ်ပိုင်ဆိုင်ခြင်း၊

(စ) သဘာဝကြိုးဝိုင်းနယ်မြေအတွင်း သက်ရှိသက်မဲ့ဖွဲ့စည်းမှုကိုဖြစ်စေ၊ သဘာဝအနေအထားတည်ရှိမှု တစ်ခုခုကိုဖြစ်စေ ဖျက်ဆီးခြင်း၊

(ဆ) လူတို့မွေးမြူထားသောတိရစ္ဆာန်များကို စားကျက်ချခြင်း၊ လွှတ်ကျောင်းခြင်း သို့မဟုတ် ကျူးကျော် ဝင်ရောက်စေခြင်း၊

(ဇ) မြေကိုတူးဆွခြင်း၊ ထွန်ယက်စိုက်ပျိုးခြင်း သို့မဟုတ် လုပ်ငန်းတစ်ခုခုလုပ်ကိုင်ခြင်း၊

(ဈ) အများပြည်သူကြည့်ရှုလေ့လာ အပန်းဖြေခွင့်ပြုထားသည့်နေရာများမှအပ တားမြစ်ထားသော နေရာသို့ ခွင့်ပြုချက်မရှိဘဲ ကျူးကျော်ဝင်ရောက်ခြင်း၊

(ည) သဘာဝကြိုးဝိုင်းအတွင်း မီးကူးစက်ပြန့်ပွားစေနိုင်သော မီးမွေးခြင်း၊ မီးဖိုခြင်း၊ မီးသယ်ယူခြင်း သို့မဟုတ် မီးကြွင်းမီးကျန်ထားရှိခြင်း။

**ပဏ္ဏာမစိစစ်ရေးအဖွဲ့**

၃။ လွိုင်ဆမ်ဆစ်တောင်သဘာဝကြိုးဝိုင်းအဖြစ် ဖွဲ့စည်းသတ်မှတ်တည်ထောင်မည့် နယ်မြေရှိ အများပြည်သူတို့၏ အခွင့်အရေးထိခိုက်နစ်နာမှုများကို သတ်မှတ်ထားသည့်နည်းလမ်းများနှင့်အညီ စုံစမ်းစစ်ဆေးနိုင်ရန်နှင့် နယ်မြေသတ်မှတ်တည်ထောင်ရေးလုပ်ငန်းများဆောင်ရွက်နိုင်ရန် ဇီဝမျိုးစုံမျိုးကွဲနှင့် သဘာဝထိန်းသိမ်းရေးနယ်မြေများ ကာကွယ်စောင့်ရှောက်ခြင်းဆိုင်ရာဥပဒေပုဒ်မ ၉၊ ပုဒ်မခွဲ (င) အရ အောက်ဖော်ပြပါပုဂ္ဂိုလ်များပါဝင်သည့် ပဏ္ဏာမစိစစ်ရေးအဖွဲ့ကို ဖွဲ့စည်းတာဝန်ပေးအပ်လိုက်သည် -

(၁) ခရိုင်အုပ်ချုပ်ရေးမှူး၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မူဆယ်ခရိုင်၊ ရှမ်းပြည်နယ် (လားရှိုး) — ဥက္ကဋ္ဌ

(၂) လက်ထောက်ညွှန်ကြားရေးမှူး၊ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ မူဆယ်ခရိုင်၊ ရှမ်းပြည်နယ် (လားရှိုး) — အဖွဲ့ဝင်

(၃) လက်ထောက်ညွှန်ကြားရေးမှူး၊ သစ်တောဦးစီးဌာန မူဆယ်ခရိုင်၊ ရှမ်းပြည်နယ် (လားရှိုး) — အဖွဲ့ဝင်

(၄) မြို့နယ်အုပ်ချုပ်ရေးမှူး၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ကွတ်ခိုင်မြို့နယ်၊ ရှမ်းပြည်နယ် (လားရှိုး) — အဖွဲ့ဝင်

(၅) ဦးစီးအရာရှိ၊ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန ကွတ်ခိုင်မြို့နယ်၊ ရှမ်းပြည်နယ် (လားရှိုး) — အဖွဲ့ဝင်

(၆) အုပ်ချုပ်ရေးမှူး ပန်းလောင်နှင့် ပြဒါးလင်းဂူတောရိုင်းတိရစ္ဆာန်ဘေးမဲ့တော — အဖွဲ့ဝင်

(၇) ဦးစီးအရာရှိ၊ သစ်တောဦးစီးဌာန ကွတ်ခိုင်မြို့နယ်၊ ရှမ်းပြည်နယ် (လားရှိုး) — အတွင်းရေးမှူး

၄။ **လုပ်ငန်းတာဝန်**။ ပဏ္ဏာမစိစစ်ရေးအဖွဲ့သည် နောက်ဆက်တွဲ (က) ပါ ကြေးတိုင်ပုံစံများအရ သတ်မှတ်တည်ထောင်မည့် သဘာဝထိန်းသိမ်းရေးနယ်မြေတည်ရှိရာ နယ်မြေဒေသရှိ အများပြည်သူတို့၏ အခွင့်အရေးထိခိုက်နစ်နာမှုများကို စုံစမ်းစစ်ဆေးရန်နှင့် နယ်မြေသတ်မှတ်ရန်အတွက် အောက်ပါလုပ်ငန်းတာဝန်များကို လိုက်နာဆောင်ရွက်ရမည် -

(က) လွိုင်ဆမ်ဆစ်တောင်သဘာဝကြိုးဝိုင်း ဖွဲ့စည်းမည့်အကြောင်းနှင့် သတ်မှတ်တည်ထောင်ရန် ရည်ရွယ်ကြောင်း ကြိုတင်ကြေညာသည့်နယ်မြေဒေသရှိ အများပြည်သူတို့သည် မိမိတို့၏အခွင့်အရေးများ ထိခိုက်နစ်နာမှုရှိပါက ခိုင်လုံသောအထောက်အထားဖြင့် ပဏ္ဏာမစိစစ်ရေးအဖွဲ့သို့ ကြိုတင်ကြေညာသည့်နေ့မှ ရက်ပေါင်း (၉၀) အတွင်း တင်ပြတောင်းခံနိုင်ရေး၊ ဆိုင်ရာဆိုင်ခွင့် လျှောက်ထားနိုင်ကြောင်း သက်ဆိုင်သူအားလုံးသိရှိစေရန် သက်ဆိုင်ရာကျေးရွာ၊ ရပ်ကွက် အုပ်ချုပ်ရေးမှူးများမှတစ်ဆင့် အသိပေးကြေညာခြင်း၊

(ခ) ရည်ရွယ်ကြောင်းကြေညာထားသည့် နယ်မြေဒေသရှိ အများပြည်သူတို့၏ အခွင့်အရေးမနစ်နာစေရေး လျှောက်ထားတင်ပြလာသူ တစ်ဦးချင်းစီ၏ ဆိုင်ရာဆိုင်ခွင့်လျှောက်ထားချက်များအား အထောက်အထားခိုင်လုံမှု ရှိ မရှိကို စစ်ဆေးခြင်း ရှိ မရှိနှင့် စာရင်းများကို ကြေးတိုင်ပုံစံတွင် ထည့်သွင်းဖော်ပြနိုင်ရန်ပြုစုခြင်း၊

(ဂ) အဆိုပါ တင်ပြလျှောက်ထားလာမှုနှင့်ပတ်သက်၍ တရားမကျင့်ထုံးဥပဒေအရ လိုအပ်သော သက်သေများကို ဆင့်ခေါ်ခြင်းနှင့် သက်ဆိုင်သည့်စာရွက်စာတမ်းများ စစ်ဆေးခြင်း၊ အစိုးရက ခွင့်ပြုရန်ရှိသည့်ကိစ္စအတွက် ထောက်ခံတင်ပြသည့်လျော်ကြေးငွေစာရင်းကိုပြုစုခြင်း၊

(ဃ) သတ်မှတ်မည့်နယ်မြေဒေသအတွင်း လူနေကျေးရွာများ၊ အများပိုင်မြေများ၊ အစိုးရဌာနစီမံခန့်ခွဲခွင့်ရှိသည့် မြေများ၊ ဘာသာရေးဆိုင်ရာမြေများ စသည်တို့ကို ချန်လှပ်ခြင်း၊ ထည့်သွင်းဖွဲ့စည်းသင့်သည့် မြေအမျိုးအစားများအတွက် ဒေသခံများအသုံးချနေသည့်မြေများကို ဆိုင်ရာဆိုင်ခွင့်စာရင်းတွင် ထည့်သွင်းခြင်း၊ ကြားခံနယ်မြေများကို ဖော်ထုတ်သတ်မှတ်ခြင်း၊

(င) ကြေးတိုင်ပုံစံများကို လုပ်ထုံးလုပ်နည်းနှင့်အညီပြုစု၍ သတ်မှတ်အချိန်ကာလအတွင်း လွှိုင်ဆမ်ဆစ်တောင်သဘာဝကြိုးဝိုင်းဖွဲ့စည်းမည့် အမိန့်ကြော်ငြာစာ (မူကြမ်း) နှင့်တကွ ပြန်လည်တင်ပြခြင်း။

၅။ ဤအမိန့်ကြော်ငြာစာပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ပါက ဇီဝမျိုးစုံမျိုးကွဲနှင့် သဘာဝထိန်းသိမ်းရေးနယ်မြေများ ကာကွယ်စောင့်ရှောက်ခြင်းဆိုင်ရာဥပဒေအရ အရေးယူခြင်းခံရမည်။

## (ပြည်ထောင်စုဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် (၁၀၆/၂၀၁၈)

နေပြည်တော်၊ ၁၃၈၀ ပြည့်နှစ်၊ ဒုတိယဝါဆိုလဆန်း ၅ ရက်

(၂၀၁၈ ခုနှစ်၊ ဇူလိုင်လ ၁၇ ရက်)

## တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောသတ်မှတ်ရန် ရည်ရွယ်ကြောင်းကြေညာခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသည် ၂၀၁၈ ခုနှစ်၊ မေလတွင်ထုတ်ပြန်သည့် ဇီဝမျိုးစုံမျိုးကွဲနှင့် သဘာဝထိန်းသိမ်းရေးနယ်မြေများ ကာကွယ်စောင့်ရှောက်ခြင်းဆိုင်ရာဥပဒေပုဒ်မ ၉၊ ပုဒ်မခွဲ (ဃ) အရ အပ်နှင်းထားသည့် အခွင့်အာဏာများကိုကျင့်သုံးလျက် စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုခရိုင်၊ ဝက်လက်မြို့နယ်အတွင်းရှိ အောက်ဖော်ပြပါ နယ်နိမိတ်အတွင်းကျရောက်နေသည့် ဧရိယာအကျယ်အဝန်း (၃၁၆) ဧက၊ (၀. ၄၉) စတုရန်းမိုင်ရှိမြေကို သဘာဝပတ်ဝန်းကျင်နှင့် ဇီဝမျိုးစုံမျိုးကွဲများအား ကာကွယ်ရန်အလို့ငှာ **ရှိမ္မကားတောရိုင်းတိရစ္ဆာန်ဘေးမဲ့တော** အဖြစ် ၁၃၈၀ ပြည့်နှစ်၊ ဒုတိယဝါဆိုလဆန်း ၅ ရက်နေ့ (၂၀၁၈ ခုနှစ်၊ ဇူလိုင်လ ၁၇ ရက်နေ့) မှစတင်၍ သတ်မှတ်ရန်ရည်ရွယ်ကြောင်း ကြေညာလိုက်သည်။

**နယ်နိမိတ်အလားအလာဖော်ပြချက်**

၁။ နယ်နိမိတ်လားရာဖော်ပြချက်မှာ အောက်ပါအတိုင်းဖြစ်ပါသည် -

မြောက်ဘက် ။ ။ သဲဖြူချောင်းနှင့် ဘောလုံးကွင်းထောင့်ဆုံရာ မြေပုံအချပ် 84 (N/15) ခန့်မှန်းမြေပုံအညွှန်း (A-472017) နေရာမှစ၍ အရှေ့ဘက်သို့ (၁၀၄၅) ပေခန့်လာရာ ဆင်ဖြူတက် ဘုရားအနီး ခန့်မှန်းမြေပုံအညွှန်း (A-474018) နေရာအထိ၊ ထိုမှ (၄၆၀) ပေခန့် ဆက်လက်၍သွားရာ ဧရာဝတီမြစ်ကမ်းအနီး ခန့်မှန်းမြေပုံအညွှန်း (A-477016) နေရာအထိ၊

အရှေ့ဘက် ။ ။ ခန့်မှန်းမြေပုံအညွှန်း (A-477016) နေရာမှ (၂၄၈၇) ပေခန့် ဧရာဝတီမြစ်ကမ်းအတိုင်း တောင်ဘက်သို့ဆက်လက်၍သွားရာ တောရကြီးဘုန်းတော်ကြီးကျောင်းအရှေ့ မြောက်ထိပ်၊ ခန့်မှန်းမြေပုံအညွှန်း (A-478004) နေရာအထိ၊ ၎င်းနေရာမှ (၉၆၄) ပေခန့် အနောက်ဘက်သို့ သွားရာ ခြသေ့်ရုပ်အနီး ခန့်မှန်းမြေပုံအညွှန်း (A-476004) နေရာအထိ၊ ဆက်လက်၍ တောင်ဘက်သို့ (၇၇၇) ပေခန့်သွားရာ ခန့်မှန်းမြေပုံအညွှန်း (A-476002) နေရာအထိ၊ ထိုမှ အရှေ့ဘက်သို့ (၁၀၂၇) ပေခန့် အရှေ့ဘက်သို့ ဆက်လက်သွားရာ ဧရာဝတီမြစ်ကမ်း အနီး ခန့်မှန်းမြေပုံအညွှန်း (A-478002) နေရာအထိ၊ ၎င်းနေရာမှ (၁၉၃၆) ပေခန့် တောင်ဘက်သို့ဆက်သွားရာ ငါးရယ်ဘုရားကုန်းထိပ်၊ ခန့်မှန်းမြေပုံအညွှန်း (F-477996) နေရာအထိ၊

တောင်ဘက် ။ ။ ခန့်မှန်းမြေပုံအညွှန်း (F-477996) နေရာမှ အနောက်ဘက်သို့ (၂၀၂၈) ပေခန့် ငါးရယ်ကျေးရွာကိုကွင်းပြီးဆက်သွားရာ ယာခင်းအနောက်ဘက် သဲဖြူချောင်းနှင့်ဆုံရာ ခန့်မှန်းမြေပုံအညွှန်း (F-473993) နေရာအထိ၊

အနောက်ဘက် ။ ။ ခန့်မှန်းမြေပုံအညွှန်း (F-473993) နေရာမှ (၅၃၀၄) ပေခန့် သဲဖြူချောင်းအတိုင်းမြောက်ဘက်သို့သွားရာ စမှတ်သဲဖြူချောင်းနှင့် ဘောလုံးကွင်းထောင့်ဆုံရာ ခန့်မှန်းမြေပုံအညွှန်း (A-472017) နေရာအထိ။

**တားမြစ်ချက်များ**

၂။ ရှိမ္မကားတောရိုင်းတိရစ္ဆာန်ဘေးမဲ့တော ဖွဲ့စည်းသတ်မှတ်ရန်ရည်ရွယ်သည့် သတ်မှတ်နယ်မြေအတွင်း အောက်ဖော်ပြပါ တားမြစ်ချက်များကိုမပြုလုပ်ရန် ဤအမိန့်ထုတ်ပြန်သည့်နေ့မှစ၍ တားမြစ်လိုက်သည် -

(က) ကျူးကျော်ဝင်ရောက်နေထိုင်ခြင်း၊

(ခ) တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောအတွင်း အဆိပ်အတောက်ဖြစ်စေသော ပစ္စည်းကိုဖြစ်စေ၊ ဓာတ်သတ္တုအညစ်အကြေးကိုဖြစ်စေ လက်ဝယ်ထားရှိခြင်း သို့မဟုတ် စွန့်ပစ်ခြင်း၊

(ဂ) တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောအတွင်း ရေထု၊ လေထုကို တမင်ညစ်ညမ်းစေခြင်း၊ ရေစီးရေလာပျက်စီးစေခြင်း သို့မဟုတ် ရေတွင်အဆိပ်ခတ်ခြင်း၊

(ဃ) ကာကွယ်ထားသည့် တိရစ္ဆာန်များအပါအဝင် မည်သည့်တောရိုင်းတိရစ္ဆာန်ကိုမျှ တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောအတွင်းသော်လည်းကောင်း၊ ၎င်းနှင့် ဆက်စပ်နေသည့်နေရာဒေသအတွင်း ဖမ်းဆီးခြင်း၊ သတ်ဖြတ်ခြင်း သို့မဟုတ် အနာတရဖြစ်စေခြင်း၊ ယင်းတောရိုင်းတိရစ္ဆာန်ကိုဖြစ်စေ၊ ယင်း၏အစိတ်အပိုင်းကိုဖြစ်စေ လက်ဝယ်ထားခြင်း၊ ရောင်းချခြင်း၊ သယ်ဆောင်ခြင်း သို့မဟုတ် လွှဲပြောင်းခြင်း၊

(င) တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောနယ်မြေအတွင်း မည်သည့် သဘာဝအပင်ကိုမဆို ခုတ်ယူခြင်း၊ စုဆောင်းခြင်း သို့မဟုတ် တစ်နည်းနည်းဖြင့်ဖျက်ဆီးခြင်း၊ လက်ဝယ်ပိုင်ဆိုင်ခြင်း၊

(စ) တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောနယ်မြေအတွင်း သက်ရှိသက်မဲ့ဖွဲ့စည်းမှုကိုဖြစ်စေ၊ သဘာဝအနေအထားတည်ရှိမှု တစ်ခုခုကိုဖြစ်စေ ဖျက်ဆီးခြင်း၊

(ဆ) လူတို့မွေးမြူထားသောတိရစ္ဆာန်များကို စားကျက်ချခြင်း၊ လွှတ်ကျောင်းခြင်း သို့မဟုတ် ကျူးကျော်ဝင်ရောက်စေခြင်း၊

(ဇ) မြေကိုတူးဆွခြင်း၊ ထွန်ယက်စိုက်ပျိုးခြင်း သို့မဟုတ် လုပ်ငန်းတစ်ခုခုလုပ်ကိုင်ခြင်း၊

(ဈ) အများပြည်သူကြည့်ရှုလေ့လာ အပန်းဖြေခွင့်ပြုထားသည့်နေရာများမှအပ တားမြစ်ထားသောနေရာသို့ ခွင့်ပြုချက်မရှိဘဲ ကျူးကျော်ဝင်ရောက်ခြင်း၊

(ည) တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောအတွင်း မီးကူးစက်ပြန့်ပွားစေနိုင်သော မီးမွှေးခြင်း၊ မီးဖိုခြင်း၊ မီးသယ်ယူခြင်း သို့မဟုတ် မီးကြွင်းမီးကျန်ထားရှိခြင်း။

**ပဏာမစိစစ်ရေးအဖွဲ့**

၃။ တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောအဖြစ် ဖွဲ့စည်းသတ်မှတ်တည်ထောင်မည့် နယ်မြေရှိ အများပြည်သူတို့၏ အခွင့်အရေးထိခိုက်နစ်နာမှုများကို သတ်မှတ်ထားသည့်နည်းလမ်းများနှင့်အညီ စုံစမ်းစစ်ဆေးနိုင်ရန်နှင့် နယ်မြေသတ်မှတ်တည်ထောင်ရေးလုပ်ငန်းများဆောင်ရွက်နိုင်ရန် ဇီဝမျိုးစုံမျိုးကွဲနှင့် သဘာဝထိန်းသိမ်းရေးနယ်မြေများကာကွယ်စောင့်ရှောက်ခြင်းဆိုင်ရာဥပဒေပုဒ်မ ၉၊ ပုဒ်မခွဲ (င) အရ အောက်ဖော်ပြပါပုဂ္ဂိုလ်များပါဝင်သည့် ပဏာမစိစစ်ရေးအဖွဲ့ကို ဖွဲ့စည်းတာဝန်ပေးအပ်လိုက်သည် -

(၁) မြို့နယ်အုပ်ချုပ်ရေးမှူး ဥက္ကဋ္ဌ
အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
ဝက်လက်မြို့နယ်၊ ရွှေဘိုခရိုင်၊ စစ်ကိုင်းတိုင်းဒေသကြီး

(၂) ဦးစီးအရာရှိ အဖွဲ့ဝင်
လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန
ဝက်လက်မြို့နယ်၊ ရွှေဘိုခရိုင်၊ စစ်ကိုင်းတိုင်းဒေသကြီး

(၃) အုပ်ချုပ်ရေးမှူး အဖွဲ့ဝင်
ချပ်သင်းတောရိုင်းတိရစ္ဆာန်ဘေးမဲ့တော

(၄) မြို့နယ်ဦးစီးဌာနမှူး အတွင်းရေးမှူး
သစ်တောဦးစီးဌာန
ဝက်လက်မြို့နယ်၊ ရွှေဘိုခရိုင်၊ စစ်ကိုင်းတိုင်းဒေသကြီး

၄။ **လုပ်ငန်းတာဝန်**။ ပဏာမစိစစ်ရေးအဖွဲ့သည် နောက်ဆက်တွဲ (က) ပါ ကြေးတိုင်ပုံစံများအရ သတ်မှတ်တည်ထောင်မည့် သဘာဝထိန်းသိမ်းရေးနယ်မြေတည်ရှိရာ နယ်မြေဒေသရှိ အများပြည်သူတို့၏ အခွင့်အရေးထိခိုက်နစ်နာမှုများကို စုံစမ်းစစ်ဆေးရန်နှင့် နယ်မြေသတ်မှတ်ရန်အတွက် အောက်ပါလုပ်ငန်း တာဝန်များကို လိုက်နာဆောင်ရွက်ရမည် -

(က) ရှိမ္ဗကားတောရိုင်းတိရစ္ဆာန်ဘေးမဲ့တော ဖွဲ့စည်းမည့်အကြောင်းနှင့် သတ်မှတ်တည်ထောင်ရန် ရည်ရွယ်ကြောင်း ကြိုတင်ကြေညာသည့်နယ်မြေဒေသရှိ အများပြည်သူတို့သည် မိမိတို့၏အခွင့် အရေးများ ထိခိုက်နစ်နာမှုရှိပါက ခိုင်လုံသောအထောက်အထားဖြင့် ပဏာမစိစစ်ရေးအဖွဲ့သို့ ကြိုတင်ကြေညာသည့်နေ့မှ ရက်ပေါင်း (၉၀) အတွင်း တင်ပြတောင်းခံနိုင်ရေး၊ ဆိုင်ရာဆိုင်ခွင့် လျှောက်ထားနိုင်ကြောင်း သက်ဆိုင်သူအားလုံးသိရှိစေရန် သက်ဆိုင်ရာကျေးရွာ၊ ရပ်ကွက် အုပ်ချုပ်ရေးမှူးများမှတစ်ဆင့် အသိပေးကြေညာခြင်း၊

(ခ) ရည်ရွယ်ကြောင်းကြေညာထားသည့် နယ်မြေဒေသရှိ အများပြည်သူတို့၏ အခွင့်အရေးမနစ်နာ စေရေး လျှောက်ထားတင်ပြလာသူ တစ်ဦးချင်းစီ၏ ဆိုင်ရာဆိုင်ခွင့်လျှောက်ထားချက်များအား အထောက်အထားခိုင်လုံမှု ရှိ မရှိကို စစ်ဆေးခြင်းနှင့် စာရင်းများကို ကြေးတိုင်ပုံစံတွင် ထည့်သွင်း ဖော်ပြနိုင်ရန်ပြုစုခြင်း၊

(ဂ) အဆိုပါ တင်ပြလျှောက်ထားလာမှုနှင့်ပတ်သက်၍ တရားမကျင့်ထုံးဥပဒေအရ လိုအပ်သော သက်သေများကိုဆင့်ခေါ်ခြင်းနှင့် သက်ဆိုင်သည့်စာရွက်စာတမ်းများ စစ်ဆေးခြင်း၊ အစိုးရက ခွင့်ပြုရန်ရှိသည့်ကိစ္စအတွက် ထောက်ခံတင်ပြသည့်လျော်ကြေးငွေစာရင်းကိုပြုစုခြင်း၊

(ဃ) သတ်မှတ်မည့်နယ်မြေဒေသအတွင်း လူနေကျေးရွာများ၊ အများပိုင်မြေများ၊ အစိုးရဌာနစီမံခန့်ခွဲ ခွင့်ရှိသည့် မြေများ၊ ဘာသာရေးဆိုင်ရာမြေများ စသည့်တို့ကို ချန်လှပ်ခြင်း၊ ထည့်သွင်းဖွဲ့စည်း သင့်သည့် မြေအမျိုးအစားများအတွက် ဒေသခံများအသုံးချနေသည့်မြေများကို ဆိုင်ရာဆိုင်ခွင့် စာရင်းတွင်ထည့်သွင်းခြင်း၊ ကြားခံနယ်မြေများကို ဖော်ထုတ်သတ်မှတ်ခြင်း၊

(င) ကြေးတိုင်ပုံစံများကို လုပ်ထုံးလုပ်နည်းနှင့်အညီ ပြုစု၍ သတ်မှတ်အချိန်ကာလအတွင်း ရှိမ္ဗကား တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောဖွဲ့စည်းမည့် အမိန့်ကြော်ငြာစာ (မူကြမ်း) နှင့်တကွ ပြန်လည် တင်ပြခြင်း။

၅။ ဤအမိန့်ကြော်ငြာစာပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ပါက ဇီဝမျိုးစုံမျိုးကွဲနှင့် သဘာဝထိန်းသိမ်းရေးနယ်မြေများ ကာကွယ်စောင့်ရှောက်ခြင်းဆိုင်ရာဥပဒေအရ အရေးယူခြင်းခံရမည်။

## (ပြည်ထောင်စုဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် (၁၀၇/၂၀၁၈)

### ပန်းလောင်နှင့် ပြဒါးလင်းဂူတောရိုင်းတိရစ္ဆာန်ဘေးမဲ့တော တိုးချဲ့ဖွဲ့စည်းမည့်ဧရိယာအဖြစ် သတ်မှတ်ရန် ရည်ရွယ်ကြောင်းကြေညာခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာနသည် ၂၀၁၈ ခုနှစ်၊ မေလတွင်ထုတ်ပြန်သည့် ဇီဝမျိုးစုံမျိုးကွဲနှင့် သဘာဝထိန်းသိမ်းရေးနယ်မြေများ ကာကွယ်စောင့်ရှောက်ခြင်းဆိုင်ရာဥပဒေပုဒ်မ ၉၊ ပုဒ်မခွဲ (ဃ) အရ အပ်နှင်းထားသည့် အခွင့်အာဏာများကို

ကျင့်သုံးလျက် ရှမ်းပြည်နယ်၊ တောင်ကြီးခရိုင်၊ ရွာငံမြို့နယ်အတွင်းရှိ အောက်ဖော်ပြပါနယ်နိမိတ်အတွင်း ကျရောက်နေသည့် အကျယ်အဝန်းဧရိယာ (၁၆၀၀၀) ဧက၊ (၂၅) စတုရန်းမိုင်ရှိမြေကို ထူးခြားသည့် ဂေဟစနစ်များ၊ ဇီဝမျိုးစုံမျိုးကွဲများထိန်းသိမ်းကာကွယ်ရန်နှင့် ရွာငံမြို့နယ်အတွင်းကျရောက်သည့် အကျယ်အဝန်း (၈၂၄၈၃) ဧက၊ (၁၂၈. ၈၈) စတုရန်းမိုင်ရှိ ပန်းလောင်နှင့် ပြဒါးလင်းဂူတောရိုင်းတိရစ္ဆာန်ဘေးမဲ့တော ဧရိယာအတွင်းသို့ တိုးချဲ့ထည့်သွင်းနိုင်ရန် **ပန်းလောင်နှင့် ပြဒါးလင်းဂူတောရိုင်းတိရစ္ဆာန်ဘေးမဲ့တော တိုးချဲ့ဖွဲ့စည်းမည့်ဧရိယာ** အဖြစ် ၁၃၈၀ ပြည့်နှစ်၊ ဒုတိယဝါဆိုလဆန်း ၅ ရက်နေ့ (၂၀၁၈ ခုနှစ်၊ ဇူလိုင်လ ၁၇ ရက်) မှစတင်၍ တိုးချဲ့သတ်မှတ်ရန်ရည်ရွယ်ကြောင်း ကြေညာလိုက်သည်။

**နယ်နိမိတ်အလားအလာဖော်ပြချက်**

၁။ နယ်နိမိတ်လားရာဖော်ပြချက်မှာ အောက်ပါအတိုင်းဖြစ်ပါသည် -

မြောက်ဘက် ။ ။ မန္တလေးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့ ပိုင်းခြားထားသည့် နယ်နိမိတ်လမ်းကြောင်းပေါ် မြစ်သားမြို့နယ်နှင့် ဝမ်းတွင်းမြို့နယ်ခြား နယ်နိမိတ်တို့ဆုံရာ ခန့်မှန်းမြေပုံအညွှန်း KD 115393 မှစတင်ကာ အရှေ့မြောက်ဘက်သို့ မန္တလေးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ် နယ်နိမိတ်လမ်းကြောင်းအတိုင်း (၁ မိုင် ၅ ဖာလုံခန့်) အကွာ ခန့်မှန်းမြေပုံအညွှန်း KD 136413 အထိ၊ ၎င်းမှဆက်လက်၍ အရှေ့ဘက်သို့ (၁ မိုင် ၇ ဖာလုံခန့်) အကွာ ပြည်နယ်/တိုင်းဒေသကြီး နယ်နိမိတ်လမ်းကြောင်းပေါ် ဘူးရစ်တောင်ထိပ်အနီး ခန့်မှန်းမြေပုံအညွှန်း KD 160424 အထိ၊ ၎င်းမှ (၃ မိုင်ခန့်) အကွာ ပြည်နယ်/ တိုင်းဒေသကြီး နယ်နိမိတ်လမ်းကြောင်းပေါ် ခန့်မှန်းမြေပုံအညွှန်း KD 200430 အထိ၊

အရှေ့ဘက် ။ ။ မန္တလေးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့၏ နယ်ခြားနယ်နိမိတ်လမ်းကြောင်းပေါ် ခန့်မှန်းမြေပုံအညွှန်း KD 200430 မှ အနောက်တောင်ဘက်သို့ ကင်းတားဆည် အနောက်ဘက်ပိုင်း အမြင့်ဆုံး ရေမှတ်အစပ်အတိုင်း (၃ ဖာလုံခန့်) အကွာ ခန့်မှန်းမြေပုံအညွှန်း KD 194424 အထိ၊ ၎င်းမှ ဆက်လက်၍ တောင်ဘက်သို့ (၆ ဖာလုံခန့်) အကွာ ခန့်မှန်းမြေပုံအညွှန်း KD 193414 အထိ၊ ၎င်းမှ အနောက်ဘက်သို့ (၂ ဖာလုံခန့်) အကွာ ခန့်မှန်းမြေပုံအညွှန်း KD 190414 အထိ၊ ၎င်းမှ အနောက်တောင်ဘက်သို့ (၃ ဖာလုံခန့်) အကွာ၊ ခန့်မှန်းမြေပုံအညွှန်း KD 188408 အထိ၊ ၎င်းမှ အရှေ့ဘက်သို့ (၂ ဖာလုံခန့်) အကွာ KD 189406 အထိ၊ ၎င်းမှ အနောက်တောင်ဘက်သို့ (၅ ဖာလုံခန့်) အကွာ KD 184403 အထိ၊ ၎င်းမှ တောင်ဘက်သို့ (၁ ဖာလုံခန့်) အကွာ KD 183400 အထိ၊ ၎င်းမှ အနောက်တောင်ဘက်သို့ (၂ ဖာလုံခန့်) အကွာ KD 180399 အထိ၊ ၎င်းမှ တောင်ဘက်သို့ (၁ ဖာလုံခန့်) အကွာ KD 179397 အထိ၊ ၎င်းမှ အနောက်တောင်ဘက်သို့ (၃ ဖာလုံခန့်) အကွာ KD 175396 အထိ၊ ၎င်းမှ အနောက်တောင်ဘက်သို့ (၁ ဖာလုံခန့်) အကွာ KD 175395 အထိ၊ ၎င်းမှ အနောက်တောင်ဘက်သို့ (၂. ၅ ဖာလုံခန့်) အကွာ KD 170392 အထိ၊ ၎င်းမှ အနောက်မြောက်ဘက်သို့ (၃ ဖာလုံခန့်) အကွာ KD 166394 အထိ၊ ၎င်းမှ တောင်ဘက်သို့ (၂. ၆ ဖာလုံခန့်) အကွာ KD 166398 အထိ၊ ၎င်းမှ အရှေ့ဘက်သို့ (၅ ဖာလုံခန့်) အကွာ KD 193389 အထိ၊ ၎င်းမှ အရှေ့တောင်ဘက်သို့ (၆ ဖာလုံခန့်) အကွာ KD 180380 အထိ၊ ၎င်းမှ အနောက်တောင်ဘက်သို့ (၁ ဖာလုံခန့်) အကွာ KD 179387 အထိ၊ ၎င်းမှ အရှေ့ဘက်သို့ (၁ ဖာလုံခန့်) အကွာ KD 181378 အထိ၊ ၎င်းမှ အနောက်တောင်ဘက်သို့ (၂ ဖာလုံခန့်) အကွာ KD 178373 အထိ၊ ၎င်းမှ အရှေ့ဘက်သို့ (၃ ဖာလုံခန့်) အကွာ KD 184374 အထိ၊ တောင်ဘက်သို့ (၁ ဖာလုံခန့်) အကွာ KD 183372 အထိ၊ ၎င်းမှ အရှေ့မြောက်ဘက်သို့ (၅ ဖာလုံခန့်) အကွာ KD 192378 အထိ၊ ၎င်းမှ တောင်ဘက်သို့ (၄ ဖာလုံခန့်) အကွာ KD 192370 အထိ၊ ၎င်းမှ အရှေ့တောင်ဘက်သို့ (၂ ဖာလုံခန့်) အကွာ KD 193366 အထိ၊ ၎င်းမှ အနောက်တောင်ဘက်သို့ (၁ ဖာလုံခန့်) အကွာ KD 192364 အထိ၊ ၎င်းမှ တောင်ဘက်သို့ (၃ ဖာလုံခန့်) အကွာ KD 192358 အထိ၊ ၎င်းမှ

အရှေ့တောင်ဘက်သို့ (၅ ဖာလုံခန့်) အကွာ KD 201355 အထိ၊ ၎င်းမှ အရှေ့မြောက်ဘက်သို့ (၃ ဖာလုံခန့်) အကွာ KD 206358 အထိ၊ ၎င်းမှ အရှေ့ဘက်သို့ (၃ ဖာလုံခန့်) အကွာ KD 211357 အထိ၊ ၎င်းမှ အနောက်တောင်ဘက်သို့ (၁ ဖာလုံခန့်) အကွာ KD 208355 အထိ၊ ၎င်းမှ အနောက်မြောက်ဘက်သို့ (၁ ဖာလုံခန့်) အကွာ KD 206356 အထိ၊ ၎င်းမှ အနောက်တောင်ဘက်သို့ (၃ ဖာလုံခန့်) အကွာ KD 203352 အထိ၊ ၎င်းမှ အရှေ့တောင်ဘက်သို့ (၁ ဖာလုံခန့်) အကွာ KD 203350 အထိ၊ ၎င်းမှ အနောက်တောင်ဘက်သို့ (၁ ဖာလုံခန့်) အကွာ KD 203348 အထိ၊ ၎င်းမှ အရှေ့တောင်ဘက်သို့ (၂. ၅ ဖာလုံခန့်) အကွာ KD 205345 အထိ၊ ၎င်းမှ အရှေ့ဘက်သို့ (၃ ဖာလုံခန့်) အကွာ KD 212343 အထိ၊ ၎င်းမှ တောင်ဘက်သို့ (၅ ဖာလုံခန့်) အကွာ KD 210334 အထိ၊ ၎င်းမှ အနောက်တောင်ဘက်သို့ (၄ ဖာလုံခန့်) အကွာ KD 202328 အထိ၊ ၎င်းမှ အနောက်ဘက်သို့ (၁. ၅ ဖာလုံခန့်) အကွာ KD 200330 အထိ၊ ၎င်းမှ အနောက်တောင်ဘက်သို့ (၂ ဖာလုံခန့်) အကွာ KD 197326 အထိ၊ ၎င်းမှ အနောက်မြောက်ဘက်သို့ (၂ ဖာလုံခန့်) အကွာ KD 194330 အထိ၊ ၎င်းမှ တောင်ဘက်သို့ (၄ ဖာလုံခန့်) အကွာ KD 195322 အထိ၊ ၎င်းမှ အရှေ့ဘက်သို့ (၁ မိုင် ၅ ဖာလုံခန့်) အကွာ KD 222323 အထိ၊ ၎င်းမှ အရှေ့မြောက်ဘက်သို့ (၁ ဖာလုံခန့်) အကွာ KD 225325 အထိ၊ ၎င်းမှ မြောက်ဘက်သို့ (၁ ဖာလုံခန့်) အကွာ KD 225326 အထိ၊ ၎င်းမှ အရှေ့ဘက်သို့ (၃ ဖာလုံခန့်) အကွာ KD 230324 အထိ၊ ၎င်းမှ အရှေ့မြောက်ဘက်သို့ (၆ ဖာလုံခန့်) အကွာ KD 235334 အထိ၊ ၎င်းမှ အနောက်မြောက်ဘက်သို့ (၂ ဖာလုံခန့်) အကွာ KD 232355 အထိ၊ ၎င်းမှ အနောက်တောင်ဘက်သို့ (၁ ဖာလုံခန့်) အကွာ KD 230334 အထိ၊ ၎င်းမှ အနောက်မြောက်ဘက်သို့ (၇ ဖာလုံခန့်) အကွာ KD 227337 အထိ၊ ၎င်းမှ အရှေ့ဘက်သို့ (၂. ၅ ဖာလုံခန့်) အကွာ ဘေးမဲ့တောနယ်နိမိတ်လမ်းကြောင်းပေါ် ခန့်မှန်းမြေပုံအညွှန်း KD 230347 အထိ၊ ၎င်းမှ အရှေ့ဘက်သို့ ဘေးမဲ့တောနယ်နိမိတ်လမ်းကြောင်းအတိုင်း (၁ မိုင် ၆ ဖာလုံခန့်) အကွာ (ပန်းလောင်မြစ်အတွင်း) ခန့်မှန်းမြေပုံအညွှန်း KD 253351 အထိ၊ ၎င်းမှ အရှေ့တောင်ဘက်သို့ ဘေးမဲ့တောနယ်နိမိတ်လမ်းကြောင်းအတိုင်း (၁ ဖာလုံခန့်) အကွာ (ပန်းလောင်မြစ်အတွင်း) ခန့်မှန်းမြေပုံအညွှန်း KD 255349 အထိ၊ ဆက်လက်၍ တောင်ဘက်သို့ (၄ ဖာလုံခန့်) အကွာ ခန့်မှန်းမြေပုံအညွှန်း KD 254343 အထိ၊ ဆက်လက်၍ ဘေးမဲ့တောနယ်နိမိတ် လမ်းကြောင်းအတိုင်း (၄ မိုင် ၂ ဖာလုံခန့်) အကွာ (ပန်းလောင်မြစ်အတွင်း) ခန့်မှန်းမြေပုံအညွှန်း KD 276283 အထိ၊

တောင်ဘက် ။ ။ ဘေးမဲ့တောနယ်နိမိတ်လမ်းကြောင်းပေါ် (ပန်းလောင်မြစ်အတွင်း) ခန့်မှန်းမြေပုံအညွှန်း KD 276283 မှ အနောက်ဘက် (၂. ၅ ဖာလုံခန့်) အကွာ ပတ်ချောင်းအတွင်း ခန့်မှန်းမြေပုံအညွှန်း KD 271282 အထိ၊ ၎င်းမှ အနောက်မြောက်ဘက်သို့ ဘေးမဲ့တော နယ်နိမိတ်လမ်းကြောင်းအတိုင်း (၁ ဖာလုံခန့်) အကွာ ခန့်မှန်းမြေပုံအညွှန်း KD 263301 အထိ၊ ၎င်းမှ အနောက်ဘက်သို့ ဘေးမဲ့တောနယ်နိမိတ်လမ်းကြောင်းအတိုင်း (၁ မိုင် ၂ ဖာလုံခန့်) အကွာ ကိုးကွေ့ချောင်းအတွင်း ခန့်မှန်းမြေပုံအညွှန်း KD 250304 အထိ၊ ဆက်လက်၍ အနောက်မြောက်ဘက်သို့ ဘေးမဲ့တောနယ်နိမိတ်လမ်းကြောင်းအတိုင်း (၂ မိုင်ခန့်) အကွာ ခန့်မှန်းမြေပုံအညွှန်း KD 224320 အထိ၊ ဆက်လက်၍ အနောက်ဘက်သို့ ဘေးမဲ့တောနယ်နိမိတ်လမ်းကြောင်းအတိုင်း (၂ မိုင်ခန့်) အကွာ ခန့်မှန်းမြေပုံအညွှန်း KD 193316 အထိ၊ ၎င်းမှ မြောက်ဘက်သို့ (၃ ဖာလုံခန့်) အကွာ ခန့်မှန်းမြေပုံအညွှန်း KD 193322 အထိ၊ ၎င်းမှ အနောက်မြောက်ဘက်သို့ ဘေးမဲ့တောနယ်နိမိတ်လမ်းကြောင်းအတိုင်း (၁ မိုင်ခန့်) အကွာ ခန့်မှန်းမြေပုံအညွှန်း KD 178324 အထိ၊ ဆက်လက်၍ အနောက်တောင်ဘက်သို့ (၂ မိုင်ခန့်) အကွာ ခန့်မှန်းမြေပုံအညွှန်း KD 155308 အထိ၊ ဆက်လက်၍ တောင်ဘက်သို့ (၄ ဖာလုံခန့်) အကွာ ခန့်မှန်းမြေပုံအညွှန်း KD 153303 အထိ၊ ဆက်လက်၍

အနောက်တောင်ဘက်သို့ ဘေးမဲ့တောနယ်နိမိတ်လမ်းကြောင်းအတိုင်း (၁ မိုင်ခန့်) အကွာ ခန့်မှန်းမြေပုံအညွှန်း KD 141301 အထိ၊ ၎င်းမှ အနောက်ဘက်သို့ (၁ ဖာလုံခန့်) အကွာ ခန့်မှန်းမြေပုံအညွှန်း KD 140301 အထိ၊ ၎င်းမှ မြောက်ဘက်တည့်တည့်သို့ (၃ ဖာလုံခန့်) အကွာ ခန့်မှန်းမြေပုံအညွှန်း KD 140306 အထိ၊ ၎င်းမှ အနောက်ဘက်တည့်တည့်သို့ (၁ မိုင် ၄ ဖာလုံခန့်) အကွာ ခန့်မှန်းမြေပုံအညွှန်း KD 115306 အထိ၊ ၎င်းမှ တောင်ဘက်တည့်တည့်သို့ (၆ ဖာလုံခန့်) အကွာ ဘေးမဲ့တောနယ်နိမိတ်လမ်းကြောင်းနှင့်ဆုံရာ ခန့်မှန်းမြေပုံအညွှန်း KD 115295 အထိ၊ ၎င်းမှ အနောက်တောင်ဘက်သို့ ဘေးမဲ့တောနယ်နိမိတ်လမ်းကြောင်း အတိုင်း (၇ ဖာလုံခန့်) အကွာ ခန့်မှန်းမြေပုံအညွှန်း KD 103287 အထိ၊

အနောက်ဘက် ။ ။ မန္တလေးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့ နယ်ခြားနယ်နိမိတ်လမ်းကြောင်းပေါ် ခန့်မှန်းမြေပုံအညွှန်း KD 103287 မှ အနောက်မြောက်ဘက်သို့ (၂ ဖာလုံခန့်) အကွာ မန္တလေးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့ နယ်ခြားနယ်နိမိတ်လမ်းကြောင်းပေါ်အတိုင်း ခန့်မှန်းမြေပုံအညွှန်း KD 101290 အထိ၊ ၎င်းမှ အရှေ့မြောက်ဘက်သို့ (၇ ဖာလုံခန့်) အကွာ ခန့်မှန်းမြေပုံအညွှန်း KD 110302 အထိ၊ ၎င်းမှ အနောက်မြောက်ဘက်သို့ (၂ မိုင်ခန့်) အကွာ ခန့်မှန်းမြေပုံအညွှန်း KD 098325 အထိ၊ ၎င်းမှ (၂ မိုင် ၂ ဖာလုံခန့်) အကွာရှိ ကွန်းတောကြီးတောင်ထိပ်ပေါ် ခန့်မှန်းမြေပုံအညွှန်း KD 125345 အထိ၊ ၎င်းမှ (၂ မိုင်ခန့်) အကွာ မန္တလေးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့ နယ်ခြားနယ်နိမိတ်လမ်းကြောင်းပေါ် တောင်ကုန်းအမှတ် (၁၂၀၂) အထိ၊ ၎င်းမှ မြောက်ဘက်သို့ မန္တလေးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့ နယ်ခြား နယ်နိမိတ်လမ်းကြောင်းပေါ် မြစ်သားမြို့နယ်နှင့် ဝမ်းတွင်းမြို့နယ်ခြားနယ်နိမိတ် ဆုံရာ ခန့်မှန်းမြေပုံအညွှန်း KD 115393 အထိ။

**တားမြစ်ချက်များ**

၂။ ပန်းလောင်နှင့် ပြဒါးလင်းဂူတောရိုင်းတိရစ္ဆာန်ဘေးမဲ့တောအဖြစ် တိုးချဲ့ဖွဲ့စည်းတည်ထောင်ရန် ရည်ရွယ်သည့် သတ်မှတ်နယ်မြေအတွင်း အောက်ဖော်ပြပါ တားမြစ်ချက်များကိုမပြုလုပ်ရန် ဤအမိန့်ထုတ်ပြန်သည့်နေ့မှစ၍ တားမြစ်လိုက်သည် -

(က) ကျူးကျော်ဝင်ရောက်နေထိုင်ခြင်း၊

(ခ) တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောနယ်မြေအတွင်း အဆိပ်အတောက်ဖြစ်စေသော ပစ္စည်းကိုဖြစ်စေ၊ ဓာတ်သတ္တုအညစ်အကြေးကိုဖြစ်စေ လက်ဝယ်ထားခြင်း သို့မဟုတ် စွန့်ပစ်ခြင်း၊

(ဂ) တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောနယ်မြေအတွင်း ရေထု၊ လေထုကို တမင်ညစ်ညမ်းစေခြင်း၊ ရေစီးရေလာပျက်စီးစေခြင်း သို့မဟုတ် ရေတွင်အဆိပ်ခတ်ခြင်း၊

(ဃ) ကာကွယ်ထားသည့် တိရစ္ဆာန်များအပါအဝင် မည်သည့်တောရိုင်းတိရစ္ဆာန်ကိုမျှ တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောနယ်မြေအတွင်း ဖမ်းဆီးခြင်း၊ သတ်ဖြတ်ခြင်း သို့မဟုတ် အနာတရဖြစ်စေခြင်း၊ ယင်းတောရိုင်းတိရစ္ဆာန်ကိုဖြစ်စေ၊ ၎င်း၏အစိတ်အပိုင်းကိုဖြစ်စေ လက်ဝယ်ထားခြင်း၊ ရောင်းချခြင်း၊ သယ်ဆောင်ခြင်း သို့မဟုတ် လွှဲပြောင်းခြင်း လုံးဝမပြုလုပ်ရ၊

(င) တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောနယ်မြေအတွင်း မည်သည့်သဘာဝအပင်ကိုမဆို ခုတ်ယူခြင်း၊ စုဆောင်းခြင်း သို့မဟုတ် တစ်နည်းနည်းဖြင့် ဖျက်ဆီးခြင်း၊ လက်ဝယ်ပိုင်ဆိုင်ခြင်း လုံးဝမပြုလုပ်ရ၊

(စ) တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောနယ်မြေအတွင်း သက်ရှိသက်မဲ့ ဖွဲ့စည်းမှုကိုဖြစ်စေ၊ သဘာဝအနေအထားအတိုင်း တစ်ခုခုကိုဖြစ်စေ ဖျက်ဆီးခြင်း၊

(ဆ) လူတို့မွေးမြူထားသောတိရစ္ဆာန်ကို စားကျက်ချခြင်း၊ လွှတ်ကျောင်းခြင်း သို့မဟုတ် ကျူးကျော်ဝင်ရောက်စေခြင်း၊

(ဇ) မြေကိုတူးဆွခြင်း၊ ထွန်ယက်စိုက်ပျိုးခြင်း သို့မဟုတ် လုပ်ငန်းတစ်ခုခုလုပ်ကိုင်ခြင်း၊

(ဈ) အများပြည်သူကြည့်ရှုလေ့လာ အပန်းဖြေခွင့်ပြုထားသောနေရာများမှအပ တားမြစ်ထားသော နေရာသို့ ခွင့်ပြုချက်မရှိဘဲ ကျူးကျော်ဝင်ရောက်ခြင်း၊

(ည) တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောနယ်မြေအတွင်း မီးကူးစက်ပြန့်ပွားစေနိုင်သော မီးမွှေးခြင်း၊ မီးဖိုခြင်း၊ မီးသယ်ယူခြင်း သို့မဟုတ် မီးကြွင်းမီးကျန်ထားရှိခြင်း။

**ပဏာမစိစစ်ရေးအဖွဲ့**

၃။ ပန်းလောင်နှင့် ပြဒါးလင်းဂူတောရိုင်းတိရစ္ဆာန်ဘေးမဲ့တောအဖြစ် တိုးချဲ့ဖွဲ့စည်းသတ်မှတ် တည်ထောင်မည့်နယ်မြေရှိ အများပြည်သူတို့၏ အခွင့်အရေးထိခိုက်နစ်နာမှုများကို သတ်မှတ်ထားသည့် နည်းလမ်းများနှင့်အညီ စုံစမ်းစစ်ဆေးနိုင်ရန်နှင့် နယ်မြေသတ်မှတ်တည်ထောင်ရေးလုပ်ငန်းများဆောင်ရွက် နိုင်ရန် ဇီဝမျိုးစုံမျိုးကွဲနှင့် သဘာဝထိန်းသိမ်းရေးနယ်မြေများကာကွယ်စောင့်ရှောက်ခြင်းဆိုင်ရာဥပဒေ ပုဒ်မ ၉၊ ပုဒ်မခွဲ (င) အရ အောက်ဖော်ပြပါပုဂ္ဂိုလ်များပါဝင်သည့် ပဏာမစိစစ်ရေးအဖွဲ့ကို ဖွဲ့စည်းတာဝန် ပေးအပ်လိုက်သည် -

(၁) မြို့နယ်အုပ်ချုပ်ရေးမှူး ဥက္ကဋ္ဌ
အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
ရွာငံမြို့နယ်၊ တောင်ကြီးခရိုင်၊ ရှမ်းပြည်နယ်

(၂) မြို့နယ်ဦးစီးမှူး အဖွဲ့ဝင်
လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန
ရွာငံမြို့နယ်၊ တောင်ကြီးခရိုင်၊ ရှမ်းပြည်နယ်

(၃) မြို့နယ်ဦးစီးမှူး အဖွဲ့ဝင်
သစ်တောဦးစီးဌာန
ရွာငံမြို့နယ်၊ တောင်ကြီးခရိုင်၊ ရှမ်းပြည်နယ်

(၄) အုပ်ချုပ်ရေးမှူး အတွင်းရေးမှူး
ပန်းလောင်နှင့် ပြဒါးလင်းဂူတောရိုင်းတိရစ္ဆာန်ဘေးမဲ့တော
ရွာငံမြို့နယ်၊ တောင်ကြီးခရိုင်၊ ရှမ်းပြည်နယ်

၄။ **လုပ်ငန်းတာဝန်**။ ပဏာမစိစစ်ရေးအဖွဲ့သည် နောက်ဆက်တွဲ (က) ပါ ကြေးတိုင်ပုံစံများအရ သတ်မှတ်တည်ထောင်မည့် သဘာဝထိန်းသိမ်းရေးနယ်မြေတည်ရှိရာ နယ်မြေဒေသရှိ အများပြည်သူတို့၏ အခွင့်အရေးထိခိုက်နစ်နာမှုများကို စုံစမ်းစစ်ဆေးရန်နှင့် နယ်မြေသတ်မှတ်ရန်အတွက် အောက်ပါလုပ်ငန်း တာဝန်များကို လိုက်နာဆောင်ရွက်ရမည် -

(က) ပန်းလောင်နှင့် ပြဒါးလင်းဂူတောရိုင်းတိရစ္ဆာန်ဘေးမဲ့တောကို တိုးချဲ့သတ်မှတ် ဖွဲ့စည်းမည့် အကြောင်းနှင့် သတ်မှတ်တည်ထောင်ရန်ရည်ရွယ်ကြောင်း ကြိုတင်ကြေညာသည့် နယ်မြေဒေသရှိ အများပြည်သူတို့သည် မိမိတို့၏ အခွင့်အရေးများ ထိခိုက်နစ်နာမှုရှိပါက ခိုင်လုံသောအထောက် အထားဖြင့် ပဏာမစိစစ်ရေးအဖွဲ့သို့ ကြိုတင်ကြေညာသည့်နေ့မှ ရက်ပေါင်း (၉၀) အတွင်း တင်ပြတောင်းခံနိုင်ရေး၊ ဆိုင်ရာဆိုင်ခွင့်လျှောက်ထားနိုင်ကြောင်း သက်ဆိုင်သူအားလုံးသိရှိစေရန် သက်ဆိုင်ရာကျေးရွာ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများမှတစ်ဆင့် အသိပေးကြေညာခြင်း၊

(ခ) ရည်ရွယ်ကြောင်းကြေညာထားသည့် နယ်မြေဒေသရှိ အများပြည်သူတို့၏ အခွင့်အရေးမနစ်နာ စေရေး လျှောက်ထားတင်ပြလာသူ တစ်ဦးချင်းစီ၏ ဆိုင်ရာဆိုင်ခွင့်လျှောက်ထားချက်များအား အထောက်အထားခိုင်လုံမှု ရှိ မရှိနှင့် စာရင်းများကို ကြေးတိုင်ပုံစံတွင် ထည့်သွင်းဖော်ပြနိုင်ရန် ပြုစုခြင်း၊

(ဂ) အဆိုပါ တင်ပြလျှောက်ထားလာမှုနှင့်ပတ်သက်၍ တရားမကျင့်ထုံးဥပဒေအရ လိုအပ်သော သက်သေများကို ဆင့်ခေါ်ခြင်းနှင့်သက်ဆိုင်သည့် စာရွက်စာတမ်းများ စစ်ဆေးခြင်း၊ အစိုးရက ခွင့်ပြုရန်ရှိသည့်ကိစ္စအတွက် ထောက်ခံတင်ပြသည့်လျော်ကြေးငွေစာရင်းကိုပြုစုခြင်း၊

(ဃ) တိုးချဲ့ဖွဲ့စည်းရန် ရည်ရွယ်ကြောင်းသတ်မှတ်သည့် နယ်မြေဒေသအတွင်း လူနေကျေးရွာများ၊ အများပိုင်မြေများ၊ အစိုးရဌာနစီမံခန့်ခွဲခွင့်ရှိသည့် မြေများ၊ ဘာသာရေးဆိုင်ရာမြေများ စသည်တို့ကို ချန်လှပ်ခြင်း၊ ထည့်သွင်းဖွဲ့စည်းသင့်သည့် မြေအမျိုးအစားများအတွက် ဒေသခံများအသုံးချနေသည့်မြေများကို ဆိုင်ရာဆိုင်ခွင့်စာရင်းတွင် ထည့်သွင်းခြင်း၊ ကြားခံနယ်မြေများကို ဖော်ထုတ်သတ်မှတ်ခြင်း၊

(င) သတ်မှတ်ပြီး ပန်းလောင်နှင့် ပြဒါးလင်းဂူတောရိုင်းတိရစ္ဆာန်ဘေးမဲ့တော ဖွဲ့စည်းစဉ်က အများပြည်သူများ၏ အခွင့်အရေးများနစ်နာမှုအတွက် တောင်းဆိုလာသည့် ဆိုင်ရာဆိုင်ခွင့် သတ်မှတ်ပေးရန်ကျန်ခဲ့သည့် တောင်းခံမှုကိစ္စရပ်များအတွက်ပါ စိစစ်ပြီး တိုးချဲ့ဖွဲ့စည်းမည့်အမိန့်ကြော်ငြာစာတွင် ပန်းလောင်နှင့် ပြဒါးလင်းဂူတောရိုင်းတိရစ္ဆာန်ဘေးမဲ့တောအတွင်း ဆိုင်ရာဆိုင်ခွင့်နှင့် အခွင့်အရေးများအဖြစ် ထည့်သွင်းသတ်မှတ်ပေးရန် စာရင်းပြုစုခြင်း၊

(စ) ကြေးတိုင်ပုံစံများကို လုပ်ထုံးလုပ်နည်းနှင့်အညီပြုစု၍ သတ်မှတ်အချိန်ကာလအတွင်း ပန်းလောင်နှင့် ပြဒါးလင်းဂူတောရိုင်းတိရစ္ဆာန်ဘေးမဲ့တော တိုးချဲ့ဖွဲ့စည်းမည့်ဧရိယာအပါအဝင် ပန်းလောင်နှင့် ပြဒါးလင်းဂူတောရိုင်းတိရစ္ဆာန်ဘေးမဲ့တော ပြန်လည်ဖွဲ့စည်းမည့် အမိန့်ကြော်ငြာစာ (မူကြမ်း) နှင့်တကွ ပြန်လည်တင်ပြခြင်း။

၅။ ဤအမိန့်ကြော်ငြာစာပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ပါက ဇီဝမျိုးစုံမျိုးကွဲနှင့် သဘာဝထိန်းသိမ်းရေးနယ်မြေများ ကာကွယ်စောင့်ရှောက်ခြင်းဆိုင်ရာဥပဒေအရ အရေးယူခြင်းခံရမည်။

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၁၀၄/၂၀၁၈)**

နေပြည်တော်၊ ၁၃၈၀ ပြည့်နှစ်၊ နတ်တော်လဆန်း ၁၀ ရက်

(၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၁၇ ရက်)

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ အမှတ် (၁) သတ္တုတွင်းလုပ်ငန်းနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ Myanmar CNMC Nickel Co.,Ltd. (M CNICO) တို့သည် မန္တလေးတိုင်းဒေသကြီး၊ သပိတ်ကျင်းမြို့နယ်နှင့် စစ်ကိုင်းတိုင်းဒေသကြီး၊ ထီးချိုင့်မြို့နယ်၊ တကောင်းတောင်ဒေသ၌ ထုတ်လုပ်မှုအပေါ် ခွဲဝေခံစားသည့်စနစ်ဖြင့် ဖယ်ရိုနီကယ် ထုတ်လုပ်မှုလုပ်ငန်းသဘောတူစာချုပ် ချုပ်ဆိုခဲ့ပြီး လုပ်ငန်းများအောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်ရန် အဆိုပါကုမ္ပဏီဘက်မှ ကိုယ်စားလှယ် (၄) ဦးနှင့် မြန်မာဘက်မှ ကိုယ်စားလှယ် (၅) ဦးပါဝင်သည့် ပူးတွဲစီမံခန့်ခွဲရေးကော်မတီ (Joint Management Committee, JMC) ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းတာဝန်ပေးအပ်လိုက်သည် -

| စဉ် | အမည် | ရာထူး၊ ဌာန | တာဝန် |
|---|---|---|---|
| (က) | ဦးကျော်ဆန်း | ဦးဆောင်ညွှန်ကြားရေးမှူး<br>အမှတ် (၁) သတ္တုတွင်းလုပ်ငန်း | ဥက္ကဋ္ဌ |
| (ခ) | ဦးခင်မောင်ကျော် | အထွေထွေမန်နေဂျာ၊ ထုတ်လုပ်ရေးဌာနခွဲ (၂)<br>အမှတ် (၁) သတ္တုတွင်းလုပ်ငန်း | အဖွဲ့ဝင် |
| (ဂ) | ဦးဇော်အောင် | လက်ထောက်အတွင်းဝန်<br>ဝန်ကြီးရုံး | အဖွဲ့ဝင် |
| (ဃ) | ဦးကျော်ဇင်ဦး | ဒုတိယအထွေထွေမန်နေဂျာ၊ ထုတ်လုပ်ရေးဌာနခွဲ (၂)<br>အမှတ် (၁) သတ္တုတွင်းလုပ်ငန်း | အဖွဲ့ဝင် |
| (င) | Mr. Guo Ran | Board Chairman, M CNICO | အဖွဲ့ဝင် |

| | | | |
|---|---|---|---|
| (စ) Mr. Luo Hongwei | Managing Director, M CNICO | အဖွဲ့ဝင် |
| (ဆ) Mr. Liu Yi | Deputy General Manager, M CNICO | အဖွဲ့ဝင် |
| (ဇ) Mr. Ye Jinchen | Manager of Sales & Purchase Department, M CNICO | အဖွဲ့ဝင် |
| (ဈ) ဒေါက်တာနေဇာလင်း | လက်ထောက်အထွေထွေမန်နေဂျာ ထုတ်လုပ်ရေးဌာနခွဲ (၂) အမှတ် (၁) သတ္တုတွင်းလုပ်ငန်း | အတွင်းရေးမှူး |

၂။ ဥက္ကဋ္ဌနှင့် ပူးတွဲစီမံခန့်ခွဲရေးကော်မတီ၏ တာဝန်နှင့် ဝတ္တရားများမှာ ယခင်ဖွဲ့စည်းထားသည့် လုပ်ငန်းတာဝန်များအတိုင်းဖြစ်သည်။

၃။ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ ဝန်ကြီးရုံး၏ ၂၀၁၇ ခုနှစ်၊ ဇွန်လ ၁၃ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်၊ (၆၀/၂၀၁၇) အား ဤအမိန့်ကြော်ငြာစာဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်သည်။

## အမိန့်ကြော်ငြာစာအမှတ် (၁၀၇/၂၀၁၈)

၁၃၈၀ ပြည့်နှစ်၊ နတ်တော်လဆန်း ၁၂ ရက်

(၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၁၉ ရက်)

ပြည်ထောင်စုအစိုးရအဖွဲ့ရုံး၏ ၂၀၁၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၀ ရက်စွဲပါ စာအမှတ်၊ ၃၁၉/၃၁၈-တွင်းဝခွန်-၁-၉ (၃)/အဖရ (၂၀၁၃) အရ သတ္တုတွင်းဝန်ကြီးဌာန၏ ၂၀၁၃ ခုနှစ်၊ ဇူလိုင်လ ၉ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၅၄/၂၀၁၃) ဖြင့် ကျောက်စိမ်း၊ ကျောက်မျက်တူးဖော်ထုတ်လုပ်မှုအပေါ် ရတနာခွန်များကောက်ခံနိုင်ရန်အတွက် တန်ဖိုးဖြတ်အဖွဲ့နှင့် တတိယအဖွဲ့ (Third Party) များကို ဖွဲ့စည်း တာဝန်ပေးအပ်ခဲ့ရာ တန်ဖိုးဖြတ်၊ ရတနာခွန်ကောက်ခံရေးလုပ်ငန်းများ ဆောင်ရွက်နေသော လုံးခင်းတန်ဖိုးဖြတ်အဖွဲ့ (၁၊ ၂)၊ မိုးညှင်း (မော်လူး/မော်ဟန်) ရတနာနယ်မြေတန်ဖိုးဖြတ်အဖွဲ့၊ ခန္တီးရတနာနယ်မြေတို့၏ တန်ဖိုးဖြတ်အဖွဲ့များနှင့် တတိယအဖွဲ့ (Third Party) အဖွဲ့များမှ သက်ဆိုင်ရာနယ်မြေအလိုက် တန်ဖိုးဖြတ်အဖွဲ့ဝင်များအား ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၁၁ ရက်နေ့တွင် ကျင်းပသော သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ (သတ္တုရေးရာ) ၏ (၃၈/၂၀၁၈) ကြိမ်မြောက်အစည်းအဝေးက သဘောတူဆုံးဖြတ်ချက်အရ အောက်ပါအတိုင်း ပြင်ဆင်ဖွဲ့စည်း တာဝန်ပေးအပ်လိုက်သည် -

**တန်ဖိုးဖြတ်အဖွဲ့ (၁) လုံးခင်း**

| | | |
|---|---|---|
| (၁) ဦးသက်ခန့်<br>မြတ်ယမုံကျောက်မျက်ကုမ္ပဏီ<br>တန်ဖိုးဖြတ်အဖွဲ့ဝင် | (အစား) | ဦးဇော်မင်းထွန်း<br>မြတ်ယမုံကျောက်မျက်ကုမ္ပဏီ<br>တန်ဖိုးဖြတ်အဖွဲ့ဝင် |

**တတိယအဖွဲ့ (Third Party)**

| | | |
|---|---|---|
| (၁) ဦးစိုးဝင်း<br>ငွေဆင်ကျောက်မျက်ကုမ္ပဏီ<br>တန်ဖိုးဖြတ်အဖွဲ့ဝင် | (အစား) | ဦးအောင်အောင်<br>မြန်မာသူရကျောက်မျက်ကုမ္ပဏီ<br>တန်ဖိုးဖြတ်အဖွဲ့ဝင် |
| (၂) ဦးမြင့်နိုင်<br>ရတနာတောင်တန်း<br>ကျောက်မျက်ကုမ္ပဏီ<br>တန်ဖိုးဖြတ်အဖွဲ့ဝင် | (အစား) | ဦးသိန်းနိုင်<br>မြန်မာ့ဂုဏ်ရည်<br>ကျောက်မျက်ကုမ္ပဏီ<br>တန်ဖိုးဖြတ်အဖွဲ့ဝင် |

(၃) ဦးသန်းထွန်းအောင် (အစား) ဦးသန်းဦး
ကျောက်စိမ်းတောင် / နေမင်းကမ္ဘာ
ကျောက်မျက်ကုမ္ပဏီ / ကျောက်မျက်ကုမ္ပဏီ
တန်ဖိုးဖြတ်အဖွဲ့ဝင် / တန်ဖိုးဖြတ်အဖွဲ့ဝင်

**တန်ဖိုးဖြတ်အဖွဲ့ (၂) လုံးခင်း**

(၁) ရဲမှူးကျော်ဦး (အစား) ရဲမှူးသန်းဝင်းအောင်
မြို့နယ်ရဲတပ်ဖွဲ့မှူး / မြို့နယ်ရဲတပ်ဖွဲ့မှူး
မြို့နယ်ရဲတပ်ဖွဲ့မှူးရုံး / မြို့နယ်ရဲတပ်ဖွဲ့မှူးရုံး
ဖားကန့်မြို့နယ် / ဖားကန့်မြို့နယ်
တန်ဖိုးဖြတ်အဖွဲ့ဝင် / တန်ဖိုးဖြတ်အဖွဲ့ဝင်

(၂) ဦးကျော်ဆန်း (အစား) ဦးသန့်ဇင်ဦး
အမျိုးသားကြီးပွားတိုးတက်ရေးကုမ္ပဏီ / ခိုင်မြန်မာကျောက်မျက်ကုမ္ပဏီ
တန်ဖိုးဖြတ်အဖွဲ့ဝင် / တန်ဖိုးဖြတ်အဖွဲ့ဝင်

**တတိယအဖွဲ့ (Third Party)**

(၁) ဦးအောင်ကျော်နိုင် (အစား) ဦးဇော်အောင်
ဝေအောင်ကမ္ဘာ / ကချင်တိုင်းရင်းသားများဖွံ့ဖြိုးတိုးတက်ရေး
ကျောက်မျက်ကုမ္ပဏီ / ကျောက်မျက်ကုမ္ပဏီ
တန်ဖိုးဖြတ်အဖွဲ့ဝင် / တန်ဖိုးဖြတ်အဖွဲ့ဝင်

(၂) ဦးသန်းဦး (အစား) ဦးချစ်ထွေး
မက် (စ်) မြန်မာကျောက်မျက်ကုမ္ပဏီ / တစ်သုံးလုံးကျောက်မျက်ကုမ္ပဏီ
တန်ဖိုးဖြတ်အဖွဲ့ဝင် / တန်ဖိုးဖြတ်အဖွဲ့ဝင်

**တန်ဖိုးဖြတ်အဖွဲ့ (မော်လူး/မော်ဟန်)၊ မိုးညှင်း**

(၁) ဦးသုဝဏ် (အစား) ဦးထိန်လင်းကျော်
ဥက္ကဋ္ဌ / ဥက္ကဋ္ဌ
မြန်မာ့ကျောက်မျက်ရတနာ / မြန်မာ့ကျောက်မျက်ရတနာ
ရောင်းဝယ်ရေးလုပ်ငန်း / ရောင်းဝယ်ရေးလုပ်ငန်း

(၂) ဒေါ်လေးနွယ်ထွန်း (အစား) ဦးကျော်သီဟ
ဦးစီးအရာရှိ / လက်ထောက်ညွှန်ကြားရေးမှူး
ပြည်တွင်းအခွန်များဦးစီးဌာန / ပြည်တွင်းအခွန်များဦးစီးဌာန
မိုးညှင်းမြို့နယ် / မိုးညှင်းမြို့နယ်
တန်ဖိုးဖြတ်အဖွဲ့ဝင် / တန်ဖိုးဖြတ်အဖွဲ့ဝင်

(၃) ဦးစိုင်းထွန်းလှ (အစား) ဦးအိုက်ယုံ
အောင်မင်းကျောက်မျက်ကုမ္ပဏီ / မဟာကြယ်ကျောက်မျက်ကုမ္ပဏီ
တန်ဖိုးဖြတ်အဖွဲ့ဝင် / တန်ဖိုးဖြတ်အဖွဲ့ဝင်

**တတိယအဖွဲ့ (Third Party)**

(၁) ဦးလှမြင့် (အစား) ဦးခွန်သန်းဇော်ဦး
သူရရွှေရည်အောင် / ရတနာသိဒ္ဓိ
ကျောက်မျက်ကုမ္ပဏီ / ကျောက်မျက်ကုမ္ပဏီ
တန်ဖိုးဖြတ်အဖွဲ့ဝင် / တန်ဖိုးဖြတ်အဖွဲ့ဝင်

| | | | |
|---|---|---|---|
| (၂) | ဦးစိုင်းစံလုံ<br>ကွက်သစ်ရပ်ကွက်<br>မော်ဟန်ကျေးရွာ<br>တန်ဖိုးဖြတ်အဖွဲ့ | (အစား) | ဦးသန်းထွန်း<br>ကွက်သစ်ရပ်ကွက်<br>မော်ဟန်ကျေးရွာ<br>တန်ဖိုးဖြတ်အဖွဲ့ဝင် |

**တန်ဖိုးဖြတ်အဖွဲ့၊ ခန္တီး**

| | | | |
|---|---|---|---|
| (၁) | ဦးတိုးလွင်<br>ခရိုင်အုပ်ချုပ်ရေးမှူး<br>ခန္တီးခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန<br>ခန္တီးမြို့<br>တန်ဖိုးဖြတ်အဖွဲ့ဝင် | (အစား) | ဦးဇော်ဇော်<br>ခရိုင်အုပ်ချုပ်ရေးမှူး<br>ခန္တီးခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန<br>ခန္တီးမြို့<br>တန်ဖိုးဖြတ်အဖွဲ့ဝင် |
| (၂) | ဒေါ်သန္တာဆွေး<br>မြို့နယ်အခွန်ဦးစီးမှူး<br>မြို့နယ်အခွန်ဦးစီးဌာန<br>ခန္တီးမြို့<br>တန်ဖိုးဖြတ်အဖွဲ့ဝင် | (အစား) | ဦးညိုထွန်း<br>မြို့နယ်အခွန်ဦးစီးမှူး<br>ပြည်တွင်းအခွန်များဦးစီးဌာန<br>ခန္တီးမြို့<br>တန်ဖိုးဖြတ်အဖွဲ့ဝင် |
| (၃) | ဦးဇော်ဇော်<br>ခရိုင်အုပ်ချုပ်ရေးမှူး<br>ခန္တီးခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန<br>ခန္တီးမြို့<br>တန်ဖိုးဖြတ်အဖွဲ့ဝင် | (အစား) | ဦးလှမျိုး<br>ခရိုင်အုပ်ချုပ်ရေးမှူး<br>ခန္တီးခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန<br>ခန္တီးမြို့<br>တန်ဖိုးဖြတ်အဖွဲ့ဝင် |
| (၄) | ဦးညိုထွန်း<br>မြို့နယ်အခွန်ဦးစီးမှူး<br>ပြည်တွင်းအခွန်များဦးစီးဌာန<br>ခန္တီးမြို့<br>တန်ဖိုးဖြတ်အဖွဲ့ဝင် | (အစား) | ဦးသန်းဇော်မင်း<br>မြို့နယ်အခွန်ဦးစီးမှူး<br>ပြည်တွင်းအခွန်များဦးစီးဌာန<br>ခန္တီးမြို့<br>တန်ဖိုးဖြတ်အဖွဲ့ဝင် |
| (၅) | ဦးမြမောင်<br>အမှတ် (၁)၊ တိုင်းဒေသကြီး<br>လွှတ်တော်ကိုယ်စားလှယ်<br>ခန္တီးမြို့<br>တန်ဖိုးဖြတ်အဖွဲ့ဝင် | (အစား) | ဦးသိန်းလှိုင်ဝင်း<br>အမှတ် (၁)၊ တိုင်းဒေသကြီး<br>လွှတ်တော်ကိုယ်စားလှယ်<br>ခန္တီးမြို့<br>တန်ဖိုးဖြတ်အဖွဲ့ဝင် |

**(ပြည်ထောင်စုဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၂၀၈/၂၀၁၈)**

နေပြည်တော်၊ ၁၃၈၀ ပြည့်နှစ်၊ တန်ဆောင်မုန်းလဆန်း ၉ ရက်

(၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ ၁၆ ရက်)

**သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန စီမံခန့်ခွဲမှုကော်မတီ ပြင်ဆင်ဖွဲ့စည်းခြင်း**

၁။ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၏ အကောင်အထည်ဖော်ဆောင်ရွက်နေသော လုပ်ငန်းများကို ညှိနှိုင်းပေါင်းစပ်ဆုံးဖြတ်သွားနိုင်ရေးအတွက် **သယံဇာတနှင့် သဘာဝ**

**ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲမှုကော်မတီ** ကို အောက်ဖော်ပြပါအတိုင်း ပြင်ဆင်ဖွဲ့စည်းလိုက်သည် -

| | | |
|---|---|---|
| (က) | ပြည်ထောင်စုဝန်ကြီး<br>သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (ခ) | ဒုတိယဝန်ကြီး<br>သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန | ဒုတိယဥက္ကဋ္ဌ |
| (ဂ) | ညွှန်ကြားရေးမှူးချုပ်<br>သစ်တောဦးစီးဌာန | အဖွဲ့ဝင် |
| (ဃ) | ဦးဆောင်ညွှန်ကြားရေးမှူး<br>မြန်မာ့သစ်လုပ်ငန်း | အဖွဲ့ဝင် |
| (င) | ညွှန်ကြားရေးမှူးချုပ်<br>အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန | အဖွဲ့ဝင် |
| (စ) | ညွှန်ကြားရေးမှူးချုပ်<br>ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန | အဖွဲ့ဝင် |
| (ဆ) | ညွှန်ကြားရေးမှူးချုပ်<br>မြေတိုင်းဦးစီးဌာန | အဖွဲ့ဝင် |
| (ဇ) | ပါမောက္ခချုပ်<br>သစ်တောနှင့် ပတ်ဝန်းကျင်ဆိုင်ရာတက္ကသိုလ် | အဖွဲ့ဝင် |
| (ဈ) | ညွှန်ကြားရေးမှူးချုပ်<br>သတ္တုတွင်းဦးစီးဌာန | အဖွဲ့ဝင် |
| (ည) | ညွှန်ကြားရေးမှူးချုပ်<br>ဘူမိဗေဒလေ့လာရေးနှင့် ဓာတ်သတ္တုရှာဖွေရေးဦးစီးဌာန | အဖွဲ့ဝင် |
| (ဋ) | ဦးဆောင်ညွှန်ကြားရေးမှူး<br>အမှတ် (၁) သတ္တုတွင်းလုပ်ငန်း | အဖွဲ့ဝင် |
| (ဌ) | ဦးဆောင်ညွှန်ကြားရေးမှူး<br>အမှတ် (၂) သတ္တုတွင်းလုပ်ငန်း | အဖွဲ့ဝင် |
| (ဍ) | ဦးဆောင်ညွှန်ကြားရေးမှူး<br>မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း | အဖွဲ့ဝင် |
| (ဎ) | ဦးဆောင်ညွှန်ကြားရေးမှူး<br>မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်း | အဖွဲ့ဝင် |
| (ဏ) | အမြဲတမ်းအတွင်းဝန် (သစ်တောရေးရာ)<br>သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန | အတွင်းရေးမှူး |
| (တ) | အမြဲတမ်းအတွင်းဝန် (သတ္တုရေးရာ)<br>သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန | အတွင်းရေးမှူး |
| (ထ) | ဒုတိယအမြဲတမ်းအတွင်းဝန် (သစ်တောရေးရာ)<br>သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန | တွဲဖက်အတွင်းရေးမှူး |
| (ဒ) | ဒုတိယအမြဲတမ်းအတွင်းဝန် (သတ္တုရေးရာ)<br>သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန | တွဲဖက်အတွင်းရေးမှူး |

၂။ ဤဝန်ကြီးဌာန စီမံခန့်ခွဲမှုကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

(က) နိုင်ငံတော်အကြီးအကဲများ၏ ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးတွင် ညွှန်ကြားချက်များ၊ နိုင်ငံတော်အဆင့် ဖွဲ့စည်းထားသည့် ဗဟိုကော်မတီ၊ ဦးစီးကော်မတီအသီးသီး၏ ညွှန်ကြားချက်များ၊ နိုင်ငံတော်အကြီးအကဲများ၏ ခရီးစဉ်များမှ ညွှန်ကြားချက်များအရ ဆောင်ရွက်ရမည့်လုပ်ငန်းများ၊ နိုင်ငံတော်အကြီးအကဲများမှ တာဝန်ပေးအပ်ထားသည့် အထူးစီမံကိန်းဆိုင်ရာလုပ်ငန်းများ၊ ဝန်ကြီးဌာန၏ ဥပဒေနှင့် မူဝါဒရေးရာကိစ္စရပ်များ၊ မမျှော်လင့်ထားသော သဘာဝဘေးအန္တရာယ်များ ကျရောက်ပါက မဖြစ်မနေဆောင်ရွက်ရမည့် လုပ်ငန်းရပ်များကို စနစ်တကျ ကြပ်မတ်ဆောင်ရွက်သွားရန်၊

(ခ) ဝန်ကြီးရုံး၊ ဦးစီးဌာန/လုပ်ငန်းများနှင့် တက္ကသိုလ်တို့၏ ဖွဲ့စည်းပုံတိုးချဲ့ခြင်း၊ ဝန်ထမ်းများ ခန့်အပ်ခြင်း၊ ရာထူးတိုးမြှင့်ခြင်း၊ ပြောင်းရွှေ့ခြင်း၊ နုတ်ထွက်ခြင်း၊ အပြစ်ပေးအရေးယူခြင်း စသည့် ကိစ္စရပ်များနှင့် သက်သာချောင်ချိရေးဆိုင်ရာလုပ်ငန်းများကို စနစ်တကျကြီးကြပ်ဆောင်ရွက်ရန်၊

(ဂ) နိုင်ငံတော်ဘဏ္ဍာငွေအရ/အသုံးများဆိုင်ရာလုပ်ငန်းများ၊ ရသုံးမှန်းခြေငွေစာရင်း ခွင့်ပြုချက်များ အရ အသုံးစရိတ်ကျခံရခြင်းများ၊ ဝန်ကြီးဌာနရန်ပုံငွေမှ သုံးစွဲဆောင်ရွက်ရမည့်လုပ်ငန်းများ၊ BE/ ဖြည့်စွက်ခွင့်ပြုတောင်းခံခြင်းနှင့်ပတ်သက်၍ လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်ရေးကြပ်မတ်ရန်၊

(ဃ) နိုင်ငံခြားတိုင်းပြည်နှင့် ဆက်သွယ်ဆောင်ရွက်ရသော ကိစ္စရပ်များ၊ နှစ်နိုင်ငံသဘောတူညီမှု လက်မှတ်ရေးထိုးရေးကိစ္စရပ်များ၊ နိုင်ငံခြားငွေသုံးစွဲမှုနှင့် အကျုံးဝင်သောကိစ္စရပ်များ၊ လေလံတင် ရောင်းချရေးကိစ္စရပ်များ၊ တင်ဒါခေါ်ယူဆောင်ရွက်ပြီးစီးမှုကိစ္စရပ်များကို ကော်မတီသို့ တင်ပြ စေ၍ ကော်မတီမှ ဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ စည်းမျဉ်းစည်းကမ်း၊ ညွှန်ကြားချက်များနှင့်အညီ ဆောင်ရွက်ရေးကြပ်မတ်ရန်၊

(င) တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့တို့မှ ညှိနှိုင်းလာသော ဒေသဖွံ့ဖြိုးရေးဆိုင်ရာ ကိစ္စရပ်များ၊ ဌာနပိုင်မြေနှင့် အဆောက်အဦများ ငှားရမ်းခြင်း၊ လုပ်ငန်းလုပ်ကိုင်ခွင့်ပြုခြင်းနှင့် အထွေထွေ ကိစ္စရပ်များ ဆွေးနွေးဆုံးဖြတ်သွားရန်။

၃။ ယခင်ထုတ်ပြန်ထားသည့် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၏ ၂၀၁၆ ခုနှစ်၊ ဧပြီလ ၂၈ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၀၅၂/၂၀၁၆) နှင့် ၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ ၃၁ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၂၀၀/၂၀၁၈) တို့အား ဤစာဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်သည်။

(ပုံ) အုန်းဝင်း၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန

## အမိန့်ကြော်ငြာစာ (၅၀၄/၂၀၁၈)

၁၃၈၀ ပြည့်နှစ်၊ တန်ဆောင်မုန်းလဆန်း ၇ ရက်
(၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ ၁၄ ရက်)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတရုံး၏ ၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ ၉ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် - ၈၄/၂၀၁၈ အရ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန၊ ရေအားလျှပ်စစ်အကောင် အထည်ဖော်ရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးချစ်တိုး အား ယင်းဦးစီးဌာနတွင် လစာနှုန်း (၅၅၀,၀၀၀/-) တန်း၊ ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ထမ်းဆောင်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

## အမိန့်ကြော်ငြာစာအမှတ် (၅၅၁/၂၀၁၈)

၁၃၈၀ ပြည့်နှစ်၊ နတ်တော်လဆန်း ၁၃ ရက်
(၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၂၀ ရက်)

လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန၊ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းတွင် ဦးဆောင်ညွှန်ကြားရေးမှူး အဖြစ် အစမ်းခန့်ထားခဲ့သော ဦးစောဝင်းမောင် အား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော် သမ္မတရုံး၏ ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၁၂ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၉၆/၂၀၁၈) အရ အစမ်းခန့် ကာလ (၁) နှစ် ပြည့်မြောက်သည့် ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၂၁ ရက်နေ့မှစ၍ လက်ရှိဌာနဦးပင် လစာနှုန်း (၅၅၀,၀၀၀) တန်း၊ ဦးဆောင်ညွှန်ကြားရေးမှူးအဖြစ် အတည်ပြုခန့်ထားလိုက်သည်။

ဝင်းခိုင်၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန

## (ဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် (၈၀၂/၂၀၁၈)

၁၃၈၀ ပြည့်နှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၈ ရက်
(၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ ၁ ရက်)

၁။ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ မကွေးတိုင်းဒေသကြီး ဦးစီးမှူးရုံးမှ (လဝက-၂၈၁၀) ညွှန်ကြားရေးမှူး ဦးအောင်ကျော်မြင့် သည် ၂၀၁၉ ခုနှစ်၊ ဧပြီလ ၈ ရက်နေ့တွင် အသက် (၆၀) နှစ်ပြည့်မည်ဖြစ်ပါ၍ ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၈ ရက်နေ့မှ ၂၀၁၉ ခုနှစ်၊ ဧပြီလ ၇ ရက်နေ့ထိ အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လကို ခံစားရမည်ဖြစ်ရာ ၎င်း၏ကြိုတင်ပြင်ဆင်ခွင့် (၄) လအား မူလအခြေခံနည်းဥပဒေအပိုဒ် - ၈၆ (က) (၁) ပါ ပြဋ္ဌာန်းချက်အရလည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ - ၂၂ အရလည်းကောင်း အများပြည်သူအကျိုးငှာ ငြင်းပယ်လိုက်သည်။

၂။ ညွှန်ကြားရေးမှူး ဦးအောင်ကျော်မြင့် အား ငြင်းပယ်ခဲ့သော အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လကို ၂၀၁၉ ခုနှစ်၊ ဧပြီလ ၈ ရက်နေ့ နံနက်ပိုင်းမှစ၍ ခံစားခွင့်ပြုပြီးနောက် ယင်းခွင့်ရက်များကုန်ဆုံးသည့် ၂၀၁၉ ခုနှစ်၊ ဩဂုတ်လ ၈ ရက်နေ့ နံနက်ပိုင်းမှစ၍ နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ-၅၆ (က) အရ ပြည်သူ့ဝန်ထမ်း အဖြစ်မှ သက်ပြည့်ပင်စင် ခံစားခွင့်ပြုလိုက်သည်။

## (ဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် (၈၅၆/၂၀၁၈)

၁၃၈၀ ပြည့်နှစ်၊ တန်ဆောင်မုန်းလဆန်း ၁၃ ရက်
(၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ ၂၀ ရက်)

၁။ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ပဲခူးတိုင်းဒေသကြီးဦးစီးမှူးရုံးမှ (လဝက-၂၇၇၆) ညွှန်ကြားရေးမှူး ဦးသိန်းဌေး သည် ၂၀၁၉ ခုနှစ်၊ မေလ ၂၄ ရက်နေ့တွင် အသက် (၆၀) နှစ် ပြည့်မည်ဖြစ်ပါ၍ ၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ ၂၄ ရက်နေ့မှ ၂၀၁၉ ခုနှစ်၊ မေလ ၂၃ ရက်နေ့အထိ အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လကို နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ - ၂၂ နှင့် နိုင်ငံ့ဝန်ထမ်း နည်းဥပဒေများ၊ နည်းဥပဒေ-၈၁ အရ ခံစားခွင့်ပြုလိုက်သည်။

၂။ ညွှန်ကြားရေးမှူး ဦးသိန်းဌေး သည် အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လကို ခံစားပြီးနောက် ယင်းခွင့်ရက်များကုန်ဆုံးသည့် ၂၀၁၉ ခုနှစ်၊ မေလ ၂၄ ရက်နေ့ နံနက်ပိုင်းမှစ၍ နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ-၅၆၊ ပုဒ်မခွဲ (က) နှင့် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေ - ၂၃၃၊ နည်းဥပဒေခွဲ (က) တို့အရ ပြည်သူ့ဝန်ထမ်းအဖြစ်မှ သက်ပြည့်ပင်စင် ခံစားခွင့်ပြုလိုက်သည်။

## (ဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် (၈၅၇/၂၀၁၈)

၁။ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ဝန်ကြီးရုံး၊ ဝန်ထမ်းရေးရာ မှတ်တမ်းဌာနမှ (လဝက-၂၇၀၉) ညွှန်ကြားရေးမှူး ဦးဝင်းနီဦး သည် ၂၀၁၉ ခုနှစ်၊ ဇွန်လ ၁၇ ရက်နေ့တွင် အသက် (၆၀) နှစ်ပြည့်မည်ဖြစ်ပါ၍ ၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၇ ရက်နေ့မှ ၂၀၁၉ ခုနှစ်၊ ဇွန်လ ၁၆ ရက်နေ့ အထိ အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လကို နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ-၂၂ နှင့် နိုင်ငံ့ဝန်ထမ်း နည်းဥပဒေများ၊ နည်းဥပဒေ-၈၁ အရ ခံစားခွင့်ပြုလိုက်သည်။

၂။ ညွှန်ကြားရေးမှူး ဦးဝင်းနီဦး သည် အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လကို ခံစားပြီးနောက် ယင်းခွင့်ရက်များကုန်ဆုံးသည့် ၂၀၁၉ ခုနှစ်၊ ဇွန်လ ၁၇ ရက်နေ့ နံနက်ပိုင်းမှစ၍ နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ-၅၆၊ ပုဒ်မခွဲ (က) နှင့် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေ-၂၃၃၊ နည်းဥပဒေခွဲ (က) တို့အရ ပြည်သူ့ဝန်ထမ်းအဖြစ်မှ သက်ပြည့်ပင်စင် ခံစားခွင့်ပြုလိုက်သည်။

## (ဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် (၁၈၀/၂၀၁၈)

နေပြည်တော်၊ ၁၃၈၀ ပြည့်နှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၅ ရက်
(၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ ၂၇ ရက်)

အလုပ်သမားရေးရာအငြင်းပွားမှုဖြေရှင်းရေးဥပဒေပုဒ်မ ၁၆ (က) အရ အလုပ်သမား၊ လူဝင်မှု ကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနသည် အလုပ်သမားရေးရာအငြင်းပွားမှုများ ဖြေရှင်းရန်အတွက် ၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၀ ရက်နေ့တွင် အမိန့်ကြော်ငြာစာအမှတ် (၂၅/၂၀၁၇) ဖြင့် ဖွဲ့စည်းခဲ့သည့် ကယားပြည်နယ် အငြင်းပွားမှုဖြေရှင်းရေး ခုံသမာဓိအဖွဲ့၏ အတွင်းရေးမှူး ဒေါ်အေးအေးသန်း **အစား** ဒေါ်ယဉ်မွန်အောင် အား အောက်ပါအတိုင်း အစားထိုးပြောင်းလဲဖွဲ့စည်း တာဝန်ပေးအပ်လိုက်သည် -

| **စဉ်** | **အမည်၊ ရာထူး၊ ဌာန** | **တာဝန်** |
|---|---|---|
| (က) | ဒေါ်ဒေါ်ရစ်ဦး<br>မြို့နယ်တရားသူကြီး (ငြိမ်း)<br>မြို့နယ်တရားရုံး၊ လွိုင်ကော်မြို့ | ဥက္ကဋ္ဌ |
| (ခ) | ဦးလောရင်းစိုး (ပိုင်ရှင်)<br>ဖြိုးသစ်ထွန်းသွပ်ပြားစက်ရုံ၊ လွိုင်ကော်မြို့ | အဖွဲ့ဝင် |
| (ဂ) | ဦးစိုင်းချစ်တင် (ပိုင်ရှင်)<br>ဝင်းဝင်းသစ်စက်၊ လွိုင်ကော်မြို့ | အဖွဲ့ဝင် |
| (ဃ) | ဦးငွေထွန်း (ပိုင်ရှင်)<br>ရွှေကန္တရဝတီရက်ကန်းစက်ရုံ၊ လွိုင်ကော်မြို့ | အဖွဲ့ဝင် |
| (င) | ဦးစောရှိုသ<br>ကြီးကြပ်ရေးမှူး<br>ဖြိုးသစ်ထွန်းသွပ်ပြားစက်ရုံ၊ လွိုင်ကော်မြို့ | အဖွဲ့ဝင် |

| စဉ် | အမည်၊ ရာထူး၊ ဌာန | တာဝန် |
|---|---|---|
| (စ) | ဦးစောအာဒေး<br>လုပ်သား၊ ခနတိုးပလတ်စတစ်စက်ရုံ<br>လှိုင်ကော်မြို့ | အဖွဲ့ဝင် |
| (ဆ) | ဦးကံမြင့်<br>ခွဲရုံကြီးကြပ်ရေးမှူး<br>စက်မှုဇုန်ဓာတ်အားခွဲရုံ၊ လှိုင်ကော်မြို့ | အဖွဲ့ဝင် |
| (ဇ) | ဦးကျော်ဝင်း<br>လက်ထောက်ညွှန်ကြားရေးမှူး<br>အလုပ်သမားညွှန်ကြားရေးဦးစီးဌာန<br>ကယားပြည်နယ်ရုံး၊ လှိုင်ကော်မြို့ | အဖွဲ့ဝင် |
| (ဈ) | ဦးခင်မောင်မြင့်<br>ဥက္ကဋ္ဌ၊ စက်မှုဇုန်စီမံခန့်ခွဲရေးကော်မတီ<br>လှိုင်ကော်မြို့ | အဖွဲ့ဝင် |
| (ည) | ဦးစောပလာထူး (ပိုင်ရှင်)<br>သန်းကျော်ဝင်းအုတ်လုပ်ငန်းနှင့် လျှာထိုးလုပ်ငန်း<br>လှိုင်ကော်မြို့ | အဖွဲ့ဝင် |
| (ဋ) | ဒေါ်ယဉ်မွန်အောင်<br>ဒုတိယညွှန်ကြားရေးမှူး<br>အလုပ်သမားရေးရာဆက်ဆံရေးဦးစီးဌာန<br>ကယားပြည်နယ်ရုံး၊ လှိုင်ကော်မြို့ | အတွင်းရေးမှူး |

## (ဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် (၁၈၄/၂၀၁၈)

နေပြည်တော်၊ ၁၃၈၀ ပြည့်နှစ်၊ နတ်တော်လဆန်း ၇ ရက်
(၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၁၄ ရက်)

အလုပ်သမားရေးရာအငြင်းပွားမှုဖြေရှင်းရေးဥပဒေပုဒ်မ ၁၆ (က) အရ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနသည် အလုပ်သမားရေးရာအငြင်းပွားမှုများ ဖြေရှင်းရန်အတွက် ၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလ ၁ ရက်နေ့တွင် အမိန့်ကြော်ငြာစာအမှတ် (၁၅၀/၂၀၁၆) ဖြင့် ဖွဲ့စည်းခဲ့သည့် မန္တလေးတိုင်းဒေသကြီး အငြင်းပွားမှုဖြေရှင်းရေး ခုံသမာဓိအဖွဲ့၏ အတွင်းရေးမှူး ဦးဦးကြွား **အစား** ဒေါ်လွင်လွင်မြင့် အား အောက်ပါအတိုင်း အစားထိုးပြောင်းလဲဖွဲ့စည်း တာဝန်ပေးအပ်လိုက်သည် -

| စဉ် | အမည်၊ ရာထူး၊ ဌာန | တာဝန် |
|---|---|---|
| (က) | ဦးတင်ထွန်း<br>တိုင်းဦးစီးအရာရှိ (ငြိမ်း)<br>အလုပ်ရုံနှင့် အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာန | ဥက္ကဋ္ဌ |
| (ခ) | ဦးရဲဝင်းအောင်<br>မန်နေးဂျင်းဒါရိုက်တာ၊ WGE Winding Service and Installaing Co.,Ltd၊ လျှပ်စစ်လုပ်ငန်း၊ ပြည်ကြီးတံခွန်မြို့နယ် | အဖွဲ့ဝင် |
| (ဂ) | ဦးဇော်ဇော်ဦး<br>ပိုင်ရှင်၊ ဦးအုန်းလှိုင်နှင့် သားများ တွင်/စက်မှုလက်မှုလုပ်ငန်း<br>ပြည်ကြီးတံခွန်မြို့နယ် | အဖွဲ့ဝင် |

| စဉ် | အမည်၊ ရာထူး၊ ဌာန | တာဝန် |
|---|---|---|
| (ဃ) | ဦးအောင် (ခ) ဦးထွန်းစန်းအောင်<br>Daily Essentials Co.,Ltd၊ စားသောက်ကုန်လုပ်ငန်း<br>အမရပူရမြို့နယ် | အဖွဲ့ဝင် |
| (င) | ဦးမောင်မောင်နိုင်<br>တံခွန် (အားမာန်) အခြေခံလယ်ယာလုပ်သားအဖွဲ့အစည်း<br>ပြင်ဦးလွင်မြို့နယ် | အဖွဲ့ဝင် |
| (စ) | ဦးတင်ဇော်ဦး<br>ကြီးကြပ်ရေးမှူး၊ ကျားခေါင်းဘိလပ်မြေစက်ရုံ<br>ကျောက်ဆည်မြို့နယ် | အဖွဲ့ဝင် |
| (ဆ) | ဦးဇော်နိုင်<br>ဆရာ/ဆရာမများ အခြေခံအလုပ်သမားအဖွဲ့အစည်း<br>ရတနာပုံတက္ကသိုလ်၊ အမရပူရမြို့နယ် | အဖွဲ့ဝင် |
| (ဇ) | ဦးကျော်ကျော်ထွန်း<br>ဒုတိယညွှန်ကြားရေးမှူး၊ တိုင်းဒေသကြီးသမဝါယမဦးစီးဌာန | အဖွဲ့ဝင် |
| (ဈ) | ဦးမော်ထွန်း<br>ဒုတိယညွှန်ကြားရေးမှူး (ငြိမ်း)၊ မန္တလေးခရိုင်ဥပဒေရုံး | အဖွဲ့ဝင် |
| (ည) | ဦးအောင်ရွှေ<br>ဒုတိယညွှန်ကြားရေးမှူး (ငြိမ်း)၊ မန္တလေးခရိုင်ဥပဒေရုံး | အဖွဲ့ဝင် |
| (ဋ) | ဒေါ်လွင်လွင်မြင့်<br>ဒုတိယညွှန်ကြားရေးမှူး၊ မန္တလေးတိုင်းဒေသကြီး<br>အလုပ်သမားရေးရာဆက်ဆံရေးဦးစီးဌာန | အတွင်းရေးမှူး |

## (ဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် (၁၈၅/၂၀၁၈)

အလုပ်သမားရေးရာအငြင်းပွားမှုဖြေရှင်းရေးဥပဒေပုဒ်မ ၁၆ (က) အရ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနသည် အလုပ်သမားရေးရာအငြင်းပွားမှုများ ဖြေရှင်းရန်အတွက် ၂၀၁၇ ခုနှစ်၊ ဩဂုတ်လ ၁၄ ရက်နေ့တွင် အမိန့်ကြော်ငြာစာအမှတ် (၁၂၂/၂၀၁၇) ဖြင့် ဖွဲ့စည်းခဲ့သည့် မကွေးတိုင်းဒေသကြီး အငြင်းပွားမှုဖြေရှင်းရေး ခုံသမာဓိအဖွဲ့၏ အဖွဲ့ဝင် ညွှန်ကြားရေးမှူး ဒေါ်မို့မို့သွင် **အစား** လက်ထောက်ညွှန်ကြားရေးမှူး ဦးကိုကိုလင်း အားလည်းကောင်း၊ ခုံသမာဓိအဖွဲ့၏ အတွင်းရေးမှူး လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်သန်းသန်းထွန်း **အစား** ဒုတိယညွှန်ကြားရေးမှူး ဒေါ်နုနုဆွေ အားလည်းကောင်း အောက်ပါအတိုင်း အစားထိုးပြောင်းလဲဖွဲ့စည်း တာဝန်ပေးအပ်လိုက်သည် -

| စဉ် | အမည်၊ ရာထူး၊ ဌာန | တာဝန် |
|---|---|---|
| (က) | ဦးမျိုးချစ်<br>တရားလွှတ်တော်ရှေ့နေ<br>မြင်သာရပ်ကွက်၊ မကွေးမြို့ | ဥက္ကဋ္ဌ |
| (ခ) | ဒေါ်အိအိခိုင်<br>ဒုတိယစက်ရုံမှူး၊ မကွေးအချိုရည်နှင့် ရေခဲစက်ရုံ<br>စက်မှုဝန်ကြီးဌာန | အဖွဲ့ဝင် |

| စဉ် | အမည်၊ ရာထူး၊ ဌာန | တာဝန် |
|---|---|---|
| (ဂ) | ဒေါ်မြင့်မြင့်သိန်း<br>ဒုတိယညွှန်ကြားရေးမှူး<br>စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန<br>အသေးစားနှင့် အလတ်စားလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးဌာန | အဖွဲ့ဝင် |
| (ဃ) | ဦးဖိုးနီ<br>ဆန်ကုန်သည်၊ ကုန်သည်ကြီးများအသင်း၊ မကွေးမြို့ | အဖွဲ့ဝင် |
| (င) | ဦးဇင်မင်းထက်<br>ထုတ်လုပ်ရေး Gold Petrol<br>အခြေခံအလုပ်သမားအဖွဲ့အစည်း၊ ရေနံချောင်းမြို့ | အဖွဲ့ဝင် |
| (စ) | ဦးဇော်ဝင်းနိုင် (ခ) ဦးမြမောင်း<br>တောင်သူ/စိုက်ပျိုးရေး၊ ကမ်းရင်ကျေးရွာအုပ်စု<br>အခြေခံအလုပ်သမားအဖွဲ့အစည်း၊ မကွေးမြို့ | အဖွဲ့ဝင် |
| (ဆ) | ဦးကြည်မောင်<br>တောင်သူ/စိုက်ပျိုးရေး၊ မဟာရေလည်ညီးစု<br>တောင်သူလယ်သမားစိုက်ပျိုးရေး<br>အခြေခံအလုပ်သမားအဖွဲ့အစည်း၊ ချောက်မြို့ | အဖွဲ့ဝင် |
| (ဇ) | ဦးကိုကိုလင်း<br>လက်ထောက်ညွှန်ကြားရေးမှူး<br>အလုပ်သမားညွှန်ကြားရေးဦးစီးဌာန | အဖွဲ့ဝင် |
| (ဈ) | ဦးစိန်အေးမောင်<br>ဆန်ကုန်သည်၊ ကုန်သည်ကြီးများအသင်း<br>မကွေးမြို့ | အဖွဲ့ဝင် |
| (ည) | ဦးကျော်မြင့်<br>ရဲမှူး (ငြိမ်း)၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့<br>မကွေးမြို့ | အဖွဲ့ဝင် |
| (ဋ) | ဒေါ်နုနုဆွေ<br>ဒုတိယညွှန်ကြားရေးမှူး<br>အလုပ်သမားရေးရာဆက်ဆံရေးဦးစီးဌာန | အတွင်းရေးမှူး |

## (ဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် (၁၈၆/၂၀၁၈)

အလုပ်သမားရေးရာအငြင်းပွားမှုဖြေရှင်းရေးဥပဒေပုဒ်မ ၁၆ (က) အရ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနသည် အလုပ်သမားရေးရာအငြင်းပွားမှုများ ဖြေရှင်းရန်အတွက် ၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလ ၁ ရက်နေ့တွင် အမိန့်ကြော်ငြာစာအမှတ် (၁၄၈/၂၀၁၆) ဖြင့် ဖွဲ့စည်းခဲ့သည့် တနင်္သာရီတိုင်းဒေသကြီး အငြင်းပွားမှုဖြေရှင်းရေး ခုံသမာဓိအဖွဲ့၏ အတွင်းရေးမှူး ဦးမောင်မောင်အုန်း **အစား** ဒေါ်သန့်သန့် အား အောက်ပါအတိုင်း အစားထိုးပြောင်းလဲဖွဲ့စည်း တာဝန်ပေးအပ်လိုက်သည် -

| စဉ် | အမည်၊ ရာထူး၊ ဌာန | တာဝန် |
|---|---|---|
| (က) | ဦးထွန်းကြည်<br>ဒုတိယညွှန်ကြားရေးမှူး (ငြိမ်း)<br>အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | ဥက္ကဋ္ဌ |

| စဉ် | အမည်၊ ရာထူး၊ ဌာန | တာဝန် |
|---|---|---|
| (ခ) | ဦးညီညီနိုင် (ခ) ဦးစစ်ဟန်အော<br>ပိုင်ရှင်၊ သီဟိုဆန်လုပ်ငန်း<br>ထားဝယ်မြို့ | အဖွဲ့ဝင် |
| (ဂ) | ဦးအောင်အောင်မျိုး<br>မန်နေဂျာ၊ ထူးထူးတိုးကုမ္ပဏီ၊ မြိတ်မြို့ | အဖွဲ့ဝင် |
| (ဃ) | ဦးကျော်ကျော်ဦး<br>အရောင်းအဝယ်၊ ဘုတ်ပြင်းမြို့ | အဖွဲ့ဝင် |
| (င) | ဦးကြည်ရှိန်<br>ငွေကိုင်၊ မြို့နယ်ကုန်တင်ကုန်ချကော်မတီရုံး<br>ထားဝယ်မြို့ | အဖွဲ့ဝင် |
| (စ) | ဒေါ်သန်းသန်းမြတ်<br>အလုပ်သမားခေါင်းဆောင်၊ အဆောင်ကောင်းကုမ္ပဏီ<br>မြိတ်မြို့ | အဖွဲ့ဝင် |
| (ဆ) | ဦးဝဏ္ဏထွန်း<br>မီတာဖတ်စာရေး၊ သန်းဖြိုးသူကုမ္ပဏီ၊ ကော့သောင်းမြို့ | အဖွဲ့ဝင် |
| (ဇ) | ဦးမင်းအောင်<br>ဒုတိယညွှန်ကြားရေးမှူး၊ တနင်္သာရီတိုင်းဒေသကြီး<br>အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ထားဝယ်မြို့ | အဖွဲ့ဝင် |
| (စျ) | ဦးမျိုးအောင်<br>ပိုင်ရှင်၊ ဥယျာဉ်ခြံလုပ်ငန်း၊ ထားဝယ်မြို့ | အဖွဲ့ဝင် |
| (ည) | ဦးစိုးရီ<br>ပညာရေးဝန်ထမ်း (ငြိမ်း)၊ မြိတ်မြို့ | အဖွဲ့ဝင် |
| (ဋ) | ဒေါ်သန့်သန့်<br>ဒုတိယညွှန်ကြားရေးမှူး<br>အလုပ်သမားရေးရာဆက်ဆံရေးဦးစီးဌာန<br>တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်မြို့ | အတွင်းရေးမှူး |

## (ဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် (၁၈၇/၂၀၁၈)

အလုပ်သမားရေးရာအငြင်းပွားမှုဖြေရှင်းရေးဥပဒေပုဒ်မ ၁၆ (က) အရ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနသည် အလုပ်သမားရေးရာအငြင်းပွားမှုများ ဖြေရှင်းရန်အတွက် ၂၀၁၇ ခုနှစ်၊ မတ်လ ၂၄ ရက်နေ့တွင် အမိန့်ကြော်ငြာစာအမှတ် (၄၅/၂၀၁၇) ဖြင့် ဖွဲ့စည်းခဲ့သည့် စစ်ကိုင်းတိုင်းဒေသကြီး အငြင်းပွားမှုဖြေရှင်းရေး ခုံသမာဓိအဖွဲ့၏ အတွင်းရေးမှူး ဒေါ်ယဉ်မွန်အောင် **အစား** ဦးဦးကြွား အား အောက်ပါအတိုင်း အစားထိုးပြောင်းလဲဖွဲ့စည်း တာဝန်ပေးအပ်လိုက်သည် -

| စဉ် | အမည်၊ ရာထူး၊ ဌာန | တာဝန် |
|---|---|---|
| (က) | ဦးတင်ဖေ<br>တရားလွှတ်တော်ရှေ့နေ၊ မုံရွာမြို့ | ဥက္ကဋ္ဌ |

| စဉ် | အမည်၊ ရာထူး၊ ဌာန | တာဝန် |
|---|---|---|
| (ခ) | ဦးအုန်းလွင်မြင့်<br>အထွေထွေမန်နေဂျာ၊ မြန်မာယန်စီကုမ္ပဏီ<br>ဆားလင်းကြီးမြို့ | အဖွဲ့ဝင် |
| (ဂ) | ဦးခင်မောင်ညို<br>ပိုင်ရှင်၊ ဆင်ဖြူတော်ဂွမ်းဖတ်စက်နှင့် စောင်လုပ်ငန်း<br>မုံရွာမြို့ | အဖွဲ့ဝင် |
| (ဃ) | ဦးမောင်မောင်မြင့်လွင်<br>သစ်စာရင်းတာဝန်ခံ၊ Jewellery Lucky Production Co.,Ltd<br>မုံရွာမြို့ | အဖွဲ့ဝင် |
| (င) | ဦးအောင်မင်း<br>သိုလှောင်ရုံမှူး<br>အေးငြိမ်းသီတာဆေးဝါးထုတ်လုပ်ရေးစက်ရုံ၊ မုံရွာမြို့ | အဖွဲ့ဝင် |
| (စ) | ဦးအောင်ဝင်း<br>ကြီးကြပ်ရေးမှူး၊ မြို့နယ်ကုန်တင်ကုန်ချကော်မတီရုံး၊ မုံရွာမြို့ | အဖွဲ့ဝင် |
| (ဆ) | ဦးသိန်းစိုး<br>ကြီးကြပ်ရေးမှူး၊ Jewellery Lucky Production Co.,Ltd<br>မုံရွာမြို့ | အဖွဲ့ဝင် |
| (ဇ) | ဒေါ်မာလာ<br>ဒုတိယညွှန်ကြားရေးမှူး၊ စစ်ကိုင်းတိုင်းဒေသကြီးဥပဒေချုပ်ရုံး<br>မုံရွာမြို့ | အဖွဲ့ဝင် |
| (ဈ) | ဦးမျိုးမြင့်<br>အောင်ဆုမွန်ထီဆိုင်နှင့် နန်းထိုက်ရတနာဟိုတယ်<br>မုံရွာမြို့ | အဖွဲ့ဝင် |
| (ည) | ဦးရန်မျိုးအောင်<br>မျိုးဇော်ထွန်းဆီဆိုင်၊ မုံရွာမြို့ | အဖွဲ့ဝင် |
| (ဋ) | ဦးဦးကြွား<br>ဒုတိယညွှန်ကြားရေးမှူး<br>အလုပ်သမားရေးရာဆက်ဆံရေးဦးစီးဌာန<br>စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့ | အတွင်းရေးမှူး |

## (ဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် (၁၉၄/၂၀၁၈)

နေပြည်တော်၊ ၁၃၈၀ ပြည့်နှစ်၊ နတ်တော်လဆန်း ၁၄ ရက်
(၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၂၁ ရက်)

အလုပ်သမားရေးရာအငြင်းပွားမှုဖြေရှင်းရေးဥပဒေပုဒ်မ ၁၆ (က) အရ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနသည် အလုပ်သမားရေးရာအငြင်းပွားမှုများ ဖြေရှင်းရန်အတွက် ၂၀၁၇ ခုနှစ်၊ ဩဂုတ်လ ၂၅ ရက်နေ့တွင် အမိန့်ကြော်ငြာစာအမှတ် (၁၃၂/၂၀၁၇) ဖြင့် ဖွဲ့စည်းခဲ့သည့်

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော် အငြင်းပွားမှုဖြေရှင်းရေး ခုံသမာဓိအဖွဲ့၏ အတွင်းရေးမှူး ဒေါ်ခင်စောသီ **အစား** ဒေါ်တင်လင်းစိုး အား အောက်ပါအတိုင်း အစားထိုးပြောင်းလဲဖွဲ့စည်း တာဝန်ပေးအပ်လိုက်သည် -

| **စဉ်** | **အမည်၊ ရာထူး၊ ဌာန** | **တာဝန်** |
|---|---|---|
| (က) | ဦးမိုးဟိန်း<br>မြို့နယ်ဥပဒေအရာရှိ (ငြိမ်း) | ဥက္ကဋ္ဌ |
| (ခ) | ဦးသိန်းထွေး<br>အမှုဆောင်ဒါရိုက်တာ<br>ရွှေပြည်တော်ဟိုတယ်၊ သိန်းကုမ္ပဏီ | အဖွဲ့ဝင် |
| (ဂ) | ဦးအေးကြွယ်<br>မန်နေဂျာ<br>KTM သောက်ရေသန့် | အဖွဲ့ဝင် |
| (ဃ) | ဦးအောင်မျိုးထွန်း<br>ပိုင်ရှင်<br>မြင့်မြတ်သောက်ရေသန့် | အဖွဲ့ဝင် |
| (င) | ဒေါ်မြမြမွန်<br>Supervisor<br>ရွှေသပြေပရိဘောဂလုပ်ငန်း | အဖွဲ့ဝင် |
| (စ) | ဒေါ်စန္ဒာအောင်<br>အလုပ်ရုံစိတ်မှူး<br>ပျဉ်းမနားသကြားစက် | အဖွဲ့ဝင် |
| (ဆ) | ဒေါ်မြတ်သက်နွယ်<br>Supervisor<br>Mapco Limited | အဖွဲ့ဝင် |
| (ဇ) | ဦးဟိန်းဇော်<br>ညွှန်ကြားရေးမှူး<br>စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန | အဖွဲ့ဝင် |
| (ဈ) | ဦးအောင်ဇော်ဦး<br>လက်ထောက်ညွှန်ကြားရေးမှူး (ငြိမ်း)<br>အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ည) | ဦးခင်မောင်အေး<br>ဒုတိယဌာနမှူး (ငြိမ်း)<br>လူမှုဖူလုံရေးအဖွဲ့ | အဖွဲ့ဝင် |
| (ဋ) | ဒေါ်တင်လင်းစိုး<br>လက်ထောက်ညွှန်ကြားရေးမှူး<br>အလုပ်သမားရေးရာဆက်ဆံရေးဦးစီးဌာန | အတွင်းရေးမှူး |

ဦးသိန်းဆွေ၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

# စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

## (ဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် ၅၆/၂၀၁၈

၁၃၈၀ ပြည့်နှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၁၂ ရက်

(၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၄ ရက်)

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးသူရေးရာဦးစီးဌာနမှ အောက်ပါ ဒုတိယညွှန်ကြားရေးမှူး (၂) ဦးအား ၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ ၂၆ ရက်နေ့မှစ၍ ညွှန်ကြားရေးမှူး၊ လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀) ရာထူးသို့ တိုးမြှင့်ခန့်ထားလိုက်သည် -

(က) ဦးဟန်ဝင်းကျော် ၁၂/ဗတထ (နိုင်) ၀၁၄၄၇၃

(ခ) ဦးစိုးအောင် ၇/ပမန (နိုင်) ၁၁၃၉၆၃

## (ဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် ၅၇/၂၀၁၈

၁၃၈၀ ပြည့်နှစ်၊ နတ်တော်လဆန်း ၁၄ ရက်

(၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၂၁ ရက်)

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသည် ပို့ကုန်သွင်းကုန်ဥပဒေပုဒ်မ ၁၃၊ ပုဒ်မခွဲ (ခ) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ ဤအမိန့်ကြော်ငြာစာကို ထုတ်ပြန်လိုက်သည်။

### နိုင်ငံခြားကုမ္ပဏီများ၊ အစိုးရမဟုတ်သော ပြည်ပအဖွဲ့အစည်းများနှင့် နိုင်ငံခြားကုမ္ပဏီများ၏ ရုံးခွဲများအား ရုံးလုပ်ငန်းသုံးပစ္စည်းများ၊ ဝန်ဆောင်မှုလုပ်ငန်းများနှင့် ဆက်နွှယ်နေသော ပစ္စည်းများ တင်သွင်းခွင့်ပြုခြင်း

၁။ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံခြားကုမ္ပဏီများ၊ အစိုးရမဟုတ်သော ပြည်ပအဖွဲ့အစည်းများနှင့် နိုင်ငံခြားကုမ္ပဏီများ၏ ရုံးခွဲများအနေဖြင့် လုပ်ငန်းများဆောင်ရွက်ရာတွင် အထောက်အကူပြုနိုင်စေရန်အတွက် ၎င်းတို့၏ ရုံးလုပ်ငန်းသုံးပစ္စည်းများ၊ ဝန်ဆောင်မှုလုပ်ငန်းများနှင့် ဆက်နွှယ်နေသောပစ္စည်းများအား ဤအမိန့်ကြော်ငြာစာထုတ်ပြန်သည့်နေ့မှစ၍ ပြည်ပမှ တင်သွင်းခွင့် ပြုလိုက်သည်။

၂။ နိုင်ငံခြားကုမ္ပဏီများ၊ အစိုးရမဟုတ်သော ပြည်ပအဖွဲ့အစည်းများနှင့် နိုင်ငံခြားကုမ္ပဏီများ၏ ရုံးခွဲများအနေဖြင့် ပြည်ပမှတင်သွင်းရာတွင် အောက်ပါသတ်မှတ်ချက်များနှင့်အညီ လိုက်နာဆောင်ရွက်သွားရန်ဖြစ်သည်-

(က) ကုမ္ပဏီများ၊ ရုံးခွဲများအနေဖြင့် ပို့ကုန်သွင်းကုန်လုပ်ငန်းရှင်မှတ်ပုံတင်အားလည်းကောင်း၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများအနေဖြင့် တင်ပို့တင်သွင်းခွင့်များပြုလုပ်နိုင်ရန် ခွင့်ပြုပေးသော မှတ်ပုံတင်နံပါတ်အားလည်းကောင်း လုပ်ထုံးလုပ်နည်းနှင့်အညီ လျှောက်ထားရန်၊

(ခ) ရုံးလုပ်ငန်းသုံးပစ္စည်းများကိုသာ တင်သွင်းရန်၊

(ဂ) ဝန်ဆောင်မှုလုပ်ငန်းဖြစ်ပါက ဝန်ဆောင်မှုလုပ်ငန်းများနှင့် ဆက်စပ်ပစ္စည်းများကိုသာ တင်သွင်းရန်၊

(ဃ) တင်သွင်းသည့်ပစ္စည်းများအား ပြန်လည်ရောင်းချခြင်းမပြုရန်၊

(င) တင်သွင်းရာတွင် ကုန်ပစ္စည်းအလိုက် သက်ဆိုင်ရာဌာနများ၏ သတ်မှတ်လုပ်ထုံးလုပ်နည်းနှင့်အညီ လိုက်နာဆောင်ရွက်ရန်၊

(စ) ရုံးလုပ်ငန်း သို့မဟုတ် ဝန်ဆောင်မှုလုပ်ငန်းအမျိုးအစားအလိုက် အသုံးပြုမှုဖော်ပြချက်နှင့်တကွ အမှန်တကယ်အသုံးပြုရန်လိုအပ်သော ရုံးလုပ်ငန်းသုံးပစ္စည်း သို့မဟုတ် ဝန်ဆောင်မှုလုပ်ငန်းများနှင့် ဆက်နွှယ်နေသောပစ္စည်းများသာဖြစ်ကြောင်း ခံဝန်ကတိဖြင့် တင်ပြရန်။

၃။ နိုင်ငံခြားကုမ္ပဏီများ၊ အစိုးရမဟုတ်သော ပြည်ပအဖွဲ့အစည်းများနှင့် နိုင်ငံခြားကုမ္ပဏီများ၏ ရုံးခွဲများအနေဖြင့် တင်သွင်းလာသည့်ပစ္စည်းများအား ခံဝန်ကတိပါအတိုင်း အမှန်တကယ်အသုံးပြုခြင်းမရှိဘဲ တစ်ဆင့်ပြန်လည်ရောင်းချကြောင်း စိစစ်တွေ့ရှိရပါက ပို့ကုန်သွင်းကုန်လုပ်ငန်းရှင်မှတ်ပုံတင်လက်မှတ်သို့မဟုတ် မှတ်ပုံတင်နံပါတ်အား ရပ်ဆိုင်းသွားမည်ဖြစ်ပြီး ထပ်မံတင်သွင်းမှုလျှောက်ထားခြင်းကို ငြင်းပယ်သွားမည်ဖြစ်သည်။

၄။ နိုင်ငံခြားကုမ္ပဏီများ၊ အစိုးရမဟုတ်သော ပြည်ပအဖွဲ့အစည်းများနှင့် နိုင်ငံခြားကုမ္ပဏီများ၏ ရုံးခွဲများအနေဖြင့် လုပ်ငန်းများဆောင်ရွက်ရာတွင် အထောက်အကူပြုနိုင်စေရန်အတွက် ၎င်းတို့၏ ရုံးလုပ်ငန်းသုံးပစ္စည်းများ၊ ဝန်ဆောင်မှုလုပ်ငန်းများနှင့် ဆက်နွယ်နေသောပစ္စည်းများအား ပြည်ပမှ တင်သွင်းခွင့်ဆိုင်ရာသတ်မှတ်ချက်များကို လိုအပ်သလို ပြင်ဆင်သတ်မှတ်ထုတ်ပြန်သွားမည်ဖြစ်သည်။

(ပုံ) ဒေါက်တာသန်းမြင့်၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## ပညာရေးဝန်ကြီးဌာန

## (ဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် (၃၇၈/၂၀၁၈)

၁၃၈၀ ပြည့်နှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၇ ရက်
(၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ ၃၁ ရက်)

၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ ၂၇ ရက်နေ့တွင် ကျင်းပပြုလုပ်သော ပညာရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၂၁/၂၀၁၈) အစီအစဉ် (၁၃) ၌ သဘောတူညီချက်အရ အဆင့်မြင့်ပညာဦးစီးဌာန၊ စစ်တွေတက္ကသိုလ်၊ သတ္တဗေဒဌာနမှ ပါမောက္ခ (ဌာနမှူး) ဒေါက်တာစန်းစန်းဝင်းအား နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ အခန်း (၂၁)၊ အပိုဒ် ၂၃၃ (ခ) အရ ၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ ၁ ရက်နေ့ နံနက်ပိုင်းမှစ၍ နှစ်ပြည့်ပင်စင် ခံစားခွင့်ပြုလိုက်သည်။

## (ဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် (၃၇၉/၂၀၁၈)

၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ ၂၇ ရက်နေ့တွင် ကျင်းပပြုလုပ်သော ပညာရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၂၁/၂၀၁၈) အစီအစဉ် (၁၁) ၌ သဘောတူညီချက်အရ အဆင့်မြင့်ပညာဦးစီးဌာန၊ ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်၊ ဒဿနိကဗေဒဌာနမှ ပါမောက္ခ (ဌာနမှူး) ဒေါက်တာဦးရဲလွင် အား ၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ ၇ ရက်နေ့မှစ၍ ကြိုတင်ပြင်ဆင်ခွင့် (၄) လကို ခံစားခွင့်ပြုပြီး ခွင့်ရက်များကုန်ဆုံးမည့် ၂၀၁၉ ခုနှစ်၊ မတ်လ ၇ ရက်နေ့ နံနက်ပိုင်းမှစ၍ သက်ပြည့်အငြိမ်းစား ယူခွင့်ပြုလိုက်သည်။

## (ဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် (၃၈၀/၂၀၁၈)

၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ ၂၇ ရက်နေ့တွင် ကျင်းပပြုလုပ်သော ပညာရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၂၁/၂၀၁၈) အစီအစဉ် (၁၀) ၌ သဘောတူညီချက်အရ အဆင့်မြင့်ပညာဦးစီးဌာန၊ တောင်ငူတက္ကသိုလ်၊ ရူပဗေဒဌာနမှ ပါမောက္ခ (ဌာနမှူး) ဒေါက်တာမြတ်ထွန်းအား ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၃ ရက်နေ့မှစ၍ ကြိုတင်ပြင်ဆင်ခွင့် (၄) လကို ခံစားခွင့်ပြုပြီး ခွင့်ရက်များကုန်ဆုံးမည့် ၂၀၁၉ ခုနှစ်၊ ဧပြီလ ၃ ရက်နေ့ နံနက်ပိုင်းမှစ၍ သက်ပြည့်အငြိမ်းစား ယူခွင့်ပြုလိုက်သည်။

## (ဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် (၁၈၃/၂၀၁၈)

၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ ၂၇ ရက်နေ့တွင် ကျင်းပပြုလုပ်သော ပညာရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေး ကော်မတီ အစည်းအဝေးအမှတ်စဉ် (၂၂/၂၀၁၈) အစီအစဉ် (၇) ၌ သဘောတူညီချက်အရ အဆင့်မြင့်ပညာ ဦးစီးဌာန၊ ကျောက်ဆည်တက္ကသိုလ်၊ ဓာတုဗေဒဌာနမှ ပါမောက္ခ (ဌာနမှူး) ဒေါက်တာသန်းသန်းအေး အား ၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်နေ့မှစ၍ ကြိုတင်ပြင်ဆင်ခွင့် (၄) လကို ခံစားခွင့်ပြုပြီး ခွင့်ရက်များကုန်ဆုံးမည့် ၂၀၁၉ ခုနှစ်၊ မေလ ၁ ရက်နေ့ နံနက်ပိုင်းမှစ၍ သက်ပြည့်အငြိမ်းစား ယူခွင့်ပြုလိုက်သည်။

## (ဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် (၁၈၄/၂၀၁၈)

၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ ၂၇ ရက်နေ့တွင် ကျင်းပပြုလုပ်သော ပညာရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေး ကော်မတီ အစည်းအဝေးအမှတ်စဉ် (၂၂/၂၀၁၈) အစီအစဉ် (၆) ၌ သဘောတူညီချက်အရ အဆင့်မြင့်ပညာ ဦးစီးဌာန၊ မန္တလေးအဝေးသင်တက္ကသိုလ်၊ အင်္ဂလိပ်စာဌာနမှ ပါမောက္ခ (ဌာနမှူး) ဒေါ်နီနီလှိုင် အား ၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ ၂၄ ရက်နေ့မှစ၍ ကြိုတင်ပြင်ဆင်ခွင့် (၄) လကို ခံစားခွင့်ပြုပြီး ခွင့်ရက်များ ကုန်ဆုံးမည့် ၂၀၁၉ ခုနှစ်၊ မတ်လ ၂၄ ရက်နေ့ နံနက်ပိုင်းမှစ၍ သက်ပြည့်အငြိမ်းစား ယူခွင့်ပြုလိုက်သည်။

## (ဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် (၁၈၅/၂၀၁၈)

၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ ၂၇ ရက်နေ့တွင် ကျင်းပပြုလုပ်သော ပညာရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေး ကော်မတီ အစည်းအဝေးအမှတ်စဉ် (၂၂/၂၀၁၈) အစီအစဉ် (၅) ၌ သဘောတူညီချက်အရ အဆင့်မြင့်ပညာ ဦးစီးဌာန၊ ဟသ်ာတတက္ကသိုလ်၊ သတ္တဗေဒဌာနမှ ပါမောက္ခ (ဌာနမှူး) ဒေါက်တာအေးအေးတင် (ခ) စာဖောလေး အား ၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ ၈ ရက်နေ့မှစ၍ ကြိုတင်ပြင်ဆင်ခွင့် (၄) လကို ခံစားခွင့်ပြုပြီး ခွင့်ရက်များကုန်ဆုံးမည့် ၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလ ၈ ရက်နေ့ နံနက်ပိုင်းမှစ၍ သက်ပြည့်အငြိမ်းစား ယူခွင့်ပြုလိုက်သည်။

## (ဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် (၅၇၅/၂၀၁၈)

၁၃၈၀ ပြည့်နှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၈ ရက်
(၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ ၃၀ ရက်)

၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ ၂၉ ရက်နေ့တွင် ကျင်းပပြုလုပ်သော ပညာရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေး ကော်မတီ အစည်းအဝေးအမှတ်စဉ် (၂၃/၂၀၁၈) စားပွဲတင်အစီအစဉ် (၁၂) ၌ သဘောတူညီချက်အရ နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာနရှိ အစိုးရစက်မှုလက်မှုသိပ္ပံ (ဂန့်ဂေါ) မှ ဒုတိယ ကျောင်းအုပ်ကြီးရာထူးကို ရယူ၍ လေ့လာဆန်းစစ်အကဲဖြတ်ရေးအဖွဲ့ (သုတေသန) တွင် ညွှန်ကြားရေးမှူး တာဝန် ပူးတွဲထမ်းဆောင်စေခဲ့သော ဒုတိယညွှန်ကြားရေးမှူး၊ လစာနှုန်း (၃၄၁,၀၀၀-၄,၀၀၀-၃၆၁,၀၀၀) ဦးသက်လေးဦး အား နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာနရှိ အစိုးရစက်မှုလက်မှုသိပ္ပံ (ဂန့်ဂေါ) မှ ဒုတိယကျောင်းအုပ်ကြီးရာထူးကို ရယူ၍ လေ့လာဆန်းစစ်အကဲဖြတ်ရေးအဖွဲ့ (သုတေသန) တွင် ညွှန်ကြားရေးမှူး၊ လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀) အဖြစ် ၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ ၂၉ ရက်နေ့မှ စ၍ တိုးမြှင့်ခန့်ထားလိုက်သည်။

ဒေါက်တာမျိုးသိမ်းကြီး၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
ပညာရေးဝန်ကြီးဌာန။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန**

၁၃၈၀ ပြည့်နှစ်၊ တန်ဆောင်မုန်းလဆန်း ၂ ရက်

(၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ ၉ ရက်)

အမှတ် ၈၅ ။ ။ ၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ ၁ ရက်နေ့တွင်ကျင်းပသော ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ ညှိနှိုင်းအစည်းအဝေးအမှတ်စဉ် (၁၆/၂၀၁၈) ဆုံးဖြတ်ချက်အရ အောက်ဖော်ပြပါ ဒုတိယညွှန်ကြားရေးမှူး၊ လစာနှုန်း (၃၄၁,၀၀၀-၄,၀၀၀-၃၆၁,၀၀၀) အား အမည်နှင့်ယှဉ်တွဲပါ ညွှန်ကြားရေးမှူး၊ လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀) သို့ အလုပ်စတင်ဝင်ရောက်သည့်နေ့မှစ၍ ရာထူးတိုးမြှင့် ခန့်ထားလိုက်သည် -

| စဉ် | ဆမ | အမည်၊ ရာထူး၊ ဌာန | တိုးမြှင့်ခန့်ထားသည့် ရာထူး၊ ဌာန |
|---|---|---|---|
| ၁။ | ၁၄၄၉၁ | ဒေါက်တာစိုးနိုင်<br>Dip.Med.Sc (HA)<br>ဒုတိယညွှန်ကြားရေးမှူး<br>ဗဟိုဆေးသိုလှောင်ရေးဌာန<br>မန္တလေးမြို့ | ညွှန်ကြားရေးမှူး<br>ဖြန့်ဖြူးရေးဌာနခွဲ<br>ကုသရေးဦးစီးဌာန<br>နေပြည်တော် |

မှတ်ချက် ။ ရာထူးတိုးမြှင့်ခြင်းခံရသည့် ညွှန်ကြားရေးမှူးသည် အမိန့်ကြော်ငြာစာထွက်ပြီး (၂၁) ရက်အတွင်း အလုပ်တာဝန်များ လွှဲပြောင်း/လက်ခံပြီး ပြောင်းရွှေ့စေရန်နှင့် ကုသရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်ထံ သွားရောက်တွေ့ဆုံရန်ဖြစ်သည်။

အမှတ် ၈၆ ။ ။ ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန၊ သွားဘက်ဆိုင်ရာဆေးတက္ကသိုလ် (မန္တလေး) မှ ပါမောက္ခချုပ် ပါမောက္ခဒေါက်တာဆန်းဆန်းဝင်း (သခ-၅၆၂) ၏ အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လခံစားခွင့်ပြုပါရန် လျှောက်ထားခြင်းအား နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ ၂၂ နှင့် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၊ နည်းဥပဒေ ၈၁ တို့အရ အများပြည်သူအကျိုးငှာ ငြင်းပယ်လိုက်သည်။

ထိုသို့ ငြင်းပယ်ခဲ့သည့် ကြိုတင်ပြင်ဆင်ခွင့် (၄) လကို အသက် (၆၀) နှစ်ပြည့်သည့် ၂၀၁၉ ခုနှစ်၊ မေလ ၅ ရက်နေ့မှ စတင်ခံစားခွင့်ပြုပြီး ယင်းခွင့်ရက်များကုန်ဆုံးသည့် ၂၀၁၉ ခုနှစ်၊ စက်တင်ဘာလ ၅ ရက်နေ့မှစ၍ နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ ၅၆၊ ပုဒ်မခွဲ (က) နှင့် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၊ နည်းဥပဒေ ၂၃၃၊ နည်းဥပဒေခွဲ (က) တို့အရ သက်ပြည့်အငြိမ်းစား ယူခွင့်ပြုလိုက်သည်။

၁၃၈၀ ပြည့်နှစ်၊ တန်ဆောင်မုန်းလဆန်း ၉ ရက်

(၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ ၁၆ ရက်)

အမှတ် ၈၇ ။ ။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ သဘောတူညီချက်အရ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ရောဂါနှိမ်နင်းရေးဌာနခွဲ၊ တီဘီရောဂါတိုက်ဖျက်ရေးဌာနစိတ်မှ ဒုတိယညွှန်ကြားရေးမှူး၊ လစာနှုန်း (၃၄၁,၀၀၀-၄,၀၀၀-၃၆၁,၀၀၀) ဒေါက်တာစည်သူအောင် (ဆမ-၁၄၇၇၆) Dip.Med.Sc (TB&Chest), M.Med.Sc (PH) အား ဤအမိန့်စာထုတ်ပြန်သည့်နေ့မှစ၍ ညွှန်ကြားရေးမှူး (ရောဂါနှိမ်နင်းရေး)၊ လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀) ရာထူးသို့ တိုးမြှင့်ခန့်ထားလိုက်သည်။

၁၃၈၀ ပြည့်နှစ်၊ တန်ဆောင်မုန်းလဆန်း ၁၂ ရက်

(၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ ၁၉ ရက်)

အမှတ် ၈၈ ။ ။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ ၃၀ ရက်စွဲပါ စာအမှတ်၊ ၃ မက (ဂ) ၂၀၁၈/၁၈၁၄၄ နှင့် ၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ ၁၇ ရက်နေ့တွင် ကျင်းပပြုလုပ်သော ပြည်ထောင်စုရာထူးဝန်အဖွဲ့ အစည်းအဝေးအမှတ်စဉ် (၂၀/၂၀၁၈) ၏ သဘောတူညီချက်

အရ တိုင်းရင်းဆေးပညာဦးစီးဌာနမှ အောက်ဖော်ပြပါ ဒုတိယတိုင်းရင်းဆေးမှူး၊ လစာနှုန်း (၂၃၄,၀၀၀-၂,၀၀၀-၂၄၄,၀၀၀) များအား ယှဉ်တွဲပါ တိုင်းရင်းဆေးမှူး၊ လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) ရာထူး/ဌာနများသို့ အလုပ်စတင် ဝင်ရောက်သည့်နေ့မှစ၍ ရာထူးတိုးမြှင့် ခန့်ထားလိုက်သည်-

| **စဉ်** | **အမည်၊ ရာထူး၊ ဌာန** | **တိုးမြှင့်ခန့်ထားသည့် ရာထူး၊ ဌာန** |
|---|---|---|
| ၁။ | ဒေါ်စံပယ် (တဆ-၄၂၉၃)<br>ဒုတိယတိုင်းရင်းဆေးမှူး<br>(၂၅) ခုတင်ဆံ့တိုင်းရင်းဆေးရုံ<br>ကျောက်ဆည်မြို့<br>မန္တလေးတိုင်းဒေသကြီး | ဒုတိယဆေးရုံအုပ်<br>(၁၆) ခုတင်ဆံ့တိုင်းရင်းဆေးရုံ<br>မိုးကောင်းမြို့<br>ကချင်ပြည်နယ် |
| ၂။ | ဒေါ်ဇာဇာဝင်း (တဆ-၅၇၅၈)<br>ဒုတိယတိုင်းရင်းဆေးမှူး<br>(၂၅) ခုတင်ဆံ့တိုင်းရင်းဆေးရုံ<br>ပခုက္ကူမြို့၊ မကွေးတိုင်းဒေသကြီး | ဒုတိယဆေးရုံအုပ်<br>(၁၆) ခုတင်ဆံ့တိုင်းရင်းဆေးရုံ<br>မန်စီမြို့<br>ကချင်ပြည်နယ် |
| ၃။ | ဒေါ်အေးအေး (တဆ-၃၅၉၀)<br>ဒုတိယတိုင်းရင်းဆေးမှူး<br>ပခုက္ကူခရိုင်ဦးစီးဌာနမှူးရုံး<br>မကွေးတိုင်းဒေသကြီး | ဒုတိယဆေးရုံအုပ်<br>(၂၅) ခုတင်ဆံ့တိုင်းရင်းဆေးရုံ<br>ရွှေဘိုမြို့<br>စစ်ကိုင်းတိုင်းဒေသကြီး |
| ၄။ | ဒေါ်ယဉ်ယဉ်အေး (တဆ-၅၆၃၈)<br>ဒုတိယတိုင်းရင်းဆေးမှူး<br>ကြို့ပင်ကောက်မြို့နယ်တိုင်းရင်းဆေးကုဌာန<br>ပဲခူးတိုင်းဒေသကြီး | ဒုတိယဆေးရုံအုပ်<br>(၂၅) ခုတင်ဆံ့တိုင်းရင်းဆေးရုံ<br>မြိတ်မြို့<br>တနင်္သာရီတိုင်းဒေသကြီး |
| ၅။ | ဒေါ်ခိုင်ဝါဝါအောင် (တဆ-၅၇၈၆)<br>ဒုတိယတိုင်းရင်းဆေးမှူး<br>ခုတင် (၅၀) ဆံ့တိုင်းရင်းဆေးရုံ<br>မကွေးမြို့၊ မကွေးတိုင်းဒေသကြီး | ဒုတိယဆေးရုံအုပ်<br>(၂၅) ခုတင်ဆံ့တိုင်းရင်းဆေးရုံ<br>ပြည်မြို့<br>ပဲခူးတိုင်းဒေသကြီး |
| ၆။ | ဒေါ်နီနီအေး (တဆ-၅၇၅၆)<br>ဒုတိယတိုင်းရင်းဆေးမှူး<br>အမ်းမြို့နယ်တိုင်းရင်းဆေးကုဌာန<br>ရခိုင်ပြည်နယ် | ဦးစီးအရာရှိ<br>တိုင်းဒေသကြီးဦးစီးဌာနမှူးရုံး<br>ပဲခူးမြို့<br>ပဲခူးတိုင်းဒေသကြီး |
| ၇။ | ဒေါ်ဖြိုးဖြိုးသီဂီအောင် (တဆ-၅၇၅၀)<br>ဒုတိယတိုင်းရင်းဆေးမှူး<br>ပုလဲမြို့နယ်တိုင်းရင်းဆေးကုဌာန<br>စစ်ကိုင်းတိုင်းဒေသကြီး | ဒုတိယဆေးရုံအုပ်<br>(၂၅) ခုတင်ဆံ့တိုင်းရင်းဆေးရုံ<br>ကျောက်ဆည်မြို့<br>မန္တလေးတိုင်းဒေသကြီး |
| ၈။ | ဒေါ်ဆွေဇင်အိ (တဆ-၅၆၃၅)<br>ဒုတိယတိုင်းရင်းဆေးမှူး<br>(၂၅) ခုတင်ဆံ့တိုင်းရင်းဆေးရုံ<br>ပခုက္ကူမြို့၊ မကွေးတိုင်းဒေသကြီး | ဒုတိယဆေးရုံအုပ်<br>(၂၅) ခုတင်ဆံ့တိုင်းရင်းဆေးရုံ<br>သထုံမြို့<br>မွန်ပြည်နယ် |
| ၉။ | ဒေါ်ဇင်မျိုးယု (တဆ-၃၅၆၅)<br>ဒုတိယတိုင်းရင်းဆေးမှူး<br>မလှိုင်မြို့နယ်တိုင်းရင်းဆေးကုဌာန<br>မန္တလေးတိုင်းဒေသကြီး | တိုင်းရင်းဆေးမှူး<br>ခုတင် (၁၀၀) ဆံ့တိုင်းရင်းဆေးရုံ<br>ရန်ကုန်မြို့<br>ရန်ကုန်တိုင်းဒေသကြီး |

| စဉ် | အမည်၊ ရာထူး၊ ဌာန | တိုးမြှင့်ခန့်ထားသည့် ရာထူး၊ ဌာန |
|---|---|---|
| ၁၀။ | ဒေါ်နန်းနွယ်ဝင်း (တဆ-၅၇၄၉)<br>ဒုတိယတိုင်းရင်းဆေးမှူး<br>ခုတင် (၅၀) ဆံ့တိုင်းရင်းဆေးရုံ<br>အေးသာယာ၊ တောင်ကြီးမြို့၊ ရှမ်းပြည်နယ် | ဒုတိယဆေးရုံအုပ်<br>(၁၆) ခုတင်ဆံ့တိုင်းရင်းဆေးရုံ<br>ကျေးသီးမြို့<br>ရှမ်းပြည်နယ် |
| ၁၁။ | ဒေါ်ရည်မွန်အောင် (တဆ-၅၆၉၃)<br>ဒုတိယတိုင်းရင်းဆေးမှူး<br>အရှေ့ပိုင်းခရိုင်တိုင်းရင်းဆေးကုဌာန<br>ရန်ကုန်တိုင်းဒေသကြီး<br>ဆေးဝါးဌာနစိတ် (တွဲ) | ဦးစီးအရာရှိ<br>တိုင်းဒေသကြီးဦးစီးဌာနမှူးရုံး<br>ပြည်ထောင်စုနယ်မြေ<br>နေပြည်တော် |
| ၁၂။ | ဒေါ်သင်းသင်းအေး (တဆ-၅၇၀၄)<br>ဒုတိယတိုင်းရင်းဆေးမှူး<br>ခုတင် (၅၀) ဆံ့တိုင်းရင်းဆေးရုံ<br>မုံရွာမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး | ဦးစီးအရာရှိ<br>လွိုင်လင်ခရိုင်ဦးစီးဌာနမှူးရုံး<br>ရှမ်းပြည်နယ် |

မှတ်ချက် ။ ရာထူးတိုးမြှင့်ခြင်းခံရသည့် အရာထမ်းများသည် အမိန့်စာထွက်ပြီး သတ်မှတ်ရက်အတွင်း အလုပ်တာဝန်များ လွှဲပြောင်းလက်ခံပြီး ပြောင်းရွှေ့စေရန်နှင့် တိုင်းရင်းဆေးပညာဦးစီးဌာန၊ ခေတ္တညွှန်ကြားရေးမှူးချုပ်ထံ သွားရောက်တွေ့ဆုံရန်ဖြစ်သည်။

၁၃၈၀ ပြည့်နှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၁ ရက်
(၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ ၂၃ ရက်)

အမှတ် ၈၉ ။ ။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ ၁၄ ရက်စွဲပါ စာအမှတ်၊ ၅မက (ခ) ၂၀၁၈/၁၉၀၃၇ ဖြင့် ခွင့်ပြုချက်အရ ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန၊ ဆေးတက္ကသိုလ် (၁) ရန်ကုန်၊ နား၊ နှာခေါင်း၊ လည်ချောင်း၊ ဦးခေါင်းနှင့် လည်ပင်းခွဲစိတ်ကုပညာဌာနမှ ပါမောက္ခဒေါက်တာခင်လှလှ (ဆမ-၉၉၀၁) အား အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လကို ၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ ၂၇ ရက်နေ့ နံနက်ပိုင်းမှစ၍ ခံစားခွင့်ပြုပြီး ယင်းခွင့်ရက်များကုန်ဆုံးသည့် ၂၀၁၉ ခုနှစ်၊ မေလ ၂၇ ရက်နေ့ နံနက်ပိုင်းမှစ၍ နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ ၅၆၊ ပုဒ်မခွဲ (က) နှင့် နိုင်ငံ့ဝန်ထမ်း နည်းဥပဒေများ၊ နည်းဥပဒေ ၂၃၃၊ နည်းဥပဒေခွဲ (က) တို့အရ သက်ပြည့်အငြိမ်းစား ခံစားခွင့်ပြုလိုက်သည်။

၁၃၈၀ ပြည့်နှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၄ ရက်
(၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ ၂၆ ရက်)

အမှတ် ၉၀ ။ ။ ၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ ၁ ရက်နေ့တွင် ကျင်းပသော ကျန်းမာရေးနှင့် အားကစား ဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ ညှိနှိုင်းအစည်းအဝေးအမှတ်စဉ် (၁၆/၂၀၁၈) ဆုံးဖြတ်ချက်အရ အောက်ဖော်ပြပါ အထူးကုဆရာဝန်ကြီး (ကင်ဆာရောဂါဓာတ်ရောင်ခြည်)၊ လစာနှုန်း (၃၄၁,၀၀၀-၄,၀၀၀-၃၆၁,၀၀၀) အား အမည်နှင့်ယှဉ်တွဲပါ ပါမောက္ခ (ကင်ဆာရောဂါဓာတ်ရောင်ခြည်)၊ လစာနှုန်း (၄၁၈,၀၀၀-၄,၀၀၀-၄၃၈,၀၀၀) သို့ အလုပ်စတင်ဝင်ရောက်သည့်နေ့မှစ၍ ရာထူးတိုးမြှင့် ခန့်ထားလိုက်သည် -

| စဉ် | ဆမ | အမည်၊ ရာထူး၊ ဌာန | တိုးမြှင့်ခန့်ထားသည့် ရာထူး၊ ဌာန |
|---|---|---|---|
| ၁။ | ၁၁၆၅၃ | ဒေါက်တာအေးအေးမြင့်<br>M.Med.Sc (Radiation Onco;)<br>အထူးကုဆရာဝန်ကြီး/တွဲဖက်ပါမောက္ခ<br>(ကင်ဆာရောဂါဓာတ်ရောင်ခြည်)<br>မန္တလေးပြည်သူ့ဆေးရုံကြီး | ပါမောက္ခ<br>(ကင်ဆာရောဂါဓာတ်ရောင်ခြည်)<br>မန္တလေးပြည်သူ့ဆေးရုံကြီး |

မှတ်ချက် ။ ရာထူးတိုးမြှင့်ခြင်းခံရသည့် ပါမောက္ခ (ကင်ဆာရောဂါဓာတ်ရောင်ခြည်) သည် အမိန့်ကြော်ငြာစာ ထွက်ပြီး သတ်မှတ်ရက်အတွင်း အလုပ်တာဝန်များ လွှဲပြောင်း/လက်ခံပြီး ပြောင်းရွှေ့စေရန်နှင့် ကုသရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်ထံ သွားရောက်တွေ့ဆုံရန်ဖြစ်သည်။

အမှတ် ၉၁ ။ ။ ၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ ၁ ရက်နေ့တွင် ကျင်းပသော ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ ညှိနှိုင်းအစည်းအဝေးအမှတ်စဉ် (၁၆/၂၀၁၈) ဆုံးဖြတ်ချက်အရ အောက်ဖော်ပြပါ အထူးကုဆရာဝန်ကြီး (မျက်စိ)၊ လစာနှုန်း (၃၄၁,၀၀၀-၄,၀၀၀-၃၆၁,၀၀၀) များအား အမည်နှင့်ယှဉ်တွဲပါ ပါမောက္ခ (မျက်စိ)၊ လစာနှုန်း (၄၁၈,၀၀၀-၄,၀၀၀-၄၃၈,၀၀၀) သို့ အလုပ်စတင်ဝင်ရောက်သည့်နေ့မှစ၍ ရာထူးတိုးမြှင့် ခန့်ထားလိုက်သည် -

| စဉ် | ဆမ | အမည်၊ ရာထူး၊ ဌာန | တိုးမြှင့်ခန့်ထားသည့် ရာထူး၊ ဌာန |
|---|---|---|---|
| ၁။ | ၁၁၄၂၆ | ဒေါက်တာကေသီ<br>M.Med.Sc (Ophth;)<br>MRCS (Ophth;)<br>FRCS (Ophth;)<br>အထူးကုဆရာဝန်ကြီး/<br>တွဲဖက်ပါမောက္ခ (မျက်စိ)<br>မျက်စိရောဂါအထူးကုဆေးရုံကြီး<br>ရန်ကုန်မြို့ | ပါမောက္ခ (မျက်စိ)<br>မျက်စိ၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ<br>အထူးကုဆေးရုံကြီး<br>ပြည်ထောင်စုနယ်မြေ၊ နေပြည်တော် |
| ၂။ | ၁၁၇၉၆ | ဒေါက်တာခင်အုန်းမြင့်<br>M.Med.Sc (Ophth;)<br>FRCS (Ophth;)<br>MRCS (Ophth;)<br>အထူးကုဆရာဝန်ကြီး/<br>တွဲဖက်ပါမောက္ခ (မျက်စိ)<br>မျက်စိရောဂါအထူးကုဆေးရုံကြီး<br>ရန်ကုန်မြို့ | ပါမောက္ခ (မျက်စိ)<br>ခုတင် (၂၀၀) ဆံ့သင်ကြားရေးဆေးရုံကြီး<br>မကွေးမြို့<br>မကွေးတိုင်းဒေသကြီး |
| ၃။ | ၁၃၀၂၈ | ဒေါက်တာခိုင်မြတ်စု<br>Dip.Med.Sc (Ophth;)<br>M.Med.Sc (Ophth;)<br>MRCS (Ophth;)<br>FRCS (Ophth;)<br>Dr.Med.Sc (Ophth;)<br>တွဲဖက်ပါမောက္ခ<br>မျက်စိရောဂါပညာဌာန<br>ဆေးတက္ကသိုလ် (၁) ရန်ကုန် | ပါမောက္ခ (မျက်စိ)<br>မျက်စိရောဂါအထူးကုဆေးရုံကြီး<br>ရန်ကုန်မြို့ |

မှတ်ချက် ။ ရာထူးတိုးမြှင့်ခြင်းခံရသည့် ပါမောက္ခ (မျက်စိ) များသည် အမိန့်ကြော်ငြာစာထွက်ပြီး သတ်မှတ်ရက်အတွင်း အလုပ်တာဝန်များ လွှဲပြောင်း/လက်ခံပြီး ပြောင်းရွှေ့စေရန်နှင့် ကုသရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်ထံ သွားရောက်တွေ့ဆုံရန်ဖြစ်သည်။

အမှတ် ၉၂ ။ ။ ၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ ၁ ရက်နေ့တွင် ကျင်းပပြုလုပ်သော ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ ညှိနှိုင်းအစည်းအဝေးအမှတ်စဉ် (၁၆/၂၀၁၈) ၏ သဘောတူဆုံးဖြတ်ချက်အရ ကုသရေးဦးစီးဌာနမှ လွှဲပြောင်းပေးပို့သော အောက်ဖော်ပြပါ အထူးကုဆရာဝန်ကြီး/တွဲဖက်ပါမောက္ခ (စိတ်)၊ လစာနှုန်း (၃၄၁,၀၀၀-၄,၀၀၀-၃၆၁,၀၀၀) အား အလုပ်တာဝန်များ စတင်ထမ်းဆောင်သည့်နေ့မှစ၍ အမည်နှင့် ယှဉ်တွဲဖော်ပြပါအတိုင်း ပါမောက္ခ၊ လစာနှုန်း (၄၁၈,၀၀၀-၄,၀၀၀-၄၃၈,၀၀၀) အဖြစ် ရာထူးတိုးမြှင့် ပြောင်းရွှေ့ခန့်ထားလိုက်သည် -

| ဆမ | အမည်၊ ပညာ၊ ရာထူး၊ ဌာန | တိုးမြှင့်ပြောင်းရွှေ့ခန့်ထားသည့်ရာထူး၊ ဌာန၊ တက္ကသိုလ် |
|---|---|---|
| ၁၄၅၂၂ | ဒေါက်တာနွယ်နီ<br>M.Med.Sc (Mental Health)<br>အထူးကုဆရာဝန်ကြီး/တွဲဖက်ပါမောက္ခ (စိတ်)<br>စိတ်ကျန်းမာရေးဆေးရုံကြီး၊ မန္တလေးမြို့ | ပါမောက္ခ<br>စိတ်ကျန်းမာပညာဌာန<br>ဆေးတက္ကသိုလ် (မကွေး) |

မှတ်ချက်။ ရာထူးတိုးမြှင့်ပြောင်းရွှေ့ခန့်ထားခြင်းခံရသည့် ပါမောက္ခသည် ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်နှင့် သက်ဆိုင်ရာဌာနအကြီးအကဲထံ တွေ့ဆုံသတင်းပို့ရန်နှင့် တိုးမြှင့်ပြောင်းရွှေ့တာဝန်ချထားသည့် အမိန့်ကြော်ငြာစာထွက်ပြီး သတ်မှတ်ရက်အတွင်း **(သတ်မှတ်ရက်အတွင်း)** အလုပ်တာဝန်များ လွှဲပြောင်းလက်ခံပြီး ပြောင်းရွှေ့စေရန်ဖြစ်သည်။

အမှတ် ၉၃ ။ ။ ၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ ၁ ရက်နေ့တွင် ကျင်းပသော ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ ညှိနှိုင်းအစည်းအဝေးအမှတ်စဉ် (၁၆/၂၀၁၈) ဆုံးဖြတ်ချက်အရ အောက်ဖော်ပြပါ အထူးကုဆရာဝန်ကြီး (မေ့ဆေး)၊ လစာနှုန်း (၃၄၁,၀၀၀-၄,၀၀၀-၃၆၁,၀၀၀) များအား အမည်နှင့်ယှဉ်တွဲပါ ပါမောက္ခ (မေ့ဆေး)၊ လစာနှုန်း (၄၁၈,၀၀၀-၄,၀၀၀-၄၃၈,၀၀၀) သို့ အလုပ်စတင်ဝင်ရောက်သည့်နေ့မှစ၍ ရာထူးတိုးမြှင့် ခန့်ထားလိုက်သည် -

| စဉ် | ဆမ | အမည်၊ ရာထူး၊ ဌာန | တိုးမြှင့်ခန့်ထားသည့် ရာထူး၊ ဌာန |
|---|---|---|---|
| ၁။ | ၁၄၁၈၇ | ဒေါက်တာမြစိုး<br>M.Med.Sc (Anaes;)<br>Dr.Med.Sc (Anaes;)<br>အထူးကုဆရာဝန်ကြီး/တွဲဖက်ပါမောက္ခ (မေ့ဆေး)<br>ကလေးဆေးရုံကြီး၊ ရန်ကုန်မြို့ | ပါမောက္ခ (မေ့ဆေး)<br>ရန်ကုန်ပြည်သူ့ဆေးရုံကြီး |
| ၂။ | ၁၄၉၁၁ | ဒေါက်တာမင်းမင်းထွန်း<br>Dip.Med.Sc (Anaes;)<br>M.Med.Sc (Anaes;)<br>Dr.Med.Sc (Aanes;)<br>အထူးကုဆရာဝန်ကြီး/တွဲဖက်ပါမောက္ခ (မေ့ဆေး)<br>မျက်နှာ၊ မေးရိုး၊ ခံတွင်းနှင့်ပြုပြင်မှုဆိုင်ရာ ခွဲစိတ်ကုဌာန<br>မန္တလေးပြည်သူ့ဆေးရုံကြီး | ပါမောက္ခ (မေ့ဆေး)<br>မန္တလေးပြည်သူ့ဆေးရုံကြီး |
| ၃။ | ၁၁၈၆၈ | ဒေါက်တာအေးကို<br>M.Med.Sc (Anaes;)<br>အထူးကုဆရာဝန်ကြီး/တွဲဖက်ပါမောက္ခ (မေ့ဆေး)<br>ခုတင် (၂၀၀) ဆံ့သင်ကြားရေး ဆေးရုံကြီး၊ မကွေးမြို့<br>မကွေးတိုင်းဒေသကြီး | ပါမောက္ခ (မေ့ဆေး)<br>ခုတင် (၂၀၀) ဆံ့သင်ကြားရေးဆေးရုံကြီး<br>မကွေးမြို့<br>မကွေးတိုင်းဒေသကြီး |
| ၄။ | ၁၁၇၈၄ | ဒေါက်တာနုနုမေ<br>Dip.Med.Sc (Anaes;)<br>M.Med.Sc (Anaes;)<br>အထူးကုဆရာဝန်ကြီး (မေ့ဆေး)<br>နေပြည်တော်ပြည်သူ့ဆေးရုံကြီး<br>(ခုတင်-၁၀၀၀) | ပါမောက္ခ (မေ့ဆေး)<br>နေပြည်တော်ပြည်သူ့ဆေးရုံကြီး<br>(ခုတင်-၁၀၀၀) |

မှတ်ချက် ။ ရာထူးတိုးမြှင့်ခြင်းခံရသည့် ပါမောက္ခ (မေ့ဆေး) များသည် အမိန့်ကြော်ငြာစာထွက်ပြီး သတ်မှတ်ရက်အတွင်း အလုပ်တာဝန်များ လွှဲပြောင်း/လက်ခံပြီး ပြောင်းရွှေ့စေရန်နှင့် ကုသရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်ထံ သွားရောက်တွေ့ဆုံရန်ဖြစ်သည်။

အမှတ် ၉၄ ။ ။ ၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ ၁ ရက်နေ့တွင် ကျင်းပသော ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ ညှိနှိုင်းအစည်းအဝေးအမှတ်စဉ် (၁၆/၂၀၁၈) ဆုံးဖြတ်ချက်အရ အောက်ဖော်ပြပါ အထူးကုဆရာဝန်ကြီး (ရောဂါဗေဒ)၊ လစာနှုန်း (၃၄၁,၀၀၀-၄,၀၀၀-၃၆၁,၀၀၀) များအား အမည်နှင့်ယှဉ်တွဲပါ ပါမောက္ခ (ရောဂါဗေဒ)၊ လစာနှုန်း (၄၁၈,၀၀၀-၄,၀၀၀-၄၃၈,၀၀၀) သို့ အလုပ်စတင်ဝင်ရောက်သည့်နေ့မှစ၍ ရာထူးတိုးမြှင့် ခန့်ထားလိုက်သည် -

| စဉ် | ဆမ | အမည်၊ ရာထူး၊ ဌာန | တိုးမြှင့်ခန့်ထားသည့် ရာထူး၊ ဌာန |
|---|---|---|---|
| ၁။ | ၁၂၅၁၃ | ဒေါက်တာမြင့်မြင့်သန်း<br>M.Med.Sc (Patho;)<br>Ph.D (Patho;)<br>အထူးကုဆရာဝန်ကြီး/တွဲဖက်ပါမောက္ခ<br>(ရောဂါဗေဒ)<br>ကလေးဆေးရုံကြီး<br>ရန်ကုန်မြို့ | ပါမောက္ခ (ရောဂါဗေဒ)<br>မြောက်ဥက္ကလာပပြည်သူ့ဆေးရုံကြီး<br>ရန်ကုန်မြို့ |
| ၂။ | ၁၅၃၇၂ | ဒေါက်တာမျိုးသက်တင်<br>M.Med.Sc (Patho;)<br>Ph.D (Patho;)<br>Dip.Med.Ed<br>အထူးကုဆရာဝန်ကြီး/တွဲဖက်ပါမောက္ခ<br>(ရောဂါဗေဒ)<br>ခုတင် (၅၀၀) ဆံ့အထူးကုဆေးရုံကြီး<br>ရန်ကုန်မြို့ | ပါမောက္ခ (ရောဂါဗေဒ)<br>နေပြည်တော်ပြည်သူ့ဆေးရုံကြီး<br>(ခုတင်-၁၀၀၀) |

မှတ်ချက် ။ ရာထူးတိုးမြှင့်ခြင်းခံရသည့် ပါမောက္ခ (ရောဂါဗေဒ) များသည် အမိန့်ကြော်ငြာစာထွက်ပြီး သတ်မှတ်ရက်အတွင်း အလုပ်တာဝန်များ လွှဲပြောင်း/လက်ခံပြီး ပြောင်းရွှေ့စေရန်နှင့် ကုသရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်ထံ သွားရောက်တွေ့ဆုံရန်ဖြစ်သည်။

အမှတ် ၉၅ ။ ။ ၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ ၁ ရက်နေ့တွင် ကျင်းပပြုလုပ်သော ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန စီမံခန့်ခွဲရေးကော်မတီ ညှိနှိုင်းအစည်းအဝေးအမှတ်စဉ် (၁၆/၂၀၁၈) ၏ သဘောတူဆုံးဖြတ်ချက်အရ ရောဂါဗေဒဌာနမှ အောက်ဖော်ပြပါ တွဲဖက်ပါမောက္ခ၊ လစာနှုန်း (၃၄၁,၀၀၀-၄,၀၀၀-၃၆၁,၀၀၀) အား အလုပ်တာဝန်များ စတင်ထမ်းဆောင်သည့်နေ့မှစ၍ အမည်နှင့်ယှဉ်တွဲဖော်ပြပါအတိုင်း ပါမောက္ခ/ဌာနမှူး၊ လစာနှုန်း (၄၁၈,၀၀၀-၄,၀၀၀-၄၃၈,၀၀၀) အဖြစ် ရာထူးတိုးမြှင့် ပြောင်းရွှေ့ခန့်ထားလိုက်သည် -

| စဉ် | ဆမ | အမည်၊ ပညာ၊ ရာထူး၊ ဌာန၊ တက္ကသိုလ် | တိုးမြှင့်ပြောင်းရွှေ့ခန့်ထားသည့် ရာထူး၊ ဌာန၊ တက္ကသိုလ် |
|---|---|---|---|
| ၁။ | ၁၃၄၆၁ | ဒေါက်တာညီမိမိသောင်<br>M.Med.Sc (Pathology)<br>Ph.D (Pathology)<br>Dip.Med.Ed<br>တွဲဖက်ပါမောက္ခ<br>ရောဂါဗေဒဌာန<br>ဆေးတက္ကသိုလ် (၂) ရန်ကုန် | ပါမောက္ခ/ဌာနမှူး<br>ရောဂါဗေဒဌာန<br>ဆေးတက္ကသိုလ် (မကွေး) |

မှတ်ချက်။ ရာထူးတိုးမြှင့် ပြောင်းရွှေ့ခန့်ထားခြင်းခံရသည့် ပါမောက္ခ/ဌာနမှူးသည် ကျန်းမာရေးလူ့စွမ်းအား အရင်းအမြစ်ဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်နှင့် သက်ဆိုင်ရာဌာနအကြီးအကဲထံ တွေ့ဆုံသတင်းပို့ရန်နှင့် တိုးမြှင့်

ပြောင်းရွှေ့တာဝန်ချထားသည့် အမိန့်ကြော်ငြာစာထွက်ပြီး သတ်မှတ်ရက်အတွင်း **(သတ်မှတ်ရက်အတွင်း)** အလုပ်တာဝန်များ လွှဲပြောင်းလက်ခံပြီး ပြောင်းရွှေ့စေရန်ဖြစ်သည်။

အမှတ် ၉၆ ။ ။ ၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ ၁ ရက်နေ့တွင် ကျင်းပပြုလုပ်သော ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန စီမံခန့်ခွဲရေးကော်မတီ ညှိနှိုင်းအစည်းအဝေးအမှတ်စဉ် (၁၆/၂၀၁၈) ၏ သဘောတူဆုံးဖြတ်ချက်အရ ရောဂါဗေဒဌာနမှ အောက်ဖော်ပြပါ တွဲဖက်ပါမောက္ခ၊ လစာနှုန်း (၃၄၁,၀၀၀-၄,၀၀၀-၃၆၁,၀၀၀) အား အလုပ်တာဝန်များ စတင်ထမ်းဆောင်သည့်နေ့မှစ၍ အမည်နှင့်ယှဉ်တွဲဖော်ပြပါအတိုင်း ပါမောက္ခ၊ လစာနှုန်း (၄၁၈,၀၀၀-၄,၀၀၀-၄၃၈,၀၀၀) အဖြစ် ရာထူးတိုးမြှင့် ခန့်ထားလိုက်သည် -

| စဉ် | ဆမ | အမည်၊ ပညာ၊ ရာထူး၊ ဌာန၊ တက္ကသိုလ် | တိုးမြှင့်ခန့်ထားသည့် ရာထူး၊ ဌာန၊ တက္ကသိုလ် |
|---|---|---|---|
| ၁။ | ၁၄၈၄၇ | ဒေါက်တာမြတ်သင်းနွယ်<br>M.Med.Sc (Pathology)<br>Ph.D (Pathology)<br>တွဲဖက်ပါမောက္ခ<br>ရောဂါဗေဒဌာန<br>ဆေးတက္ကသိုလ် (၂) ရန်ကုန် | ပါမောက္ခ<br>ရောဂါဗေဒဌာန<br>ဆေးတက္ကသိုလ် (၂) ရန်ကုန် |

မှတ်ချက်။ ရာထူးတိုးမြှင့်ခန့်ထားခြင်းခံရသည့် ပါမောက္ခသည် ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်နှင့် သက်ဆိုင်ရာဌာနအကြီးအကဲထံ တွေ့ဆုံသတင်းပို့ရန်နှင့် တိုးမြှင့်တာဝန်ချထားသည့် အမိန့်ကြော်ငြာစာထွက်ပြီး သတ်မှတ်ရက်အတွင်း **(သတ်မှတ်ရက်အတွင်း)** အလုပ်တာဝန်များလွှဲပြောင်းလက်ခံပြီး ပြောင်းရွှေ့စေရန်ဖြစ်သည်။

အမှတ် ၉၇ ။ ။ ၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ ၁ ရက်နေ့တွင် ကျင်းပပြုလုပ်သော ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန စီမံခန့်ခွဲရေးကော်မတီ ညှိနှိုင်းအစည်းအဝေးအမှတ်စဉ် (၁၆/၂၀၁၈) ၏ သဘောတူဆုံးဖြတ်ချက်အရ မေ့ဆေးပညာဌာနမှ အောက်ဖော်ပြပါ တွဲဖက်ပါမောက္ခ၊ လစာနှုန်း (၃၄၁,၀၀၀-၄,၀၀၀-၃၆၁,၀၀၀) များအား အလုပ်တာဝန်များ စတင်ထမ်းဆောင်သည့်နေ့မှစ၍ အမည်နှင့်ယှဉ်တွဲဖော်ပြပါအတိုင်း ပါမောက္ခ၊ လစာနှုန်း (၄၁၈,၀၀၀-၄,၀၀၀-၄၃၈,၀၀၀) များအဖြစ် ရာထူးတိုးမြှင့် ခန့်ထားလိုက်သည် -

| စဉ် | ဆမ | အမည်၊ ပညာ၊ ရာထူး၊ ဌာန၊ တက္ကသိုလ် | တိုးမြှင့်ခန့်ထားသည့် ရာထူး၊ ဌာန၊ တက္ကသိုလ် |
|---|---|---|---|
| ၁။ | ၁၄၉၆၉ | ဒေါက်တာလွင်လွင်နိုင်<br>M.Med.Sc (Anaesthesiology)<br>Dr.Med.Sc<br>Dip.Med.Ed<br>တွဲဖက်ပါမောက္ခ<br>မေ့ဆေးပညာဌာန<br>ဆေးတက္ကသိုလ် (မကွေး) | ပါမောက္ခ<br>မေ့ဆေးပညာဌာန<br>ဆေးတက္ကသိုလ် (မကွေး) |
| ၂။ | ၁၅၁၇၅ | ဒေါက်တာဖုန်းမြင့်<br>M.Med.Sc (Anaesthesiology)<br>Dr.Med.Sc<br>Dip.Med.Ed<br>တွဲဖက်ပါမောက္ခ<br>မေ့ဆေးပညာဌာန<br>ဆေးတက္ကသိုလ် (၁) ရန်ကုန် | ပါမောက္ခ<br>မေ့ဆေးပညာဌာန<br>ဆေးတက္ကသိုလ် (၁) ရန်ကုန် |

မှတ်ချက်။ ရာထူးတိုးမြှင့်ခန့်ထားခြင်းခံရသည့် ပါမောက္ခများသည် ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ် ဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်နှင့် သက်ဆိုင်ရာဌာနအကြီးအကဲထံ တွေ့ဆုံသတင်းပို့ရန်နှင့် တိုးမြှင့်တာဝန် ချထားသည့် အမိန့်ကြော်ငြာစာထွက်ပြီး သတ်မှတ်ရက်အတွင်း **(သတ်မှတ်ရက်အတွင်း)** အလုပ်တာဝန်များ လွှဲပြောင်းလက်ခံပြီး ပြောင်းရွှေ့စေရန်ဖြစ်သည်။

အမှတ် ၉၈ ။ ။ ၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ ၁ ရက်နေ့တွင် ကျင်းပပြုလုပ်သော ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန စီမံခန့်ခွဲရေးကော်မတီ ညှိနှိုင်းအစည်းအဝေးအမှတ်စဉ် (၁၆/၂၀၁၈) ၏ သဘောတူ ဆုံးဖြတ်ချက်အရ ကုသရေးဦးစီးဌာနမှ လွှဲပြောင်းပေးပို့သော အောက်ဖော်ပြပါ အထူးကုဆရာဝန်ကြီး/ တွဲဖက်ပါမောက္ခ (မေ့ဆေး)၊ လစာနှုန်း (၃၄၁,၀၀၀-၄,၀၀၀-၃၆၁,၀၀၀) များအား အလုပ်တာဝန်များ စတင် ထမ်းဆောင်သည့်နေ့မှစ၍ အမည်နှင့်ယှဉ်တွဲဖော်ပြပါအတိုင်း ပါမောက္ခ၊ လစာနှုန်း (၄၁၈,၀၀၀-၄,၀၀၀- ၄၃၈,၀၀၀) များအဖြစ် ရာထူးတိုးမြှင့် ပြောင်းရွှေ့ခန့်ထားလိုက်သည် -

| စဉ် | ဆမ | အမည်၊ ပညာ၊ ရာထူး၊ ဌာန | တိုးမြှင့်ပြောင်းရွှေ့ခန့်ထားသည့် ရာထူး၊ ဌာန၊ တက္ကသိုလ် |
|---|---|---|---|
| ၁။ | ၁၂၄၆၆ | ဒေါက်တာမိုးသူလင်း<br>M.Med.Sc (Anaesthesiology)<br>Dr.Med.Sc<br>အထူးကုဆရာဝန်ကြီး/တွဲဖက်ပါမောက္ခ (မေ့ဆေး)<br>မြောက်ဥက္ကလာပပြည်သူ့ဆေးရုံကြီး၊ ရန်ကုန်မြို့ | ပါမောက္ခ<br>မေ့ဆေးပညာဌာန<br>ဆေးတက္ကသိုလ် (၂) ရန်ကုန် |
| ၂။ | ၁၄၈၂၅ | ဒေါက်တာခင်မြင့်ရီ<br>M.Med.Sc (Anaesthesiology)<br>Dr.Med.Sc<br>အထူးကုဆရာဝန်ကြီး/တွဲဖက်ပါမောက္ခ (မေ့ဆေး)<br>အရိုးရောဂါအထူးကုဆေးရုံကြီး၊ ရန်ကုန်မြို့ | ပါမောက္ခ<br>မေ့ဆေးပညာဌာန<br>ဆေးတက္ကသိုလ် (၂) ရန်ကုန် |

မှတ်ချက်။ ရာထူးတိုးမြှင့် ပြောင်းရွှေ့ခန့်ထားခြင်းခံရသည့် ပါမောက္ခများသည် ကျန်းမာရေးလူ့စွမ်းအား အရင်းအမြစ်ဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်နှင့် သက်ဆိုင်ရာဌာနအကြီးအကဲထံ တွေ့ဆုံသတင်းပို့ရန်နှင့် တိုးမြှင့်ပြောင်းရွှေ့တာဝန်ချထားသည့် အမိန့်ကြော်ငြာစာထွက်ပြီး သတ်မှတ်ရက်အတွင်း **(သတ်မှတ်ရက်အတွင်း)** အလုပ်တာဝန်များ လွှဲပြောင်းလက်ခံပြီး ပြောင်းရွှေ့စေရန်ဖြစ်သည်။

အမှတ် ၉၉ ။ ။ ၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ ၁ ရက်နေ့တွင် ကျင်းပပြုလုပ်သော ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ ညှိနှိုင်းအစည်းအဝေးအမှတ်စဉ် (၁၆/၂၀၁၈) ၏ သဘောတူ ဆုံးဖြတ်ချက်အရ မျက်စိရောဂါပညာဌာနမှ အောက်ဖော်ပြပါ တွဲဖက်ပါမောက္ခ၊ လစာနှုန်း (၃၄၁,၀၀၀- ၄,၀၀၀-၃၆၁,၀၀၀) အား အလုပ်တာဝန်များ စတင်ထမ်းဆောင်သည့်နေ့မှစ၍ အမည်နှင့်ယှဉ်တွဲဖော်ပြပါ အတိုင်း ပါမောက္ခ၊ လစာနှုန်း (၄၁၈,၀၀၀-၄,၀၀၀-၄၃၈,၀၀၀) အဖြစ် ရာထူးတိုးမြှင့် ခန့်ထားလိုက်သည် -

| ဆမ | အမည်၊ ပညာ၊ ရာထူး၊ ဌာန၊ တက္ကသိုလ် | တိုးမြှင့်ခန့်ထားသည့်ရာထူး၊ ဌာန၊ တက္ကသိုလ် |
|---|---|---|
| ၁၂၀၇၇ | ဒေါက်တာခင်သန္တာစု<br>M.Med.Sc (Ophth),<br>Dr.Med.Sc,<br>Dip. Med.Ed<br>တွဲဖက်ပါမောက္ခ<br>မျက်စိရောဂါပညာဌာန<br>ဆေးတက္ကသိုလ် (၂) ရန်ကုန် | ပါမောက္ခ<br>မျက်စိရောဂါပညာဌာန<br>ဆေးတက္ကသိုလ် (၂) ရန်ကုန် |

မှတ်ချက်။ ရာထူးတိုးမြှင့်ခန့်ထားခြင်းခံရသည့် ပါမောက္ခသည် ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်နှင့် သက်ဆိုင်ရာဌာနအကြီးအကဲထံ တွေ့ဆုံသတင်းပို့ရန်နှင့် တိုးမြှင့်တာဝန်ချထားသည့် အမိန့်ကြော်ငြာစာထွက်ပြီး သတ်မှတ်ရက်အတွင်း **(သတ်မှတ်ရက်အတွင်း)** အလုပ်တာဝန်များ လွှဲပြောင်းလက်ခံပြီး ပြောင်းရွှေ့စေရန်ဖြစ်သည်။

အမှတ် ၁၀၀ ။ ။ ၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ ၁ ရက်နေ့တွင် ကျင်းပပြုလုပ်သော ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ ညှိနှိုင်းအစည်းအဝေးအမှတ်စဉ် (၁၆/၂၀၁၈) ၏ သဘောတူဆုံးဖြတ်ချက်အရ ကုသရေးဦးစီးဌာနမှ လွှဲပြောင်းပေးပို့သော အောက်ဖော်ပြပါ အထူးကုဆရာဝန်ကြီး/တွဲဖက်ပါမောက္ခ (မျက်စိ)၊ လစာနှုန်း (၃၄၁,၀၀၀-၄,၀၀၀-၃၆၁,၀၀၀) အား အလုပ်တာဝန်များ စတင်ထမ်းဆောင်သည့်နေ့မှစ၍ အမည်နှင့်ယှဉ်တွဲဖော်ပြပါအတိုင်း ပါမောက္ခ၊ လစာနှုန်း (၄၁၈,၀၀၀-၄,၀၀၀-၄၃၈,၀၀၀) အဖြစ် ရာထူးတိုးမြှင့် ပြောင်းရွှေ့ခန့်ထားလိုက်သည် -

| ဆမ | အမည်၊ ပညာ၊ ရာထူး၊ ဌာန၊ တက္ကသိုလ် | တိုးမြှင့်ခန့်ထားသည့်ရာထူး၊ ဌာန၊ တက္ကသိုလ် |
|---|---|---|
| ၁၄၁၁၃ | ဒေါက်တာလှကေသီ<br>M.Med.Sc (Ophth),<br>MRCSEd<br>Dr. Med.Sc<br>အထူးကုဆရာဝန်ကြီး/တွဲဖက်ပါမောက္ခ (မျက်စိ)<br>မျက်စိရောဂါအထူးကုဆေးရုံကြီး၊ ရန်ကုန်မြို့ | ပါမောက္ခ<br>မျက်စိရောဂါပညာဌာန<br>ဆေးတက္ကသိုလ် (မန္တလေး) |

မှတ်ချက်။ ရာထူးတိုးမြှင့် ပြောင်းရွှေ့ခန့်ထားခြင်းခံရသည့် ပါမောက္ခသည် ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်နှင့် သက်ဆိုင်ရာဌာနအကြီးအကဲထံ တွေ့ဆုံသတင်းပို့ရန်နှင့် တိုးမြှင့်ပြောင်းရွှေ့တာဝန်ချထားသည့် အမိန့်ကြော်ငြာစာထွက်ပြီး သတ်မှတ်ရက်အတွင်း **(သတ်မှတ်ရက်အတွင်း)** အလုပ်တာဝန်များ လွှဲပြောင်းလက်ခံပြီး ပြောင်းရွှေ့စေရန်ဖြစ်သည်။

၁၃၈၀ ပြည့်နှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၅ ရက်
(၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ ၂၇ ရက်)

အမှတ် ၁၀၁ ။ ။ ၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ ၁ ရက်နေ့တွင် ကျင်းပပြုလုပ်သော ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ ညှိနှိုင်းအစည်းအဝေးအမှတ်စဉ် (၁၆/၂၀၁၈) ၏ သဘောတူဆုံးဖြတ်ချက်အရ ကုသရေးဦးစီးဌာနမှ လွှဲပြောင်းပေးပို့သော အောက်ဖော်ပြပါ အထူးကုဆရာဝန်ကြီး/တွဲဖက်ပါမောက္ခ (ဓာတ်မှန်)၊ လစာနှုန်း (၃၄၁,၀၀၀-၄,၀၀၀-၃၆၁,၀၀၀) အား အလုပ်တာဝန်များ စတင်ထမ်းဆောင်သည့်နေ့မှစ၍ အမည်နှင့်ယှဉ်တွဲဖော်ပြပါအတိုင်း ပါမောက္ခ/ဌာနမှူး၊ လစာနှုန်း (၄၁၈,၀၀၀-၄,၀၀၀-၄၃၈,၀၀၀) အဖြစ် ရာထူးတိုးမြှင့် ခန့်ထားလိုက်သည် -

| ဆမ | အမည်၊ ပညာ၊ ရာထူး၊ ဌာန | တိုးမြှင့်ပြောင်းရွှေ့ခန့်ထားသည့်ရာထူး၊ ဌာန၊ တက္ကသိုလ် |
|---|---|---|
| ၁၄၅၄၉ | ဒေါက်တာအောင်ချိုထွန်း<br>M.Med.Sc (Radiology)<br>Dr. Med.Sc<br>အထူးကုဆရာဝန်ကြီး/တွဲဖက်ပါမောက္ခ (ဓာတ်မှန်)<br>ရန်ကုန်ပြည်သူ့ဆေးရုံကြီး | ပါမောက္ခ/ဌာနမှူး<br>ဓာတ်မှန်ပညာဌာန<br>ဆေးတက္ကသိုလ် (မန္တလေး) |

မှတ်ချက်။ ရာထူးတိုးမြှင့်ပြောင်းရွှေ့ခန့်ထားခြင်းခံရသည့် ပါမောက္ခ/ဌာနမှူးသည် ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်နှင့် သက်ဆိုင်ရာဌာနအကြီးအကဲထံ တွေ့ဆုံသတင်းပို့ရန်နှင့် တိုးမြှင့်ပြောင်းရွှေ့တာဝန်ချထားသည့် အမိန့်ကြော်ငြာစာထွက်ပြီး သတ်မှတ်ရက်အတွင်း **(သတ်မှတ်ရက်အတွင်း)** အလုပ်တာဝန်များ လွှဲပြောင်းလက်ခံပြီး ပြောင်းရွှေ့စေရန်ဖြစ်သည်။

အမှတ် ၁၀၂ ။ ။ ၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ ၁ ရက်နေ့တွင် ကျင်းပပြုလုပ်သော ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန စီမံခန့်ခွဲရေးကော်မတီ ညှိနှိုင်းအစည်းအဝေးအမှတ်စဉ် (၁၆/၂၀၁၈) ၏ သဘောတူဆုံးဖြတ်ချက်အရ ဓာတ်မှန်ပညာဌာနမှ အောက်ဖော်ပြပါ တွဲဖက်ပါမောက္ခ၊ လစာနှုန်း (၃၄၁,၀၀၀-၄,၀၀၀-၃၆၁,၀၀၀) များအား အလုပ်တာဝန်များ စတင်ထမ်းဆောင်သည့်နေ့မှစ၍ အမည်နှင့်ယှဉ်တွဲဖော်ပြပါအတိုင်း ပါမောက္ခ၊ လစာနှုန်း (၄၁၈,၀၀၀-၄,၀၀၀-၄၃၈,၀၀၀) များအဖြစ် ရာထူးတိုးမြှင့် ပြောင်းရွှေ့ခန့်ထားလိုက်သည်-

| စဉ် | ဆမ | အမည်၊ ပညာ၊ ရာထူး၊ ဌာန၊ တက္ကသိုလ် | တိုးမြှင့်ပြောင်းရွှေ့ခန့်ထားသည့် ရာထူး၊ ဌာန၊ တက္ကသိုလ် |
|---|---|---|---|
| ၁။ | ၁၄၉၀၃ | ဒေါက်တာနုနုအေး<br>M.Med.Sc (Radiology)<br>Dr.Med.Sc<br>တွဲဖက်ပါမောက္ခ (ဌာနမှူးတာဝန်)<br>ဆေးဘက်ဆိုင်ရာဓာတ်မှန်နှင့် ပုံရိပ်ဖော်<br>နည်းပညာဌာန<br>ဆေးဘက်ဆိုင်ရာနည်းပညာတက္ကသိုလ် (ရန်ကုန်) | ပါမောက္ခ<br>ဓာတ်မှန်ပညာဌာန<br>ဆေးတက္ကသိုလ် (၂) ရန်ကုန် |
| ၂။ | ၁၄၉၅၇ | ဒေါက်တာတင်သန္တာမျိုး<br>M.Med.Sc (Radiology)<br>Dr.Med.Sc<br>တွဲဖက်ပါမောက္ခ (ဌာနမှူးတာဝန်)<br>ဆေးဘက်ဆိုင်ရာဓာတ်မှန်နှင့် ပုံရိပ်ဖော်<br>နည်းပညာဌာန<br>ဆေးဘက်ဆိုင်ရာနည်းပညာတက္ကသိုလ် (မန္တလေး) | ပါမောက္ခ<br>ဓာတ်မှန်ပညာဌာန<br>ဆေးတက္ကသိုလ် (မန္တလေး) |
| ၃။ | ၁၅၂၀၄ | ဒေါက်တာသန္တာလွင်<br>M.Med.Sc (Radiology)<br>Dr.Med.Sc<br>တွဲဖက်ပါမောက္ခ<br>ဓာတ်မှန်ပညာဌာန<br>ဆေးတက္ကသိုလ် (၁) ရန်ကုန် | ပါမောက္ခ<br>ဓာတ်မှန်ပညာဌာန<br>ဆေးတက္ကသိုလ် (၁) ရန်ကုန် |

မှတ်ချက်။ ရာထူးတိုးမြှင့် ပြောင်းရွှေ့ခန့်ထားခြင်းခံရသည့် ပါမောက္ခများသည် ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်နှင့် သက်ဆိုင်ရာဌာနအကြီးအကဲထံ တွေ့ဆုံသတင်းပို့ရန်နှင့် တိုးမြှင့်ပြောင်းရွှေ့တာဝန်ချထားသည့် အမိန့်ကြော်ငြာစာထွက်ပြီး သတ်မှတ်ရက်အတွင်း **(သတ်မှတ်ရက်အတွင်း)** အလုပ်တာဝန်များ လွှဲပြောင်းလက်ခံပြီး ပြောင်းရွှေ့စေရန်ဖြစ်သည်။

အမှတ် ၁၀၃ ။ ။ ၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ ၁ ရက်နေ့တွင် ကျင်းပပြုလုပ်သော ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ ညှိနှိုင်းအစည်းအဝေးအမှတ်စဉ် (၁၆/၂၀၁၈) ၏ သဘောတူဆုံးဖြတ်ချက်အရ ကုသရေးဦးစီးဌာနမှ လွှဲပြောင်းပေးပို့သော အောက်ဖော်ပြပါ အထူးကုဆရာဝန်ကြီး (ဓာတ်မှန်)၊ လစာနှုန်း (၃၄၁,၀၀၀-၄,၀၀၀-၃၆၁,၀၀၀) အား အလုပ်တာဝန်များ စတင်ထမ်းဆောင်သည့်နေ့မှစ၍ အမည်နှင့်ယှဉ်တွဲဖော်ပြပါအတိုင်း ပါမောက္ခ၊ လစာနှုန်း (၄၁၈,၀၀၀-၄,၀၀၀-၄၃၈,၀၀၀) အဖြစ် ရာထူးတိုးမြှင့် ပြောင်းရွှေ့ခန့်ထားလိုက်သည် -

| ဆမ | အမည်၊ ပညာ၊ ရာထူး၊ ဌာန | တိုးမြှင့်ပြောင်းရွှေ့ခန့်ထားသည့်ရာထူး၊ ဌာန၊ တက္ကသိုလ် |
|---|---|---|
| ၁၁၄၅၄ | ဒေါက်တာစိုးစိုး<br>M.Med.Sc (Radiology)<br>အထူးကုဆရာဝန်ကြီး (ဓာတ်မှန်)<br>ခုတင် (၅၀၀) ဆံ့အထူးကုဆေးရုံကြီး<br>ရန်ကုန်မြို့ | ပါမောက္ခ<br>ဓာတ်မှန်ပညာဌာန<br>ဆေးတက္ကသိုလ် (မကွေး) |

မှတ်ချက်။ ရာထူးတိုးမြှင့် ပြောင်းရွှေ့ခန့်ထားခြင်းခံရသည့် ပါမောက္ခသည် ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်နှင့် သက်ဆိုင်ရာဌာနအကြီးအကဲထံ တွေ့ဆုံသတင်းပို့ရန်နှင့် တိုးမြှင့်ပြောင်းရွှေ့တာဝန်ချထားသည့် အမိန့်ကြော်ငြာစာထွက်ပြီး သတ်မှတ်ရက်အတွင်း **(သတ်မှတ်ရက်အတွင်း)** အလုပ်တာဝန်များ လွှဲပြောင်းလက်ခံပြီး ပြောင်းရွှေ့စေရန်ဖြစ်သည်။

အမှတ် ၁၀၄ ။ ။ ၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ ၁ ရက်နေ့တွင် ကျင်းပပြုလုပ်သော ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ ညှိနှိုင်းအစည်းအဝေးအမှတ်စဉ် (၁၆/၂၀၁၈) ၏ သဘောတူဆုံးဖြတ်ချက်အရ ကုသရေးဦးစီးဌာနမှ လွှဲပြောင်းပေးပို့သော အောက်ဖော်ပြပါ အထူးကုဆရာဝန်ကြီး/တွဲဖက်ပါမောက္ခ (ကင်ဆာရောဂါဆေးပညာ)၊ လစာနှုန်း (၃၄၁,၀၀၀-၄,၀၀၀-၃၆၁,၀၀၀) အား အလုပ်တာဝန်များ စတင်ထမ်းဆောင်သည့်နေ့မှစ၍ အမည်နှင့်ယှဉ်တွဲဖော်ပြပါအတိုင်း ပါမောက္ခ၊ လစာနှုန်း (၄၁၈,၀၀၀-၄,၀၀၀-၄၃၈,၀၀၀) အဖြစ် ရာထူးတိုးမြှင့် ပြောင်းရွှေ့ခန့်ထားလိုက်သည် -

| ဆမ | အမည်၊ ပညာ၊ ရာထူး၊ ဌာန | တိုးမြှင့်ပြောင်းရွှေ့ခန့်ထားသည့်ရာထူး၊ ဌာန၊ တက္ကသိုလ် |
|---|---|---|
| ၁၄၀၅၂ | ဒေါက်တာဖြူဖြူသိမ့်<br>M.Med.Sc (Medical Onco)<br>M.R.C.P<br>အထူးကုဆရာဝန်ကြီး/တွဲဖက်ပါမောက္ခ<br>(ကင်ဆာရောဂါဆေးပညာ)<br>ရန်ကုန်ပြည်သူ့ဆေးရုံကြီး | ပါမောက္ခ<br>ကင်ဆာရောဂါဆေးပညာဌာန<br>ဆေးတက္ကသိုလ် (၂) ရန်ကုန် |

မှတ်ချက်။ ရာထူးတိုးမြှင့် ပြောင်းရွှေ့ခန့်ထားခြင်းခံရသည့် ပါမောက္ခသည် ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်နှင့် သက်ဆိုင်ရာဌာနအကြီးအကဲထံ တွေ့ဆုံသတင်းပို့ရန်နှင့် တိုးမြှင့်ပြောင်းရွှေ့တာဝန်ချထားသည့် အမိန့်ကြော်ငြာစာထွက်ပြီး သတ်မှတ်ရက်အတွင်း **(သတ်မှတ်ရက်အတွင်း)** အလုပ်တာဝန်များ လွှဲပြောင်းလက်ခံပြီး ပြောင်းရွှေ့စေရန်ဖြစ်သည်။

အမှတ် ၁၀၅ ။ ။ ၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ ၁ ရက်နေ့တွင် ကျင်းပသော ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ ညှိနှိုင်းအစည်းအဝေးအမှတ်စဉ် (၁၆/၂၀၁၈) ဆုံးဖြတ်ချက်အရ အောက်ဖော်ပြပါ အထူးကုဆရာဝန်ကြီး (ကင်ဆာရောဂါဆေးပညာ)၊ လစာနှုန်း (၃၄၁,၀၀၀-၄,၀၀၀-၃၆၁,၀၀၀) အား အမည်နှင့်ယှဉ်တွဲပါ ပါမောက္ခ (ကင်ဆာရောဂါဆေးပညာ)၊ လစာနှုန်း (၄၁၈,၀၀၀-၄,၀၀၀-၄၃၈,၀၀၀) သို့ အလုပ်စတင် ဝင်ရောက်သည့်နေ့မှစ၍ ရာထူးတိုးမြှင့်ခန့်ထားလိုက်သည် -

| စဉ် | ဆမ | အမည်၊ ရာထူး၊ ဌာန | တိုးမြှင့်ခန့်ထားသည့် ရာထူး၊ ဌာန |
|---|---|---|---|
| ၁။ | ၁၄၁၈၀ | ဒေါက်တာခင်သင်းမူ<br>M.Med.Sc (Med; Onco;)<br>M.R.C.P<br>အထူးကုဆရာဝန်ကြီး/တွဲဖက်ပါမောက္ခ<br>(ကင်ဆာရောဂါဆေးပညာ)<br>ရန်ကုန်ပြည်သူ့ဆေးရုံကြီး | ပါမောက္ခ (ကင်ဆာရောဂါဆေးပညာ)<br>ရန်ကုန်ပြည်သူ့ဆေးရုံကြီး |

မှတ်ချက် ။ ရာထူးတိုးမြှင့်ခြင်းခံရသည့် ပါမောက္ခ (ကင်ဆာရောဂါဆေးပညာ) များသည် အမိန့်ကြော်ငြာစာထွက်ပြီး သတ်မှတ်ရက်အတွင်း အလုပ်တာဝန်များ လွှဲပြောင်း/လက်ခံပြီး ပြောင်းရွှေ့စေရန်နှင့် ကုသရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်ထံ သွားရောက်တွေ့ဆုံရန်ဖြစ်သည်။

ဒေါက်တာမြင့်ထွေး၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန**

**(ပြည်ထောင်စုဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် ၉၃/၂၀၁၈**

၁၃၈၀ ပြည့်နှစ်၊ တန်ဆောင်မုန်းလဆန်း ၅ ရက်

(၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ ၁၂ ရက်)

**ကုန်သွယ်လုပ်ငန်းခွန် မကျသင့်သည့် ဝန်ဆောင်မှုအမျိုးအစားများနှင့်စပ်လျဉ်း၍ အဓိပ္ပာယ်ရှင်းလင်းဖွင့်ဆိုခြင်း**

၁။ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနသည် ၂၀၁၈ ခုနှစ်၊ ပြည်ထောင်စု၏အခွန်အကောက်ဥပဒေနှင့် ၂၀၁၈-၂၀၁၉ ခုနှစ်၊ ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေတို့၏ ပုဒ်မ ၉ အရ အပ်နှင်းထားသည့် လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ ထိုဥပဒေနှစ်ရပ်၏ ပုဒ်မ ၁၄၊ ပုဒ်မခွဲ (ဃ) ဇယားပါ ကုန်သွယ်လုပ်ငန်းခွန် မကျသင့်သည့် ဝန်ဆောင်မှုအမျိုးအစားများအနက် ရှင်းလင်းဖော်ပြရန် လိုအပ်သည့် ဝန်ဆောင်မှု (၁၁) မျိုးနှင့် စပ်လျဉ်း၍ ရှင်းလင်းစွာသိရှိနိုင်စေရန်အတွက် အဓိပ္ပာယ်ရှင်းလင်းဖွင့်ဆိုခြင်းဖြစ်ပါသည်။

**သက်ဆိုင်သည့်အကြောင်းအရာ**

၂။ ဤအဓိပ္ပာယ်ရှင်းလင်းဖွင့်ဆိုချက်သည် ဝန်ဆောင်မှုဆောင်ရွက်ပေးသူများက ဝန်ဆောင်မှုရယူသူများထံမှ ဝန်ဆောင်ခနှင့်အတူ ကျသင့်ကုန်သွယ်လုပ်ငန်းခွန်ထည့်သွင်းကောက်ခံရန် မလိုအပ်သည့် ဝန်ဆောင်မှု (၁၁) မျိုးနှင့်စပ်လျဉ်း၍ ဤဝန်ကြီးဌာနက မည်သို့အဓိပ္ပာယ်ဖွင့်ဆိုကြောင်းနှင့်စပ်လျဉ်းသည့် ရှင်းလင်းအသိပေးချက်ဖြစ်ပါသည်။

**အကျိုးသက်ရောက်သူများ**

၃။ ဤထုတ်ပြန်ချက်သည် ဝန်ဆောင်မှုဆောင်ရွက်ပေးသူ အခွန်ထမ်းများနှင့် ဝန်ဆောင်မှု ရယူသူများ အပေါ် အကျိုးသက်ရောက်ပါသည်။

**သက်ဆိုင်ရာဥပဒေပြဋ္ဌာန်းချက်**

၄။ ကုန်သွယ်လုပ်ငန်းခွန်ဥပဒေပုဒ်မ ၅၊ ပုဒ်မခွဲ (ခ) အရ ဝန်ဆောင်မှုဆောင်ရွက်ပေးသူအခွန်ထမ်းသည် ဝန်ဆောင်မှုရယူသူများအတွက် မိမိကဆောင်ရွက်ပေးသည့် ဝန်ဆောင်မှုနှင့်စပ်လျဉ်းသည့် ဝန်ဆောင်ခနှင့် အတူ ကျသင့်ကုန်သွယ်လုပ်ငန်းခွန်ကို ထည့်သွင်းကောက်ခံရန် တာဝန်ရှိပါသည်။

၅။ ၂၀၁၈ ခုနှစ်၊ ပြည်ထောင်စု၏အခွန်အကောက်ဥပဒေနှင့် ၂၀၁၈-၂၀၁၉ ခုနှစ်၊ ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေတို့၏ ပုဒ်မ ၁၄၊ ပုဒ်မခွဲ (ဃ) တွင် ကုန်သွယ်လုပ်ငန်းခွန်မကျသင့်စေရမည့် ဝန်ဆောင်မှုလုပ်ငန်းအမျိုးအစားများကို ပြဋ္ဌာန်းထားပါသည်။

**အဓိပ္ပာယ်ရှင်းလင်းဖွင့်ဆိုချက်**

၆။ ၂၀၁၈ ခုနှစ်၊ ပြည်ထောင်စု၏အခွန်အကောက်ဥပဒေကို ၂၀၁၈ ခုနှစ်၊ မတ်လ ၃၀ ရက်နေ့တွင် ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၁၀ ဖြင့်လည်းကောင်း၊ ၂၀၁၈-၂၀၁၉ ခုနှစ်၊ ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေကို ၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ ၂၅ ရက်နေ့တွင် ပြည်ထောင်စုလွှတ်တော်ဥပဒေ အမှတ် ၃၂ ဖြင့်လည်းကောင်း ထုတ်ပြန်ပြဋ္ဌာန်းခဲ့ပါသည်။ ထိုဥပဒေနှစ်ရပ်၏ ပုဒ်မ ၁၄၊ ပုဒ်မခွဲ (ဃ) ပါ ဝန်ဆောင်မှုလုပ်ငန်းအမျိုးအစားများမှအပ ကျန်ဝန်ဆောင်မှုလုပ်ငန်းများအပေါ် ကုန်သွယ်လုပ်ငန်းခွန် ကျသင့်မည်ဖြစ်ပါသည်။

၇။ အဆိုပါ အခွန်မကျသင့်သည့် ဝန်ဆောင်မှုအမျိုးအစားများနှင့်သက်ဆိုင်သည့် အဓိပ္ပာယ်ကို ရှင်းလင်းစွာ သိရှိမှသာ ကုန်သွယ်လုပ်ငန်းခွန်ကျသင့်မည့် ဝန်ဆောင်မှုလုပ်ငန်းများအပေါ် မှန်ကန်ထိရောက်စွာ ကောက်ခံ ဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။

၈။ သို့ဖြစ်ပါ၍ အဆိုပါ ပြည်ထောင်စု၏အခွန်အကောက်ဥပဒေနှစ်ရပ်၏ ပုဒ်မ ၉ အရ အပ်နှင်းထားသည့် လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ ထိုဥပဒေနှစ်ရပ်၏ ပုဒ်မ ၁၄၊ ပုဒ်မခွဲ (ဃ) ဇယားပါ ကုန်သွယ်လုပ်ငန်းခွန်

မကျသင့်သည့် ဝန်ဆောင်မှုအမျိုးအစားများအနက် ရှင်းလင်းဖော်ပြရန်လိုအပ်သည့် ဝန်ဆောင်မှု (၁၁) မျိုး၏ အဓိပ္ပာယ်ရှင်းလင်းဖော်ပြချက်များကို အောက်ပါအတိုင်း ထုတ်ပြန်သတ်မှတ်လိုက်သည် -

| စဉ် | ၂၀၁၈ ခုနှစ် အမှတ်စဉ် | ၂၀၁၈-၂၀၁၉ ခုနှစ် အမှတ်စဉ် | ဝန်ဆောင်မှုအမျိုးအစား | ရှင်းလင်းဖော်ပြချက် |
|---|---|---|---|---|
| ၁ | ၁ | ၅ | ယာဉ်များရပ်နားရန်နေရာငှားရမ်းခြင်း ဝန်ဆောင်မှုလုပ်ငန်း။ | မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ်၊ စက်ဘီး အစရှိသည့် ယာဉ်များရပ်နားရန် နေရာပေးဆောင်ရွက်သည့် ဝန်ဆောင်မှုလုပ်ငန်းများ ဖြစ်ပါသည်။ (ယာဉ်အရောင်းပြခန်းနေရာငှားရမ်းခြင်း၊ ယာဉ်သိမ်းဆည်းရန် ဂိုဒေါင်ငှားရမ်းခြင်း ဝန်ဆောင်မှုလုပ်ငန်းများ မပါဝင်ပါ။) |
| ၂ | ၃ | ၁၈ | အသေးစား ငွေချေးခြင်း ဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်း။ | တည်ဆဲဥပဒေများအရ ဆောင်ရွက်သည့် အသေးစားငွေချေးလုပ်ငန်းများ၊ လိုင်စင်ရ အပေါင်ဆိုင်လုပ်ငန်းများပါဝင်ပါသည်။ |
| ၃ | ၄ | ၁၃ | ခန္ဓာကိုယ် အလှပြုပြင်ခြင်းမှ အပ ဖြစ်သည့် ကျန်းမာရေး ဝန်ဆောင်မှုလုပ်ငန်း။ | ဆေးကုသခြင်းလုပ်ငန်း၊ ရောဂါရှာဖွေခြင်း လုပ်ငန်းများ ပါဝင်သည်။ (ခန္ဓာကိုယ် အလှပြင်ခွဲစိတ်မှုလုပ်ငန်း၊ ကျန်းမာရေးလေ့ကျင့်မှု လုပ်ငန်းများ မပါဝင်ပါ။) |
| ၄ | ၅ | ၁၁ | ပညာရေးဝန်ဆောင်မှု လုပ်ငန်း။ | ပုဂ္ဂလိကအပါအဝင်ဖြစ်သည့် စာသင်ကျောင်းများ၊ သင်တန်းကျောင်းများ၊ ဘာသာရပ်ဆိုင်ရာ သင်တန်းများ၊ အသက်မွေးဝမ်းကျောင်းပညာ သင်တန်းများ ပါဝင်သည်။ |
| ၅ | ၇ | ၁၉ | အရင်းအနှီးဈေးကွက်ဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်း။ | အရင်းအနှီးဈေးကွက်ဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်းဆိုရာ၌ စတော့အိတ်ချိန်းလုပ်ငန်းများတွင် ဆောင်ရွက်လျက်ရှိသော ငွေချေးသက်သေခံလက်မှတ်နှင့် စပ်လျဉ်းသည့် အောက်ပါလုပ်ငန်းများ ပါဝင်ပါသည် -<br>(၁) ငွေချေးသက်သေခံလက်မှတ်များ ကိုယ်ပိုင်ရောင်းဝယ်ခြင်း၊<br>(၂) ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းတွင် အကျိုးဆောင် သို့မဟုတ် ကိုယ်စားလှယ်အဖြစ် ဆောင်ရွက်ခြင်း၊<br>(၃) ငွေချေးသက်သေခံလက်မှတ်များကို တာဝန်ခံ၍ တစ်ဆင့်ဖြန့်ချိရောင်းချခြင်း၊<br>(၄) ငွေချေးသက်သေခံလက်မှတ် ရင်းနှီးမြှုပ်နှံမှုအတွက် အကြံဉာဏ်ပေးခြင်း၊<br>(၅) ငွေချေးသက်သေခံလက်မှတ်များ အပ်နှံမှုလက်ခံခြင်းနှင့် စာရင်းရှင်းလင်းခြင်း၊<br>(၆) ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကြီးကြပ်ရေးကော်မရှင်က အမိန့်ကြော်ငြာစာထုတ်ပြန်၍ ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းဟု သတ်မှတ်သည့်လုပ်ငန်း ဆောင်ရွက်ခြင်း။ |

| စဉ် | ၂၀၁၈ ခုနှစ် | ၂၀၁၈-၂၀၁၉ ခုနှစ် | ဝန်ဆောင်မှုအမျိုးအစား | ရှင်းလင်းဖော်ပြချက် |
|---|---|---|---|---|
| | အမှတ်စဉ် | အမှတ်စဉ် | | |
| ၆ | ၈ | ၂၀ | ဘဏ်နှင့် ဗဟိုဘဏ်မှ ခွင့်ပြုချက်ဖြင့် ဆောင်ရွက်နေသော ငွေရေးကြေးရေးဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်း။ | ဗဟိုဘဏ်၏ ခွင့်ပြုချက်ဖြင့် ဆောင်ရွက်သည့် ဘဏ်နှင့် ဘဏ်မဟုတ်သော ငွေရေးကြေးရေး အဖွဲ့အစည်းများက ဆောင်ရွက်သည့် ငွေရေးကြေးရေးဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်းများကို ဆိုလိုသည်။ |
| ၇ | ၁၆ | ၈ | လမ်းအသုံးပြုခ ကောက်ခံသည့် ဝန်ဆောင်မှုလုပ်ငန်း။ | လမ်း၊ တံတား အသုံးပြုခကောက်ခံသည့် လုပ်ငန်းများပါဝင်သည်။ |
| ၈ | ၁၉ | ၉ | ပြည်တွင်းပြည်ပလေကြောင်း ခရီးသည် ပို့ဆောင်ရေး ဝန်ဆောင်မှုလုပ်ငန်း။ | ပြည်တွင်း သို့မဟုတ် ပြည်ပခရီးစဉ်များတွင် ခရီးသည် (များ) ကို အခကြေးငွေ ရယူ ပို့ဆောင်ရန် လေယာဉ်ဖြင့် ဆောင်ရွက်သော လုပ်ငန်း၊ ပြည်တွင်းပြည်ပခရီးစဉ်များအတွက် လေယာဉ်လက်မှတ်ရောင်းချခြင်းနှင့် ခရီးသည် လေဆိပ်ခန်းမအသုံးပြုခြင်းသည် လေဆိပ်ခန်းမ အသုံးပြုခဟု သီးခြားတောင်းခံငွေမရရှိသည့် ခရီးသည်လေဆိပ်ခန်းမအသုံးပြုခြင်း ဝန်ဆောင်မှု လုပ်ငန်းနှင့် ပြည်တွင်းပြည်ပလေကြောင်းလိုင်းများ မြေပြင်ဝန်ဆောင်မှု ဆောင်ရွက်ပေးသည့် လုပ်ငန်းများပါဝင်သည်။ {ပြည်တွင်းပြည်ပ လေကြောင်းလိုင်းများ မြေပြင်ဝန်ဆောင်မှု ဆောင်ရွက်ပေးခြင်းလုပ်ငန်းတွင် ခရီးသည်များ လေယာဉ်ပေါ်တင်၊ ချခြင်းကိစ္စများ (Passenger Handling)၊ ခရီးသည်များ၏ ကုန်ပစ္စည်းတင်၊ ချပေးခြင်းကိစ္စများ (Baggage & Cargo Handling)၊ လေယာဉ်ဆိုက်ရောက်ထွက်ခွာ ကိစ္စများ (Ramp Handling)၊ လေယာဉ်ပေါ်တွင် ခရီးသည် ကျွေးမွေးရန် အစားအသောက် တင်ဆောင်ခြင်း (Catering Services)၊ လေယာဉ်ပေါ်သန့်ရှင်းရေးဆောင်ရွက်ပေးခြင်း (Cabin Clearing) များ ပါဝင်သည်။} |
| ၉ | ၂၀ | ၃ | ယဉ်ကျေးမှုအနုပညာ ဝန်ဆောင်မှုလုပ်ငန်း။ | ယဉ်ကျေးမှုဆိုင်ရာနေရာများ၊ ပြတိုက်၊ စာကြည့်တိုက်များအတွင်း ဝင်ခကောက်ခံခြင်း၊ မိမိတတ်ကျွမ်းသည့် အနုပညာဖြင့်သရုပ်ဆောင်ခြင်း၊ ဆောင်ရွက်ပေးခြင်းတို့ပါဝင်သည်။ (ဖျော်ဖြေမှုလုပ်ငန်းများ မပါဝင်ပါ။) |
| ၁၀ | ၂၁ | ၁၀ | အများပြည်သူခရီးသည် သယ်ယူပို့ဆောင်ရေး ဝန်ဆောင်မှုလုပ်ငန်း။ | အောက်ပါလုပ်ငန်းများကို ဆိုလိုပါသည် -<br>- ခရီးစဉ် ခရီးသည် သယ်ယူပို့ဆောင်ရေး လုပ်ငန်းဆိုသည်မှာ အခကြေးငွေရယူ၍ သော်လည်းကောင်း၊ အကျိုးကျေးဇူးတစ်ခုခု အတွက်သော်လည်းကောင်း သတ်မှတ်ခရီးစဉ် အတိုင်း မော်တော်ယာဉ်ဖြင့် ခရီးသည်များ သယ်ယူပို့ဆောင်သည့်လုပ်ငန်း။ |

| စဉ် | ၂၀၁၈ ခုနှစ် | ၂၀၁၈-၂၀၁၉ ခုနှစ် | ဝန်ဆောင်မှုအမျိုးအစား | ရှင်းလင်းဖော်ပြချက် |
|---|---|---|---|---|
| | အမှတ်စဉ် | အမှတ်စဉ် | | |
| | | | | - ပဋိညာဉ်အရ သယ်ယူပို့ဆောင်ရေးလုပ်ငန်း ဆိုသည်မှာ သယ်ယူပို့ဆောင်ရေး မော်တော်ယာဉ်ကို ငှားသူအသီးသီးအား အဆက်မပြတ် အချိန်ကာလအပိုင်းအခြားအတွက် တစ်ဦးတည်း အသုံးပြုရန် ပေးအပ်ခြင်းအားဖြင့် သယ်ယူပို့ဆောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရန် အတွက်သော်လည်းကောင်း၊ ငှားသူအသီးသီး၏ သီးခြားလိုအပ်ချက်အတိုင်း ပြည့်စုံစေရန် ရည်ရွယ်၍ သယ်ယူပို့ဆောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက်သော်လည်းကောင်း လူတစ်ဦးနှင့်ဖြစ်စေ၊ လူတချို့နှင့်ဖြစ်စေ အဆက်မပြတ်ပြုလုပ်သော ပဋိညာဉ်များအရ ကုန်းလမ်းသယ်ယူပို့ဆောင်ရေးကို ဆောင်ရွက်ပေးသည့်လုပ်ငန်း။ |
| ၁၁ | ၂၉ | ၂၇ | စက်မှုလယ်ယာဝန်ဆောင်မှု လုပ်ငန်းများ။ | စက်မှုလယ်ယာဝန်ဆောင်မှုလုပ်ငန်းများတွင် လယ်ယာသုံးစက်ပစ္စည်းကိရိယာများ ထုတ်လုပ်ပေးခြင်း၊ ငှားရမ်းခြင်း၊ ကိုင်တွယ်အသုံးပြုဆောင်ရွက်ပေးခြင်း၊ ပြင်ဆင်ထိန်းသိမ်းမှုပြုလုပ်ခြင်း၊ လယ်ယာသုံးစက်ပစ္စည်းကိရိယာများနှင့် ပတ်သက်၍ လေ့ကျင့်သင်ကြားပေးခြင်း၊ စက်မှုလယ်ယာစနစ်ကျလယ်ယာမြေများ ဖော်ထုတ်ဆောင်ရွက်ပေးခြင်းတို့ကို ဆိုလိုသည်။ |

## (ပြည်ထောင်စုဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် ၉၇/၂၀၁၈

နေပြည်တော်၊ ၁၃၈၀ ပြည့်နှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၈ ရက်
(၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ ၃၀ ရက်)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတရုံး၏ ၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ ၂၃ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်၊ ၉၀/၂၀၁၈ အရ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန လက်အောက်ရှိ အောက်ဖော်ပြပါ ဌာနများမှ ညွှန်ကြားရေးမှူးချုပ် (၃) ဦးတို့အား အစမ်းခန့်ကာလ (၁) နှစ်ပြည့်မြောက်သည့် ၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ ၂၀ ရက်နေ့ နံနက်ပိုင်းမှစ၍ ညွှန်ကြားရေးမှူးချုပ်၊ လစာနှုန်း (၅၅၀,၀၀၀/-) ရာထူးနေရာများတွင် အတည်ပြုခန့်ထားလိုက်သည် -

(၁) ဒေါ်စီစီပြုံး ငွေတိုက်ဦးစီးဌာန

(၂) ဦးဇော်နိုင် ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေးဦးစီးဌာန

(၃) ဦးမြင့်ဦး အခွန်အယူခံခုံအဖွဲ့ရုံး

စိုးဝင်း၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## ဆောက်လုပ်ရေးဝန်ကြီးဌာန

## (ဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် (၃၂၈/၂၀၁၈)

နေပြည်တော်၊ ၁၃၈၀ ပြည့်နှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၁၃ ရက်
(၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ ၆ ရက်)

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မကွေးတိုင်းဒေသကြီး၊ သရက်ခရိုင်၊ ဆင်ပေါင်ဝဲမြို့နယ်အတွင်း ရန်ကုန်-တောင်တွင်း-မကွေးကားလမ်း မိုင်တိုင် (၂၂၅/၆) မှ ကိုးပင်-တောညောင်ပင်သာ ဆက်သွယ်သော အောက်ဖော်ပြပါလမ်းကို ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနပိုင် လမ်းအဖြစ် သတ်မှတ်ကြေညာလိုက်သည် -

(က) လမ်းပိုင်းအမည် - ကိုးပင်-တောညောင်ပင်သာ မြေသားလမ်း။

(ခ) လမ်းအရှည် - (၀) မိုင် (၁. ၄၈) ဖာလုံ။

(ဂ) စတင်သည့်နေရာနှင့် - ရန်ကုန် - တောင်တွင်း - မကွေးကားလမ်း။

(ဃ) လမ်းဆုံးရောက်ရှိသည့်နေရာ - တောညောင်ပင်သာကျေးရွာ။

၂။ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ တာဝန်ယူဆောင်ရွက်သော မကွေးတိုင်းဒေသကြီးအတွင်းရှိ လမ်းအရှည်မိုင် စုစုပေါင်းကို (၆၅၅၂) မိုင် (၇. ၂၄) ဖာလုံဟု ပြင်ဆင်သတ်မှတ်လိုက်သည်။

## (ဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် (၃၄၇/၂၀၁၈)

နေပြည်တော်၊ ၁၃၈၀ ပြည့်နှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၈ ရက်
(၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ ၃၀ ရက်)

ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လမ်းဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး၊ လစာနှုန်း (၃၄၁,၀၀၀-၄,၀၀၀-၃၆၁,၀၀၀) ဖြင့် ညွှန်ကြားရေးမှူး (မြို့ပြ) (တာဝန်) ထမ်းဆောင်လျက်ရှိသော အောက်ဖော်ပြပါ အရာထမ်း (၂) ဦးအား ၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ ၂၉ ရက်နေ့တွင် ကျင်းပပြုလုပ်သော စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၄၁/၂၀၁၈) ၏ ဆုံးဖြတ်ချက်အရ ၎င်းဦးစီးဌာနတွင် လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀) ညွှန်ကြားရေးမှူး (မြို့ပြ) ရာထူးသို့ တိုးမြှင့်ခန့်ထားလိုက်သည် -

| စဉ် | အမည်၊ ကိုယ်ပိုင်အမှတ် | လက်ရှိနေရာ |
|---|---|---|
| (က) | ဦးတင်မောင်အုန်း<br>ဆ/၁၅၄၃ | ကချင်ပြည်နယ်<br>လမ်းဦးစီးဌာန |
| (ခ) | ဦးကျော်ဘုန်းလွင်<br>ဆ/၁၉၄၄ | မန္တလေးတိုင်းဒေသကြီး<br>လမ်းဦးစီးဌာန |

## (ဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် (၃၄၁/၂၀၁၈)

နေပြည်တော်၊ ၁၃၈၀ ပြည့်နှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၁၂ ရက်
(၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၄ ရက်)

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာနသည် ကယားပြည်နယ်၊ လွိုင်ကော်ခရိုင်၊ ရှားတောမြို့နယ်အတွင်းရှိ အောက်ဖော်ပြပါ လမ်းများကို ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနပိုင်လမ်းအဖြစ် သတ်မှတ်ကြေညာလိုက်သည် -

(က) သရီးဒါး-ဒေါဝယ်ရာကျောက်လမ်း

(၁) လမ်းအရှည် - (၆) မိုင် (၇) ဖာလုံ။

(၂) စတင်သည့်နေရာ - လှိုင်ကော်-ပွန်းချောင်း-ရှားတောလမ်းပိုင်း မိုင်တိုင် အမှတ် (၂၈/၂) မိုင်တွင် တည်ရှိသော ဒေါကလဲ ကျေးရွာမှ။

(၃) လမ်းဆုံးရောက်ရှိသည့်နေရာ - ဒေါဝယ်ရောကျေးရွာ။

( ခ ) ဆူးဖဲလော-နော်ပုလု-တေလဲမြေသားလမ်း

(၁) လမ်းအရှည် - (၁၂) မိုင် (၁) ဖာလုံ။

(၂) စတင်သည့်နေရာ - လှိုင်ကော်-ပွန်းချောင်း-ရှားတောလမ်းပိုင်း မိုင်တိုင် အမှတ် (၂၁/၇) မိုင်တွင် တည်ရှိသော ဆူးဖဲလော ကျေးရွာမှ။

(၃) လမ်းဆုံးရောက်ရှိသည့်နေရာ - တေလဲကျေးရွာ။

၂။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ တာဝန်ယူဆောင်ရွက်သော ကယား ပြည်နယ်အတွင်းရှိ လမ်းအရှည်စုစုပေါင်းကို (၄၆၅ မိုင် ၃. ၈၃ ဖာလုံ) ဟု ပြင်ဆင်သတ်မှတ်လိုက်သည်။

## (ဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် (၃၅၂/ ၂၀၁၈)

ဆောက်လုပ်ရေးဝန်ကြီးဌာနသည် စုပေါင်းပိုင်အဆောက်အအုံဆိုင်ရာဥပဒေပုဒ်မ ၃၉၊ ပုဒ်မခွဲ (က) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ဤနည်းဥပဒေများကို ထုတ်ပြန်လိုက်သည်။

၁။ ဤနည်းဥပဒေများကို **စုပေါင်းပိုင်အဆောက်အအုံဆိုင်ရာနည်းဥပဒေများကို ပြင်ဆင်သည့် နည်းဥပဒေများ** ဟု ခေါ်တွင်စေရမည်။

၂။ စုပေါင်းပိုင်အဆောက်အအုံဆိုင်ရာနည်းဥပဒေများ၊ နည်းဥပဒေ ၁၅ ကို အောက်ပါအတိုင်း အစားထိုးရမည် -

"၁၅။ တည်ထောင်သူသည် စုပေါင်းပိုင်အဆောက်အအုံတည်ထောင်မှုလုပ်ငန်းအတွက် နိုင်ငံတော်အတွင်းရှိ ဘဏ်တစ်ခုခုတွင် ဘဏ်စာရင်း သီးခြားဖွင့်လှစ်ထားရှိရမည်။ တည်ထောင်ခွင့်လျှောက်ထားရာ၌ အဆိုပါဘဏ်စာရင်းတွင် စုစုပေါင်းကုန်ကျစရိတ်တန်ဖိုး၏ ၁၅ ရာခိုင်နှုန်း ညီမျှသော ပမာဏ သို့မဟုတ် ရင်းနှီးမြှုပ်နှံမှုပမာဏကြီးမားသော စုပေါင်းပိုင်အဆောက်အအုံ စီမံကိန်းများတွင် သက်ဆိုင်ရာ စီမံခန့်ခွဲရေးကော်မတီက သတ်မှတ်ထားသည့်ပမာဏကို ထည့်သွင်းထားသည့် ဘဏ်စာရင်းအထောက်အထား တင်ပြရမည်။"

၃။ စုပေါင်းပိုင်အဆောက်အအုံဆိုင်ရာနည်းဥပဒေများ၊ နည်းဥပဒေ ၂၀ ကို အောက်ပါအတိုင်း အစားထိုးရမည် -

"၂၀။ ပုဂ္ဂလိကမြေပေါ်တွင် တည်ဆောက်ထားသည့် ဥပဒေပုဒ်မ ၁၂၊ ပုဒ်မခွဲ (က) ပါ ဆောက်လုပ်ပြီး သို့မဟုတ် ဆောက်လုပ်ဆဲ အဆောက်အအုံများသည် ဥပဒေပုဒ်မ ၁၀ ပါ ပြဋ္ဌာန်းချက်များနှင့် ညီညွတ်ပါက စုပေါင်းပိုင်အဆောက်အအုံအဖြစ် ပြောင်းလဲလိုလျှင် နည်းဥပဒေ အခန်း (၄) ပါ အချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရမည်။"

၄။ စုပေါင်းပိုင်အဆောက်အအုံဆိုင်ရာနည်းဥပဒေများ၊ နည်းဥပဒေ ၂၁ ကို အောက်ပါအတိုင်း အစားထိုးရမည် -

"၂၁။ တည်ထောင်သူသည် နိုင်ငံတော်ပိုင်မြေ တစ်ခုခုပေါ်တွင် စုပေါင်းပိုင်အဆောက်အအုံကို တည်ထောင်ရာတွင် ဥပဒေပုဒ်မ ၁၅၊ ပုဒ်မခွဲ (ဂ) ၌ ဖော်ပြထားသည့် ပြည်ထောင်စုအစိုးရအဖွဲ့၏ ခွင့်ပြုချက်ရယူနိုင်ရန် ဝန်ကြီးဌာနမှတစ်ဆင့် တင်ပြဆောင်ရွက်ရမည်ဖြစ်ပြီး ခွင့်ပြုချက်ရရှိပြီးသည့် အခါ နည်းဥပဒေ အခန်း (၄) ပါ အချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရမည်။"

၅။ စုပေါင်းပိုင်အဆောက်အအုံဆိုင်ရာနည်းဥပဒေများ၊ နည်းဥပဒေ ၂၃၊ နည်းဥပဒေခွဲ (က) ကို အောက်ပါအတိုင်း အစားထိုးရမည် -

"(က) စုပေါင်းပိုင်အဆောက်အအုံ တည်ထောင်သည့် စာချုပ်စာတမ်းနှင့် စာတမ်းအမှတ်အသားများ၊ ကျမ်းကျိန်လွှာ သို့မဟုတ် ကတိသစ္စာပြုလွှာ၊ အမည်ပေါက်မြေပိုင်ဆိုင်မှု အထောက်အထား၊ မြွက်ဟကြေညာချက်၊ မြေပိုင်ရှင်နှင့် ချုပ်ဆိုထားသော မြေအရောင်းအဝယ်စာချုပ်နှင့် အခြားလိုအပ်သည့် စာရွက်စာတမ်းအထောက်အထားများကို ပြည့်စုံခိုင်လုံမှု ရှိ မရှိ စိစစ်ကြည့်ရှုရမည်။"

၆။ စုပေါင်းပိုင်အဆောက်အအုံဆိုင်ရာနည်းဥပဒေများ၊ နည်းဥပဒေ ၂၈ ကို အောက်ပါအတိုင်း အစားထိုးရမည် -

"၂၈။ စုပေါင်းပိုင် အဆောက်အအုံ တည်ထောင်ဆောက်လုပ်ရာတွင် ဝန်ကြီးဌာနက သတ်မှတ်ထားသည့် စံချိန်စံညွှန်း သတ်မှတ်ချက်များနှင့်သော်လည်းကောင်း၊ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့များက ထုတ်ပြန်သော စံချိန်စံညွှန်း သတ်မှတ်ချက်များနှင့်သော်လည်းကောင်း၊ သက်ဆိုင်ရာဒေသမှ စည်ပင်သာယာရေးကော်မတီ သို့မဟုတ် စည်ပင်သာယာရေးအဖွဲ့များက ထုတ်ပြန်သော စံချိန်စံညွှန်းသတ်မှတ်ချက်များနှင့်သော်လည်းကောင်း ညီညွတ်မှုရှိရမည်။"

၇။ စုပေါင်းပိုင်အဆောက်အအုံဆိုင်ရာနည်းဥပဒေများ၊ နည်းဥပဒေ ၃၄ ကို အောက်ပါအတိုင်း အစားထိုးရမည် -

"၃၄။ တည်ထောင်သူ၊ ပူးတွဲတည်ထောင်သူနှင့် စုပေါင်းပိုင်သူတို့သည် စုပေါင်းပိုင် အဆောက်အအုံရှိ အိမ်ခန်းများကို နိုင်ငံခြားသားသို့ ရောင်းချပါက ယင်းစုပေါင်းပိုင် အဆောက်အအုံ၏ ရောင်းချ၍ ရသော စုစုပေါင်းအိမ်ခန်း၏ ၄၀ ရာခိုင်နှုန်းထက်မပိုစေရ။ အဆိုပါ ရာခိုင်နှုန်းထက်ကျော်လွန်ခြင်း ရှိ မရှိကို မှတ်ပုံတင်အရာရှိထံတွင် ဦးစွာစုံစမ်းပြီး ကျော်လွန်ခြင်းမရှိမှသာရောင်းချနိုင်သည်။"

၈။ စုပေါင်းပိုင်အဆောက်အအုံဆိုင်ရာနည်းဥပဒေများ၊ နည်းဥပဒေ ၃၅၊ ၃၆ နှင့် ၃၇ တို့ကို ပယ်ဖျက်ရမည်။

၉။ စုပေါင်းပိုင်အဆောက်အအုံဆိုင်ရာနည်းဥပဒေများ၊ နည်းဥပဒေ ၄၄၊ နည်းဥပဒေခွဲ (က) ကို အောက်ပါအတိုင်း အစားထိုးရမည် -

"(က) စုပေါင်းပိုင်သူသည် အိမ်ခန်းကို ဥပဒေပုဒ်မ ၂၀ ပါ လွှဲပြောင်းခြင်းတစ်ရပ်ရပ်ဖြင့် လွှဲပြောင်းသည့်အခါ ဝန်ကြီးဌာန၏ အတည်ပြုချက်ဖြင့် စီမံခန့်ခွဲရေးကော်မတီက သတ်မှတ်ထားသော မှတ်ပုံတင်ကြေးကို ပေးဆောင်ရမည်။ အဆိုပါ မှတ်ပုံတင်ကြေးကို ပြည်ထောင်စုနယ်မြေဖြစ်ပါက နေပြည်တော်ကောင်စီသို့လည်းကောင်း၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်းဖြစ်ပါက သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့သို့လည်းကောင်း ပေးသွင်းရမည်။"

၁၀။ စုပေါင်းပိုင်အဆောက်အအုံဆိုင်ရာနည်းဥပဒေများ၊ နည်းဥပဒေ ၄၈၊ နည်းဥပဒေခွဲ (က) ကို အောက်ပါအတိုင်းအစားထိုးရမည် -

"(က) စုပေါင်းပိုင်အဆောက်အအုံ တည်ဆောက်သည့် စီမံကိန်းကာလအတွင်းနှင့် စီမံကိန်းပြီးစီးပြီး နှစ်နှစ်ကာလအတွင်း တည်ဆောက်ပြီး အိမ်ရာများကို ထိန်းသိမ်းစောင့်ရှောက်ရမည်။ နှစ်နှစ်ပြည့်ပြီးသော်လည်း ယာယီအဖွဲ့ တရားဝင် မဖွဲ့စည်းရသေးမီ အချိန်ကာလအတွင်း တည်ဆောက်ပြီး အိမ်ရာများ၏ ထိန်းသိမ်းစောင့်ရှောက်မှုကို တာဝန်ယူဆောင်ရွက်ရမည်။"

၁၁။ စုပေါင်းပိုင်အဆောက်အအုံဆိုင်ရာနည်းဥပဒေများ၊ နည်းဥပဒေ ၅၄၊ နည်းဥပဒေခွဲ (က)၊ နည်းဥပဒေခွဲငယ် (၁) ကို အောက်ပါအတိုင်း အစားထိုးရမည် -

"(၁) အသင်း၏ အစည်းအဝေးများသို့ တက်ရောက်ခွင့်နှင့် မူလအချိုးသင့်ပိုင်ဆိုင်မှု အစုတန်ဖိုးနှင့်အညီ ဆန္ဒမဲပေးပိုင်ခွင့်ရှိသည်။"

၁၂။ စုပေါင်းပိုင်အဆောက်အအုံဆိုင်ရာနည်းဥပဒေများ၊ နည်းဥပဒေ ၆၇၊ နည်းဥပဒေခွဲ (ဂ) ကို အောက်ပါအတိုင်း အစားထိုးရမည် -

"(ဂ) အသင်းဝင်တစ်ဦး သို့မဟုတ် ၎င်း၏ တရားဝင် ကိုယ်စားလှယ်သည် မူလအချိုးသင့် ပိုင်ဆိုင်မှု အစုတန်ဖိုးနှင့်အညီ ဆန္ဒမဲပေးပိုင်ခွင့်ရှိသည်။"

၁၃။ စုပေါင်းပိုင်အဆောက်အအုံဆိုင်ရာနည်းဥပဒေများ၊ နည်းဥပဒေ ၈၀ ကို အောက်ပါအတိုင်း အစားထိုး ရမည် -

"၈၀။ တည်ထောင်သူသည် စုပေါင်းပိုင်အဆောက်အအုံ တည်ထောင်ဆောက်လုပ်နေစဉ်အတွင်း ခိုင်လုံသော အကြောင်းပြချက် တစ်စုံတစ်ရာမရှိဘဲ လုပ်ငန်းရပ်ဆိုင်းနေကြောင်း သက်ဆိုင်ရာ စီမံခန့်ခွဲရေး ကော်မတီက စိစစ်တွေ့ရှိလျှင် စုံစမ်းစစ်ဆေးရေးအဖွဲ့တစ်ရပ်ကို ဖွဲ့စည်း၍ စုံစမ်းစစ်ဆေးစေပြီး အစီရင်ခံစာ တင်ပြစေရမည်။"

## (ဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် (၄/၂၀၁၉)

နေပြည်တော်၊ ၁၃၈၀ ပြည့်နှစ်၊ ပြာသိုလဆန်း ၄ ရက်

(၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ ၉ ရက်)

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန၏ ၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၉ ရက်နေ့စွဲပါ အမိန့်ကြော်ငြာစာ အမှတ် (၃၅/၂၀၁၈) ဖြင့် ဖွဲ့စည်းထားသည့် **ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ပြောရေးဆိုခွင့်နှင့် သတင်း ထုတ်ပြန်ရေးအဖွဲ့** ကို အောက်ဖော်ပြပါ ပုဂ္ဂိုလ်များဖြင့် ပြင်ဆင်ဖွဲ့စည်းလိုက်သည် -

(က) ဦးဝင်းတင့် — အဖွဲ့ခေါင်းဆောင်
အမြဲတမ်းအတွင်းဝန်
ဝန်ကြီးရုံး
(ဖုန်း-၀၉၇၉၈၈၈၀၉၉၉၊ ၀၆၇-၃၄၀၇၀၇၃)

(ခ) ဦးသိန်းဇော် — အဖွဲ့ဝင်
ညွှန်ကြားရေးမှူးချုပ်
အဆောက်အဦဦးစီးဌာန
(ဖုန်း-၀၉၄၃၂၀၂၇၅၄၊ ၀၆၇-၃၄၀၇၀၈၀)

(ဂ) ဦးအုန်းလွင် — အဖွဲ့ဝင်
ညွှန်ကြားရေးမှူးချုပ်
လမ်းဦးစီးဌာန
(ဖုန်း-၀၉၇၉၃၃၄၆၀၂၆၊ ၀၆၇-၃၄၀၇၀၇၄)

(ဃ) ဦးရွှေလေး — အဖွဲ့ဝင်
ညွှန်ကြားရေးမှူးချုပ်
တံတားဦးစီးဌာန
(ဖုန်း-၀၉၅၂၀၂၃၂၄၊ ၀၆၇-၃၄၀၇၀၆၉)

(င) ဦးမင်းထိန် — အဖွဲ့ဝင်
ညွှန်ကြားရေးမှူးချုပ်
မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန
(ဖုန်း-၀၉၅၀၄၁၆၅၇၊ ၀၆၇-၃၄၀၇၀၇၁)

(စ) ဦးခင်သက် — အဖွဲ့ဝင်
ညွှန်ကြားရေးမှူးချုပ်
ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန
(ဖုန်း-၀၉၄၅၀၉၉၀၆၆၆၊ ၀၆၇-၃၄၀၇၁၆၆)

(ဆ) ဦးဇော်မင်းသိမ်း — အတွင်းရေးမှူး
ဒုတိယအမြဲတမ်းအတွင်းဝန်
ဝန်ကြီးရုံး
(ဖုန်း-၀၉၄၄၈၅၃၄၇၆၉၊ ၀၆၇-၃၄၀၇၅၈၄)

၂။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ပြောရေးဆိုခွင့်နှင့် သတင်းထုတ်ပြန်ရေးအဖွဲ့၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

(က) ဆောက်လုပ်ရေးဝန်ကြီးဌာန၏ လုပ်ငန်းဆိုင်ရာကိစ္စများနှင့်ပတ်သက်၍ ပြည်သူလူထုသို့ အသိပေးရန်လိုအပ်သည့်သတင်းများအား အချိန်နှင့်တစ်ပြေးညီထုတ်ပြန်ပေးခြင်း၊

(ခ) ဖြစ်ပေါ်နေသည့်အခြေအနေများပေါ် မူတည်သုံးသပ်၍ ဆောက်လုပ်ရေးဝန်ကြီးဌာနမှ ကြိုတင်ဆောင်ရွက်သင့်သည့် သတင်းမီဒီယာလုပ်ငန်းများဆောင်ရွက်ခြင်း၊

(ဂ) ပြည်တွင်း ပြည်ပရှိ သတင်းဌာနများ၊ ဒေသဆိုင်ရာအဖွဲ့အစည်းများ၊ နိုင်ငံတကာအဖွဲ့အစည်းများ၏ သတင်းဌာနများမှ မေးမြန်းလာသည့်ကိစ္စများအား ဖြေကြားခြင်း၊

(ဃ) ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ပြောရေးဆိုခွင့်နှင့် သတင်းထုတ်ပြန်ရေးအဖွဲ့၏ သတင်းစုဆောင်းထုတ်ပြန်ရေးလုပ်ငန်းများတွင် ဝန်ကြီးဌာနလက်အောက်ရှိ ဦးစီးဌာနအဖွဲ့အစည်းများမှ အထောက်အကူပေးနိုင်ရေးအတွက် ဆက်သွယ်ဆောင်ရွက်ပေးခြင်း။

ဟန်ဇော်၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
ဆောက်လုပ်ရေးဝန်ကြီးဌာန။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

# ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန

## (ဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် ၁/၂၀၁၉

၁၃၈၀ ပြည့်နှစ်၊ ပြာသိုလဆန်း ၂ ရက်
(၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ ၇ ရက်)

## ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူအဖွဲ့ ပြင်ဆင်ဖွဲ့စည်းခြင်း

ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူအဖွဲ့အား အောက်ပါအတိုင်း ပြန်လည်ပြင်ဆင်ဖွဲ့စည်းလိုက်သည် -

(၁) ဦးလှိုင်ဦး — အဖွဲ့ခေါင်းဆောင်
ဒုတိယအမြဲတမ်းအတွင်းဝန်
ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန
ရုံးဖုန်း-၀၆၇ ၄၀၆၄၅၄
လက်ကိုင်ဖုန်း-၀၉ ၅၀၂၂၃၀၄

(၂) ဒေါ်ခင်သန်းဝင်း — အဖွဲ့ဝင်
ဒုတိယညွှန်ကြားရေးမှူးချုပ်
ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန
ရုံးဖုန်း-၀၆၇ ၄၀၆၄၄၈
လက်ကိုင်ဖုန်း-၀၉ ၇၈၀၆၇၂၁၉၉

(၃) ဦးအောင်အေးဟန် အဖွဲ့ဝင်
ဒုတိယညွှန်ကြားရေးမှူးချုပ်
ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန
ရုံးဖုန်း- ၀၆၇ ၄၀၆၄၅၉
လက်ကိုင်ဖုန်း-၀၉ ၅၀၃၄၅၈၂

အုန်းမောင်၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုရှေ့နေချုပ်ရုံး**

**အမိန့်ကြော်ငြာစာအမှတ် (၂၄၁/၂၀၁၈)**

၁၃၈၀ ပြည့်နှစ်၊ တန်ဆောင်မုန်းလဆန်း ၁၃ ရက်

(၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ ၂၀ ရက်)

နေပြည်တော်၊ ပြည်ထောင်စုနယ်မြေရှိ ပြည်ထောင်စုရှေ့နေချုပ်ရုံး၏ ကြီးကြပ်မှုအောက်တွင် ဖွဲ့စည်းထားရှိသော ဇမ္ဗူသီရိမြို့နယ်ဥပဒေရုံး၊ ပုဗ္ဗသီရိမြို့နယ်ဥပဒေရုံး၊ ဥတ္တရသီရိမြို့နယ်ဥပဒေရုံးနှင့် ဒက္ခိဏသီရိမြို့နယ်ဥပဒေရုံးများ အဆောက်အအုံဆောက်လုပ်ရာတွင် နိုင်ငံတော်သမ္မတရုံး ညွှန်ကြားချက်အမှတ် (၁/၂၀၁၇) တွင်ပါရှိသော တင်ဒါလုပ်ထုံးလုပ်နည်းများနှင့်အညီ ကြီးကြပ်ဆောင်ရွက်နိုင်ရေးအတွက် ပြည်ထောင်စုရှေ့နေချုပ်ရုံး **တင်ဒါကော်မတီ၊ တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ၊ အရည်အသွေးစစ်ဆေးရေးနှင့် လက်ခံရေးကော်မတီ** များအား အောက်ဖော်ပြပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းတာဝန်ပေးအပ်လိုက်သည် -

**၁။ တင်ဒါကော်မတီ**

| **စဉ်** | **အမည်** | **ရာထူး** | **တာဝန်** |
|---|---|---|---|
| (၁) | ဦးဝင်းမြင့် | ဒုတိယရှေ့နေချုပ် | ဥက္ကဋ္ဌ |
| (၂) | ဒေါ်နုနုယဉ် | အမြဲတမ်းအတွင်းဝန် | အဖွဲ့ဝင် |
| (၃) | ဒေါ်ခင်ချိုအုန်း | ညွှန်ကြားရေးမှူးချုပ် | အဖွဲ့ဝင် |
| (၄) | ဦးမင်းဆွေ | ညွှန်ကြားရေးမှူးချုပ် | အဖွဲ့ဝင် |
| (၅) | ဒေါက်တာသီတာဦး | ညွှန်ကြားရေးမှူးချုပ် | အဖွဲ့ဝင် |
| (၆) | ဒေါ်ပြုံးပြုံးခိုင် | အင်ဂျင်နီယာချုပ် ဆောက်လုပ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၇) | ဒေါက်တာသီသီမြင့် | ဒုတိယအမြဲတမ်းအတွင်းဝန် | အဖွဲ့ဝင် |
| (၈) | ဦးမြင့်အောင် | ညွှန်ကြားရေးမှူး | အတွင်းရေးမှူး |

အဆိုပါကော်မတီသည် အောက်ပါလုပ်ငန်းတာဝန်များကို ဆောင်ရွက်ရမည် -

(က) တည်ဆောက်မည့်အဆောက်အအုံပုံစံနှင့် စံချိန်စံညွှန်းများကို ရှင်းလင်းစွာဖော်ပြပြီး အိတ်ဖွင့်တင်ဒါ ဖွင့်လှစ်နိုင်ရန် သတ်မှတ်ရက်ထက် (၁) လကြိုတင်၍ နိုင်ငံပိုင်သတင်းစာများတွင် အနည်းဆုံး (၂) ကြိမ် သိသာထင်ရှားစွာကြော်ငြာ၍ တင်ဒါခေါ်ယူနိုင်ရေးနှင့် ဝန်ကြီးဌာန Website တွင် အနည်းဆုံး (၁) လကြိုတင်ကြော်ငြာနိုင်ရေးတို့အတွက် လမ်းညွှန်ခြင်း၊

(ခ) ဖော်ပြပါမြို့နယ်ဥပဒေရုံးအဆောက်အအုံများ ဆောက်လုပ်ရေးအတွက် အကြံပေးဝန်ဆောင်မှု ရယူခြင်းနှင့် အကြံပေးမဟုတ်သော ဝန်ဆောင်မှုရယူခြင်းတို့ကို ဆောင်ရွက်ရန် ရန်ပုံငွေ ခွင့်ပြုချက် ရှိ မရှိ စိစစ်ခြင်း၊

(ဂ) ဖော်ပြပါမြို့နယ်ဥပဒေရုံးအဆောက်အအုံများ ဆောက်လုပ်ရေးအတွက် လိုအပ်သော တင်ဒါ ပုံစံများ၊ စာချုပ်ပုံစံများ သတ်မှတ်ခြင်း၊

(ဃ) တင်ဒါတွင်ပါဝင်မည့် အဆိုပြုကန်ထရိုက်စာချုပ်ပါ အချက်များအကဲဖြတ်မှုစံချိန်စံညွှန်း များနှင့် ငွေရေးကြေးရေးအချက်အလက်များ (ကန်ထရိုက်ဆိုင်ရာအချက်အလက်များ ငွေပေးချေမှုအစီအစဉ်၊ ပစ္စည်းပေးသွင်းမှုအစီအစဉ်၊ အခွန်စသည်များ) သတ်မှတ်ခြင်း၊

(င) တင်ဒါတင်သွင်းရမည့် အချိန်နှင့်နေရာ၊ တင်ဒါဖွင့်ဖောက်လက်ခံမည့်အချိန်နှင့် နေရာနှင့် တင်ဒါအောင်မြင်သူစာရင်းထုတ်ပြန်မည့် နေ့ ရက် တို့ကို သတ်မှတ်ကြေညာခြင်း၊

(စ) တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ၊ အရည်အသွေးစစ်ဆေးရေးနှင့် လက်ခံရေး ကော်မတီတို့ကို ဖွဲ့စည်း၍ ယင်းကော်မတီ၏လုပ်ငန်းတာဝန်များ သတ်မှတ်ခြင်း၊

(ဆ) တင်ဒါမအောင်မြင်သူများအားလုံးကို တင်ဒါအာမခံကြေးပြန်လည်ထုတ်ပေးခြင်းနှင့် တင်ဒါ အောင်မြင်သူထံမှ လုပ်ငန်းအာမခံကြေး တောင်းခံခြင်းများ ဆောင်ရွက်ရန် သတ်မှတ်ခြင်း၊

(ဇ) တင်ဒါအောင်မြင်သူများအား ကြေညာပေးခြင်း။

၂။ **တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ**

| **စဉ်** | **အမည်** | **ရာထူး** | **တာဝန်** |
|---|---|---|---|
| (၁) | ဒေါ်နုနုယဉ် | အမြဲတမ်းအတွင်းဝန် | ဥက္ကဋ္ဌ |
| (၂) | ဒေါ်ခင်ချိုအုန်း | ညွှန်ကြားရေးမှူးချုပ် | အဖွဲ့ဝင် |
| (၃) | ဦးမင်းဆွေ | ညွှန်ကြားရေးမှူးချုပ် | အဖွဲ့ဝင် |
| (၄) | ဒေါက်တာသီတာဦး | ညွှန်ကြားရေးမှူးချုပ် | အဖွဲ့ဝင် |
| (၅) | ဒေါက်တာသီသီမြင့် | ဒုတိယအမြဲတမ်းအတွင်းဝန် | အဖွဲ့ဝင် |
| (၆) | ဒေါက်တာစုစုလှိုင် | ဒုတိယညွှန်ကြားရေးမှူးချုပ် | အဖွဲ့ဝင် |
| (၇) | ဒေါ်ခင်ခင်နွယ် | ညွှန်ကြားရေးမှူး | အဖွဲ့ဝင် |
| (၈) | ဦးဝင်းထွန်း | ညွှန်ကြားရေးမှူး | အဖွဲ့ဝင် |
| (၉) | ဒေါက်တာပွင့်သဉ္ဇာကျော်ကျော် | ဒုတိယညွှန်ကြားရေးမှူး<br>နေပြည်တော်ကောင်စီ | အဖွဲ့ဝင် |
| (၁၀) | ဦးမြင့်အောင် | ညွှန်ကြားရေးမှူး | အတွင်းရေးမှူး |
| (၁၁) | ဒေါ်အေးအေးလွင် | ညွှန်ကြားရေးမှူး | တွဲဖက်အတွင်းရေးမှူး |

အဆိုပါကော်မတီသည် အောက်ပါလုပ်ငန်းတာဝန်များကို ဆောင်ရွက်ရမည်ဖြစ်ပါသည် -

(က) တင်ဒါအဆိုပြုလွှာများ လက်ခံခြင်းနှင့် ဖွင့်ဖောက်ခြင်း၊

(ခ) တင်ဒါများ စိစစ်အကဲဖြတ်ခြင်း၊

(ဂ) တင်ဒါကော်မတီသို့တင်ပြရမည့် အကဲဖြတ်မှုအစီရင်ခံစာကို အကြံပြုချက်များနှင့်အတူ ပြုစုခြင်း၊

(ဃ) တင်ဒါတင်သွင်းလာသည့် ကုမ္ပဏီ၊ အဖွဲ့အစည်းများသည် ယုံကြည်စိတ်ချရမှု ရှိ မရှိ သုံးသပ် ဆုံးဖြတ်ခြင်း၊

(င) တင်ဒါတင်သွင်းလာသည့် ကုမ္ပဏီ၊ အဖွဲ့အစည်းများသည် သက်ဆိုင်ရာဌာနများတွင် မှတ်ပုံတင်ထားခြင်း ရှိ မရှိ စိစစ်ခြင်း၊

(စ) တင်သွင်းရန်အဆိုပြုသည့် ပစ္စည်းအမျိုးအစားများနှင့် ပတ်သက်၍ ခိုင်မာသည့်အာမခံချက် ရှိ မရှိ စိစစ်ခြင်း၊

(ဆ) အဆိုပြုတင်သွင်းလာသည့် ကုမ္ပဏီ၊ အဖွဲ့အစည်းများသည် နာမည်ပျက်စာရင်း (Black List) ရှိ မရှိ စိစစ်ခြင်း၊

(ဇ) ပစ္စည်းအမျိုးအစားအလိုက် လက်ခံရရှိထားသည့် တင်ဒါအဆိုပြုလွှာပါ ဈေးနှုန်းအနည်းအများ အလိုက် မှတ်တမ်းပြုစုခြင်း၊

(ဈ) တင်ဒါကော်မတီမှ ပေးအပ်သည့်တာဝန်များကို ဆောင်ရွက်ခြင်း။

၃။ **အရည်အသွေးစစ်ဆေးရေးနှင့် လက်ခံရေးကော်မတီ**

| စဉ် | အမည် | ရာထူး | တာဝန် |
|---|---|---|---|
| (၁) | ဒေါက်တာသီသီမြင့် | ဒုတိယအမြဲတမ်းအတွင်းဝန် | ဥက္ကဋ္ဌ |
| (၂) | ဒေါက်တာဆွေဆွေအောင် | ဒုတိယညွှန်ကြားရေးမှူးချုပ် | အဖွဲ့ဝင် |
| (၃) | ဦးကျော်ကျော်နိုင် | ဒုတိယညွှန်ကြားရေးမှူးချုပ် | အဖွဲ့ဝင် |
| (၄) | ဒေါ်ဖြူမာဝေ | ဒုတိယညွှန်ကြားရေးမှူးချုပ် | အဖွဲ့ဝင် |
| (၅) | ဒေါက်တာစုစုလှိုင် | ဒုတိယညွှန်ကြားရေးမှူးချုပ် | အဖွဲ့ဝင် |
| (၆) | ဦးဝင်းထွန်း | ညွှန်ကြားရေးမှူး | အဖွဲ့ဝင် |
| (၇) | ကိုယ်စားလှယ် | ဆောက်လုပ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၈) | ဒေါက်တာပွင့်သန္တာကျော်ကျော် | နေပြည်တော်ကောင်စီ | အဖွဲ့ဝင် |
| (၉) | ဦးဆန်းထွန်း | ဒုတိယညွှန်ကြားရေးမှူး | အဖွဲ့ဝင် |
| (၁၀) | ဦးသက်ခိုင်ဦး | လက်ထောက်ညွှန်ကြားရေးမှူး | အဖွဲ့ဝင် |
| (၁၁) | ဦးစန်းငွေး | လက်ထောက်ညွှန်ကြားရေးမှူး | အဖွဲ့ဝင် |
| (၁၂) | ဦးအောင်ဘိုဘို | မြို့နယ်ဥပဒေအရာရှိ (ဇမ္ဗူသီရိမြို့နယ်) | အဖွဲ့ဝင် |
| (၁၃) | ဒေါ်ပြုံးသီရိဝေ | မြို့နယ်ဥပဒေအရာရှိ (ပုဗ္ဗသီရိမြို့နယ်) | အဖွဲ့ဝင် |
| (၁၄) | ဦးရဲမိုးလှိုင် | မြို့နယ်ဥပဒေအရာရှိ (ဥတ္တရသီရိမြို့နယ်) | အဖွဲ့ဝင် |
| (၁၅) | ဒေါ်ခင်မြင့်မော် | မြို့နယ်ဥပဒေအရာရှိ (ဒက္ခိဏသီရိမြို့နယ်) | အဖွဲ့ဝင် |
| (၁၆) | ဦးမြင့်အောင် | ညွှန်ကြားရေးမှူး | အတွင်းရေးမှူး |

အဆိုပါကော်မတီသည် အောက်ပါလုပ်ငန်းတာဝန်များကို ဆောင်ရွက်ရမည် -

(က) အရည်အသွေးစစ်ဆေးခြင်းနှင့် လိုအပ်ပါက ပစ္စည်းများကို စမ်းသပ်စစ်ဆေးခြင်း၊

(ခ) ပစ္စည်း သို့မဟုတ် ဝန်ဆောင်မှုသည် စာချုပ်တွင်သတ်မှတ်ဖော်ပြထားသည့်အချက်များ၊ စံချိန်စံညွှန်းသတ်မှတ်ချက်များနှင့် ကိုက်ညီမှု ရှိ မရှိ စိစစ်ခြင်းနှင့် အကဲဖြတ်ခြင်း၊

(ဂ) ဝယ်ယူမည့်ဌာနအဖွဲ့အစည်းကိုယ်စား ပေးပို့လာသည့် ပစ္စည်း သို့မဟုတ် ဝန်ဆောင်မှုကို လက်ခံခြင်း သို့မဟုတ် ငြင်းပယ်ခြင်း၊

(ဃ) ပစ္စည်းလက်ခံစာရွက်စာတမ်းများ ထုတ်ပေးခြင်း။

ထွန်းထွန်းဦး၊
ပြည်ထောင်စုရှေ့နေချုပ်၊
ပြည်ထောင်စုရှေ့နေချုပ်ရုံး။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုရှေ့နေချုပ်ရုံး**

နေပြည်တော်၊ ၁၃၈၀ ပြည့်နှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၁၃ ရက်

(၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၅ ရက်)

အမှတ် ၁၅၆ ။　။ ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ တရားစွဲနှင့် အမှုလိုက်ဦးစီးဌာန၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ပြစ်မှုဆိုင်ရာအမှုလိုက်ဌာနခွဲ၊ ဒုတိယညွှန်ကြားရေးမှူး (ဥပဒေအရာရှိအဆင့်-၁)၊ လစာနှုန်း (၃၄၁,၀၀၀-၄,၀၀၀-၃၆၁,၀၀၀) ဒေါ်နန်းလှလှအေး (ဥ/၂၁၉၁) အား တာဝန်ဝတ္တရားများ စတင်လက်ခံ ဆောင်ရွက်သည့်နေ့မှစ၍ ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ ဥပဒေအကြံဉာဏ်ပေးရေးဦးစီးဌာန၊ စီးပွားရေးစာချုပ်စာတမ်းဌာနခွဲ၊ ညွှန်ကြားရေးမှူး၊ လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀) အဖြစ် တိုးမြှင့်ခန့်ထားလိုက်သည်။

ထွန်းထွန်းဦး၊
ပြည်ထောင်စုရှေ့နေချုပ်၊
ပြည်ထောင်စုရှေ့နေချုပ်ရုံး။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုရာထူးဝန်အဖွဲ့**

**အမိန့်ကြော်ငြာစာအမှတ် (၆၅/၂၀၁၈)**

နေပြည်တော်၊ ၁၃၈၀ ပြည့်နှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၁၃ ရက်

(၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၅ ရက်)

ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ ဝန်ထမ်းရေးရာဦးစီးဌာနမှ ညွှန်ကြားရေးမှူး၊ လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀) ဒေါ်ဖြူဖြူမြင့် အား နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ ၂၂ နှင့် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၊ နည်းဥပဒေ ၈၁ တို့အရ အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လ ခံစားခွင့်ကို ၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ ၄ ရက်နေ့မှ ၂၀၁၉ ခုနှစ်၊ မေလ ၃ ရက်နေ့အထိ ခံစားခွင့်ပြုလိုက်သည်။

ယင်းခွင့်ရက်များကုန်ဆုံးသည့် ၂၀၁၉ ခုနှစ်၊ မေလ ၄ ရက်နေ့ နံနက်ပိုင်းမှစ၍ ၎င်းအား နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ ၅၆၊ ပုဒ်မခွဲ (က)၊ ပုဒ်မ ၅၇ နှင့် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၊ နည်းဥပဒေ ၂၃၃၊ နည်းဥပဒေခွဲ (က) တို့အရ သက်ပြည့်အငြိမ်းစား ယူခွင့်ပြုလိုက်သည်။

ဒေါက်တာဝင်းသိမ်း၊
ဥက္ကဋ္ဌ၊
ပြည်ထောင်စုရာထူးဝန်အဖွဲ့။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

**အမိန့်ကြော်ငြာစာ (၃၃/၂၀၁၈)**

နေပြည်တော်၊ ၁၃၈၀ ပြည့်နှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၆ ရက်

(၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ ၂၈ ရက်)

၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ ၂၇ ရက်နေ့ နေပြည်တော်စည်ပင်သာယာရေးကော်မတီ မြို့တော်ဝန်ရုံးခန်းတွင် ကျင်းပပြုလုပ်သည့် ရာထူးတိုးမြှင့်ရေးနှင့် နေရာချထားရေး အစည်းအဝေးဆုံးဖြတ်ချက်အရ အင်ဂျင်နီယာဌာန (အဆောက်အအုံ) မှ ဦးဇော်ထွန်း၊ ဒုတိယဌာနမှူး (ညွှန်ကြားရေးမှူး)၊ လစာနှုန်း (၃၇၄,၀၀၀-

၄,၀၀၀-၃၉၄,၀၀၀) အား အင်ဂျင်နီယာဌာန (အဆောက်အအုံ)၊ ဌာနမှူး (ဒုတိယညွှန်ကြားရေးမှူးချုပ်)၊ လစာနှုန်း (၄၁၈,၀၀၀-၄,၀၀၀-၄၃၈,၀၀၀) ရာထူးနေရာသို့ တာဝန်ဝတ္တရားများ စတင်ထမ်းဆောင်သည့်နေ့မှစ၍ တိုးမြှင့်ခန့်ထားလိုက်သည်။

ဒေါက်တာမျိုးအောင်
မြို့တော်ဝန်
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## နေပြည်တော်စည်ပင်သာယာရေးကော်မတီ

### အမိန့်ကြော်ငြာစာအမှတ် (၃၅/၂၀၁၈)

၁၃၈၀ ပြည့်နှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၁၃ ရက်
(၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၅ ရက်)

ပြည်ထဲရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ ၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ ၁၆ ရက်စွဲပါ စာအမှတ်၊ ၁၀၀၂ (၁၂၅၄)/၁၁/ထူး ၄ ဖြင့် ထုတ်ပြန်သော အမိန့်ကြော်ငြာစာအရ အမှတ် (၅) နယ်ခြားစောင့်ရဲကွပ်ကဲမှုအဖွဲ့ခွဲမှ စည်ပင်သာယာရဲတပ်ဖွဲ့ (နေပြည်တော်) သို့ ပြောင်းရွှေ့တာဝန်ချထားသည့် ရဲ ၁၅၆၇ ရဲမှူးကြီး လှုလှုသန်း အား ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၃ ရက်နေ့ ကျင်းပပြုလုပ်သည့် စီမံခန့်ခွဲမှုကော်မတီ အစည်းအဝေးအမှတ်စဉ် (၄၅/၂၀၁၈) သဘောတူဆုံးဖြတ်ချက်အရ တာဝန်ဝတ္တရားများ စတင်ထမ်းဆောင်သည့်ရက်နေ့မှစ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီတွင် အင်အားတိုးယူပြီး လုံခြုံရေးနှင့် စည်းကမ်းထိန်းသိမ်းရေးဌာန၊ ဒုတိယဌာနမှူး၊ လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀) ရာထူးနေရာ၌ ခန့်ထားလိုက်သည်။

ဒေါက်တာမျိုးအောင်
မြို့တော်ဝန်
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ရန်ကုန်တိုင်းဒေသကြီးအစိုးရ

## ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

### အမိန့်ကြော်ငြာစာအမှတ် (၇၇/၂၀၁၈)

ရန်ကုန်မြို့၊ ၁၃၈၀ ပြည့်နှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၈ ရက်
(၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ ၃၀ ရက်)

၁။ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီသည် ရန်ကုန်မြို့၏ မြို့ပြဖွံ့ဖြိုးမှု စနစ်တကျဖြစ်ထွန်းစေရေးအတွက် သတ်မှတ်စည်းမျဉ်းစည်းကမ်းများနှင့် ညီညွတ်စေမည့် ထိန်းညှိစနစ်တစ်ခုပေါ် ထွန်းလာစေရန်အလို့ငှာ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီနယ်နိမိတ်အတွင်းရှိ မြို့နယ်များအား ၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ ၁၈ ရက်နေ့တွင် ကျင်းပပြုလုပ်သော ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၄၀/၂၀၁၈)၊ ဆုံးဖြတ်ချက်အပိုဒ် (၄၉) အရ ပူးတွဲပါ မြေပုံနှင့်အညီ အောက်ပါအတိုင်း ဧရိယာခွဲခြား သတ်မှတ်လိုက်သည် -

(က) လက်ရှိ မြို့ပြသဘာဝပတ်ဝန်းကျင်စနစ်ကို ရေရှည်ထိန်းသိမ်းစောင့်ရှောက်ရန် ရည်ရွယ်သတ်မှတ်ထားသည့်ဧရိယာ၊
(Conservation Area)
လှော်ကား၊ ကန်တော်ကြီး၊ အင်းလျားကန် အစရှိသည့် ရေပြင်၊ စိမ်းလန်းမြေနှင့် ပန်းခြံနေရာများ၊

(ခ) မြို့ပြဖွံ့ဖြိုးမှုအား ထိန်းညှိနိုင်ရန် သတ်မှတ်ထားသည့် ဧရိယာများနှင့် သမိုင်းဝင်အမွေအနှစ်များ စုဝေးတည်ရှိရာ ဧရိယာ၊
(Development Controlled Area)
လမ်းမတော်၊ လသာ၊ ပန်းဘဲတန်း၊ ကျောက်တံတား၊ ဗိုလ်တထောင်၊ ပုဇွန်တောင် စသည့် မြို့လယ် (၆) မြို့နယ်နှင့် ဆိပ်ကမ်းမြို့နယ်၊ ရွှေတိဂုံဘုရားပတ်ဝန်းကျင်၊ ဗဟန်း၊ ဒဂုံ၊ ကမာရွတ်မြို့နယ် ဧရိယာများ အပါအဝင် သီးခြားအမိန့်ကြော်ငြာစာများဖြင့် သတ်မှတ်ပေးမည့် ဧရိယာများ၊

(ဂ) လူနေသိပ်သည်းမှုအား မြှင့်တင်ဆောင်ရွက်သွားရန် သတ်မှတ်ထားသည့် ဧရိယာ၊
(Guided Densification Area)
တောင်ဥက္ကလာပ၊ မြောက်ဥက္ကလာပ၊ သာကေတ၊ ဒေါပုံ၊ ဒဂုံမြို့သစ် (အရှေ့) မြို့နယ်၊ ဒဂုံမြို့သစ် (တောင်) မြို့နယ်၊ ဒဂုံမြို့သစ် (မြောက်) မြို့နယ်၊ ဒဂုံမြို့သစ် (ဆိပ်ကမ်း) မြို့နယ်၊ ရွှေပြည်သာ၊ လှိုင်သာယာ၊

(ဃ) မြို့ပြဖွံ့ဖြိုးမှုအား တိုးမြှင့်ဆောင်ရွက်သွားရန် သတ်မှတ်ထားသည့် ဧရိယာ၊
(Development Promotion Area)
မရမ်းကုန်း၊ အင်းစိန်၊ မင်္ဂလာဒုံ၊

(င) မြို့ပြဖွံ့ဖြိုးမှုများ စနစ်တကျ ပြန်လည်ဖွံ့ဖြိုးတိုးတက်လာအောင် သတ်မှတ်ထားသည့် ဧရိယာ၊
(Redevelopment and Upgrade Area)
လှိုင်၊ ရန်ကင်း၊ ဒလ၊ ဆိပ်ကြီးခနောင်တို၊ တာမွေ၊ မင်္ဂလာတောင်ညွန့်၊ သဃ်န်းကျွန်း၊ အလုံ၊ ကြည့်မြင်တိုင်၊ စမ်းချောင်း။

၂။ အထက်ဖော်ပြပါ ခွဲခြားသတ်မှတ်လိုက်သော ဧရိယာများအလိုက် အသေးစိတ်ညွှန်ကြားချက်များကို ဆက်လက်ထုတ်ပြန်သွားမည်ဖြစ်ပါသည်။

မောင်မောင်စိုး
ဥက္ကဋ္ဌ (မြို့တော်ဝန်)
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

## ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် ချင်းပြည်နယ်၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေ (၂၀၁၈ ခုနှစ်၊ ချင်းပြည်နယ်လွှတ်တော်ဥပဒေအမှတ် ၄။)

၁၃၈၀ ပြည့်နှစ်၊ တော်သလင်းလပြည့်ကျော် ၂ ရက်
(၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ ၂၆ ရက်)

ချင်းပြည်နယ်လွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

### အပိုင်း ၁
### အမည်နှင့် စတင်အကျိုးသက်ရောက်သည့်နေ့ရက်

၁။ (က) ဤဥပဒေကို **၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ်၊ ချင်းပြည်နယ်၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေ** ဟု ခေါ်တွင်စေရမည်။

(ခ) ဤဥပဒေသည် ၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ ၁ ရက်နေ့မှ ၂၀၁၉ ခုနှစ်၊ စက်တင်ဘာလ ၃၀ ရက်နေ့ထိ ကုန်ဆုံးသည့်ကာလအတွက် ဖြစ်ရမည်။

(ဂ) ဤဥပဒေပါ ပြဋ္ဌာန်းချက်များသည် ၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ ၁ ရက်နေ့မှ စတင်အကျိုးသက်ရောက်စေရမည်။

## အပိုင်း ၂

## ပြည်နယ်အစိုးရအဖွဲ့၊ ပြည်နယ်လွှတ်တော်၊ ပြည်နယ်တရားလွှတ်တော်၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်စာရင်းစစ်ချုပ်၊ ပြည်နယ်ဝန်ကြီးဌာနများ၊ ပြည်နယ်အဆင့်ဦးစီးဌာနများနှင့် စည်ပင်သာယာရေးအဖွဲ့များ

၂။ ပြည်နယ်အစိုးရအဖွဲ့၊ ပြည်နယ်လွှတ်တော်၊ ပြည်နယ်တရားလွှတ်တော်၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်စာရင်းစစ်ချုပ်၊ ပြည်နယ်ဝန်ကြီးဌာနများ၊ ပြည်နယ်အဆင့် ဦးစီးဌာနများနှင့် စည်ပင်သာယာရေးအဖွဲ့များသည် ပြည်နယ်၏ ဘဏ္ဍာရန်ပုံငွေအစီအစဉ်ဖြင့် လုပ်ငန်းများကို ဆောင်ရွက်ကြရမည်။ ထိုသို့ ဆောင်ရွက်၍ ရသော ရငွေများကို ပြည်နယ်ဘဏ္ဍာရန်ပုံငွေသို့ ပေးသွင်း၍ ထုတ်ပေးရန်ရှိသော သုံးငွေများကို ပြည်နယ်ဘဏ္ဍာရန်ပုံငွေမှ ထုတ်ယူသုံးစွဲရမည်။

၃။ (က) ပြည်နယ်အစိုးရအဖွဲ့၊ ပြည်နယ်လွှတ်တော်၊ ပြည်နယ်တရားလွှတ်တော်၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်စာရင်းစစ်ချုပ်၊ ပြည်နယ်ဝန်ကြီးဌာနများ၊ ပြည်နယ်အဆင့်ဦးစီးဌာနများနှင့် စည်ပင်သာယာရေးအဖွဲ့များ၏ ရငွေနှင့် သုံးငွေအတွက် တာဝန်ပေးအပ်ခြင်းခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် ဇယား (၁)၊ (၂)၊ (၃) နှင့် (၄) တို့တွင် မိမိနှင့် ယှဉ်တွဲဖော်ပြထားသည့် ရငွေတို့ကို စီမံကြီးကြပ်ကောက်ခံခြင်းနှင့် သုံးငွေတို့ကို စီမံခန့်ခွဲခြင်း ပြုရမည်။

(ခ) ပုဒ်မခွဲ (က) ပါ တာဝန်ခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် မိမိအားအပ်နှင်းထားသော လုပ်ပိုင်ခွင့်များကို မိမိလက်အောက်ရှိ လုပ်ငန်းဆိုင်ရာ ပုဂ္ဂိုလ်အသီးသီးအား လွှဲအပ်ဆောင်ရွက်စေနိုင်သည်။

(ဂ) ရငွေများကို စီမံကြီးကြပ်ကောက်ခံရာတွင်လည်းကောင်း၊ သုံးငွေများကို စီမံခန့်ခွဲရာတွင်လည်းကောင်း ဤဥပဒေပါ ပြဋ္ဌာန်းချက်များ၊ သက်ဆိုင်ရာဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်ကြော်ငြာစာများ၊ အမိန့်များ၊ ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည်။

၄။ (က) ပြည်နယ်အစိုးရအဖွဲ့၊ ပြည်နယ်လွှတ်တော်၊ ပြည်နယ်တရားလွှတ်တော်၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်စာရင်းစစ်ချုပ်၊ ပြည်နယ်ဝန်ကြီးဌာနများ၊ ပြည်နယ်အဆင့်ဦးစီးဌာနများနှင့် စည်ပင်သာယာရေးအဖွဲ့များသည် ရငွေများကို စီမံကြီးကြပ်ကောက်ခံရာတွင် ဤဥပဒေ၏ ဇယား (၁) နှင့် (၃) တို့တွင် လျာထားသော ရငွေတို့ထက် တိုး၍ဖြစ်စေ၊ လျော့၍ဖြစ်စေ ရသော ရငွေများနှင့်စပ်လျဉ်း၍ ပြည်နယ်လွှတ်တော်သို့ တင်ပြသော ၂၀၁၈-၂၀၁၉ ခုနှစ်အတွက် ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်းများတွင် အကျိုးအကြောင်း ဖော်ပြချက်များနှင့်အတူ ထည့်သွင်းဖော်ပြရမည်။ ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်းများ တင်ပြချိန်နောက်ပိုင်းမှ ဖြစ်ပေါ်သော ပြောင်းလဲခြင်းများကို အမှန်စာရင်းများတွင် ထည့်သွင်းဖော်ပြရမည်။

(ခ) ပြည်နယ်အစိုးရအဖွဲ့၊ ပြည်နယ်လွှတ်တော်၊ ပြည်နယ်တရားလွှတ်တော်၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်စာရင်းစစ်ချုပ်၊ ပြည်နယ်ဝန်ကြီးဌာနများ၊ ပြည်နယ်အဆင့်ဦးစီးဌာနများနှင့် စည်ပင်သာယာရေးအဖွဲ့များသည် သုံးငွေများကို စီမံခန့်ခွဲရာတွင် ဤဥပဒေ၏ ဇယား (၂) နှင့် (၄) တို့တွင် ခွင့်ပြုထားသော သုံးငွေများအတွင်း ငွေစာရင်းခေါင်းစဉ် လွှဲပြောင်းသုံးစွဲရန် လိုအပ်ပါက ပြည်နယ်အစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့် သုံးစွဲနိုင်သည်။ ထိုသို့ ငွေများ လွှဲပြောင်းသုံးစွဲခြင်းနှင့်စပ်လျဉ်း၍ ပြည်နယ်လွှတ်တော်သို့ တင်ပြသော ၂၀၁၈-၂၀၁၉ ခုနှစ်အတွက် ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်းများတွင် အကျိုးအကြောင်းဖော်ပြချက်များနှင့်အတူ ထည့်သွင်းဖော်ပြရမည်။ ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်းများ တင်ပြချိန်နောက်ပိုင်းမှ ဖြစ်ပေါ်သော ပြောင်းလဲခြင်းများကို အမှန်စာရင်းများတွင် ထည့်သွင်းဖော်ပြရမည်။

(ဂ) ပြည်နယ်အစိုးရအဖွဲ့သည် ပြည်နယ်အဆင့်အဖွဲ့အစည်းများ၊ ဦးစီးဌာနများ၊ စည်ပင်သာယာရေးအဖွဲ့များ၊ လုပ်ငန်းလုပ်ကိုင်ရန်သော်လည်းကောင်း၊ ရင်းနှီးမြှုပ်နှံရန်သော်လည်းကောင်း လိုအပ်သည့်ငွေကို ထောက်ပံ့ငွေဖြင့်ဖြစ်စေ၊ ချေးငွေဖြင့်ဖြစ်စေ ပြည်ထောင်စုအစိုးရထံမှ ရယူဆောင်ရွက်နိုင်သည်။

(ဃ) ပြည်နယ်အစိုးရအဖွဲ့သည် ပြည်နယ်ဘဏ္ဍာရန်ပုံငွေအစီအစဉ်ဖြင့်ဆောင်ရွက်သော ပြည်နယ်အဆင့်ဌာန၊ အဖွဲ့အစည်းတစ်ခုခု၏ လုပ်ငန်းစီမံချက်တစ်ရပ်ရပ်အတွက် ပြည်ပအကူအညီများ ရရှိလာပါက ပြည်ထောင်စုစီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနက ထုတ်ပြန်ထားသည့် ညွှန်ကြားချက်များအတိုင်း စီမံဆောင်ရွက်ရမည်။

၅။ ပုဒ်မ ၂ ပါ ဌာနအဖွဲ့အစည်းများသည် မိမိတို့နှင့်သက်ဆိုင်သော တည်ဆဲဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်ကြော်ငြာစာများ၊ အမိန့်များ၊ ညွှန်ကြားချက်များအရ ခွင့်ပြုထားသော အခွန်အကောက်အမျိုးအစားများကိုသာ ကောက်ခံနိုင်သည်။

## အပိုင်း ၃

## ပြည်နယ်အဆင့် နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများ

၆။ ပြည်နယ်အဆင့် နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများသည် ပြည်နယ်၏ ဘဏ္ဍာရန်ပုံငွေ အစီအစဉ်ဖြင့် လုပ်ငန်းများကို ဆောင်ရွက်ကြရမည်။ ထိုသို့ ဆောင်ရွက်၍ရသော ရငွေများကို ပြည်နယ်ဘဏ္ဍာရန်ပုံငွေသို့ပေးသွင်း၍ ထုတ်ပေးရန်ရှိသော သုံးငွေများကို ပြည်နယ်ဘဏ္ဍာရန်ပုံငွေမှ ထုတ်ယူသုံးစွဲရမည်။

၇။ (က) ပြည်နယ်အဆင့် နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများ၏ ရငွေနှင့် သုံးငွေအတွက် တာဝန်ပေးအပ်ခြင်းခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် ဇယား (၅) နှင့် (၆) တို့တွင် မိမိနှင့် ယှဉ်တွဲဖော်ပြထားသည့် ရငွေကို စီမံကြီးကြပ်ကောက်ခံခြင်းနှင့် သုံးငွေတို့ကို စီမံခန့်ခွဲခြင်း ပြုရမည်။

(ခ) ပုဒ်မခွဲ (က) ပါ တာဝန်ခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် မိမိအားအပ်နှင်းထားသော လုပ်ပိုင်ခွင့်များကို မိမိလက်အောက်ရှိ လုပ်ငန်းဆိုင်ရာ ပုဂ္ဂိုလ်အသီးသီးအား လွှဲအပ်ဆောင်ရွက်စေနိုင်သည်။

(ဂ) ရငွေများကို စီမံကြီးကြပ်ကောက်ခံရာတွင်လည်းကောင်း၊ သုံးငွေများကို စီမံခန့်ခွဲရာတွင်လည်းကောင်း ဤဥပဒေပါ ပြဋ္ဌာန်းချက်များ၊ သက်ဆိုင်ရာဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်ကြော်ငြာစာများ၊ အမိန့်များ၊ ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည်။

၈။ (က) ပြည်နယ်အစိုးရအဖွဲ့သည် ပြည်နယ်အဆင့် နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများ၏ လုပ်ငန်းလိုအပ်ချက်အရ ဤဥပဒေ၏ ဇယား (၅) တွင် ဖော်ပြထားသော ရငွေများ တိုးခြင်း၊ လျော့ခြင်းနှင့်စပ်လျဉ်း၍လည်းကောင်း၊ ဇယား (၆) တွင် ခွင့်ပြုထားသော သုံးငွေများအတွင်း ငွေစာရင်းခေါင်းစဉ်လွှဲပြောင်းသုံးစွဲခြင်းနှင့်စပ်လျဉ်း၍လည်းကောင်း စိစစ်သုံးသပ်၍ ပြောင်းလဲပေးနိုင်သည်။ ထိုသို့ ရငွေများနှင့် သုံးငွေများပြောင်းလဲခြင်းနှင့်စပ်လျဉ်း၍ ပြည်နယ်လွှတ်တော်သို့ တင်ပြသော ၂၀၁၈-၂၀၁၉ ခုနှစ်အတွက် ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်းများတွင် အကျိုးအကြောင်းဖော်ပြချက်များနှင့်အတူ ထည့်သွင်းဖော်ပြရမည်။ ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်းများ တင်ပြချိန်နောက်ပိုင်းမှ ဖြစ်ပေါ်လာသော ပြောင်းလဲခြင်းများကို အမှန်စာရင်းများတွင် ထည့်သွင်းဖော်ပြရမည်။

(ခ) ပြည်နယ်အစိုးရအဖွဲ့သည် ပြည်နယ်အဆင့် နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၊ လုပ်ငန်းလုပ်ကိုင်ရန်သော်လည်းကောင်း၊ ရင်းနှီးမြှုပ်နှံရန်သော်လည်းကောင်း လိုအပ်သည့်ငွေကို ထောက်ပံ့ငွေဖြင့်ဖြစ်စေ၊ ချေးငွေဖြင့်ဖြစ်စေ ပြည်ထောင်စုအစိုးရထံမှ ရယူဆောင်ရွက်နိုင်သည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

ဆလိုင်းလျန်လွှယ်
ဝန်ကြီးချုပ်
ချင်းပြည်နယ်အစိုးရအဖွဲ့

## ပြည်နယ်အစိုးရအဖွဲ့၊ ပြည်နယ်လွှတ်တော်၊ ပြည်နယ်တရားလွှတ်တော်၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်စာရင်းစစ်ချုပ်

ဇယား (၁)
(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | ရငွေများ | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | အခွန်အကောက် | ပြည်နယ်အဆင့်နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများမှ ရငွေ | အခြားသာမန်ရငွေ | အတိုးရငွေ | ငွေလုံးငွေရင်းရငွေ | ပြည်ထောင်စုထောက်ပံ့ငွေမှ ရငွေ | ကြွေးမြီ: ထုတ်ချေးငွေအတွက်ပြန်ရငွေ | ကြွေးမြီ: ချေးယူရငွေ | အဖွဲ့အစည်းများတွင် ရင်းနှီးငွေမှရငွေ | စုစုပေါင်း |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ |
| ၁ | ပြည်နယ်အစိုးရအဖွဲ့ | ပြည်နယ်ဝန်ကြီးချုပ် သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်က တာဝန်ပေးသူ | | | ၅,၅၇၁. ၆၀၂ | | | ၉၀၀. ၀၀၀ | | | | ၆,၄၇၁. ၆၀၂ |
| ၂ | ပြည်နယ်လွှတ်တော် | ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ သို့မဟုတ် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက တာဝန်ပေးသူ | | | ၀. ၃၃၀ | | | | | | | ၀. ၃၃၀ |
| ၃ | ပြည်နယ်တရားလွှတ်တော် | ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ် သို့မဟုတ် ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်က တာဝန်ပေးသူ | | | ၉၀. ၇၀၀ | | | | | | | ၉၀. ၇၀၀ |
| ၄ | ပြည်နယ်ဥပဒေချုပ် | ပြည်နယ်ဥပဒေချုပ် သို့မဟုတ် ပြည်နယ်ဥပဒေချုပ်က တာဝန်ပေးသူ | | | ၀. ၁၀၀ | | | | | | | ၀. ၁၀၀ |
| ၅ | ပြည်နယ်စာရင်းစစ်ချုပ် | ပြည်နယ်စာရင်းစစ်ချုပ် သို့မဟုတ် ပြည်နယ်စာရင်းစစ်ချုပ်က တာဝန်ပေးသူ | | | ၀. ၀၈၀ | | | | | | | ၀. ၀၈၀ |
| | ပေါင်း | | | | ၅,၆၆၂. ၈၁၂ | | | ၉၀၀. ၀၀၀ | | | | ၆,၅၆၂. ၈၁၂ |

## ပြည်နယ်အစိုးရအဖွဲ့၊ ပြည်နယ်လွှတ်တော်၊ ပြည်နယ်တရားလွှတ်တော်၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်စာရင်းစစ်ချုပ်

ဇယား (၂)
(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | သုံးငွေများ | | | | ကြွေးမြီ | | | |
|---|---|---|---|---|---|---|---|---|---|---|
| | | | သာမန်သုံးငွေ | အတိုးပေးငွေ | ထောက်ပံ့ငွေ | ငွေလုံးငွေရင်းသုံးငွေ | ထုတ်ချေးငွေ | ချေးယူရငွေအတွက်ပေးဆပ်ငွေ | အဖွဲ့အစည်းများတွင်ရင်းနှီးငွေ | စုစုပေါင်း |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ |
| ၁ | ပြည်နယ်အစိုးရအဖွဲ့ | ပြည်နယ်ဝန်ကြီးချုပ် သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်က တာဝန်ပေးသူ | ၉၀၇. ၀၁၂ | | ၉၀၀. ၀၀၀ | ၁၇,၄၄၄. ၁၉၇ | | | | ၁၉,၂၅၁. ၂၀၉ |
| ၂ | ပြည်နယ်လွှတ်တော် | ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ သို့မဟုတ် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက တာဝန်ပေးသူ | ၅၈၂. ၉၃၇ | | | ၃,၇၃၆. ၁၃၂ | | | | ၄,၃၁၉. ၀၆၉ |
| ၃ | ပြည်နယ်တရားလွှတ်တော် | ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ် သို့မဟုတ် ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်က တာဝန်ပေးသူ | ၅၇. ၈၀၀ | | | | | | | ၅၇. ၈၀၀ |
| ၄ | ပြည်နယ်ဥပဒေချုပ် | ပြည်နယ်ဥပဒေချုပ် သို့မဟုတ် ပြည်နယ်ဥပဒေချုပ်က တာဝန်ပေးသူ | ၃၅၄. ၉၆၄ | | | ၅၀. ၀၀၀ | | | | ၄၀၄. ၉၆၄ |
| ၅ | ပြည်နယ်စာရင်းစစ်ချုပ် | ပြည်နယ်စာရင်းစစ်ချုပ် သို့မဟုတ် ပြည်နယ်စာရင်းစစ်ချုပ်က တာဝန်ပေးသူ | ၇၈၁. ၁၈၉ | | | ၁၀၃. ၁၀၀ | | | | ၈၈၄. ၂၈၉ |
| | ပေါင်း | | ၂,၆၈၃. ၉၀၂ | | ၉၀၀. ၀၀၀ | ၂၁,၃၃၃. ၄၂၉ | | | | ၂၄,၉၁၇. ၃၃၁ |

## ပြည်နယ်ဝန်ကြီးဌာနများ၊ ပြည်နယ်အဆင့်ဦးစီးဌာနများနှင့် စည်ပင်သာယာရေးအဖွဲ့များ

ဇယား (၃)

(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | | အကြောင်းအရာ | တာဝန်ခံသူ | ရငွေများ: အခွန်အကောက် | ပြည်နယ်အဆင့် နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့ အစည်းများမှ ရငွေ | အခြားသာမန် ရငွေ | အတိုး ရငွေ | ငွေလုံးငွေရင်း ရငွေ | ပြည်ထောင်စု ထောက်ပံ့ငွေမှ ရငွေ | ကြေးမြီ: ထုတ်ချေးငွေ အတွက်ပြန်ရငွေ | ကြေးမြီ: ချေးယူ ရငွေ | အဖွဲ့အစည်းများတွင် ရင်းနှီးငွေမှရငွေ | စုစုပေါင်း |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ |
| **၁** | | **ပြည်တွင်းထွက်ကုန်နှင့် ပြည်သူပြည်သားများ သုံးစွဲမှုအပေါ်တွင် ကောက်ခံသည့် အခွန်အကောက်** | ပြည်နယ်ဝန်ကြီးချုပ် သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်က တာဝန်ပေးသူ | **၆၈. ၅၀၅** | | | | | | | | | **၆၈. ၅၀၅** |
| | ၁ | ယစ်မျိုးခွန် | | ၆၈. ၅၀၅ | | | | | | | | | ၆၈. ၅၀၅ |
| **၂** | | **နိုင်ငံပိုင်ပစ္စည်းများအသုံးပြုသည့်အပေါ် ကောက်ခံသည့်အခွန်အကောက်** | ၎င်း | **၁၇၇. ၈၉၉** | | | | | | | | | **၁၇၇. ၈၉၉** |
| | ၁ | မြေယာပေါ်တွင်ကောက်ခံသည့်အခွန် | | ၅. ၉၇၈ | | | | | | | | | ၅. ၉၇၈ |
| | ၂ | သစ်တောများမှ ပစ္စည်းများထုတ်ယူသည့် အတွက်ကောက်ခံသည့်အခွန် | | ၁၅. ၁၈၁ | | | | | | | | | ၁၅. ၁၈၁ |
| | ၃ | ဓာတ်သတ္တုပစ္စည်းများ ထုတ်ယူသည့်အတွက် ကောက်ခံသည့်အခွန် | | ၁၅၆. ၆၂၀ | | | | | | | | | ၁၅၆. ၆၂၀ |
| | ၄ | အင်းအိုင်ခွန် | | ၀. ၁၂၀ | | | | | | | | | ၀. ၁၂၀ |
| **၃** | | **စည်ပင်သာယာရေးအဖွဲ့များမှ ကောက်ခံသည့်အခွန်** | ၎င်း | **၁၇၈. ၁၈၃** | | | | | | | | | **၁၇၈. ၁၈၃** |
| | ၁ | ပစ္စည်းခွန် | | ၁၆၇. ၉၅၈ | | | | | | | | | ၁၆၇. ၉၅၈ |
| | ၂ | ဘီးခွန် | | ၁၀. ၂၂၅ | | | | | | | | | ၁၀. ၂၂၅ |
| **၄** | | **ပြည်ထဲရေး** | ၎င်း | | | **၄. ၆၉၅** | | | | | | | **၄. ၆၉၅** |
| | ၁ | အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | | | | ၄. ၅၅၅ | | | | | | | ၄. ၅၅၅ |
| | ၂ | အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန | | | | ၀. ၀၄၀ | | | | | | | ၀. ၀၄၀ |
| | ၃ | မီးသတ်ဦးစီးဌာန | | | | ၀. ၁၀၀ | | | | | | | ၀. ၁၀၀ |
| **၅** | | **စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း** | ၎င်း | | | **၁၃. ၅၄၄** | | | | | | | **၁၃. ၅၄၄** |
| | ၁ | စိုက်ပျိုးရေးဦးစီးဌာန | | | | ၁. ၄၀၀ | | | | | | | ၁. ၄၀၀ |
| | ၂ | ငါးလုပ်ငန်းဦးစီးဌာန | | | | ၀. ၅၀၀ | | | | | | | ၀. ၅၀၀ |
| | ၃ | မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန | | | | ၈. ၉၀၀ | | | | | | | ၈. ၉၀၀ |
| | ၄ | သမဝါယမဦးစီးဌာန | | | | ၁. ၅၁၇ | | | | | | | ၁. ၅၁၇ |
| | ၅ | အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန | | | | ၁. ၂၂၇ | | | | | | | ၁. ၂၂၇ |
| **၆** | | **သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး** | ၎င်း | | | **၀. ၃၇၅** | | | | | | | **၀. ၃၇၅** |
| | ၁ | သစ်တောဦးစီးဌာန | | | | ၀. ၃၁၅ | | | | | | | ၀. ၃၁၅ |
| | ၂ | ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန | | | | ၀. ၀၆၀ | | | | | | | ၀. ၀၆၀ |
| **၇** | | **ကျန်းမာရေးနှင့် အားကစား** | ၎င်း | | | **၇. ၄၂၂** | | | | | | | **၇. ၄၂၂** |
| | ၁ | အားကစားနှင့် ကာယပညာဦးစီးဌာန | | | | ၇. ၄၂၂ | | | | | | | ၇. ၄၂၂ |
| **၈** | | **စီမံကိန်းနှင့် ဘဏ္ဍာရေး** | ၎င်း | | | **၁၈. ၇၁၉** | | | **၁၃၇၀၅၉. ၄၂၆** | | | | **၁၃၇,၀၇၈. ၁၄၅** |
| | ၁ | စီမံကိန်းရေးဆွဲရေးဦးစီးဌာန | | | | ၀. ၁၅၀ | | | | | | | ၀. ၁၅၀ |
| | ၂ | ဗဟိုစာရင်းအင်းအဖွဲ့ | | | | - | | | | | | | |
| | ၃ | ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန | | | | ၁၈. ၅၆၉ | | | ၁၃၇၀၅၉. ၄၂၆ | | | | ၁၃၇,၀၇၇. ၉၉၅ |
| | ၄ | ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန | | | | - | | | | | | | |
| **၉** | | **ဆောက်လုပ်ရေး** | ၎င်း | | | **၂၇. ၂၆၉** | | | | | | | **၂၇. ၂၆၉** |
| | ၁ | မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန | | | | ၂၁. ၂၆၉ | | | | | | | ၂၁. ၂၆၉ |
| | ၂ | လမ်းဦးစီးဌာန | | | | ၆. ၀၀၀ | | | | | | | ၆. ၀၀၀ |
| **၁၀** | | **စည်ပင်သာယာရေးအဖွဲ့များ** | ၎င်း | | | **၇၇၁. ၅၇၂** | | | | | | | **၇၇၁. ၅၇၂** |
| | | **ပေါင်း** | | **၄၂၄. ၅၈၇** | | **၈၄၃. ၅၉၆** | | | **၁၃၇၀၅၉. ၄၂၆** | | | | **၁၃၈,၃၂၇. ၆၀၉** |

## ပြည်နယ်ဝန်ကြီးဌာနများ၊ ပြည်နယ်အဆင့်ဦးစီးဌာနများနှင့် စည်ပင်သာယာရေးအဖွဲ့များ

ဇယား (၄)
(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | | အကြောင်းအရာ | တာဝန်ခံသူ | သုံးငွေများ | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|
| | | | | သာမန်သုံးငွေ | အတိုးပေးငွေ | ထောက်ပံ့ငွေ | ငွေလုံးငွေရင်း သုံးငွေ | ကြွေးမြီ | | အဖွဲ့အစည်းများတွင် ရင်းနှီးငွေ | စုစုပေါင်း |
| | | | | | | | | ထုတ်ချေးငွေ | ချေးယူရငွေအတွက် ပေးဆပ်ငွေ | | |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ |
| **၁** | | **ပြည်ထဲရေး** | ပြည်နယ်ဝန်ကြီးချုပ် သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်က တာဝန်ပေးသူ | **၇,၁၂၉. ၉၀၁** | | **၂၀. ၀၀၀** | **၄,၆၅၆. ၂၉၆** | | | | **၁၁,၈၀၆. ၁၉၇** |
| | ၁ | အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | | ၅,၁၈၅. ၉၇၄ | | ၂၀. ၀၀၀ | ၃,၅၆၀. ၇၀၀ | | | | ၈,၇၆၆. ၆၇၄ |
| | ၂ | အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန | | ၃၃၆. ၈၉၆ | | | ၇၂. ၇၈၈ | | | | ၄၀၉. ၆၈၄ |
| | ၃ | မီးသတ်ဦးစီးဌာန | | ၁,၆၀၇. ၀၃၁ | | | ၁,၀၂၂. ၈၀၈ | | | | ၂,၆၂၉. ၈၃၉ |
| **၂** | | **စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း** | ၎င်း | **၃,၁၉၈. ၅၃၂** | | | **၉၄၉. ၂၀၇** | | | | **၄,၁၄၇. ၇၃၉** |
| | ၁ | စိုက်ပျိုးရေးဦးစီးဌာန | | ၁,၈၉၈. ၄၂၃ | | | ၄၄၇. ၇၅၆ | | | | ၂၃၄၆. ၁၇၉ |
| | ၂ | ငါးလုပ်ငန်းဦးစီးဌာန | | ၁၇၆. ၇၃၂ | | | ၂၉. ၀၀၀ | | | | ၂၀၅. ၇၃၂ |
| | ၃ | မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန | | ၃၁၈. ၂၆၈ | | | ၉၆. ၅၀၀ | | | | ၄၁၄. ၇၆၈ |
| | ၄ | သမဝါယမဦးစီးဌာန | | ၆၃၇. ၄၄၄ | | | ၇၉. ၀၀၀ | | | | ၇၁၆. ၄၄၄ |
| | ၅ | အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန | | ၁၆၇. ၆၆၅ | | | ၂၉၆. ၉၅၁ | | | | ၄၆၄. ၆၁၆ |
| **၃** | | **သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး** | ၎င်း | **၁,၂၄၃. ၈၈၃** | | | **၂၉၉. ၁၉၅** | | | | **၁,၅၄၃. ၀၇၈** |
| | ၁ | သစ်တောဦးစီးဌာန | | ၁,၁၄၁. ၇၈၁ | | | ၉၉. ၈၃၂ | | | | ၁,၂၄၁. ၆၁၃ |
| | ၂ | ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန | | ၁၀၂. ၁၀၂ | | | ၁၉၉. ၃၆၃ | | | | ၃၀၁. ၄၆၅ |
| **၄** | | **ကျန်းမာရေးနှင့် အားကစား** | ၎င်း | **၅၂၇. ၀၉၃** | | | **၃၆၇. ၆၀၀** | | | | **၈၉၄. ၆၉၃** |
| | ၁ | အားကစားနှင့် ကာယပညာဦးစီးဌာန | | ၅၂၇. ၀၉၃ | | | ၃၆၇. ၆၀၀ | | | | ၈၉၄. ၆၉၃ |
| **၅** | | **စီမံကိန်းနှင့် ဘဏ္ဍာရေး** | ၎င်း | **၇၂၀. ၇၆၉** | | | **၈၇၂. ၃၂၅** | | | | **၁,၅၉၃. ၀၉၄** |
| | ၁ | စီမံကိန်းရေးဆွဲရေးဦးစီးဌာန | | ၄၆၀. ၄၅၁ | | | ၂၃၄. ၇၁၀ | | | | ၆၉၅. ၁၆၁ |
| | ၂ | ဗဟိုစာရင်းအင်းအဖွဲ့ | | ၇၆. ၈၇၂ | | | ၁၅၄. ၈၀၀ | | | | ၂၃၁. ၆၇၂ |
| | ၃ | ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန | | ၇၃. ၂၅၂ | | | ၄၁၄. ၈၁၅ | | | | ၄၈၈. ၀၆၇ |
| | ၄ | ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန | | ၁၁၀. ၁၉၄ | | | ၆၈. ၀၀၀ | | | | ၁၇၈. ၁၉၄ |
| **၆** | | **ဆောက်လုပ်ရေး** | ၎င်း | **၁၆,၀၆၄. ၆၁၉** | | | **၆၇,၀၄၉. ၆၇၆** | | | | **၈၃,၁၁၄. ၂၉၅** |
| | ၁ | မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန | | ၂၃၇. ၇၈၅ | | | ၁,၀၆၁. ၅၂၈ | | | | ၁,၂၉၉. ၃၁၃ |
| | ၂ | လမ်းဦးစီးဌာန | | ၁၅,၈၂၆. ၈၃၄ | | | ၆၅,၉၈၈. ၁၄၈ | | | | ၈၁,၈၁၄. ၉၈၂ |
| **၇** | | **စည်ပင်သာယာရေးအဖွဲ့များ** | ၎င်း | **၁,၃၄၂. ၇၇၅** | | | **၆,၉၄၇. ၄၀၀** | | | | **၈,၂၉၀. ၁၇၅** |
| | | **ပေါင်း** | | **၃၀,၂၂၇. ၅၇၂** | | **၂၀. ၀၀၀** | **၈၁,၁၄၁. ၆၉၉** | | | | **၁၁၁,၃၈၉. ၂၇၁** |

## ပြည်နယ်အဆင့် နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ

ဇယား (၅)
(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | | အကြောင်းအရာ | တာဝန်ခံသူ | ရငွေများ | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | | အခွန်အကောက် | ပြည်နယ်အဆင့် နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့ အစည်းများမှ ရငွေ | အခြားသာမန် ရငွေ | အတိုး ရငွေ | ငွေလုံးငွေရင်း ရငွေ | ပြည်ထောင်စု ထောက်ပံ့ငွေမှ ရငွေ | ကြွေးမြီ | | အဖွဲ့အစည်းများတွင် ရင်းနှီးငွေမှရငွေ | စုစုပေါင်း |
| | | | | | | | | | | ထုတ်ချေးငွေ အတွက်ပြန်ရငွေ | ချေးယူ ရငွေ | | |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ |
| **၁** | | **လျှပ်စစ်နှင့် စွမ်းအင်** | ပြည်နယ်ဝန်ကြီးချုပ် သို့မဟုတ် | | | **၆.၀၀၀** | | | | | | | **၆.၀၀၀** |
| | ၁ | လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း | ပြည်နယ်ဝန်ကြီးချုပ်က တာဝန်ပေးသူ | | | ၆.၀၀၀ | | | | | | | ၆.၀၀၀ |
| | | **ပေါင်း** | | | | **၆.၀၀၀** | | | | | | | **၆.၀၀၀** |

## ပြည်နယ်အဆင့် နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ

ဇယား (၆)
(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | | အကြောင်းအရာ | တာဝန်ခံသူ | သုံးငွေများ | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|
| | | | | သာမန်သုံးငွေ | အတိုးပေးငွေ | ထောက်ပံ့ငွေ | ငွေလုံးငွေရင်းသုံးငွေ | ကြွေးမြီ | | အဖွဲ့အစည်းများတွင်ရင်းနှီးငွေ | စုစုပေါင်း |
| | | | | | | | | ထုတ်ချေးငွေ | ချေးယူရငွေအတွက်ပေးဆပ်ငွေ | | |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ |
| **၁** | | **လျှပ်စစ်နှင့် စွမ်းအင်** | ပြည်နယ်ဝန်ကြီးချုပ် သို့မဟုတ် | **၁၅၈. ၇၈၀** | | | **၈,၄၃၁. ၀၃၉** | | | | **၈,၅၈၉. ၈၁၉** |
| | ၁ | လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း | ပြည်နယ်ဝန်ကြီးချုပ်က တာဝန်ပေးသူ | ၁၅၈. ၇၈၀ | | | ၈,၄၃၁. ၀၃၉ | | | | ၈,၅၈၉. ၈၁၉ |
| | | ပေါင်း | | **၁၅၈. ၇၈၀** | | | **၈,၄၃၁. ၀၃၉** | | | | **၈,၅၈၉. ၈၁၉** |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်**

**အမိန့်ကြော်ငြာစာအမှတ် (၂၄/၂၀၁၈)**

၁၃၈၀ ပြည့်နှစ်၊ တော်သလင်းလပြည့်ကျော် ၁၅ ရက်

(၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ ၉ ရက်)

**ရန်ကုန်မြို့တော်စည်ပင်သာယာရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေကို ထုတ်ပြန်ကြေညာခြင်း**

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ်က လက်မှတ်ရေးထိုးပြီးသော **ရန်ကုန်မြို့တော်စည်ပင်သာယာရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေ** ကို တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၅၀ အရ ထုတ်ပြန်ကြေညာအပ်ပါသည်။

တင်မောင်ထွန်း၊
ဥက္ကဋ္ဌ၊
ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်။

## ရန်ကုန်မြို့တော်စည်ပင်သာယာရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေ

**(၂၀၁၈ ခုနှစ်၊ ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်ဥပဒေအမှတ် ၉။)**

၁၃၈၀ ပြည့်နှစ်၊ တော်သလင်းလပြည့်ကျော် ၁၅ ရက်

(၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ ၉ ရက်)

ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ရန်ကုန်မြို့တော်စည်ပင်သာယာရေးဥပဒေပုဒ်မ ၁၃ တွင်ပါရှိသော "မဲပေးပိုင်ခွင့်ရှိသူဦးရေ" ဆိုသည့် စကားရပ်ကို "လူဦးရေ" ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

၃။ ရန်ကုန်မြို့တော်စည်ပင်သာယာရေးဥပဒေပုဒ်မ ၃၂၄ ၏နောက်တွင် ပုဒ်မ ၃၂၄-က ကို အောက်ပါအတိုင်း ဖြည့်စွက်ရမည် -

"၃၂၄-က။ မည်သူမဆို ဤဥပဒေအရ ထုတ်ပြန်သည့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ အဆင့်ဆင့် ရွေးကောက်တင်မြှောက်ခြင်းဆိုင်ရာ နည်းဥပဒေများပါ ပြစ်မှုတစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို တစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်တစ်သိန်းထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်စလုံးဖြစ်စေ ချမှတ်ရမည်။"

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

ဖြိုးမင်းသိန်း
ဝန်ကြီးချုပ်
ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့

## ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် ဧရာဝတီတိုင်းဒေသကြီး၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေ

**(ဧရာဝတီတိုင်းဒေသကြီးလွှတ်တော်ဥပဒေအမှတ် ၆/၂၀၁၈)**

၁၃၈၀ ပြည့်နှစ်၊ တော်သလင်းလပြည့်ကျော် ၉ ရက်

(၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ ၃ ရက်)

ဧရာဝတီတိုင်းဒေသကြီးလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

**အပိုင်း ၁**

**အမည်နှင့် စတင်အကျိုးသက်ရောက်သည့်နေ့ရက်**

၁။ (က) ဤဥပဒေကို ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် ဧရာဝတီတိုင်းဒေသကြီး၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေဟု ခေါ်တွင်စေရမည်။

(ခ) ဤဥပဒေသည် ၂၀၁၈ ခု၊ အောက်တိုဘာလ ၁ ရက်နေ့မှ ၂၀၁၉ ခု၊ စက်တင်ဘာလ ၃၀ ရက်နေ့ထိ ကုန်ဆုံးသည့်ကာလအတွက် ဖြစ်ရမည်။

(ဂ) ဤဥပဒေသည် ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ်အတွက် ၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ ၁ ရက်နေ့မှ စတင်အကျိုးသက်ရောက်စေရမည်။

## အပိုင်း ၂
## တိုင်းဒေသကြီးအစိုးရအဖွဲ့၊ တိုင်းဒေသကြီးလွှတ်တော်၊ တိုင်းဒေသကြီးတရားလွှတ်တော်၊ တိုင်းဒေသကြီးဥပဒေချုပ်၊ တိုင်းဒေသကြီးစာရင်းစစ်ချုပ်၊ တိုင်းဒေသကြီးဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီးအဆင့်ဦးစီးဌာနများ

၂။ တိုင်းဒေသကြီးအစိုးရအဖွဲ့၊ တိုင်းဒေသကြီးလွှတ်တော်၊ တိုင်းဒေသကြီးတရားလွှတ်တော်၊ တိုင်းဒေသကြီးဥပဒေချုပ်၊ တိုင်းဒေသကြီးစာရင်းစစ်ချုပ်၊ တိုင်းဒေသကြီးဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီးအဆင့်ဦးစီးဌာနများသည် တိုင်းဒေသကြီး၏ ဘဏ္ဍာရန်ပုံငွေအစီအစဉ်ဖြင့် လုပ်ငန်းများကို ဆောင်ရွက်ကြရမည်။ ထိုသို့ ဆောင်ရွက်၍ရသောငွေများကို တိုင်းဒေသကြီး၏ဘဏ္ဍာရန်ပုံငွေသို့ပေးသွင်း၍ ထုတ်ပေးရန်ရှိသောသုံးငွေများကို တိုင်းဒေသကြီး၏ ဘဏ္ဍာရန်ပုံငွေမှ ထုတ်ယူသုံးစွဲရမည်။

၃။ (က) တိုင်းဒေသကြီးအစိုးရအဖွဲ့၊ တိုင်းဒေသကြီးလွှတ်တော်၊ တိုင်းဒေသကြီးတရားလွှတ်တော်၊ တိုင်းဒေသကြီးဥပဒေချုပ်၊ တိုင်းဒေသကြီးစာရင်းစစ်ချုပ်၊ တိုင်းဒေသကြီးဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီးအဆင့်ဦးစီးဌာနများ၏ ရငွေနှင့်သုံးငွေအတွက် တာဝန်ပေးအပ်ခြင်းခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် ဇယား (၁)၊ (၂) (၃) နှင့် (၄) တို့တွင် မိမိနှင့်ယှဉ်တွဲဖော်ပြထားသည့် ရငွေတို့ကို စီမံကြီးကြပ်ကောက်ခံခြင်းနှင့် သုံးငွေတို့ကို စီမံခန့်ခွဲခြင်းပြုရမည်။

(ခ) ပုဒ်မခွဲ (က) ပါ တာဝန်ခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် မိမိအား အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကို မိမိလက်အောက်ရှိ လုပ်ငန်းဆိုင်ရာပုဂ္ဂိုလ်အသီးသီးအား လွှဲအပ်ဆောင်ရွက်စေနိုင်သည်။

(ဂ) ရငွေများကို စီမံကြီးကြပ်ကောက်ခံရာတွင်လည်းကောင်း၊ သုံးငွေများကို စီမံခန့်ခွဲရာတွင်လည်းကောင်း ဤဥပဒေပါ ပြဋ္ဌာန်းချက်များ၊ သက်ဆိုင်ရာဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်ကြော်ငြာစာများ၊ အမိန့်များ၊ ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည်။

(ဃ) ဇယား (၁) နှင့် (၃) တို့တွင် ဖော်ပြလျာထားသောရငွေများအနက် ပြည်ပအကူအညီရငွေနှင့် ချေးယူရငွေတို့အတွက်လျာထားရန် အကြောင်းပေါ်ပေါက်လာပါက ယင်းသို့ရရှိသောငွေများဖြင့် ဆက်နွှယ်ထားသည့် လုပ်ငန်းအသုံးစရိတ်များကြောင့် ဇယား (၂) နှင့် (၄) တို့တွင် ဖော်ပြထားခြင်းမရှိသေးသော သုံးငွေများကို သုံးစွဲရန်ကိစ္စများနှင့်စပ်လျဉ်း၍ ပြည်ထောင်စုအစိုးရအဖွဲ့က စိစစ်သုံးသပ်၍ ပြည်ထောင်စုလွှတ်တော်၏ အတည်ပြုချက်ဖြင့်ခွင့်ပြုပါက တိုင်းဒေသကြီးအစိုးရအဖွဲ့သည် တိုင်းဒေသကြီးလွှတ်တော်၏ အတည်ပြုချက်ဖြင့် ခွင့်ပြုနိုင်သည်။ သို့ရာတွင် ယင်းသို့သုံးစွဲသည့်ငွေသည် ပြည်ထောင်စုအစိုးရအဖွဲ့က ခွင့်ပြုသတ်မှတ်ထားသည့် ငွေထက်မပိုစေရ။

၄။ (က) တိုင်းဒေသကြီးအစိုးရအဖွဲ့၊ တိုင်းဒေသကြီးလွှတ်တော်၊ တိုင်းဒေသကြီးတရားလွှတ်တော်၊ တိုင်းဒေသကြီးဥပဒေချုပ်၊ တိုင်းဒေသကြီးစာရင်းစစ်ချုပ်၊ တိုင်းဒေသကြီးဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီးအဆင့်ဦးစီးဌာနများသည် လုပ်ငန်းအရ လိုအပ်လျှင် ဇယား (၁) နှင့် (၃) တို့တွင် ဖော်ပြထားသောရငွေများကို စီမံကြီးကြပ်ကောက်ခံရာတွင် ဤဥပဒေအရ လျာထားသောရငွေတို့ထက် တိုး၍ဖြစ်စေ၊ လျော့၍ဖြစ်စေ ရသောရငွေများနှင့်စပ်လျဉ်း၍ တိုင်းဒေသကြီးလွှတ်တော်သို့ တင်ပြသော ၂၀၁၈-၂၀၁၉ ခုနှစ်အတွက် ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်းများတွင်လည်းကောင်း ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်းများ တင်ပြချိန်နောက်ပိုင်းမှ ဖြစ်ပေါ်သောပြောင်းလဲခြင်းများကို အမှန်စာရင်းများတွင် ထည့်သွင်းဖော်ပြရမည်။ အခွန်ဆိုင်ရာဥပဒေများနှင့်အညီ ရသင့်ရထိုက်သော အခွန်ငွေများအပြည့်အဝ ရရှိစေရမည်။

(ခ) တိုင်းဒေသကြီးအစိုးရအဖွဲ့၊ တိုင်းဒေသကြီးလွှတ်တော်၊ တိုင်းဒေသကြီးတရားလွှတ်တော်၊ တိုင်းဒေသကြီးဥပဒေချုပ်၊ တိုင်းဒေသကြီးစာရင်းစစ်ချုပ်၊ တိုင်းဒေသကြီးဝန်ကြီးဌာနများနှင့်

တိုင်းဒေသကြီးအဆင့်ဦးစီးဌာနများသည် လုပ်ငန်းအရ လိုအပ်လျှင် ဇယား (၂) နှင့် (၄) တို့တွင် ဖော်ပြထားသောသုံးငွေများကို စီမံခန့်ခွဲရာတွင် ဤဥပဒေအရ ခွင့်ပြုထားသော သုံးငွေများအတွင်း ငွေစာရင်းခေါင်းစဉ် လွှဲပြောင်းသုံးစွဲသည့် အသုံးစရိတ်များနှင့်စပ်လျဉ်း၍ တိုင်းဒေသကြီးလွှတ်တော်သို့ တင်ပြသော ၂၀၁၈-၂၀၁၉ ခုနှစ်အတွက် ပြုပြင်ပြီး ခန့်မှန်းခြေ ငွေစာရင်းများတွင်လည်းကောင်း ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်းများ တင်ပြချိန်နောက်ပိုင်းမှ ဖြစ်ပေါ်သော ပြောင်းလဲခြင်းများကို အမှန်စာရင်းများတွင် ထည့်သွင်းဖော်ပြရမည်။

(ဂ) တိုင်းဒေသကြီးအစိုးရအဖွဲ့သည် လုပ်ငန်းလုပ်ကိုင်ရန်သော်လည်းကောင်း၊ ရင်းနှီးမြှုပ်နှံရန်သော်လည်းကောင်း လိုအပ်သည့်ငွေကို ထောက်ပံ့ငွေဖြင့်ဖြစ်စေ၊ ချေးငွေဖြင့်ဖြစ်စေ ပြည်ထောင်စုအစိုးရထံမှ ရယူဆောင်ရွက်နိုင်သည်။

## အပိုင်း ၃
## တိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့များ

၅။ တိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့များသည် တိုင်းဒေသကြီး၏ ဘဏ္ဍာရန်ပုံငွေအစီအစဉ်ဖြင့် လုပ်ငန်းများကို ဆောင်ရွက်ကြရမည်။ ထိုသို့ ဆောင်ရွက်၍ရသောရငွေများကို တိုင်းဒေသကြီးဘဏ္ဍာရန်ပုံငွေသို့ ပေးသွင်း၍ ထုတ်ပေးရန်ရှိသော သုံးငွေများကို တိုင်းဒေသကြီးဘဏ္ဍာရန်ပုံငွေမှ ထုတ်ယူသုံးစွဲရမည်။

၆။ (က) တိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့များ၏ ရငွေနှင့်သုံးငွေအတွက် တာဝန်ပေးအပ်ခြင်း ခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် ဇယား (၃) နှင့် (၄) တို့တွင် မိမိနှင့်ယှဉ်တွဲဖော်ပြထားသည့် ရငွေတို့ကို စီမံကြီးကြပ်ကောက်ခံခြင်းနှင့် သုံးငွေတို့ကို စီမံခန့်ခွဲခြင်း ပြုရမည်။

(ခ) ပုဒ်မခွဲ (က) ပါ တာဝန်ခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် မိမိအား အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကို မိမိလက်အောက်ရှိ လုပ်ငန်းဆိုင်ရာ ပုဂ္ဂိုလ်အသီးသီးအား လွှဲအပ်ဆောင်ရွက်စေနိုင်သည်။

(ဂ) ရငွေများကို စီမံကြီးကြပ်ကောက်ခံရာတွင်လည်းကောင်း၊ သုံးငွေများကို စီမံခန့်ခွဲရာတွင်လည်းကောင်း ဤဥပဒေပါ ပြဋ္ဌာန်းချက်များ၊ သက်ဆိုင်ရာဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်ကြော်ငြာစာများ၊ အမိန့်များ၊ ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည်။

၇။ (က) တိုင်းဒေသကြီးအစိုးရအဖွဲ့သည် တိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့များ၏ လုပ်ငန်းအရ လိုအပ်လျှင် ဇယား (၃) နှင့် (၄) တို့တွင် ဖော်ပြထားသောငွေများကို ပြောင်းလဲပေးနိုင်သည်။ ထိုသို့ ငွေများပြောင်းလဲခြင်းနှင့်စပ်လျဉ်း၍ တိုင်းဒေသကြီးလွှတ်တော်သို့တင်ပြသော ၂၀၁၈-၂၀၁၉ ခုနှစ်အတွက် ပြုပြင်ပြီး ခန့်မှန်းခြေငွေစာရင်းများတွင် ထည့်သွင်းဖော်ပြရမည်။ ပြုပြင်ပြီး ခန့်မှန်းခြေငွေစာရင်းများ တင်ပြချိန်နောက်ပိုင်းမှ ဖြစ်ပေါ်သောပြောင်းလဲခြင်းများကို အမှန်စာရင်းများတွင်လည်းကောင်း ထည့်သွင်းဖော်ပြရမည်။

(ခ) တိုင်းဒေသကြီးအစိုးရအဖွဲ့သည် လုပ်ငန်းလုပ်ကိုင်ရန်သော်လည်းကောင်း၊ ရင်းနှီးမြှုပ်နှံရန်သော်လည်းကောင်း လိုအပ်သည့်ငွေကို ထောက်ပံ့ငွေဖြင့်ဖြစ်စေ၊ ချေးငွေဖြင့်ဖြစ်စေ ပြည်ထောင်စုအစိုးရထံမှ ရယူဆောင်ရွက်နိုင်သည်။

## အပိုင်း ၄
## အထွေထွေ

၈။ တိုင်းဒေသကြီးအဆင့် ဌာန၊ အဖွဲ့အစည်းများနှင့် စည်ပင်သာယာရေးအဖွဲ့များသည် မိမိတို့နှင့် သက်ဆိုင်သောတည်ဆဲဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်ကြော်ငြာစာများ၊ အမိန့်များ၊ ညွှန်ကြားချက်များအရ ခွင့်ပြုထားသောအခွန်အကောက် အမျိုးအစားများကိုသာ ကောက်ခံနိုင်သည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

လှမိုးအောင်
ဝန်ကြီးချုပ်
ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့

၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ်
တိုင်းဒေသကြီးအစိုးရအဖွဲ့၊ တိုင်းဒေသကြီးလွှတ်တော်၊ တိုင်းဒေသကြီးတရားလွှတ်တော်၊ တိုင်းဒေသကြီးဥပဒေချုပ်၊ တိုင်းဒေသကြီးစာရင်းစစ်ချုပ်

ဇယား (၁)
(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | ရငွေများ | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|
| | | | အခွန်အကောက် | တိုင်းဒေသကြီးအဆင့် နိုင်ငံတော်ပိုင်စီးပွားရေး အဖွဲ့အစည်းများမှရငွေ | အခြားသာမန်ရငွေ | အတိုးရငွေ | ငွေလုံးငွေရင်းရငွေ | ပြည်ထောင်စု ထောက်ပံ့ငွေမှရငွေ | ကြွေးမြီ - ထုတ်ချေးငွေ အတွက်ပြန်ရငွေ | ကြွေးမြီ - ချေးယူရငွေ | အဖွဲ့အစည်းများတွင် ရင်းနှီးငွေမှရငွေ |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ |
| ၁ | တိုင်းဒေသကြီးအစိုးရအဖွဲ့ | တိုင်းဒေသကြီးဝန်ကြီးချုပ် သို့မဟုတ် တိုင်းဒေသကြီးဝန်ကြီးချုပ်က တာဝန်ပေးသူ | ၄. ၀၀၀ | | ၉,၈၉၃. ၁၀၄ | | | | | | |
| ၂ | တိုင်းဒေသကြီးလွှတ်တော် | တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ သို့မဟုတ် တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌက တာဝန်ပေးသူ | | | ၃. ၄၇၀ | | | | | | |
| ၃ | တိုင်းဒေသကြီးတရားလွှတ်တော် | တိုင်းဒေသကြီးတရားသူကြီးချုပ် သို့မဟုတ် တိုင်းဒေသကြီးတရားသူကြီးချုပ်က တာဝန်ပေးသူ | | | ၇၄၉. ၁၀၀ | | | | | | |
| ၄ | တိုင်းဒေသကြီးဥပဒေချုပ် | တိုင်းဒေသကြီးဥပဒေချုပ် သို့မဟုတ် တိုင်းဒေသကြီးဥပဒေချုပ်က တာဝန်ပေးသူ | | | ၀. ၃၂၀ | | | | | | |
| ၅ | တိုင်းဒေသကြီးစာရင်းစစ်ချုပ် | တိုင်းဒေသကြီးစာရင်းစစ်ချုပ် သို့မဟုတ် တိုင်းဒေသကြီးစာရင်းစစ်ချုပ်က တာဝန်ပေးသူ | | | ၀. ၁၆၇ | | | | | | |
| | **ပေါင်း** | | **၄. ၀၀၀** | | **၁၀,၆၄၆. ၅၆၁** | | | | | | |

ဇယား (၂)
(ကျပ်သန်းပေါင်း)

## ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ်
## တိုင်းဒေသကြီးအစိုးရအဖွဲ့၊ တိုင်းဒေသကြီးလွှတ်တော်၊ တိုင်းဒေသကြီးတရားလွှတ်တော်၊ တိုင်းဒေသကြီးဥပဒေချုပ်၊ တိုင်းဒေသကြီးစာရင်းစစ်ချုပ်

| အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | သုံးငွေများ | | | | | | |
|---|---|---|---|---|---|---|---|---|---|
| | | | သာမန်သုံးငွေ | အတိုးပေးငွေ | ထောက်ပံ့ငွေ | ငွေလုံးငွေရင်းသုံးငွေ | ကြွေးမြီ | | အဖွဲ့အစည်းများတွင်ရင်းနှီးငွေ |
| | | | | | | | ထုတ်ချေးငွေ | ချေးယူရငွေအတွက်ပေးဆပ်ငွေ | |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ |
| ၁ | တိုင်းဒေသကြီးအစိုးရအဖွဲ့ | တိုင်းဒေသကြီးဝန်ကြီးချုပ် သို့မဟုတ် တိုင်းဒေသကြီးဝန်ကြီးချုပ်က တာဝန်ပေးသူ | ၇,၄၇၉. ၅၄၇ | | | ၃၈,၉၀၄. ၇၂၇ | | | |
| ၂ | တိုင်းဒေသကြီးလွှတ်တော် | တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ သို့မဟုတ် တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌက တာဝန်ပေးသူ | ၁,၀၄၃. ၈၃၄ | | | ၄,၀၆၀. ၈၉၉ | | | |
| ၃ | တိုင်းဒေသကြီးတရားလွှတ်တော် | တိုင်းဒေသကြီးတရားသူကြီးချုပ် သို့မဟုတ် တိုင်းဒေသကြီးတရားသူကြီးချုပ်က တာဝန်ပေးသူ | ၈၁. ၆၄၂ | | | ၃. ၀၀၀ | | | |
| ၄ | တိုင်းဒေသကြီးဥပဒေချုပ် | တိုင်းဒေသကြီးဥပဒေချုပ် သို့မဟုတ် တိုင်းဒေသကြီးဥပဒေချုပ်က တာဝန်ပေးသူ | ၈၀၁. ၁၈၇ | | | ၂၃၂. ၆၆၇ | | | |
| ၅ | တိုင်းဒေသကြီးစာရင်းစစ်ချုပ် | တိုင်းဒေသကြီးစာရင်းစစ်ချုပ် သို့မဟုတ် တိုင်းဒေသကြီးစာရင်းစစ်ချုပ်က တာဝန်ပေးသူ | ၁,၆၀၄. ၇၂၉ | | | ၁၁၈. ၅၀၀ | | | |
| | **ပေါင်း** | | **၁၁,၀၁၀. ၉၃၉** | | | **၄၃,၃၁၉. ၇၉၃** | | | |

**၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ်**
**တိုင်းဒေသကြီးဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးအဆင့်ဦးစီးဌာနများနှင့် စည်ပင်သာယာရေးအဖွဲ့များ**

**ဇယား (၃)**
**(ကျပ်သန်းပေါင်း)**

| အမှတ်စဉ် | | အကြောင်းအရာ | တာဝန်ခံသူ | ရငွေများ | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | | အခွန်အကောက် | တိုင်းဒေသကြီးအဆင့် နိုင်ငံတော်ပိုင်စီးပွားရေး အဖွဲ့အစည်းများမှရငွေ | အခြားသာမန်ရငွေများ | အတိုးရငွေ | ငွေလုံးငွေရင်း ရငွေ | ပြည်ထောင်စု ထောက်ပံ့ငွေမှရငွေ | ကြွေးမြီ: ထုတ်ချေးငွေ အတွက်ပြန်ရငွေ | ကြွေးမြီ: ချေးယူရငွေ | အဖွဲ့အစည်းများတွင် ရင်းနှီးငွေမှရငွေ |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ |
| ၁ | | **ပြည်တွင်းထွက်ကုန်နှင့်ပြည်သူ ပြည်သားများသုံးစွဲမှုအပေါ်တွင် ကောက်ခံသည့်အခွန်အကောက်** | တိုင်းဒေသကြီးဝန်ကြီးချုပ် သို့မဟုတ် တိုင်းဒေသကြီးဝန်ကြီးချုပ်က တာဝန်ပေးသူ | **၁,၉၁၅. ၇၆၉** | | | | | | | | |
| | ၁ | ယစ်မျိုးခွန် | | ၁,၉၁၅. ၇၆၉ | | | | | | | | |
| ၂ | | **နိုင်ငံတော်ပိုင်ပစ္စည်းများ အသုံးပြုသည့် အပေါ် ကောက်ခံသည့်အခွန်အကောက်** | ၎င်း | **၆,၂၆၅. ၃၇၅** | | | | | | | | |
| | ၁ | မြေယာပေါ်တွင်ကောက်ခံသည့်အခွန် | | ၂၀၈. ၉၇၀ | | | | | | | | |
| | ၂ | တာတမံခွန် | | ၇. ၂၀၃ | | | | | | | | |
| | ၃ | သစ်တောများမှပစ္စည်းများ ထုတ်ယူသည့် အတွက် ကောက်ခံသည့်သစ်တောခွန် | | ၂၂၂. ၁၂၅ | | | | | | | | |
| | ၄ | ဓာတ်သတ္တုပစ္စည်းများထုတ်ယူသည့် အတွက် ကောက်ခံသည့်အခွန် | | ၁၄၉. ၄၄၀ | | | | | | | | |
| | ၅ | ငါးလုပ်ငန်းဆိုင်ရာအခွန်အခ | | ၅,၆၇၇. ၆၃၆ | | | | | | | | |
| ၃ | | **စည်ပင်သာယာရေးအဖွဲ့များမှ ကောက်ခံသည့်အခွန်** | ၎င်း | **၁,၂၄၁. ၀၁၆** | | | | | | | | |
| | ၁ | ပစ္စည်းခွန် | | ၁,၀၅၆. ၈၀၂ | | | | | | | | |
| | ၂ | ဘီးခွန် | | ၁၈၄. ၂၁၄ | | | | | | | | |
| ၄ | | **ပြည်ထဲရေး** | ၎င်း | | | **၅၂. ၃၃၃** | | | | | | |
| | ၁ | အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | | | | ၁၂. ၂၄၂ | | | | | | |
| | ၂ | အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန | | | | ၀. ၀၅၀ | | | | | | |
| | ၃ | မီးသတ်ဦးစီးဌာန | | | | ၄၀. ၀၈၁ | | | | | | |

## ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ်
## တိုင်းဒေသကြီးဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးအဆင့်ဦးစီးဌာနများနှင့် စည်ပင်သာယာရေးအဖွဲ့များ

**ဇယား (၃)** ။ ။ **အဆုံး**
**(ကျပ်သန်းပေါင်း)**

| အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | ရငွေများ | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|
| | | | အခွန်အကောက် | တိုင်းဒေသကြီးအဆင့် နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများမှရငွေ | အခြားသာမန်ရငွေများ | အတိုးရငွေ | ငွေလုံးငွေရင်းရငွေ | ပြည်ထောင်စုထောက်ပံ့ငွေမှရငွေ | ကြွေးမြီ | | အဖွဲ့အစည်းများတွင် ရင်းနှီးငွေမှရငွေ |
| | | | | | | | | | ထုတ်ချေးငွေအတွက်ပြန်ရငွေ | ချေးယူရငွေ | |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ |
| **၅** | **စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း** | တိုင်းဒေသကြီးဝန်ကြီးချုပ် သို့မဟုတ် တိုင်းဒေသကြီးဝန်ကြီးချုပ်က တာဝန်ပေးသူ | | | **၈၈. ၂၅၂** | | | | | | |
| ၁ | စိုက်ပျိုးရေးဦးစီးဌာန | | | | ၅၀. ၀၀၀ | | | | | | |
| ၂ | ငါးလုပ်ငန်းဦးစီးဌာန | | | | ၂၀. ၅၃၂ | | | | | | |
| ၃ | မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန | | | | ၁၂. ၅၃၀ | | | | | | |
| ၄ | သမဝါယမဦးစီးဌာန | | | | ၀. ၀၆၀ | | | | | | |
| ၅ | အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန | | | | ၅. ၁၃၀ | | | | | | |
| **၆** | **သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး** | ၎င်း | | | **၆၉. ၂၃၃** | | | | | | |
| ၁ | သစ်တောဦးစီးဌာန | | | | ၉. ၂၃၀ | | | | | | |
| ၂ | ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန | | | | ၀. ၀၀၃ | | | | | | |
| ၃ | သတ္တုတွင်းဦးစီးဌာန (ဆားလုပ်ငန်းဌာန) | | | | ၆၀. ၀၀၀ | | | | | | |
| **၇** | **ကျန်းမာရေးနှင့် အားကစား** | ၎င်း | | | **၄၀. ၁၈၄** | | | | | | |
| ၁ | အားကစားနှင့် ကာယပညာဦးစီးဌာန | | | | ၄၀. ၁၈၄ | | | | | | |
| **၈** | **စီမံကိန်းနှင့် ဘဏ္ဍာရေး** | ၎င်း | | | **၃၁. ၂၉၁** | | | **၁၂၅,၂၀၄. ၃၁၃** | | | |
| ၁ | စီမံကိန်းရေးဆွဲရေးဦးစီးဌာန | | | | ၀. ၂၄၁ | | | | | | |
| ၂ | ဗဟိုစာရင်းအင်းအဖွဲ့ | | | | | | | | | | |
| ၃ | ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှု ဦးစီးဌာန | | | | ၃၁. ၀၅၀ | | | | | | |
| ၄ | ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန | | | | | | | ၁၂၅,၂၀၄. ၃၁၃ | | | |
| **၉** | **ဆောက်လုပ်ရေး** | ၎င်း | | | **၁၄၈. ၀၂၃** | | | | | | |
| ၁ | မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန | | | | ၆၆. ၃၂၀ | | | | | | |
| ၂ | လမ်းဦးစီးဌာန | | | | ၈၁. ၇၀၃ | | | | | | |
| **၁၀** | **ကုန်တင်ကုန်ချကော်မတီရုံး** | ၎င်း | | | **၀. ၀၀၂** | | | | | | |
| **၁၁** | **စည်ပင်သာယာရေးအဖွဲ့များ** | ၎င်း | | | **၁၂,၁၃၅. ၅၁၁** | | **၆၀၀. ၀၀၀** | | | | **၁၃၆. ၁၁၉** |
| | **ပေါင်း** | | **၉,၄၂၂. ၁၆၀** | | **၁၂,၅၆၄. ၉၀၉** | | **၆၀၀. ၀၀၀** | **၁၂၅,၂၀၄. ၃၁၃** | | | **၁၃၆. ၁၁၉** |

## ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ်
## တိုင်းဒေသကြီးဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးအဆင့်ဦးစီးဌာနများနှင့် စည်ပင်သာယာရေးအဖွဲ့များ

ဇယား (၄)
(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | | အကြောင်းအရာ | တာဝန်ခံသူ | သုံးငွေများ | | | | | | |
|---|---|---|---|---|---|---|---|---|---|---|
| | | | | သာမန်သုံးငွေ | အတိုးပေးငွေ | ထောက်ပံ့ငွေ | ငွေလုံးငွေရင်းသုံးငွေ | ကြွေးမြီ | | အဖွဲ့အစည်းများတွင် ရင်းနှီးငွေ |
| | | | | | | | | ထုတ်ချေးငွေ | ချေးယူရငွေအတွက် ပေးဆပ်ငွေ | |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ |
| ၁ | | **ပြည်ထဲရေး** | တိုင်းဒေသကြီးဝန်ကြီးချုပ် | **၁၇,၆၈၃. ၉၃၃** | | | **၄,၆၃၅. ၅၈၆** | | | |
| | ၁ | အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | သို့မဟုတ် | ၁၃,၄၁၃. ၈၁၁ | | | ၁,၄၅၈. ၂၈၁ | | | |
| | ၂ | အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန | တိုင်းဒေသကြီးဝန်ကြီးချုပ်က | ၂၉၃. ၃၃၀ | | | ၇၅. ၈၀၅ | | | |
| | ၃ | မီးသတ်ဦးစီးဌာန | တာဝန်ပေးသူ | ၃,၉၇၆. ၇၉၂ | | | ၃,၁၀၁. ၅၀၀ | | | |
| ၂ | | **စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း** | ၎င်း | **၆,၉၃၇. ၉၉၉** | | | **၂,၁၅၂. ၉၂၆** | | | |
| | ၁ | စိုက်ပျိုးရေးဦးစီးဌာန | | ၃,၇၈၁. ၀၅၄ | | | ၁,၀၁၂. ၂၇၁ | | | |
| | ၂ | ငါးလုပ်ငန်းဦးစီးဌာန | | ၇၈၆. ၄၆၂ | | | ၃၈၆. ၉၄၆ | | | |
| | ၃ | မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန | | ၈၄၄. ၈၃၅ | | | ၄၇၄. ၃၅၀ | | | |
| | ၄ | သမဝါယမဦးစီးဌာန | | ၁,၄၄၇. ၄၆၇ | | | ၆၅. ၁၄၇ | | | |
| | ၅ | အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန | | ၇၈. ၁၈၁ | | | ၂၁၄. ၂၁၂ | | | |
| ၃ | | **သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး** | ၎င်း | **၂,၆၂၆. ၆၈၁** | | | **၆၂၉. ၆၁၆** | | | |
| | ၁ | သစ်တောဦးစီးဌာန | | ၂,၂၇၂. ၆၈၃ | | | ၁၇၉. ၀၂၁ | | | |
| | ၂ | ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန | | ၂၈၁. ၁၇၉ | | | ၃၃၅. ၈၈၄ | | | |
| | ၃ | သတ္တုတွင်းဦးစီးဌာန (ဆားလုပ်ငန်းဌာန) | | ၇၂. ၈၁၉ | | | ၁၁၄. ၇၁၁ | | | |
| ၄ | | **ကျန်းမာရေးနှင့် အားကစား** | ၎င်း | **၉၃၈. ၈၇၆** | | | **၈၀၂. ၄၄၅** | | | |
| | ၁ | အားကစားနှင့် ကာယပညာဦးစီးဌာန | | ၉၃၈. ၈၇၆ | | | ၈၀၂. ၄၄၅ | | | |
| ၅ | | **စီမံကိန်းနှင့် ဘဏ္ဍာရေး** | ၎င်း | **၁,၁၃၇. ၈၆၉** | | | **၇၁၆. ၉၃၅** | | | |
| | ၁ | စီမံကိန်းရေးဆွဲရေးဦးစီးဌာန | | ၈၀၅. ၂၂၇ | | | ၄၃၁. ၉၄၂ | | | |
| | ၂ | ဗဟိုစာရင်းအင်းအဖွဲ့ | | ၁၆၃. ၁၈၂ | | | ၁၈. ၈၀၈ | | | |
| | ၃ | ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန | | ၆၇. ၆၃၇ | | | ၂၄၉. ၈၅၀ | | | |
| | ၄ | ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန | | ၁၀၁. ၈၂၃ | | | ၁၆. ၃၇၅ | | | |
| ၆ | | **ဆောက်လုပ်ရေး** | ၎င်း | **၁၀,၃၀၄. ၂၇၂** | | | **၃၉,၁၁၉. ၅၄၉** | | | |
| | ၁ | မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန | | ၃၆၃. ၀၆၅ | | | ၂,၈၆၈. ၀၇၉ | | | |
| | ၂ | လမ်းဦးစီးဌာန | | ၉,၉၄၁. ၂၀၇ | | | ၃၆,၂၅၁. ၄၇၀ | | | |
| ၇ | | **ကုန်တင်ကုန်ချကော်မတီရုံး** | ၎င်း | **၈၇. ၀၀၄** | | | **၅၂. ၄၄၀** | | | |
| ၈ | | **စည်ပင်သာယာရေးအဖွဲ့အစည်းများ** | ၎င်း | **၆,၅၀၅. ၇၂၇** | | | **၉,၉၁၅. ၄၃၂** | | | |
| | | **ပေါင်း** | | **၄၆,၂၂၂. ၃၆၁** | | | **၅၈,၀၂၄. ၉၆၉** | | | |

# ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် စစ်ကိုင်းတိုင်းဒေသကြီး၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေ

## (၂၀၁၈ ခုနှစ်၊ စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော်ဥပဒေအမှတ် ၄။)

၁၃၈၀ ပြည့်နှစ်၊ တော်သလင်းလပြည့်ကျော် ၉ ရက်
(၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ ၃ ရက်)

စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

### အပိုင်း ၁
### အမည်နှင့် စတင်အကျိုးသက်ရောက်သည့်နေ့ရက်

၁။ (က) ဤဥပဒေကို ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် စစ်ကိုင်းတိုင်းဒေသကြီး၏ဘဏ္ဍာငွေ အရအသုံးဆိုင်ရာဥပဒေဟု ခေါ်တွင်စေရမည်။

(ခ) ဤဥပဒေသည် ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ်အတွက် ၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ ၁ ရက်နေ့မှ ၂၀၁၉ ခုနှစ်၊ စက်တင်ဘာလ ၃၀ ရက်နေ့ထိ ကုန်ဆုံးသည့်ကာလအတွက် ဖြစ်စေရမည်။

(ဂ) ဤဥပဒေသည် ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ်အတွက် ၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ ၁ ရက်နေ့မှ စတင်အကျိုးသက်ရောက်စေရမည်။

### အပိုင်း ၂
### တိုင်းဒေသကြီးအစိုးရအဖွဲ့၊ တိုင်းဒေသကြီးလွှတ်တော်၊ တိုင်းဒေသကြီးတရားလွှတ်တော်၊ တိုင်းဒေသကြီးဥပဒေချုပ်၊ တိုင်းဒေသကြီးစာရင်းစစ်ချုပ်၊ တိုင်းဒေသကြီးအဆင့်ဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးအဆင့်ဦးစီးဌာနများနှင့် စည်ပင်သာယာရေးအဖွဲ့များ

၂။ တိုင်းဒေသကြီးအစိုးရအဖွဲ့၊ တိုင်းဒေသကြီးလွှတ်တော်၊ တိုင်းဒေသကြီးတရားလွှတ်တော်၊ တိုင်းဒေသကြီး ဥပဒေချုပ်၊ တိုင်းဒေသကြီးစာရင်းစစ်ချုပ်၊ တိုင်းဒေသကြီးအဆင့်ဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးအဆင့် ဦးစီးဌာနများနှင့် စည်ပင်သာယာရေးအဖွဲ့များသည် တိုင်းဒေသကြီး၏ဘဏ္ဍာရန်ပုံငွေအစီအစဉ်ဖြင့် လုပ်ငန်းများကို ဆောင်ရွက်ကြရမည်။ ထိုသို့ ဆောင်ရွက်၍ရသောရငွေများကို တိုင်းဒေသကြီးဘဏ္ဍာ ရန်ပုံငွေသို့ပေးသွင်း၍ ထုတ်ပေးရန်ရှိသောသုံးငွေများကို တိုင်းဒေသကြီးဘဏ္ဍာရန်ပုံငွေမှ ထုတ်ယူသုံးစွဲရမည်။

၃။ (က) တိုင်းဒေသကြီးအစိုးရအဖွဲ့၊ တိုင်းဒေသကြီးလွှတ်တော်၊ တိုင်းဒေသကြီးတရားလွှတ်တော်၊ တိုင်းဒေသကြီးဥပဒေချုပ်၊ တိုင်းဒေသကြီးစာရင်းစစ်ချုပ်၊ တိုင်းဒေသကြီးအဆင့် ဝန်ကြီး ဌာနများ၊ တိုင်းဒေသကြီးအဆင့်ဦးစီးဌာနများနှင့် စည်ပင်သာယာရေးအဖွဲ့များ၏ ရငွေနှင့် သုံးငွေအတွက် တာဝန်ပေးအပ်ခြင်းခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် ဇယား (၁)၊ (၂)၊ (၃) နှင့် (၄) တို့တွင် မိမိနှင့်ယှဉ်တွဲဖော်ပြထားသည့်ရငွေတို့ကို စီမံကြီးကြပ်ကောက်ခံခြင်းနှင့် သုံးငွေတို့ကို စီမံခန့်ခွဲခြင်းပြုရမည်။

(ခ) ပုဒ်မခွဲ (က) ပါ တာဝန်ခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် မိမိအားအပ်နှင်းထားသောလုပ်ပိုင်ခွင့်များကို မိမိလက်အောက်ရှိလုပ်ငန်းဆိုင်ရာ ပုဂ္ဂိုလ်အသီးသီးအား လွှဲအပ်ဆောင်ရွက်စေနိုင်သည်။

(ဂ) ရငွေများကိုစီမံကြီးကြပ်ကောက်ခံရာတွင်လည်းကောင်း၊ သုံးငွေများကို စီမံခန့်ခွဲရာတွင် လည်းကောင်း ဤဥပဒေပါ ပြဋ္ဌာန်းချက်များ၊ သက်ဆိုင်ရာဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်ကြော်ငြာစာများ၊ အမိန့်များ၊ ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည်။

၄။ (က) တိုင်းဒေသကြီးအစိုးရအဖွဲ့၊ တိုင်းဒေသကြီးလွှတ်တော်၊ တိုင်းဒေသကြီးတရားလွှတ်တော်၊ တိုင်းဒေသကြီးဥပဒေချုပ်၊ တိုင်းဒေသကြီးစာရင်းစစ်ချုပ်၊ တိုင်းဒေသကြီးအဆင့် ဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးအဆင့်ဦးစီးဌာနများနှင့် စည်ပင်သာယာရေးအဖွဲ့များသည် ဤဥပဒေပါ ရငွေများကို စီမံကြီးကြပ်ကောက်ခံရာတွင် ဤဥပဒေအရ လျာထားသောရငွေတို့ထက်

တိုး၍ဖြစ်စေ၊ လျော့၍ဖြစ်စေ ရသောရငွေများနှင့်စပ်လျဉ်း၍ တိုင်းဒေသကြီးလွှတ်တော်သို့ တင်ပြသော ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ်အတွက် ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်းများတွင် ထည့်သွင်းဖော်ပြရမည်။ ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်းများ တင်ပြချိန်နောက်ပိုင်းမှ ဖြစ်ပေါ်သော ပြောင်းလဲခြင်းများကို အမှန်စာရင်းများတွင် ထည့်သွင်းဖော်ပြရမည်။

(ခ) တိုင်းဒေသကြီးအစိုးရအဖွဲ့၊ တိုင်းဒေသကြီးလွှတ်တော်၊ တိုင်းဒေသကြီးတရားလွှတ်တော်၊ တိုင်းဒေသကြီးဥပဒေချုပ်၊ တိုင်းဒေသကြီးစာရင်းစစ်ချုပ်၊ တိုင်းဒေသကြီးအဆင့် ဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးအဆင့်ဦးစီးဌာနများနှင့် စည်ပင်သာယာရေးအဖွဲ့များသည် ဤဥပဒေပါ သုံးငွေများကို စီမံခန့်ခွဲရာတွင် ဤဥပဒေအရ ခွင့်ပြုထားသောသုံးငွေများအတွင်း ငွေစာရင်း ခေါင်းစဉ်လွှဲပြောင်းသုံးစွဲသည့် အသုံးစရိတ်များနှင့်စပ်လျဉ်း၍လည်းကောင်း၊ တိုင်းဒေသကြီး အစိုးရအဖွဲ့၏ခွင့်ပြုချက်ဖြင့် သုံးစွဲသည့် အသုံးစရိတ်များနှင့်စပ်လျဉ်း၍လည်းကောင်း တိုင်းဒေသကြီးလွှတ်တော်သို့တင်ပြသော ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ်အတွက် ပြုပြင်ပြီး ခန့်မှန်းခြေငွေစာရင်းများတွင် ထည့်သွင်းဖော်ပြရမည်။

(ဂ) ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်းများ တင်ပြချိန်နောက်ပိုင်းမှဖြစ်ပေါ်လာသော အဖွဲ့အစည်းများ၏ လုပ်ငန်းလိုအပ်ချက်အရ မူလခွင့်ပြုငွေဘောင်အတွင်း ငွေလုံးငွေရင်းအသုံးစရိတ် လွှဲပြောင်းသုံးစွဲ ခြင်းနှင့် ထပ်မံလိုအပ်လျက်ရှိသော သာမန်အသုံးစရိတ်နှင့် ငွေလုံးငွေရင်း အသုံးစရိတ်တို့အား တိုင်းဒေသကြီး၏ ပိုလျှံအပ်နှံငွေများမှ လွှဲပြောင်းသုံးစွဲခြင်းတို့နှင့်ပတ်သက်၍ အကျိုးအကြောင်း ရှင်းလင်းဖော်ပြချက်များနှင့်အတူ အနီးကပ်ဆုံးကျင်းပသည့် တိုင်းဒေသကြီးလွှတ်တော်သို့ တင်ပြအတည်ပြုချက်ရယူပြီး ပြောင်းလဲခြင်းများကို အမှန်စာရင်းတွင် ထည့်သွင်းဖော်ပြရမည်။

(ဃ) တိုင်းဒေသကြီးအစိုးရအဖွဲ့သည် အဖွဲ့အစည်းများ၏ လုပ်ငန်းလိုအပ်ချက်အရ ဇယား (၁) နှင့် (၃) တို့တွင် ဖော်ပြထားသောရငွေများတိုးခြင်း၊ လျော့ခြင်းနှင့်စပ်လျဉ်း၍သော်လည်းကောင်း၊ ဤဥပဒေ၏ ဇယား (၂) နှင့် (၄) တို့အရ ခွင့်ပြုထားသော အဖွဲ့အစည်းတစ်ခု၏ သုံးငွေများတွင် သာမန်သုံးငွေများ ပြောင်းလဲခြင်းနှင့်စပ်လျဉ်း၍သော်လည်းကောင်း၊ ငွေလုံးငွေရင်းသုံးငွေ များတွင် လုပ်ငန်းစီမံကိန်းများ ပြောင်းလဲခြင်းမရှိဘဲ မူလစီမံကိန်းတစ်ခုစီအတွင်း ငွေများ ပြောင်းလဲသုံးစွဲခြင်းနှင့်စပ်လျဉ်း၍သော်လည်းကောင်း စိစစ်သုံးသပ်၍ ပြောင်းလဲပေးနိုင်သည်။ ထိုသို့ ရငွေများနှင့်သုံးငွေများပြောင်းလဲခြင်းနှင့်စပ်လျဉ်း၍ တိုင်းဒေသကြီးလွှတ်တော်သို့ တင်ပြသော ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ်အတွက် ပြုပြင်ပြီးခန့်မှန်းခြေ ငွေစာရင်းများတွင် လည်းကောင်း၊ ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်းများ တင်ပြချိန်နောက်ပိုင်းမှဖြစ်ပေါ်လာသော ပြောင်းလဲခြင်းများကို အမှန်စာရင်းတွင်လည်းကောင်း ကိစ္စတစ်ရပ်ချင်း အကျိုးအကြောင်း ဖော်ပြချက်များနှင့်အတူ ထည့်သွင်းဖော်ပြရမည်။

(င) သာမန်သုံးငွေ၊ ငွေလုံးငွေရင်းသုံးငွေနှင့် ကြွေးမြီသုံးငွေများကို အဖွဲ့အစည်းတစ်ခုမှ အခြား အဖွဲ့အစည်းတစ်ခုသို့ ပြောင်းလဲသုံးစွဲခြင်းနှင့်စပ်လျဉ်း၍သော်လည်းကောင်း၊ ငွေလုံးငွေရင်း သုံးငွေတွင် အဖွဲ့အစည်းတစ်ခုအတွင်း လုပ်ငန်းစီမံကိန်းတစ်ခုမှ အခြားလုပ်ငန်းစီမံကိန်း တစ်ခုသို့ ပြောင်းလဲသုံးစွဲခြင်းနှင့်စပ်လျဉ်း၍သော်လည်းကောင်း တိုင်းဒေသကြီးအစိုးရ အဖွဲ့သည် တိုင်းဒေသကြီးလွှတ်တော်၏ အတည်ပြုချက်ဖြင့် ပြောင်းလဲပေးနိုင်သည်။

ထိုသို့ ရငွေများနှင့်သုံးငွေများပြောင်းလဲခြင်းနှင့်စပ်လျဉ်း၍ တိုင်းဒေသကြီးလွှတ်တော်သို့ တင်ပြသော ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ်အတွက် ပြုပြင်ပြီးခန့်မှန်းခြေ ငွေစာရင်းများတွင် ထည့်သွင်းဖော်ပြရမည်။ ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်းများ တင်ပြချိန်နောက်ပိုင်းမှဖြစ်ပေါ် လာသော သာမန်အသုံးစရိတ်နှင့် ငွေလုံးငွေရင်းအသုံးစရိတ်ငွေများပြောင်းလဲခြင်းကို ကိစ္စတစ်ရပ်ချင်း အကျိုးအကြောင်းဖော်ပြချက်များနှင့်အတူ ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ်အတွင်း အနီးကပ်ဆုံး ကျင်းပသည့် တိုင်းဒေသကြီးလွှတ်တော်သို့ တင်ပြ၍ ခွင့်ပြုချက်ရယူပြီး ပြောင်းလဲပေးနိုင်သည်။

(စ) တိုင်းဒေသကြီးအစိုးရအဖွဲ့သည် လုပ်ငန်းလုပ်ကိုင်ရန်သော်လည်းကောင်း၊ ရင်းနှီးမြှုပ်နှံရန်သော်လည်းကောင်း လိုအပ်သည့်ငွေကို ထောက်ပံ့ငွေဖြင့်ဖြစ်စေ၊ ချေးငွေဖြင့်ဖြစ်စေ ပြည်ထောင်စုအစိုးရထံမှ ရယူဆောင်ရွက်နိုင်သည်။

၅။ တိုင်းဒေသကြီးအဆင့် ဌာန၊ အဖွဲ့အစည်းများနှင့် စည်ပင်သာယာရေးအဖွဲ့များသည် မိမိတို့နှင့်သက်ဆိုင်သော တည်ဆဲဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်ကြော်ငြာစာများ၊ အမိန့်များ၊ ညွှန်ကြားချက်များအရ ခွင့်ပြုထားသောအခွန်အကောက် အမျိုးအစားများကိုသာ ကောက်ခံနိုင်သည်။

## အပိုင်း ၃
## တိုင်းဒေသကြီးအဆင့် နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများ

၆။ တိုင်းဒေသကြီးအဆင့် နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများသည် စီမံကိန်းရည်မှန်းချက်များအရ မိမိတို့၏ဘဏ္ဍာငွေအပေါ် ရပ်တည်၍ လုပ်ငန်းများကို စီးပွားရေးဆန်ဆန် မိမိတို့၏ဘဏ္ဍာငွေအစီအစဉ်ဖြင့် ဆောင်ရွက်ကြရမည်။

၇။ (က) ဇယား (၅) နှင့် (၆) တို့တွင် ဖော်ပြထားသောငွေများသည် တိုင်းဒေသကြီးအဆင့် နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများက စီမံကိန်းရည်မှန်းချက်များအရ ထမြောက်အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရန် ရည်မှန်းထားသောငွေများဖြစ်သည်။

(ခ) တိုင်းဒေသကြီးအဆင့် နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများ၏ ရငွေနှင့်သုံးငွေအတွက် တာဝန်ပေးအပ်ခြင်းခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် ဇယား (၅) နှင့် (၆) တို့တွင် မိမိနှင့်ယှဉ်တွဲဖော်ပြထားသည့်ရငွေတို့ကို စီမံကြီးကြပ်ကောက်ခံခြင်းနှင့်သုံးငွေတို့ကို စီမံခန့်ခွဲခြင်းပြုရမည်။

(ဂ) ရငွေများကို စီမံကြီးကြပ်ကောက်ခံရာတွင်လည်းကောင်း၊ သုံးငွေများကို စီမံခန့်ခွဲရာတွင်လည်းကောင်း ဤဥပဒေပါ ပြဋ္ဌာန်းချက်များ၊ သက်ဆိုင်ရာဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်ကြော်ငြာစာများ၊ အမိန့်များ၊ ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည်။

(ဃ) တိုင်းဒေသကြီးအစိုးရအဖွဲ့သည် တိုင်းဒေသကြီးအဆင့် နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများ၏ လုပ်ငန်းလိုအပ်ချက်အရ ဇယား (၅) တွင် ဖော်ပြထားသော ရငွေများတိုးခြင်း၊ လျှော့ခြင်းနှင့်စပ်လျဉ်း၍သော်လည်းကောင်း၊ ဇယား (၆) အရ ခွင့်ပြုထားသောအဖွဲ့အစည်းတစ်ခု၏ သုံးငွေများတွင် သာမန်သုံးငွေနှင့် ငွေလုံးငွေရင်းသုံးငွေများ လွှဲပြောင်းသုံးစွဲခြင်းများနှင့်စပ်လျဉ်း၍သော်လည်းကောင်း ပုဒ်မ (၄)၊ ပုဒ်မခွဲ (ခ)၊ ပုဒ်မခွဲ (ဂ) နှင့် ပုဒ်မခွဲ (ဃ) တို့တွင် ဖော်ပြထားသည့်အတိုင်း တိုင်းဒေသကြီးလွှတ်တော်၏ အတည်ပြုချက်ဖြင့် ပြောင်းလဲပေးနိုင်သည်။ ထိုသို့ ရငွေများနှင့်သုံးငွေများပြောင်းလဲခြင်းနှင့်စပ်လျဉ်း၍ တိုင်းဒေသကြီးလွှတ်တော်သို့ တင်ပြသော ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ်အတွက် ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်းများတွင် အကျိုးအကြောင်းဖော်ပြချက်များနှင့်အတူ ထည့်သွင်းဖော်ပြရမည်။ ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်းများ တင်ပြချိန်နောက်ပိုင်းမှ ဖြစ်ပေါ်လာသော သာမန်အသုံးစရိတ်နှင့် ငွေလုံးငွေရင်းအသုံးစရိတ်ငွေများပြောင်းလဲခြင်းကို ကိစ္စတစ်ရပ်ချင်းအကျိုးအကြောင်းဖော်ပြချက်များနှင့်အတူ ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ်အတွင်း အနီးကပ်ဆုံးကျင်းပသည့် တိုင်းဒေသကြီးလွှတ်တော်သို့တင်ပြ၍ ခွင့်ပြုချက်ရယူပြီး ပြောင်းလဲပေးနိုင်သည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

ဒေါက်တာမြင့်နိုင်
ဝန်ကြီးချုပ်
စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့

ဇယား (၁)
(ကျပ်သန်းပေါင်း)

တိုင်းဒေသကြီးအစိုးရအဖွဲ့၊ တိုင်းဒေသကြီးလွှတ်တော်၊ တိုင်းဒေသကြီးတရားလွှတ်တော်တရားသူကြီးချုပ်၊ တိုင်းဒေသကြီးဥပဒေချုပ်၊ တိုင်းဒေသကြီးစာရင်းစစ်ချုပ်

| အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | ရငွေများ | | | | | | ကြွေးမြီ | | | စုစုပေါင်း |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | အခွန်အကောက် | တိုင်းဒေသကြီးအဆင့် နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများမှရငွေ | အခြားသာမန်ရငွေ | အတိုးရငွေ | ငွေလုံးငွေရင်းရငွေ | ပြည်ထောင်စုထောက်ပံ့ငွေမှရငွေ | ထုတ်ချေးငွေအတွက်ပြန်ရငွေ | ချေးယူရငွေ | အဖွဲ့အစည်းများတွင်ရင်းနှီးငွေမှရငွေ | |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ |
| ၁ | အစိုးရအဖွဲ့ | တိုင်းဒေသကြီးဝန်ကြီးချုပ် သို့မဟုတ် တိုင်းဒေသကြီးဝန်ကြီးချုပ်က တာဝန်ပေးသူ | ၈၅. ၂၀၀ | | ၈,၈၉၈. ၀၀၁ | | | ၃,၇၀၀. ၀၀၀ | | | | ၁၂,၆၈၃. ၂၀၁ |
| ၂ | လွှတ်တော် | တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ သို့မဟုတ် တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌက တာဝန်ပေးသူ | | | ၀. ၀၇၀ | | | | | | | ၀. ၀၇၀ |
| ၃ | တရားရုံးများ | တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ် သို့မဟုတ် တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ်က တာဝန်ပေးသူ | | | ၅၆၄. ၂၅၀ | | | | | | | ၅၆၄. ၂၅၀ |
| ၄ | ဥပဒေရုံးများ | တိုင်းဒေသကြီးဥပဒေချုပ် သို့မဟုတ် တိုင်းဒေသကြီးဥပဒေချုပ်က တာဝန်ပေးသူ | | | ၀. ၆၄၇ | | | | | | | ၀. ၆၄၇ |
| ၅ | စာရင်းစစ်ချုပ်ရုံး | တိုင်းဒေသကြီးစာရင်းစစ်ချုပ် သို့မဟုတ် တိုင်းဒေသကြီး စာရင်းစစ်ချုပ်က တာဝန်ပေးသူ | | | ၃. ၄၉၃ | | | | | | | ၃. ၄၉၃ |
| | ပေါင်း | | ၈၅. ၂၀၀ | | ၉,၄၆၆. ၄၆၁ | | | ၃,၇၀၀. ၀၀၀ | | | | ၁၃,၂၅၁. ၆၆၁ |

ဇယား (၂)
(ကျပ်သန်းပေါင်း)

## တိုင်းဒေသကြီးအစိုးရအဖွဲ့၊ တိုင်းဒေသကြီးလွှတ်တော်၊ တိုင်းဒေသကြီးတရားလွှတ်တော်တရားသူကြီးချုပ်၊ တိုင်းဒေသကြီးဥပဒေချုပ်၊ တိုင်းဒေသကြီးစာရင်းစစ်ချုပ်

| အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | သုံးငွေများ | | | | | | | စုစုပေါင်း |
|---|---|---|---|---|---|---|---|---|---|---|
| | | | သာမန်သုံးငွေ | အတိုးပေးငွေ | ထောက်ပံ့ငွေ | ငွေလုံးငွေရင်းသုံးငွေ | ကြွေးမြီ | | အဖွဲ့အစည်းများတွင်ရင်းနှီးငွေ | |
| | | | | | | | ထုတ်ချေးငွေ | ချေးယူရငွေအတွက်ပေးဆပ်ငွေ | | |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ |
| ၁ | အစိုးရအဖွဲ့ | တိုင်းဒေသကြီးဝန်ကြီးချုပ် သို့မဟုတ် တိုင်းဒေသကြီးဝန်ကြီးချုပ်က တာဝန်ပေးသူ | ၁၃,၀၈၆. ၀၂၂ | | | ၆၀,၀၂၆. ၉၆၇ | | | | ၇၃,၁၁၂. ၉၈၉ |
| ၂ | လွှတ်တော် | တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ သို့မဟုတ် တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌက တာဝန်ပေးသူ | ၉၈၈. ၃၆၇ | | | ၂၆၃. ၀၇၃ | | | | ၁,၂၅၁. ၄၄၀ |
| ၃ | တရားရုံးများ | တိုင်းဒေသကြီးတရားလွှတ်တော်တရားသူကြီးချုပ် သို့မဟုတ် တိုင်းဒေသကြီးတရားလွှတ်တော်တရားသူကြီးချုပ်က တာဝန်ပေးသူ | ၅၁. ၄၄၀ | | | | | | | ၅၁. ၄၄၀ |
| ၄ | ဥပဒေရုံးများ | တိုင်းဒေသကြီးဥပဒေချုပ် သို့မဟုတ် တိုင်းဒေသကြီးဥပဒေချုပ်က တာဝန်ပေးသူ | ၉၅၈. ၁၉၈ | | | ၃၄၃. ၄၄၈ | | | | ၁,၃၀၁. ၆၄၆ |
| ၅ | စာရင်းစစ်ချုပ်ရုံး | တိုင်းဒေသကြီးစာရင်းစစ်ချုပ် သို့မဟုတ် တိုင်းဒေသကြီးစာရင်းစစ်ချုပ်က တာဝန်ပေးသူ | ၁,၈၀၄. ၁၄၈ | | | ၄၀၈. ၄၆၆ | | | | ၂,၂၁၂. ၆၁၄ |
| | **ပေါင်း** | | **၁၆,၈၈၈. ၁၇၅** | | | **၆၁,၀၄၁. ၉၅၄** | | | | **၇၇,၉၃၀. ၁၂၉** |

ဇယား (၃)
(ကျပ်သန်းပေါင်း)

## တိုင်းဒေသကြီးအဆင့်ဝန်ကြီးဌာနများ၊ ဦးစီးဌာနများနှင့် စည်ပင်သာယာရေးအဖွဲ့များ

| အမှတ်စဉ် | | အကြောင်းအရာ | တာဝန်ခံသူ | ရငွေများ - အခွန်အကောက် | တိုင်းဒေသကြီးအဆင့် နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများမှရငွေ | အခြားသာမန်ရငွေ | အတိုးရငွေ | ငွေလုံးငွေရင်းရငွေ | ပြည်ထောင်စုထောက်ပံ့ငွေမှရငွေ | ကြွေးမြီ - ထုတ်ချေးငွေအတွက်ပြန်ရငွေ | ကြွေးမြီ - ချေးယူရငွေ | အဖွဲ့အစည်းများတွင် ရင်းနှီးငွေမှရငွေ | စုစုပေါင်း |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ |
| ၁ | | **ပြည်တွင်းထွက်ကုန်နှင့် ပြည်သူပြည်သားများသုံးစွဲမှုအပေါ်တွင်ကောက်ခံသည့်အခွန်အကောက်** | **တိုင်းဒေသကြီးဝန်ကြီးချုပ် သို့မဟုတ် တိုင်းဒေသကြီးဝန်ကြီးချုပ်က တာဝန်ပေးသူ** | | | | | | | | | | |
| | ၁ | ယစ်မျိုးခွန် | | ၃,၂၃၆. ၉၄၆ | | | | | | | | | ၃,၂၃၆. ၉၄၆ |
| | ၂ | ကုန်သွယ်လုပ်ငန်းခွန် | | | | | | | | | | | |
| | ၃ | သယ်ယူပို့ဆောင်ရေးအခွန် | | | | | | | | | | | |
| ၂ | | **နိုင်ငံပိုင်ပစ္စည်းများအသုံးပြုသည့်အပေါ် ကောက်ခံသည့်အခွန်အကောက်** | **၎င်း** | | | | | | | | | | |
| | ၁ | မြေယာပေါ်တွင်ကောက်ခံသည့်အခွန် | | ၁၅၁. ၀၁၅ | | | | | | | | | ၁၅၁. ၀၁၅ |
| | ၂ | တာတမံခွန် | | ၀. ၁၃၈ | | | | | | | | | ၀. ၁၃၈ |
| | ၃ | သစ်တောများမှ ပစ္စည်းများထုတ်ယူသည့် အတွက် ကောက်ခံသည့်အခွန် | | ၂၀၅. ၈၅၂ | | | | | | | | | ၂၀၅. ၈၅၂ |
| | ၄ | ဓာတ်သတ္တုပစ္စည်းများထုတ်ယူသည့်အတွက် ကောက်ခံသည့်အခွန် | | ၉၇. ၉၅၅ | | | | | | | | | ၉၇. ၉၅၅ |
| | ၅ | အင်းအိုင်ခွန် | | ၈၀၀. ၀၀၀ | | | | | | | | | ၈၀၀. ၀၀၀ |
| ၃ | | **စည်ပင်သာယာရေးကော်မတီများနှင့် စည်ပင်သာယာရေးအဖွဲ့များမှ ကောက်ခံသည့်အခွန်** | **၎င်း** | | | | | | | | | | |
| | ၁ | ပစ္စည်းခွန် | | ၁,၀၈၈. ၃၆၅ | | | | | | | | | ၁,၀၈၈. ၃၆၅ |
| | ၂ | ဘီးခွန် | | ၂,၅၆၉. ၀၇၇ | | | | | | | | | ၂,၅၆၉. ၀၇၇ |
| ၄ | | **တိုင်းဒေသကြီး၏စီးပွားရေးအဖွဲ့အစည်းများမှ ရငွေ** | **၎င်း** | | | | | | | | | | |
| ၅ | | **ပြည်ထဲရေး** | **၎င်း** | | | **၁၀၆. ၀၈၄** | | | | | | | **၁၀၆. ၀၈၄** |
| | ၁ | အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | | | | ၅၄. ၇၆၈ | | | | | | | ၅၄. ၇၆၈ |
| | ၂ | အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန | | | | ၀. ၃၁၆ | | | | | | | ၀. ၃၁၆ |
| | ၃ | မီးသတ်ဦးစီးဌာန | | | | ၅၁. ၀၀၀ | | | | | | | ၅၁. ၀၀၀ |
| ၆ | | **စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း** | **၎င်း** | | | **၂၀၄. ၄၄၈** | | | | | | | **၂၀၄. ၄၄၈** |
| | ၁ | စိုက်ပျိုးရေးဦးစီးဌာန | | | | ၉၈. ၁၀၈ | | | | | | | ၉၈. ၁၀၈ |
| | ၂ | ငါးလုပ်ငန်းဦးစီးဌာန | | | | ၂၀. ၀၀၀ | | | | | | | ၂၀. ၀၀၀ |
| | ၃ | မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန | | | | ၇၈. ၅၀၀ | | | | | | | ၇၈. ၅၀၀ |
| | ၄ | သမဝါယမဦးစီးဌာန | | | | ၅. ၀၀၀ | | | | | | | ၅. ၀၀၀ |
| | ၅ | အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန | | | | ၂. ၈၄၀ | | | | | | | ၂. ၈၄၀ |

## တိုင်းဒေသကြီးအဆင့်ဝန်ကြီးဌာနများ၊ ဦးစီးဌာနများနှင့် စည်ပင်သာယာရေးအဖွဲ့များ

ဇယား (၃) အဆုံး
(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | | အကြောင်းအရာ | တာဝန်ခံသူ | ရငွေများ - အခွန်အကောက် | တိုင်းဒေသကြီးအဆင့် နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများမှရငွေ | အခြားသာမန်ရငွေ | အတိုးရငွေ | ငွေလုံးငွေရင်းရငွေ | ပြည်ထောင်စုထောက်ပံ့ငွေမှရငွေ | ကြွေးမြီ - ထုတ်ချေးငွေအတွက်ပြန်ရငွေ | ကြွေးမြီ - ချေးယူရငွေ | အဖွဲ့အစည်းများတွင် ရင်းနှီးငွေမှရငွေ | စုစုပေါင်း |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ |
| ၇ | | **သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး** | **တိုင်းဒေသကြီးဝန်ကြီးချုပ် သို့မဟုတ် တိုင်းဒေသကြီးဝန်ကြီးချုပ်က တာဝန်ပေးသူ** | | | **၈၀. ၆၈၅** | | | | | | | **၈၀. ၆၈၅** |
| | ၁ | သစ်တောဦးစီးဌာန | | | | ၆၃. ၅၀၀ | | | | | | | ၆၃. ၅၀၀ |
| | ၂ | အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန | | | | ၀. ၀၂၅ | | | | | | | ၀. ၀၂၅ |
| | ၃ | ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန | | | | | | | | | | | |
| | ၄ | သတ္တုတွင်းဦးစီးဌာန | | | | ၁၇. ၁၆၀ | | | | | | | ၁၇. ၁၆၀ |
| ၈ | | **ကျန်းမာရေးနှင့် အားကစား** | **၎င်း** | | | **၄၃. ၃၁၆** | | | | | | | **၄၃. ၃၁၆** |
| | ၁ | အားကစားနှင့် ကာယပညာဦးစီးဌာန | | | | ၄၃. ၃၁၆ | | | | | | | ၄၃. ၃၁၆ |
| ၉ | | **စီမံကိန်းနှင့် ဘဏ္ဍာရေး** | **၎င်း** | | | **၃၅. ၈၆၀** | | | **၁၈၂,၃၆၉. ၄၀၉** | | | | **၁၈၂,၄၀၅. ၂၆၉** |
| | ၁ | စီမံကိန်းရေးဆွဲရေးဦးစီးဌာန | | | | ၀. ၁၀၀ | | | | | | | ၀. ၁၀၀ |
| | ၂ | ဗဟိုစာရင်းအင်းအဖွဲ့ | | | | ၀. ၀၁၀ | | | | | | | ၀. ၀၁၀ |
| | ၃ | ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန | | | | ၃၅. ၇၅၀ | | | | | | | ၃၅. ၇၅၀ |
| | ၄ | ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန | | | | | | | ၁၈၂,၃၆၉. ၄၀၉ | | | | ၁၈၂,၃၆၉. ၄၀၉ |
| ၁၀ | | **ဆောက်လုပ်ရေး** | **၎င်း** | | | **၃၆၃. ၅၅၇** | | | | | | | **၃၆၃. ၅၅၇** |
| | ၁ | မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန | | | | ၂၄၇. ၄၁၉ | | | | | | | ၂၄၇. ၄၁၉ |
| | ၂ | လမ်းဦးစီးဌာန | | | | ၁၁၆. ၁၃၈ | | | | | | | ၁၁၆. ၁၃၈ |
| ၁၁ | | **စည်ပင်သာယာရေးအဖွဲ့များ** | **၎င်း** | | | **၁၅,၇၄၅. ၅၆၂** | | | | | | | **၁၅,၇၄၅. ၅၆၂** |
| | | **ပေါင်း** | | ၈၁၄၉. ၃၄၄ | | ၁၆,၅၇၉. ၅၁၂ | | | ၁၈၂,၃၆၉. ၄၀၉ | | | | ၂၀၇,၀၉၈. ၂၆၅ |

ဇယား (၄)
(ကျပ်သန်းပေါင်း)

**တိုင်းဒေသကြီးအဆင့်ဝန်ကြီးဌာနများ၊ ဦးစီးဌာနများနှင့် စည်ပင်သာယာရေးအဖွဲ့များ**

| အမှတ်စဉ် | | အကြောင်းအရာ | တာဝန်ခံသူ | သုံးငွေများ | | | | | | | စုစုပေါင်း |
|---|---|---|---|---|---|---|---|---|---|---|---|
| | | | | သာမန်သုံးငွေ | အတိုးပေးငွေ | ထောက်ပံ့ငွေ | ငွေလုံးငွေရင်းသုံးငွေ | ကြွေးမြီ: ထုတ်ချေးငွေ | ကြွေးမြီ: ချေးယူရငွေအတွက်ပေးဆပ်ငွေ | အဖွဲ့အစည်းများတွင်ရင်းနှီးငွေ | |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ |
| ၁ | | **ပြည်ထဲရေး** | **တိုင်းဒေသကြီးဝန်ကြီးချုပ် သို့မဟုတ် တိုင်းဒေသကြီးဝန်ကြီးချုပ်က တာဝန်ပေးသူ** | **၁၈,၂၇၇. ၇၈၃** | | | **၁၁,၀၅၃. ၁၈၉** | | | | **၂၉,၃၃၀. ၉၇၂** |
| | ၁ | အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | | ၁၄,၀၂၂. ၁၀၀ | | | ၅,၆၄၉. ၆၂၀ | | | | ၁၉,၆၇၁. ၇၂၀ |
| | ၂ | အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန | | ၃၅၁. ၁၇၂ | | | ၅၀၁. ၉၀၀ | | | | ၈၅၃. ၀၇၂ |
| | ၃ | မီးသတ်ဦးစီးဌာန | | ၃,၉၀၄. ၅၁၁ | | | ၄,၉၀၁. ၆၆၈ | | | | ၈,၈၀၆. ၁၇၉ |
| ၂ | | **စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း** | **ရှင်း** | **၈,၀၅၃. ၂၈၃** | | | **၂,၆၃၄. ၂၉၄** | | | | **၁၀,၆၈၇. ၅၇၇** |
| | ၁ | စိုက်ပျိုးရေးဦးစီးဌာန | | ၄,၃၀၁. ၇၀၅ | | | ၂,၀၀၀. ၀၀၀ | | | | ၆,၃၀၁. ၇၀၅ |
| | ၂ | ငါးလုပ်ငန်းဦးစီးဌာန | | ၄၈၁. ၆၃၇ | | | ၁၅၀. ၄၆၄ | | | | ၆၃၂. ၁၀၁ |
| | ၃ | မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန | | ၁,၁၉၂. ၇၈၇ | | | ၁၅၀. ၁၀၀ | | | | ၁,၃၄၂. ၈၈၇ |
| | ၄ | သမဝါယမဦးစီးဌာန | | ၁,၉၂၁. ၈၈၀ | | | ၁၀၀. ၉၀၀ | | | | ၂,၀၂၂. ၇၈၀ |
| | ၅ | အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန | | ၁၅၅. ၂၇၄ | | | ၂၃၂. ၈၃၀ | | | | ၃၈၈. ၁၀၄ |
| ၃ | | **သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး** | **ရှင်း** | **၄,၄၂၅. ၀၅၇** | | | **၁,၀၆၃. ၁၆၅** | | | | **၅,၄၈၈. ၂၂၂** |
| | ၁ | သစ်တောဦးစီးဌာန | | ၃,၁၂၉. ၈၈၂ | | | ၁၀၈. ၀၀၀ | | | | ၃,၂၃၇. ၈၈၂ |
| | ၂ | အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန | | ၁,၀၄၀. ၄၈၂ | | | ၂၄၇. ၀၇၅ | | | | ၁,၂၈၇. ၅၅၇ |
| | ၃ | ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန | | ၂၁၁. ၅၀၁ | | | ၇၀၈. ၀၉၀ | | | | ၉၁၉. ၅၉၁ |
| | ၄ | သတ္တုတွင်းဦးစီးဌာန | | ၄၃. ၁၉၂ | | | | | | | ၄၃. ၁၉၂ |
| ၄ | | **ကျန်းမာရေးနှင့် အားကစား** | **ရှင်း** | **၁,၀၅၆. ၄၄၁** | | | **၁,၄၉၉. ၅၂၈** | | | | **၂,၅၅၅. ၉၆၉** |
| | ၁ | အားကစားနှင့် ကာယပညာဦးစီးဌာန | | ၁,၀၅၆. ၄၄၁ | | | ၁,၄၉၉. ၅၂၈ | | | | ၂,၅၅၅. ၉၆၉ |
| ၅ | | **စီမံကိန်းနှင့် ဘဏ္ဍာရေး** | **ရှင်း** | **၁,၇၆၅. ၃၇၁** | | | **၉၇၁. ၂၇၀** | | | | **၂,၇၃၆. ၆၄၁** |
| | ၁ | စီမံကိန်းရေးဆွဲရေးဦးစီးဌာန | | ၁,၃၂၅. ၈၇၇ | | | ၄၃၀. ၀၀၀ | | | | ၁,၇၅၅. ၈၇၇ |
| | ၂ | ဗဟိုစာရင်းအင်းအဖွဲ့ | | ၂၀၆. ၆၆၂ | | | ၂၉၉. ၀၀၀ | | | | ၅၀၅. ၆၆၂ |
| | ၃ | ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန | | ၈၉. ၇၇၂ | | | ၂၃၂. ၀၇၅ | | | | ၃၂၁. ၈၄၇ |
| | ၄ | ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန | | ၁၄၃. ၀၆၀ | | | ၁၀. ၁၉၅ | | | | ၁၅၃. ၂၅၅ |
| ၆ | | **ဆောက်လုပ်ရေး** | **ရှင်း** | **၁၃,၁၀၄. ၄၄၃** | | | **၃၆,၁၂၅. ၅၀၂** | | | | **၄၉,၂၂၉. ၉၄၅** |
| | ၁ | မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန | | ၃၃၂. ၆၇၉ | | | ၆,၁၂၅. ၅၀၂ | | | | ၆,၄၅၈. ၁၈၁ |
| | ၂ | လမ်းဦးစီးဌာန | | ၁၂,၇၇၁. ၇၆၄ | | | ၃၀,၀၀၀. ၀၀၀ | | | | ၄၂,၇၇၁. ၇၆၄ |
| ၇ | | **စည်ပင်သာယာရေးအဖွဲ့များ** | **ရှင်း** | **၈,၉၇၄. ၄၁၇** | | | **၁၃,၁၄၅. ၄၉၉** | | | | **၂၂,၁၁၉. ၉၁၆** |
| | | ပေါင်း | | **၅၅,၆၅၆. ၇၉၅** | | | **၆၆,၄၉၂. ၄၄၇** | | | | **၁၂၂,၁၄၉. ၂၄၂** |

ဇယား (၅)
(ကျပ်သန်းပေါင်း)

## တိုင်းဒေသကြီးအဆင့် နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများ

| အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | ရငွေများ | | | | | | | | | စုစုပေါင်း |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | အခွန်အကောက် | တိုင်းဒေသကြီးအဆင့် နိုင်ငံတော်ပိုင် စီးပွားရေး အဖွဲ့အစည်းများမှရငွေ | အခြားသာမန်ရငွေ | အတိုးရငွေ | ငွေလုံးငွေရင်းရငွေ | ပြည်ထောင်စု ထောက်ပံ့ငွေမှ ရငွေ | ကြွေးမြီ: ထုတ်ချေးငွေ အတွက် ပြန်ရငွေ | ကြွေးမြီ: ချေးယူရငွေ | အဖွဲ့အစည်း များတွင် ရင်းနှီးငွေမှရငွေ | |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ |
| ၁ | **လျှပ်စစ်နှင့် စွမ်းအင်** | **တိုင်းဒေသကြီးဝန်ကြီးချုပ် သို့မဟုတ် တိုင်းဒေသကြီးဝန်ကြီးချုပ်က တာဝန်ပေးသူ** | | | **၁၅. ၀၀၀** | | | | | | | **၁၅. ၀၀၀** |
| | လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း | | | | ၁၅. ၀၀၀ | | | | | | | ၁၅. ၀၀၀ |
| | **ပေါင်း** | | | | **၁၅. ၀၀၀** | | | | | | | **၁၅. ၀၀၀** |

ဇယား (၆)
(ကျပ်သန်းပေါင်း)

## တိုင်းဒေသကြီးအဆင့် နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများ

| အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | သုံးငွေများ | | | | | | | စုစုပေါင်း |
|---|---|---|---|---|---|---|---|---|---|---|
| | | | သာမန်သုံးငွေ | အတိုးပေးငွေ | ထောက်ပံ့ငွေ | ငွေလုံးငွေရင်း သုံးငွေ | ကြွေးမြီ | | အဖွဲ့အစည်းများတွင် ရင်းနှီးငွေ | |
| | | | | | | | ထုတ်ချေးငွေ | ချေးယူရငွေအတွက် ပေးဆပ်ငွေ | | |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ |
| ၁ | **လျှပ်စစ်နှင့် စွမ်းအင်** | **တိုင်းဒေသကြီးဝန်ကြီးချုပ် သို့မဟုတ် တိုင်းဒေသကြီးဝန်ကြီးချုပ်က တာဝန်ပေးသူ** | **၂၈၅. ၅၅၅** | | | **၂၀,၀၀၀. ၀၀၀** | | | | **၂၀,၂၈၅. ၅၅၅** |
| | လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း | | ၂၈၅. ၅၅၅ | | | ၂၀,၀၀၀. ၀၀၀ | | | | ၂၀,၂၈၅. ၅၅၅ |
| | **ပေါင်း** | | **၂၈၅. ၅၅၅** | | | **၂၀,၀၀၀. ၀၀၀** | | | | **၂၀,၂၈၅. ၅၅၅** |

# ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် ကရင်ပြည်နယ်၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေ

## (၂၀၁၈ ခုနှစ်၊ ကရင်ပြည်နယ်လွှတ်တော်ဥပဒေအမှတ် ၆။)

၁၃၈၀ ပြည့်နှစ်၊ တော်သလင်းလပြည့်ကျော် ၂ ရက်

(၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ ၂၆ ရက်)

ကရင်ပြည်နယ်လွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

## အပိုင်း ၁

## အမည်နှင့် စတင်အကျိုးသက်ရောက်သည့်နေ့ရက်

၁။ (က) ဤဥပဒေကို ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် ကရင်ပြည်နယ်၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေဟု ခေါ်တွင်စေရမည်။

(ခ) ဤဥပဒေသည် ၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ ၁ ရက်နေ့မှ ၂၀၁၉ ခုနှစ်၊ စက်တင်ဘာလ ၃၀ ရက်နေ့ထိ ကုန်ဆုံးသည့်ကာလအတွက် ဖြစ်ရမည်။

(ဂ) ဤဥပဒေသည် ၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ ၁ ရက်နေ့မှ စတင် အကျိုးသက်ရောက်စေရမည်။

## အပိုင်း ၂

## ကရင်ပြည်နယ်အစိုးရအဖွဲ့၊ ကရင်ပြည်နယ်လွှတ်တော်၊ ကရင်ပြည်နယ်တရားလွှတ်တော်၊ ကရင်ပြည်နယ်ဥပဒေချုပ်၊ ကရင်ပြည်နယ်စာရင်းစစ်ချုပ်၊ ကရင်ပြည်နယ်ဝန်ကြီးဌာနများ၊ ပြည်နယ်အဆင့်ဦးစီးဌာနများနှင့် စည်ပင်သာယာရေးအဖွဲ့များ

## အခန်း (၁)

## ရငွေများနှင့်သုံးငွေများ

၂။ ကရင်ပြည်နယ်အစိုးရအဖွဲ့၊ ကရင်ပြည်နယ်လွှတ်တော်၊ ကရင်ပြည်နယ်တရားလွှတ်တော်၊ ကရင်ပြည်နယ်ဥပဒေချုပ်၊ ကရင်ပြည်နယ်စာရင်းစစ်ချုပ်၊ ကရင်ပြည်နယ်ဝန်ကြီးဌာနများ၊ ပြည်နယ်အဆင့်ဦးစီးဌာနများနှင့်စည်ပင်သာယာရေးအဖွဲ့များသည် ပြည်နယ်၏ ဘဏ္ဍာရန်ပုံငွေအစီအစဉ်ဖြင့် လုပ်ငန်းများကို ဆောင်ရွက်ကြရမည်။ ထိုသို့ ဆောင်ရွက်၍ရသောရငွေများကို ပြည်နယ်ဘဏ္ဍာရန်ပုံငွေသို့ ပေးသွင်း၍ ထုတ်ပေးရန်ရှိသော သုံးငွေများကို အရအသုံးခန့်မှန်းခြေငွေစာရင်း ခွင့်ပြုငွေအတွင်း တည်ဆဲဘဏ္ဍာရေးစည်းမျဉ်း၊ လုပ်ထုံးလုပ်နည်းနှင့်အညီ ပြည်နယ်ဘဏ္ဍာရန်ပုံငွေမှ ထုတ်ယူသုံးစွဲရမည်။

၃။ (က) ကရင်ပြည်နယ်အစိုးရအဖွဲ့၊ ကရင်ပြည်နယ်လွှတ်တော်၊ ကရင်ပြည်နယ်တရားလွှတ်တော်၊ ကရင်ပြည်နယ်ဥပဒေချုပ်၊ ကရင်ပြည်နယ်စာရင်းစစ်ချုပ်၊ ကရင်ပြည်နယ်ဝန်ကြီးဌာနများ၊ ပြည်နယ်အဆင့်ဦးစီးဌာနများနှင့် စည်ပင်သာယာရေးအဖွဲ့များ၏ ရငွေနှင့် သုံးငွေအတွက် တာဝန်ပေးအပ်ခြင်းခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် ဇယား (၁)၊ (၂)၊ (၃) နှင့် (၄) တို့တွင် မိမိနှင့်ယှဉ်တွဲဖော်ပြထားသည့် ရငွေတို့ကို စီမံကြီးကြပ်ကောက်ခံခြင်းနှင့် သုံးငွေတို့ကို စီမံခန့်ခွဲခြင်းပြုရမည်။

(ခ) ပုဒ်မခွဲ (က) ပါ တာဝန်ခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် မိမိအား အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကို မိမိလက်အောက်ရှိ လုပ်ငန်းဆိုင်ရာပုဂ္ဂိုလ်အသီးသီးအား လွှဲအပ်ဆောင်ရွက်စေနိုင်သည်။

(ဂ) ရငွေများကို စီမံကြီးကြပ်ကောက်ခံရာတွင်လည်းကောင်း၊ သုံးငွေများကို စီမံခန့်ခွဲရာတွင်လည်းကောင်း ဤဥပဒေပါ ပြဋ္ဌာန်းချက်များ၊ သက်ဆိုင်ရာဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်ကြော်ငြာစာများ၊ အမိန့်များ၊ ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည်။

၄။ (က) ကရင်ပြည်နယ်အစိုးရအဖွဲ့၊ ကရင်ပြည်နယ်လွှတ်တော်၊ ကရင်ပြည်နယ်တရားလွှတ်တော်၊ ကရင်ပြည်နယ်ဥပဒေချုပ်၊ ကရင်ပြည်နယ်စာရင်းစစ်ချုပ်၊ ကရင်ပြည်နယ်ဝန်ကြီးဌာနများ၊ ပြည်နယ်အဆင့်ဦးစီးဌာနများနှင့် စည်ပင်သာယာရေးအဖွဲ့များသည် လုပ်ငန်းအရ လိုအပ်လျှင် ဇယား (၁) နှင့် (၃) တို့တွင် ဖော်ပြလျာထားသော ရငွေများကို စီမံကြီးကြပ်ကောက်ခံရာတွင် ဤဥပဒေအရ လျာထားသော ရငွေတို့ထက် တိုး၍ဖြစ်စေ၊ လျော့၍ဖြစ်စေရသော ရငွေများနှင့် စပ်လျဉ်း၍ ကရင်ပြည်နယ်လွှတ်တော်သို့ တင်ပြသော ၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ ၁ ရက်နေ့မှ ၂၀၁၉ ခုနှစ်၊ စက်တင်ဘာလ ၃၀ ရက်နေ့ထိ ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်းများတွင် ထည့်သွင်းဖော်ပြရမည်။ ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်းများ တင်ပြချိန်နောက်ပိုင်းမှ ဖြစ်ပေါ်သော ပြောင်းလဲခြင်းများကို အမှန်စာရင်းများတွင် အကျိုးအကြောင်းဖော်ပြချက်များနှင့်အတူ ထည့်သွင်းဖော်ပြရမည်။

(ခ) ကရင်ပြည်နယ်အစိုးရအဖွဲ့၊ ကရင်ပြည်နယ်လွှတ်တော်၊ ကရင်ပြည်နယ်တရားလွှတ်တော်၊ ကရင်ပြည်နယ်ဥပဒေချုပ်၊ ကရင်ပြည်နယ်စာရင်းစစ်ချုပ်၊ ကရင်ပြည်နယ်ဝန်ကြီးဌာနများ၊ ပြည်နယ်အဆင့်ဦးစီးဌာနများနှင့် စည်ပင်သာယာရေးအဖွဲ့များသည် လုပ်ငန်းအရ လိုအပ်လျှင် ဇယား (၂) နှင့် (၄) တို့တွင် ဖော်ပြထားသော သုံးငွေများကို စီမံခန့်ခွဲရာတွင် ဤဥပဒေအရ ခွင့်ပြုထားသော သုံးငွေများအတွင်း ငွေစာရင်းခေါင်းစဉ်လွှဲပြောင်းသုံးစွဲသည့် အသုံးစရိတ်များနှင့်စပ်လျဉ်း၍ ကရင်ပြည်နယ်လွှတ်တော်သို့ တင်ပြသော ၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ ၁ ရက်နေ့မှ ၂၀၁၉ ခုနှစ်၊ စက်တင်ဘာလ ၃၀ ရက်နေ့ထိ ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်းများတွင် ထည့်သွင်းဖော်ပြရမည်။ ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်းများ တင်ပြချိန်နောက်ပိုင်းမှ ဖြစ်ပေါ်သော ပြောင်းလဲခြင်းများကို အမှန်စာရင်းများတွင် အကျိုးအကြောင်း ဖော်ပြချက်များနှင့်အတူ ထည့်သွင်းဖော်ပြရမည်။

(ဂ) ကရင်ပြည်နယ်အစိုးရအဖွဲ့သည် လုပ်ငန်းလုပ်ကိုင်ရန်သော်လည်းကောင်း၊ ရင်းနှီးမြှုပ်နှံရန် သော်လည်းကောင်း၊ လိုအပ်သည့်ငွေကို ထောက်ပံ့ငွေဖြင့် ကရင်ပြည်နယ်လွှတ်တော်၏ အတည်ပြုချက်ဖြင့် ပြည်ထောင်စုအစိုးရထံမှ ရယူဆောင်ရွက်နိုင်သည်။

၅။ ပြည်နယ်အဆင့်အဖွဲ့အစည်းများ၊ ဦးစီးဌာနများနှင့် စည်ပင်သာယာရေးအဖွဲ့များသည် မိမိတို့နှင့် သက်ဆိုင်သော တည်ဆဲဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်များ၊ ညွှန်ကြားချက် များအရ ခွင့်ပြုထားသော အခွန်အကောက်အမျိုးအစားများကိုသာ ကောက်ခံနိုင်သည်။

## အခန်း (၂)
## ငွေချေးယူခြင်း

၆။ ပြည်နယ်အစိုးရအဖွဲ့သည် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေနှင့်အညီ ပြည်နယ် အဆင့် ဌာနအဖွဲ့အစည်းများ၏ လုပ်ငန်းစီမံချက် တစ်ရပ်ရပ်အတွက် ပြည်ပမှရရှိသော ချေးငွေများကို ရယူခြင်း၊ ချေးငွေများကို သုံးစွဲခြင်းတို့အား ဆောင်ရွက်ရာတွင် ပြည်ထောင်စုဥပဒေနှင့် မဆန့်ကျင်စေရ။ အဆိုပါကိစ္စရပ်များအတွက် ကိစ္စတစ်ရပ်ချင်း အကျိုးအကြောင်း ဖော်ပြချက်များနှင့်အတူ ပြည်နယ်လွှတ်တော်သို့ တင်ပြအတည်ပြုချက် ရယူဆောင်ရွက်ခွင့်ပြုနိုင်သည်။

## အခန်း (၃)
## ပြည်ပအကူအညီရယူခြင်း

၇။ ပြည်နယ်အစိုးရအဖွဲ့သည် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေနှင့်အညီ ပြည်နယ် အဆင့် ဌာနအဖွဲ့အစည်းများ၏ လုပ်ငန်းစီမံချက် တစ်ရပ်ရပ်အတွက် ပြည်ပအကူအညီကို ငွေသား၊ ပစ္စည်း၊

ဆောင်ရွက်ပေးမှုတို့ဖြင့် ရယူခြင်း၊ အကူအညီရငွေများကို သုံးစွဲခြင်းတို့အား ဆောင်ရွက်ရာတွင် ပြည်ထောင်စု ဥပဒေနှင့် မဆန့်ကျင်စေရ။ အဆိုပါ ကိစ္စရပ်များအတွက် ကိစ္စတစ်ရပ်ချင်းအလိုက် အကျိုးအကြောင်း ဖော်ပြချက်များနှင့်အတူ ပြည်နယ်လွှတ်တော်သို့ တင်ပြအတည်ပြုချက် ရယူဆောင်ရွက်ခွင့်ပြုနိုင်ပါသည်။

## အပိုင်း ၃

## ပြည်နယ်အဆင့် နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်း

## အခန်း (၁)

## သုံးငွေများ

၈။ ပြည်နယ်အဆင့် နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းသည် ဘဏ္ဍာရေးနှစ်အလိုက် စီမံကိန်း ရည်မှန်းချက်များအရ မိမိတို့၏ ဘဏ္ဍာငွေအစီအစဉ်အပေါ် ရပ်တည်၍ လုပ်ငန်းများကို စီးပွားရေးဆန်ဆန် ဆောင်ရွက်ကြရမည်။ သို့ရာတွင် ၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ ၁ ရက်နေ့မှ ၂၀၁၉ ခုနှစ်၊ စက်တင်ဘာလ ၃၀ ရက်နေ့ထိ နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်း၏ လိုငွေကို ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေမှ ခွင့်ပြုသော ထောက်ပံ့ငွေဖြင့် ဖြည့်ဆည်းပေးပါမည်။

၉။ ပြည်နယ်အဆင့် နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်း၏ ငွေအဝင်နှင့်အထွက်ကို စာရင်းပြုစုရန် အလို့ငှာ ကရင်ပြည်နယ်၏ ဘဏ္ဍာရန်ပုံငွေစာရင်းတွင် ဖော်ပြရမည်။

၁၀။ (က) ဇယား (၅) တွင်ဖော်ပြထားသည့် သုံးငွေများသည် ပြည်နယ်အဆင့် နိုင်ငံတော်ပိုင် စီးပွားရေး အဖွဲ့အစည်းက စီမံကိန်းရည်မှန်းချက်များအရ ထမြောက်အောင်မြင်စွာ အကောင်အထည် ဖော်နိုင်ရန် ရည်မှန်းထားသောငွေများဖြစ်သည်။

(ခ) ပြည်နယ်အဆင့် နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်း၏ သုံးငွေအတွက် တာဝန်ပေးအပ်ခြင်း ခံရသည့် သက်ဆိုင်ရာတာဝန်ခံ ပုဂ္ဂိုလ်သည် ဇယား (၅) တွင် မိမိနှင့်ယှဉ်တွဲဖော်ပြထားသည့် သုံးငွေတို့ကို စီမံခန့်ခွဲခြင်းပြုရမည်။

(ဂ) သုံးငွေများကို စီမံခန့်ခွဲရာတွင် ဤဥပဒေပါ ပြဋ္ဌာန်းချက်များ၊ သက်ဆိုင်ရာဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်ကြော်ငြာစာများ၊ အမိန့်များ၊ ညွှန်ကြားချက်များ၊ လုပ်ထုံး လုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည်။

## အခန်း (၂)

## ပြည်နယ်အဆင့် နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းနှင့်ပတ်သက်၍ ပြည်နယ်အစိုးရအဖွဲ့၏ လုပ်ပိုင်ခွင့်များ

၁၁။ (က) ကရင်ပြည်နယ်အစိုးရအဖွဲ့သည် ပြည်နယ်အဆင့် နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်း၏ လုပ်ငန်းအရ လိုအပ်လျှင် ဇယား (၅) တွင် ဖော်ပြထားသောငွေများကို ပြောင်းလဲပေးနိုင်သည်။ ထိုသို့ငွေများ ပြောင်းလဲခြင်းနှင့်စပ်လျဉ်း၍ ကရင်ပြည်နယ်လွှတ်တော်သို့ တင်ပြသော ၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ ၁ ရက်နေ့မှ ၂၀၁၉ ခုနှစ်၊ စက်တင်ဘာလ ၃၀ ရက်နေ့ထိ ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်းများတွင် ထည့်သွင်းဖော်ပြရမည်။ ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်းများ တင်ပြချိန် နောက်ပိုင်းမှ ဖြစ်ပေါ်သော ပြောင်းလဲခြင်းများနှင့်စပ်လျဉ်း၍ အမှန်စာရင်းများတွင် ကိစ္စတစ်ရပ်ချင်းအလိုက် အကျိုးအကြောင်းဖော်ပြချက်များနှင့်အတူ ထည့်သွင်းဖော်ပြရမည်။

(ခ) ကရင်ပြည်နယ်အစိုးရအဖွဲ့သည် ပြည်နယ်အဆင့် နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းအား လုပ်ငန်းလုပ်ကိုင်ရန် လိုအပ်သည့် လုပ်ငန်းသုံးရင်းနှီးငွေကိုလည်းကောင်း၊ ရင်းနှီးမြှုပ်နှံမှု

လုပ်ငန်းများအတွက် လိုအပ်သည့်ငွေကိုလည်းကောင်း ကရင်ပြည်နယ်လွှတ်တော်၏ အတည်ပြုချက်ဖြင့် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေမှ ထောက်ပံ့ငွေရယူဆောင်ရွက်ခြင်း ပြုနိုင်သည်။

## အခန်း (၃)

## ပြည်နယ်အဆင့် နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်း၏ ဘဏ္ဍာရေးဆိုင်ရာ လုပ်ပိုင်ခွင့်များ

၁၂။ (က) ပြည်နယ်အဆင့် နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းသည် ဇယား (၅) တွင်ဖော်ပြထားသော သက်ဆိုင်ရာ တာဝန်ခံပုဂ္ဂိုလ်၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် မိမိတို့၏ လုပ်ငန်းများကို စီမံခန့်ခွဲရမည်။

(ခ) ဇယား (၅) တွင် ဖော်ပြထားသောငွေများကို ပြည်နယ်အဆင့် နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းက မိမိတို့ လုပ်ငန်းလိုအပ်ချက်အရ ပြောင်းလဲလိုပါက ယင်းသို့ ပြောင်းလဲပေးနိုင်ရေးအတွက် ပြည်နယ်အစိုးရအဖွဲ့သို့ တင်ပြရမည်။

(ဂ) ငွေလုံးငွေရင်းသုံးငွေတွင် အဖွဲ့အစည်းတစ်ခုအတွင်း လုပ်ငန်းစီမံကိန်းတစ်ခုမှ အခြားလုပ်ငန်းစီမံကိန်းတစ်ခုသို့ ပြောင်းလဲသုံးစွဲခြင်းနှင့်စပ်လျဉ်း၍သော်လည်းကောင်း ပြည်နယ်အစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့်ဖြစ်စေ၊ ပြည်နယ်အစိုးရအဖွဲ့၏ တာဝန်လွှဲအပ်ချက်အရ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၏ ခွင့်ပြုချက်ဖြင့်ဖြစ်စေ ပြောင်းလဲနိုင်သည်။ ထိုသို့ သုံးငွေများပြောင်းလဲခြင်းများနှင့်စပ်လျဉ်း၍ ပြည်နယ်လွှတ်တော်သို့ တင်ပြသော ၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ ၁ ရက်နေ့မှ ၂၀၁၉ ခုနှစ်၊ စက်တင်ဘာလ ၃၀ ရက်နေ့ထိ ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်းများတွင် လည်းကောင်း၊ ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်းများ တင်ပြချိန်နောက်ပိုင်းမှ ဖြစ်ပေါ်သော ပြောင်းလဲခြင်းများနှင့်စပ်လျဉ်း၍ အမှန်စာရင်းများတွင်လည်းကောင်း ထည့်သွင်းဖော်ပြရမည်။

## အပိုင်း ၄

## အရေးပေါ်ရန်ပုံငွေ

၁၃။ (က) ပြည်နယ်အစိုးရအဖွဲ့သည် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေတွင် ဖော်ပြထားသော အရေးပေါ်ရန်ပုံငွေမှ ကျခံသုံးစွဲခြင်းကို ဘဏ္ဍာရေးနှစ်အတွင်း ပြည်ထောင်စုအစိုးရက မသုံးစွဲလျှင်မဖြစ်သည့် အရေးပေါ်ကိစ္စရပ်အတွက် အသုံးစရိတ်ဖြစ်ပြီး အရအသုံးခန့်မှန်းခြေငွေစာရင်းလျာထားချက်တွင် ပါဝင်ခြင်းမရှိသော အသုံးစရိတ်အတွက်သာလျှင် ဆောင်ရွက်ခွင့်ရှိသည်။

(ခ) အရေးပေါ်ရန်ပုံငွေမှ ကျခံသုံးစွဲခြင်းကို ပြည်ထောင်စုအစိုးရအဖွဲ့၏ ဆုံးဖြတ်ချက်အရသာ ခွင့်ပြုရမည်။

(ဂ) ပြည်နယ်အစိုးရအဖွဲ့သည် အရေးပေါ်ရန်ပုံငွေမှ ကျခံသုံးစွဲသည့်ကိစ္စရပ်များကို ကိစ္စတစ်ရပ်ချင်းအလိုက် အကျိုးအကြောင်းဖော်ပြချက်များနှင့်အတူ အနီးကပ်ဆုံး ကျင်းပသော ပြည်နယ်လွှတ်တော်အစည်းအဝေးသို့ တင်ပြပြီး၊ ပြည်ထောင်စုအစိုးရအဖွဲ့သို့ တင်ပြအတည်ပြုချက်ရယူရမည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

(ပုံ) နန်းခင်ထွေးမြင့်
ဝန်ကြီးချုပ်
ကရင်ပြည်နယ်အစိုးရအဖွဲ့

## ကရင်ပြည်နယ်အစိုးရအဖွဲ့၊ ကရင်ပြည်နယ်လွှတ်တော်၊ ကရင်ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်၊ ကရင်ပြည်နယ်ဥပဒေချုပ်၊ ကရင်ပြည်နယ်စာရင်းစစ်ချုပ်

ဇယား (၁)
(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | ရငွေများ | | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | အခွန်အကောက် | ပြည်နယ်အဆင့်အဖွဲ့အစည်းများမှ ရငွေ | အခြားသာမန်ရငွေ | အတိုးရငွေ | ငွေလုံးငွေရင်းရငွေ | ပြည်ပအကူအညီ ရငွေ | ပြည်ထောင်စုထောက်ပံ့ငွေမှ ရငွေ | ကြွေးမြီ: ထုတ်ချေးငွေအတွက် ပြန်ရငွေ | ကြွေးမြီ: ချေးယူရငွေ | အဖွဲ့အစည်းများတွင် ရင်းနှီးငွေမှ ရငွေ | စုစုပေါင်း |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ | ၁၄ |
| ၁ | ပြည်နယ်အစိုးရအဖွဲ့ | ပြည်နယ်ဝန်ကြီးချုပ် သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်က တာဝန်ပေးသူ | ၀.၉၅၃ | | ၅,၈၅၉.၅၄၅ | | | | | | | | ၅,၈၆၀.၄၉၈ |
| ၂ | ပြည်နယ်တရားလွှတ်တော် | ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ် သို့မဟုတ် ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်က တာဝန်ပေးသူ | | | ၂၂၁.၆၀၀ | | | | | | | | ၂၂၁.၆၀၀ |
| ၃ | ပြည်နယ်ဥပဒေချုပ် | ပြည်နယ်ဥပဒေချုပ် သို့မဟုတ် ပြည်နယ်ဥပဒေချုပ်က တာဝန်ပေးသူ | | | ၀.၀၃၀ | | | | | | | | ၀.၀၃၀ |
| ၄ | ပြည်နယ်စာရင်းစစ်ချုပ် | ပြည်နယ်စာရင်းစစ်ချုပ် သို့မဟုတ် ပြည်နယ်စာရင်းစစ်ချုပ်က တာဝန်ပေးသူ | | | ၀.၀၇၂ | | | | | | | | ၀.၀၇၂ |
| | ပေါင်း | | ၀.၉၅၃ | | ၆,၀၈၁.၂၄၇ | | | | | | | | ၆,၀၈၂.၂၀၀ |

**ကရင်ပြည်နယ်အစိုးရအဖွဲ့၊ ကရင်ပြည်နယ်လွှတ်တော်၊ ကရင်ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်၊ ကရင်ပြည်နယ်ဥပဒေချုပ်၊ ကရင်ပြည်နယ်စာရင်းစစ်ချုပ်**

ဇယား (၂)
(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | သုံးငွေ | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|
| | | | သာမန်သုံးငွေ | အတိုးပေးငွေ | ထောက်ပံ့ငွေ | ငွေလုံးငွေရင်းသုံးငွေ | ကြွေးမြီ | | အဖွဲ့အစည်းများတွင် ရင်းနှီးငွေ | စုစုပေါင်း |
| | | | | | | | ထုတ်ချေးငွေ | ချေးယူရငွေအတွက် ပေးဆပ်ငွေ | | |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ |
| ၁ | ပြည်နယ်အစိုးရအဖွဲ့ | ပြည်နယ်ဝန်ကြီးချုပ် သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်က တာဝန်ပေးသူ | ၂,၃၃၁. ၀၈၉ | | | ၁၄,၅၀၄. ၀၃၄ | | | | ၁၆,၈၃၅. ၁၂၃ |
| ၂ | ပြည်နယ်လွှတ်တော် | ၎င်း | ၄၀၇. ၅၀၇ | | | ၆၃၈. ၃၈၀ | | | | ၁,၀၄၅. ၈၈၇ |
| ၃ | ပြည်နယ်တရားလွှတ်တော် | ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ် သို့မဟုတ် ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်က တာဝန်ပေးသူ | ၅၇. ၁၀၁ | | | | | | | ၅၇. ၁၀၁ |
| ၄ | ပြည်နယ်ဥပဒေချုပ် | ပြည်နယ်ဥပဒေချုပ် သို့မဟုတ် ပြည်နယ်ဥပဒေချုပ်က တာဝန်ပေးသူ | ၂၉၄. ၉၈၉ | | | ၁၄၅. ၆၅၀ | | | | ၄၄၀. ၆၃၉ |
| ၅ | ပြည်နယ်စာရင်းစစ်ချုပ် | ပြည်နယ်စာရင်းစစ်ချုပ် သို့မဟုတ် ပြည်နယ်စာရင်းစစ်ချုပ်က တာဝန်ပေးသူ | ၅၅၈. ၃၀၉ | | | ၆၉. ၂၅၀ | | | | ၆၂၇. ၅၅၉ |
| | ပေါင်း | | ၃,၆၄၈. ၉၉၅ | | | ၁၅,၃၅၇. ၃၁၄ | | | | ၁၉,၀၀၆. ၃၀၉ |

## ကရင်ပြည်နယ်ဝန်ကြီးဌာနများ၊ ပြည်နယ်အဆင့်ဦးစီးဌာနများနှင့် စည်ပင်သာယာရေးအဖွဲ့များ

ဇယား (၃)
(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | | အကြောင်းအရာ | တာဝန်ခံသူ | ရငွေများ | | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | | အခွန်အကောက် | ပြည်နယ်အဆင့် အဖွဲ့အစည်းများမှ ရငွေ | အခြား သာမန်ရငွေ | အတိုးရငွေ | ငွေလုံး ငွေရင်းရငွေ | ပြည်ပ အကူအညီ ရငွေ | ပြည်ထောင်စု ထောက်ပံ့ငွေမှ ရငွေ | ကြွေးမြီ - ထုတ်ချေးငွေအတွက် ပြန်ရငွေ | ကြွေးမြီ - ချေးယူ ရငွေ | အဖွဲ့အစည်းများတွင် ရင်းနှီးငွေမှ ရငွေ | စုစုပေါင်း |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ | ၁၄ |
| အမှတ်စဉ် | | အကြောင်းအရာ | တာဝန်ခံသူ | သုံးငွေများ - သာမန်သုံးငွေ | အတိုးပေးငွေ | ထောက်ပံ့ငွေ | ငွေလုံးငွေရင်း သုံးငွေ | ကြွေးမြီ - ထုတ်ချေးငွေ | ချေးယူရငွေအတွက် ပေးဆပ်ငွေ | အဖွဲ့အစည်းများတွင် ရင်းနှီးငွေ |
|---|---|---|---|---|---|---|---|---|---|---|
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ |
| ၁ | | **ပြည်ထဲရေး** | **တိုင်းဒေသကြီးဝန်ကြီးချုပ် သို့မဟုတ် တိုင်းဒေသကြီးဝန်ကြီးချုပ် က တာဝန်ပေးသူ** | **၅,၂၃၇. ၄၄၀** | | | **၂,၈၄၄. ၅၃၀** | | | |
| | ၁ | အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | | ၃,၆၂၆. ၂၅၆ | | | ၁,၄၂၁. ၇၄၁ | | | |
| | ၂ | အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန | | ၃၄၂. ၆၇၂ | | | ၉၄. ၀၃၁ | | | |
| | ၃ | မီးသတ်ဦးစီးဌာန | | ၁,၂၆၈. ၅၁၂ | | | ၁,၃၂၈. ၇၅၈ | | | |
| ၂ | | **စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း** | **ရှင်း** | **၂,၃၆၈. ၁၃၉** | | | **၆၆၃. ၉၃၀** | | | |
| | ၁ | စိုက်ပျိုးရေးဦးစီးဌာန | | ၁,၂၉၉. ၇၁၅ | | | ၄၁၃. ၀၄၀ | | | |
| | ၂ | ငါးလုပ်ငန်းဦးစီးဌာန | | ၂၈၇. ၂၀၆ | | | ၄၄. ၈၂၀ | | | |
| | ၃ | မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန | | ၂၆၆. ၅၀၆ | | | ၃၉. ၇၃၀ | | | |
| | ၄ | သမဝါယမဦးစီးဌာန | | ၄၅၂. ၇၁၅ | | | ၃၁. ၅၂၀ | | | |
| | ၅ | အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန | | ၆၁. ၉၉၇ | | | ၁၃၄. ၈၂၀ | | | |
| ၃ | | **သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး** | **ရှင်း** | **၉၅၂. ၄၁၀** | | | **၄၈၃. ၀၇၀** | | | |
| | ၁ | သစ်တောဦးစီးဌာန | | ၇၄၁. ၇၈၂ | | | ၄၄. ၁၀၀ | | | |
| | ၂ | ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန | | ၂၁၀. ၆၂၈ | | | ၄၃၈. ၉၇၀ | | | |
| ၄ | | **အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား** | **ရှင်း** | **၂၉. ၈၈၅** | | | **၆၈. ၀၀၀** | | | |
| | | တိုင်းဒေသကြီးကုန်တင်ကုန်ချကော်မတီ | | ၂၉. ၈၈၅ | | | ၆၈. ၀၀၀ | | | |
| ၅ | | **ကျန်းမာရေးနှင့် အားကစား** | **ရှင်း** | **၈၃၅. ၉၅၁** | | | **၂၈၈. ၁၆၉** | | | |
| | ၁ | အားကစားနှင့် ကာယပညာဦးစီးဌာန | | ၈၃၅. ၉၅၁ | | | ၂၈၈. ၁၆၉ | | | |
| ၆ | | **စီမံကိန်းနှင့် ဘဏ္ဍာရေး** | **ရှင်း** | **၆၁၈. ၉၀၇** | | | **၃၂၃. ၁၀၀** | | | |
| | ၁ | ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန | | ၇၈. ၆၈၆ | | | ၂၃၈. ၇၀၅ | | | |
| | ၂ | စီမံကိန်းရေးဆွဲရေးဦးစီးဌာန | | ၃၆၄. ၇၃၁ | | | ၅၈. ၁၀၅ | | | |
| | ၃ | ဗဟိုစာရင်းအင်းအဖွဲ့ | | ၆၈. ၂၄၉ | | | ၁၄. ၂၇၀ | | | |
| | ၄ | ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန | | ၁၀၇. ၂၄၁ | | | ၁၂. ၀၂၀ | | | |
| ၇ | | **ဆောက်လုပ်ရေး** | **ရှင်း** | **၁၄,၁၇၆. ၂၂၅** | | | **၇၄,၂၁၉. ၅၇၆** | | | |
| | ၁ | မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန | | ၃၀၀. ၉၉၈ | | | ၂,၉၅၆. ၈၄၆ | | | |
| | ၂ | လမ်းဦးစီးဌာန | | ၁၃,၈၇၅. ၂၂၇ | | | ၇၁,၂၆၂. ၇၃၀ | | | |
| ၈ | | **စည်ပင်သာယာရေးအဖွဲ့များ** | **ရှင်း** | **၁,၇၉၅. ၅၇၉** | | | **၁၄,၃၁၈. ၈၅၅** | | | |
| | | ပေါင်း | | **၂၆,၀၁၄. ၅၃၆** | | | **၉၃,၂၀၉. ၂၃၀** | | | |

ဇယား (၅)
(ကျပ်သန်းပေါင်း)

## တိုင်းဒေသကြီးအဆင့် နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ

| အမှတ်စဉ် | | အကြောင်းအရာ | တာဝန်ခံသူ | ရငွေများ | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | | အခွန်အကောက် | တိုင်းဒေသကြီးအဆင့် နိုင်ငံတော်ပိုင် စီးပွားရေး အဖွဲ့အစည်းများမှရငွေ | အခြား သာမန်ရငွေများ | အတိုးရငွေ | ငွေလုံးငွေရင်း ရငွေ | ပြည်ပ အကူအညီ ရငွေ | ပြည်ထောင်စု ထောက်ပံ့ငွေမှ ရငွေ | ကြွေးမြီ: ထုတ်ချေးငွေ အတွက်ပြန်ရငွေ | ကြွေးမြီ: ချေးယူရငွေ | အဖွဲ့အစည်း များတွင် ရင်းနှီးငွေမှရငွေ |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ |
| ၁ | | **လျှပ်စစ်နှင့် စွမ်းအင်** | **တိုင်းဒေသကြီးဝန်ကြီးချုပ် သို့မဟုတ် တိုင်းဒေသကြီးဝန်ကြီးချုပ်က တာဝန်ပေးသူ** | | | **၃. ၀၀၀** | | | | | | | |
| | ၁ | လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း | | | | ၃. ၀၀၀ | | | | | | | |
| | | **ပေါင်း** | | | | **၃. ၀၀၀** | | | | | | | |

ဇယား (၆)
(ကျပ်သန်းပေါင်း)

## တိုင်းဒေသကြီးအဆင့် နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ

| အမှတ်စဉ် | | အကြောင်းအရာ | တာဝန်ခံသူ | သုံးငွေများ | | | | | | |
|---|---|---|---|---|---|---|---|---|---|---|
| | | | | သာမန်သုံးငွေ | အတိုးပေးငွေ | ထောက်ပံ့ငွေ | ငွေလုံးငွေရင်းသုံးငွေ | ကြွေးမြီ | | အဖွဲ့အစည်းများတွင်ရင်းနှီးငွေ |
| | | | | | | | | ထုတ်ချေးငွေ | ချေးယူရငွေအတွက်ပေးဆပ်ငွေ | |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ |
| ၁ | | **လျှပ်စစ်နှင့် စွမ်းအင်** | **တိုင်းဒေသကြီးဝန်ကြီးချုပ် သို့မဟုတ် တိုင်းဒေသကြီးဝန်ကြီးချုပ်က တာဝန်ပေးသူ** | **၁၁. ၉၀၀** | | | **၅,၆၉၂. ၆၁၀** | | | |
| | ၁ | လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း | | ၁၁. ၉၀၀ | | | ၅,၆၉၂. ၆၁၀ | | | |
| | | **ပေါင်း** | | **၁၁. ၉၀၀** | | | **၅,၆၉၂. ၆၁၀** | | | |

မှတ်ပုံတင်အမှတ်—၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြန်တမ်း

ရန်ကုန်မြို့ { ၁၃၈၀ ပြည့်နှစ်၊ တပေါင်းလဆန်း ၁၀ ရက် ( ၂၀၁၉ ခုနှစ်၊ မတ်လ ၁၅ ရက် ) } သောကြာနေ့

ဤအပိုင်းကို သီးခြားစုပေါင်း၍တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။

## အပိုင်း ၂

### ပြည်ထောင်စုလွှတ်တော်ရုံး
### အမိန့်ကြော်ငြာစာအမှတ် (၂၇/၂၀၁၉)

၁၃၈၀ ပြည့်နှစ်၊ တပို့တွဲလဆန်း ၄ ရက်

(၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလ ၈ ရက်)

၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလ ၇ ရက်နေ့တွင် ကျင်းပသည့် ပြည်ထောင်စုရာထူးဝန်အဖွဲ့ အစည်းအဝေး အမှတ်စဉ် (၃/၂၀၁၉) ၏ သဘောတူညီချက်အရ တနင်္သာရီတိုင်းဒေသကြီးလွှတ်တော်ရုံးမှ ဒုတိယဦးစီးမှူး ဒေါ်ရင်ရင်ခိုင် အား ဦးစီးအရာရှိ၊ လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) ရာထူးနေရာသို့ အလုပ်ဝတ္တရားများ လက်ခံဆောင်ရွက်သည့်နေ့မှစ၍ တိုးမြှင့်ခန့်ထားလိုက်သည်။

(ပုံ) ကျော်စိုး၊
ညွှန်ကြားရေးမှူးချုပ်၊
ပြည်ထောင်စုလွှတ်တော်ရုံး။

### စစ်ရာထူးခန့်ချုပ်ရုံး
### (ကြည်းတပ်ဌာနစု)

၁၃၈၀ ပြည့်နှစ်၊ နတ်တော်လပြည့်ကျော် ၁၁ ရက်

(၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ ၂ ရက်)

အမှတ် ၁/၂၀၁၉ ။ ။ အောက်ဖော်ပြပါ အရာခံဗိုလ်အား ၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ ၂၃ ရက်နေ့တွင် ကျင်းပပြုလုပ်သော (၉၁) ကြိမ်မြောက် ကာကွယ်ရေးဌာနကောင်စီ၏ အမှုဆောင်အဖွဲ့အစည်းအဝေးမှ သဘောတူခွင့်ပြုချက်အရ ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၃၀ ရက်နေ့မှအစပြု၍ တပ်မတော် (ကြည်း) တွင် ပြန်တမ်းဝင်အရာရှိ (ဒုတိယဗိုလ်) အဖြစ် ခန့်အပ်လိုက်သည် -

ကမ်းဒိတ်ပြောင် ကြည်း ၇၄၃၆၅

အမိန့်အရ

ဒုတိယဗိုလ်ချုပ်ကြီးလူအေး၊
စစ်ရာထူးခန့်ချုပ်၊
စစ်ရာထူးခန့်ချုပ်ရုံး။

## ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန

နေပြည်တော်၊ ၁၃၈၀ ပြည့်နှစ်၊ ပြာသိုလဆန်း ၉ ရက်
(၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ ၁၄ ရက်)

အမှတ် ၁၆ ။ ။ ပြည်ထောင်စုရာထူးဝန်အဖွဲ့၏ ၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ ၉ ရက်စွဲပါ စာအမှတ်၊ ၁၉/ရအဖ-၂/၃၇၃/၂၀၁၈/တမ-၂ ကိုညွှန်းလျက် နယ်စပ်ရေးရာဝန်ကြီးဌာန၊ ဝန်ကြီးရုံး၏ ၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ ၁၁ ရက်စွဲပါ စာအမှတ်၊ ၀၄၇/၁-နစရ/ဝကရ (၀၇၄) အရ ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန၊ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်၊ စစ်ကိုင်းမှ အောက်ဖော်ပြပါ နည်းပြ (၃) ဦးတို့အား လက်ထောက်ကထိကရာထူးနေရာများသို့ အလုပ်တာဝန်များစတင်ထမ်းဆောင်သည့်နေ့မှစ၍ အစမ်းတိုးမြှင့်ခန့်ထားလိုက်သည် -

| စဉ် | အမည်၊ ရာထူး၊ ဌာန၊ လစာနှုန်း | တိုးမြှင့်ခန့်ထားမည့်ရာထူး၊ ဌာန၊ လစာနှုန်း |
|---|---|---|
| (၁) | ဦးငြိမ်းချမ်းအောင်<br>နည်းပြ<br>ဂီတအနုပညာဌာန<br>(၂၁၆,၀၀၀-၂,၀၀၀-၂၂၆,၀၀၀) | လက်ထောက်ကထိက<br>ဂီတအနုပညာဌာန<br>(၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) |
| (၂) | ဦးစောလင်းအောင်<br>နည်းပြ<br>သမိုင်းဌာန<br>(၂၁၆,၀၀၀-၂,၀၀၀-၂၂၆,၀၀၀) | လက်ထောက်ကထိက<br>သမိုင်းဌာန<br>(၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) |
| (၃) | ဒေါ်လင်းကြူ<br>နည်းပြ<br>စာရိတ္တပညာဌာန<br>(၂၁၆,၀၀၀-၂,၀၀၀-၂၂၆,၀၀၀) | လက်ထောက်ကထိက<br>စာရိတ္တပညာဌာန<br>(၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) |

သိန်းဌေးဦး၊
ညွှန်ကြားရေးမှူးချုပ်
ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန။

## ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန (ရုံးချုပ်)

၁၃၈၀ ပြည့်နှစ်၊ ပြာသိုလဆန်း ၁၃ ရက်
(၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ ၁၈ ရက်)

အမှတ် ၂၂ ။ ။ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန (ရုံးချုပ်) ၏ ၂၀၁၀ ပြည့်နှစ်၊ ဩဂုတ်လ ၃၀ ရက်စွဲပါ စာအမှတ်-၅၅၇၄/၁၁-၁-၁ အမ (စီမံ-၂) ဖြင့် ခန့်ထားသည့် ကန့်ဘလူမြို့၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဦးစီးအရာရှိရုံးမှ ဦးစီးအရာရှိ (မြို့ပြ) ဦးမြတ်သူလွင် အား လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) တွင် ၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ ၂ ရက်နေ့ နံနက်ပိုင်းမှစ၍ အတည်ပြုခန့်ထားလိုက်သည်။

အမှတ် ၂၃ ။ ။ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန (ရုံးချုပ်) ၏ ၂၀၁၂ ခုနှစ်၊ ဩဂုတ်လ ၂၄ ရက်စွဲပါ စာအမှတ်-၅၈၅၆/၁၁-၁-၁ အမ (စီမံ-၂) ဖြင့် ခန့်ထားသည့် တောင်ကြီးမြို့၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ ရှမ်းပြည်နယ် (တောင်ပိုင်း)၊ ဦးစီးအရာရှိရုံးမှ ဦးစီးအရာရှိ (မြို့ပြ) ဦးသန့်ဇင် (ခ) သန့်ဇင်ဆွေ အား လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) တွင် ၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ ၂ ရက်နေ့ နံနက်ပိုင်းမှစ၍ အတည်ပြုခန့်ထားလိုက်သည်။

၁၃၈၀ ပြည့်နှစ်၊ ပြာသိုလပြည့်ကျော် ၈ ရက်
(၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ ၂၈ ရက်)

အမှတ် ၂၄ ။ ။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံး၏ ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၂၈ ရက်စွဲပါ စာအမှတ်-၁/၁၉၀ (က) (၄) (၃၄၇၁/၂၀၁၈) (လဆ) အရ အောက်ဖော်ပြပါ လစာနှုန်း (၂၃၄,၀၀၀-၂,၀၀၀-၂၄၄,၀၀၀) အဆင့် ဦးစီးမှူး (စက်မှု) များအား လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) အဆင့် ဦးစီးအရာရှိ (စက်မှု) ရာထူးသို့ အမှန်တကယ် အလုပ်စတင်ဝင်ရောက်သည့် နေ့မှစ၍ လက်ရှိရုံး၌ပင် ရာထူးတိုးမြှင့်ခန့်ထားလိုက်သည် -

| စဉ် | အမည်နှင့် မှတ်ပုံတင်အမှတ် | လက်ရှိတာဝန်ထမ်းဆောင်သည့်ရုံးအမည် |
|---|---|---|
| ၁။ | ဦးသောင်းထွန်း<br>၉/မထလ (နိုင်) ၁၇၃၈၇၇ | လက်ထောက်ညွှန်ကြားရေးမှူး (စက်မှုလုပ်ငန်း) ရုံး၊ တည်ဆောက်ရေး (၅)၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ ပျဉ်းမနားမြို့။ |
| ၂။ | ဦးတင်ဦးကျော်<br>၁၁/မပန (နိုင်) ၀၆၁၆၆၃ | လက်ထောက်ညွှန်ကြားရေးမှူး (၁) ရုံး၊ စက်မှုအလုပ်ရုံအဆင့် (ခ)၊ စက်မှုတိုင်း (၃)၊ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ ပြည်မြို့။ |
| ၃။ | ဦးသန့်ဇော်ထွေး<br>၅/ရဥန (နိုင်) ၀၀၀၁၄၅ | လက်ထောက်ညွှန်ကြားရေးမှူး (စက်မှုလုပ်ငန်း) ရုံး၊ တည်ဆောက်ရေး (၄)၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ ရွှေဘိုမြို့။ |
| ၄။ | ဦးမင်းလွင်<br>၉/မထလ (နိုင်) ၁၂၉၀၁၁ | လက်ထောက်ညွှန်ကြားရေးမှူး (စက်မှုလုပ်ငန်း) ရုံး၊ တည်ဆောက်ရေး (၇)၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ ဝမ်းတွင်းမြို့။ |
| ၅။ | ဦးမြင့်သူ<br>၉/မလန (နိုင်) ၀၂၀၇၃၆ | လက်ထောက်ညွှန်ကြားရေးမှူး (စက်မှုလုပ်ငန်း) ရုံး၊ တည်ဆောက်ရေး (၇)၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ ဝမ်းတွင်းမြို့။ |
| ၆။ | ဦးနေထွန်းအောင်<br>၈/ခမန (နိုင်) ၀၅၉၃၅၅ | လက်ထောက်ညွှန်ကြားရေးမှူး (စက်မှုလုပ်ငန်း) ရုံး၊ တည်ဆောက်ရေး (၈)၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ မကွေးမြို့။ |
| ၇။ | ဦးဇော်လင်း<br>၁၂/လကန (နိုင်) ၀၈၅၀၇၄ | လက်ထောက်ညွှန်ကြားရေးမှူး (စက်မှုလုပ်ငန်း) ရုံး၊ တည်ဆောက်ရေး (၈)၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ မကွေးမြို့။ |
| ၈။ | ဦးတင်ဝင်း (၂)<br>၁၁/ကဖန (နိုင်) ၀၀၁၄၂၁ | လက်ထောက်ညွှန်ကြားရေးမှူး (၂) ရုံး၊ စက်မှုအလုပ်ရုံအဆင့် (ဂ)၊ စက်မှုတိုင်း (၂)၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ တောင်ငူမြို့။ |
| ၉။ | ဦးလှမြင့်<br>၉/အမရ (နိုင်) ၀၁၂၀၆၄ | လက်ထောက်ညွှန်ကြားရေးမှူး (၂) ရုံး၊ စက်မှုအလုပ်ရုံအဆင့် (ခ)၊ စက်မှုတိုင်း (၄)၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ မိတ္ထီလာမြို့။ |

၁၃၈၀ ပြည့်နှစ်၊ ပြာသိုလပြည့်ကျော် ၉ ရက်
(၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ ၂၉ ရက်)

အမှတ် ၂၅ ။ ။ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန (ရုံးချုပ်) ၏ ၂၀၁၀ ပြည့်နှစ်၊ ဩဂုတ်လ ၃၀ ရက်စွဲပါ စာအမှတ်-၅၅၇၄/၁၁-၁-၁ အမ (စီမံ-၂) ဖြင့် ခန့်ထားသည့် ရန်ကုန်မြို့၊ ဆည်မြောင်းနှင့်

ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ တည်ဆောက်ရေး (၉)၊ လက်ထောက်ညွှန်ကြားရေးမှူးရုံးမှ ဦးစီးအရာရှိ (မြို့ပြ) ဦးဝင်းထွဋ်ဝင်း အား လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) တွင် ၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ ၂ ရက်နေ့ နံနက်ပိုင်းမှစ၍ အတည်ပြုခန့်ထားလိုက်သည်။

ကျော်မြင့်လှိုင်၊
ညွှန်ကြားရေးမှူးချုပ်၊
ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန။

## ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန

### အမိန့်ကြော်ငြာစာအမှတ် ၁/၂၀၁၉

၁၃၈၀ ပြည့်နှစ်၊ ပြာသိုလဆန်း ၅ ရက်
(၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ ၁၀ ရက်)

### ကမ်းရိုးတန်းသွားရေယာဉ်များနှင့် နိုင်ငံခြားသွားသင်္ဘောများ၏ ရေလွတ်ပိုင်း၊ ဝန်တင်မျဉ်း အမှတ်အသားများ သတ်မှတ်ခြင်းဆိုင်ရာ ကြေညာချက်

၁။ ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနသည် မြန်မာနိုင်ငံကုန်သည်သင်္ဘော အက်ဥပဒေပုဒ်မ ၂၉၄-ခ၊ ပုဒ်မခွဲ (ခ) ပါ ပြဋ္ဌာန်းချက်အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ ဤအမိန့်ကြော်ငြာစာကို ထုတ်ပြန်လိုက်သည်။

၂။ ကမ်းရိုးတန်းသွားရေယာဉ်များနှင့် နိုင်ငံခြားသွားသင်္ဘောများ၏ ရေလွတ်ပိုင်း၊ ဝန်တင်မျဉ်း အမှတ်အသားများ သတ်မှတ်ခြင်းဆိုင်ရာ တိုင်းတာခြင်း၊ စစ်ဆေးခြင်း၊ လက်မှတ်ထုတ်ပေးခြင်းစသည့် ဆောင်ရွက်ချက်များအား အပြည်ပြည်ဆိုင်ရာ ဝန်တင်မျဉ်း ကွန်ဗန်းရှင်း ၁၉၆၆ အရ လိုက်နာ အကောင်အထည်ဖော် ဆောင်ရွက်ရန်ဖြစ်သည်။

သောင်းကြိုင်၊
ညွှန်ကြားရေးမှူးချုပ်၊
ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန။

## အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန

၁၃၈၀ ပြည့်နှစ်၊ ပြာသိုလပြည့်ကျော် ၁၂ ရက်
(၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်)

အမှတ် ၀၄၅ ။ ။ ပြည်ထောင်စုရာထူးဝန်အဖွဲ့ အစည်းအဝေးအမှတ်စဉ် (၂/၂၀၁၉) မှ သဘောတူ ခွင့်ပြုချက်နှင့် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံး၏ ၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ ၂၄ ရက်စွဲပါ စာအမှတ်၊ (သစ်တော) ၂ (၁)/၀၉ (က) (၃၉၃/၂၀၁၉) တို့အရ အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာနတွင် တာဝန်ထမ်းဆောင်လျက်ရှိသော မကွေးတိုင်းဒေသကြီး၊ မင်းဘူးခရိုင်၊ ပွင့်ဖြူမြို့နယ်မှ တောအုပ်ကြီး ဦးညွန့်ရွှေ အား အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန၌ လစ်လပ်လျက်ရှိသည့် ဦးစီးအရာရှိ လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) ရာထူးနေရာသို့ အလုပ်တာဝန် စတင်ထမ်းဆောင်သည့်နေ့မှစ၍ ရာထူးတိုးမြှင့်ခန့်ထားလိုက်သည်။

ဌေးအောင်၊
ညွှန်ကြားရေးမှူးချုပ်၊
အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန။

# ပြည်သူ့ကျန်းမာရေးဦးစီးဌာန

၁၃၈၀ ပြည့်နှစ်၊ နတ်တော်လဆန်း ၁၂ ရက်

(၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၁၉ ရက်)

အမှတ် ၃ ။ ။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၁၄ ရက်စွဲပါ စာအမှတ်၊ ၃ မက (ဂ) ၂၀၁၈/၂၀၈၉၂ သဘောတူညီချက်နှင့် ပြည်ထောင်စုရာထူးဝန်အဖွဲ့၏ ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၁၂ ရက်စွဲပါ စာအမှတ်၊ ၁၀၃၀/ရအဖ-၂/၃၅၁/၂၀၁၈/တမ-၁ သဘောတူညီချက်အရ ပြည်သူ့ကျန်းမာရေးဦးစီးဌာန (ရုံးချုပ်) မှ အောက်ဖော်ပြပါ ဒုတိယဦးစီးမှူး/ဌာနခွဲစာရေး၊ လစာနှုန်း (၂၁၆,၀၀၀-၂,၀၀၀-၂၂၆,၀၀၀) များအား အမည်နှင့် ယှဉ်တွဲဖော်ပြပါ ဦးစီးအရာရှိ၊ လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) ရာထူးသို့ ရာထူးတိုးမြှင့်ခန့်ထားလိုက်သည် -

| စဉ် | အမည်၊ ရာထူး၊ ဌာန | တိုးမြှင့်တာဝန်ချထားသည့် ရာထူး၊ ဌာန |
|---|---|---|
| ၁။ | ဒေါ်သင်းမြတ်ခိုင်<br>ဌာနခွဲစာရေး<br>လုပ်ငန်းခွင်ကျန်းမာရေးဌာနစိတ်<br>လုပ်ငန်းခွင်နှင့် ပတ်ဝန်းကျင်ကျန်းမာရေးဌာနခွဲ<br>ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ နေပြည်တော် | ဦးစီးအရာရှိ<br>လုပ်ငန်းခွင်ကျန်းမာရေးဌာနစိတ်<br>လုပ်ငန်းခွင်နှင့် ပတ်ဝန်းကျင်ကျန်းမာရေးဌာနခွဲ<br>ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ နေပြည်တော် |
| ၂။ | ဦးနေစိုးလှိုင်<br>ဌာနခွဲစာရေး<br>မကူးစက်နိုင်သောရောဂါများ<br>ကာကွယ်နှိမ်နင်းရေးဌာနခွဲ<br>ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ နေပြည်တော် | ဦးစီးအရာရှိ<br>မကူးစက်နိုင်သောရောဂါများ<br>ကာကွယ်နှိမ်နင်းရေးဌာနခွဲ<br>ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ နေပြည်တော် |
| ၃။ | ဒေါ်ခင်မာကြည်<br>ဌာနခွဲစာရေး<br>ပတ်ဝန်းကျင်ကျန်းမာရေးဌာနစိတ်<br>လုပ်ငန်းခွင်နှင့် ပတ်ဝန်းကျင်ကျန်းမာရေးဌာနခွဲ<br>ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ နေပြည်တော် | ဦးစီးအရာရှိ<br>ပတ်ဝန်းကျင်ကျန်းမာရေးဌာနစိတ်<br>လုပ်ငန်းခွင်နှင့် ပတ်ဝန်းကျင်ကျန်းမာရေးဌာနခွဲ<br>ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ နေပြည်တော် |
| ၄။ | ဒေါ်အေးမို့မို့<br>ဒုတိယဦးစီးမှူး<br>ကျန်းမာရေးသတင်းအချက်အလက်ဌာနခွဲ<br>ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ နေပြည်တော် | ဦးစီးအရာရှိ<br>ကျန်းမာရေးသတင်းအချက်အလက်ဌာနခွဲ<br>ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ နေပြည်တော်<br>(ဦးစီးအရာရှိ၊ လုပ်ငန်းခွင်နှင့် ပတ်ဝန်းကျင်<br>ကျန်းမာရေးဌာနခွဲရာထူးအင်အားဖြင့်) |
| ၅။ | ဒေါ်ဝါဝါဝင်း<br>ဌာနခွဲစာရေး<br>အခြေခံကျန်းမာရေးဌာနခွဲ<br>ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ နေပြည်တော် | ဦးစီးအရာရှိ<br>အခြေခံကျန်းမာရေးဌာနခွဲ<br>ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ နေပြည်တော် |
| ၆။ | ဒေါ်ဝင်းအေး<br>ဒုတိယဦးစီးမှူး<br>စီမံကိန်းဌာနခွဲ<br>ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ နေပြည်တော် | ဦးစီးအရာရှိ<br>စီမံကိန်းဌာနခွဲ<br>ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ နေပြည်တော် |

မှတ်ချက်။ ရာထူးတိုးမြှင့်ခြင်းခံရသည့် ဦးစီးအရာရှိများသည် အမိန့်ကြော်ငြာစာထွက်ပြီး သတ်မှတ်ရက်အတွင်း အလုပ်တာဝန်များ လွှဲပြောင်း/လက်ခံပြီး ပြောင်းရွှေ့စေရန်နှင့် ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်ထံ သွားရောက်တွေ့ဆုံရန်ဖြစ်သည်။

အမှတ် ၄ ။ ။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၁၄ ရက်စွဲပါ စာအမှတ်၊ ၃ မက (ဂ) ၂၀၁၈/၂၀၈၉၂ သဘောတူညီချက်နှင့် ပြည်ထောင်စုရာထူးဝန်အဖွဲ့၏ ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၁၂ ရက်စွဲပါ စာအမှတ်၊ ၁၀၃၀/ရအဖ-၂/၃၅၁/၂၀၁၈/တမ-၁ သဘောတူညီချက်အရ တိုင်းဒေသကြီး/ပြည်နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနများမှ အောက်ဖော်ပြပါ ဒုတိယဦးစီးမှူး/ဌာနခွဲစာရေး၊ လစာနှုန်း (၂၁၆,၀၀၀-၂,၀၀၀-၂၂၆,၀၀၀) များအား အမည်နှင့် ယှဉ်တွဲဖော်ပြပါ ဦးစီးအရာရှိ၊ လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) ရာထူးသို့ ရာထူးတိုးမြှင့်ခန့်ထားလိုက်သည် -

| စဉ် | အမည်၊ ရာထူး၊ ဌာန | တိုးမြှင့်တာဝန်ချထားသည့် ရာထူး၊ ဌာန |
|---|---|---|
| ၁။ | ဒေါ်သန်းသန်းဖြူ<br>ဌာနခွဲစာရေး<br>ပြည်နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန<br>တောင်ကြီးမြို့၊ ရှမ်းပြည်နယ် (တောင်ပိုင်း) | ဦးစီးအရာရှိ (အုပ်ချုပ်/စီမံ)<br>ပြည်နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန<br>တောင်ကြီးမြို့၊ ရှမ်းပြည်နယ် (တောင်ပိုင်း) |
| ၂။ | ဒေါ်ဆိုင်းအိန်လု<br>ဌာနခွဲစာရေး<br>ပြည်နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန<br>မြစ်ကြီးနားမြို့၊ ကချင်ပြည်နယ် | ဦးစီးအရာရှိ (အုပ်ချုပ်/စီမံ-ဘဏ္ဍာ)<br>ခရိုင်ပြည်သူ့ကျန်းမာရေးဦးစီးဌာန<br>မြစ်ကြီးနားမြို့၊ ကချင်ပြည်နယ် |
| ၃။ | ဒေါ်မြင့်ရီ<br>ဌာနခွဲစာရေး<br>ပြည်နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန<br>မြစ်ကြီးနားမြို့၊ ကချင်ပြည်နယ် | ဦးစီးအရာရှိ (ဘဏ္ဍာရေး)<br>ပြည်နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန<br>မြစ်ကြီးနားမြို့၊ ကချင်ပြည်နယ် |
| ၄။ | ဦးမျိုးမြင့်<br>ဌာနခွဲစာရေး<br>တိုင်းဒေသကြီးပြည်သူ့ကျန်းမာရေးဦးစီးဌာန<br>ပဲခူးမြို့၊ ပဲခူးတိုင်းဒေသကြီး | ဦးစီးအရာရှိ (အုပ်ချုပ်/စီမံ)<br>တိုင်းဒေသကြီးပြည်သူ့ကျန်းမာရေးဦးစီးဌာန<br>ပဲခူးမြို့၊ ပဲခူးတိုင်းဒေသကြီး |
| ၅။ | ဒေါ်အေးအေးနိုင်<br>ဌာနခွဲစာရေး<br>တိုင်းဒေသကြီးပြည်သူ့ကျန်းမာရေးဦးစီးဌာန<br>ရန်ကုန်မြို့၊ ရန်ကုန်တိုင်းဒေသကြီး | ဦးစီးအရာရှိ (အုပ်ချုပ်/စီမံ)<br>တိုင်းဒေသကြီးပြည်သူ့ကျန်းမာရေးဦးစီးဌာန<br>ရန်ကုန်မြို့၊ ရန်ကုန်တိုင်းဒေသကြီး |
| ၆။ | ဒေါ်မိုးမိုးအောင်<br>ဌာနခွဲစာရေး<br>တိုင်းဒေသကြီးပြည်သူ့ကျန်းမာရေးဦးစီးဌာန<br>မန္တလေးမြို့၊ မန္တလေးတိုင်းဒေသကြီး | ဦးစီးအရာရှိ (ဘဏ္ဍာရေး)<br>တိုင်းဒေသကြီးပြည်သူ့ကျန်းမာရေးဦးစီးဌာန<br>မန္တလေးမြို့၊ မန္တလေးတိုင်းဒေသကြီး |
| ၇။ | ဒေါ်စန္ဒာကျော်<br>ဌာနခွဲစာရေး<br>တိုင်းဒေသကြီးပြည်သူ့ကျန်းမာရေးဦးစီးဌာန<br>မန္တလေးမြို့၊ မန္တလေးတိုင်းဒေသကြီး | ဦးစီးအရာရှိ (အုပ်ချုပ်/စီမံ-ဘဏ္ဍာ)<br>ခရိုင်ပြည်သူ့ကျန်းမာရေးဦးစီးဌာန<br>ရမည်းသင်းမြို့၊ မန္တလေးတိုင်းဒေသကြီး |
| ၈။ | ဒေါ်သစ်သစ်ထွန်း<br>ဌာနခွဲစာရေး<br>တိုင်းဒေသကြီးပြည်သူ့ကျန်းမာရေးဦးစီးဌာန<br>မကွေးမြို့၊ မကွေးတိုင်းဒေသကြီး | ဦးစီးအရာရှိ (ဘဏ္ဍာရေး)<br>တိုင်းဒေသကြီးပြည်သူ့ကျန်းမာရေးဦးစီးဌာန<br>မကွေးမြို့၊ မကွေးတိုင်းဒေသကြီး |

| စဉ် | အမည်၊ ရာထူး၊ ဌာန | တိုးမြှင့်တာဝန်ချထားသည့် ရာထူး၊ ဌာန |
|---|---|---|
| ၉။ | ဦးဟန်ညွန့်<br>ဌာနခွဲစာရေး<br>တိုင်းဒေသကြီးပြည်သူ့ကျန်းမာရေးဦးစီးဌာန<br>မန္တလေးမြို့၊ မန္တလေးတိုင်းဒေသကြီး | ဦးစီးအရာရှိ (အုပ်ချုပ်/စီမံ-ဘဏ္ဍာ)<br>ခရိုင်ပြည်သူ့ကျန်းမာရေးဦးစီးဌာန<br>မြင်းခြံမြို့၊ မန္တလေးတိုင်းဒေသကြီး |
| ၁၀။ | ဒေါ်အိအိခင်<br>ဌာနခွဲစာရေး<br>တိုင်းဒေသကြီးပြည်သူ့ကျန်းမာရေးဦးစီးဌာန<br>ထားဝယ်မြို့၊ တနင်္သာရီတိုင်းဒေသကြီး | ဦးစီးအရာရှိ (အုပ်ချုပ်/စီမံ)<br>တိုင်းဒေသကြီးပြည်သူ့ကျန်းမာရေးဦးစီးဌာန<br>ထားဝယ်မြို့၊ တနင်္သာရီတိုင်းဒေသကြီး |
| ၁၁။ | ဦးရဲထွန်းမင်း<br>ဌာနခွဲစာရေး<br>တိုင်းဒေသကြီးပြည်သူ့ကျန်းမာရေးဦးစီးဌာန<br>မကွေးမြို့၊ မကွေးတိုင်းဒေသကြီး | ဦးစီးအရာရှိ (အုပ်ချုပ်/စီမံ-ဘဏ္ဍာ)<br>ခရိုင်ပြည်သူ့ကျန်းမာရေးဦးစီးဌာန<br>ပခုက္ကူမြို့၊ မကွေးတိုင်းဒေသကြီး |
| ၁၂။ | ဒေါ်လှဲ့လှဲ့ဝင်း<br>ဌာနခွဲစာရေး<br>တိုင်းဒေသကြီးပြည်သူ့ကျန်းမာရေးဦးစီးဌာန<br>ရန်ကုန်မြို့၊ ရန်ကုန်တိုင်းဒေသကြီး | ဦးစီးအရာရှိ (ဘဏ္ဍာရေး)<br>တိုင်းဒေသကြီးပြည်သူ့ကျန်းမာရေးဦးစီးဌာန<br>ရန်ကုန်မြို့၊ ရန်ကုန်တိုင်းဒေသကြီး |
| ၁၃။ | ဒေါ်စန္ဒာနွယ်<br>ဒုတိယဦးစီးမှူး<br>တိုင်းဒေသကြီးပြည်သူ့ကျန်းမာရေးဦးစီးဌာန<br>ရန်ကုန်မြို့၊ ရန်ကုန်တိုင်းဒေသကြီး | ဦးစီးအရာရှိ (အုပ်ချုပ်/စီမံ-ဘဏ္ဍာ)<br>မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန<br>လှိုင်သာယာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး |

မှတ်ချက်။ ရာထူးတိုးမြှင့်ခြင်းခံရသည့် ဦးစီးအရာရှိများသည် အမိန့်ကြော်ငြာစာထွက်ပြီး သတ်မှတ်ရက်အတွင်း အလုပ်တာဝန်များ လွှဲပြောင်း/လက်ခံပြီး ပြောင်းရွှေ့စေရန်နှင့် ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်ထံ သွားရောက်တွေ့ဆုံရန်ဖြစ်သည်။

ညွှန်ကြားရေးမှူးချုပ် (ကိုယ်စား)၊
ဒေါက်တာသန်းထွန်းအောင်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်၊
ပြည်သူ့ကျန်းမာရေးဦးစီးဌာန။

## မြန်မာ့စီးပွားရေးဘဏ်

၁၃၈၀ ပြည့်နှစ်၊ ပြာသိုလဆန်း ၁၂ ရက်
(၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ ၁၇ ရက်)

အမှတ် ၁၂၆ ။ ။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံး၏ ၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ ၁၇ ရက်စွဲပါ စာအမှတ်၊ စဘ/ဘဏ္ဍာ-၁/၂/၄-၁ (၃၇၇/၂၀၁၉) အရ မြန်မာ့စီးပွားရေးဘဏ်၊ ဧရာဝတီတိုင်းဒေသကြီးရုံးမှ လက်ထောက်အထွေထွေမန်နေဂျာ ဒေါ်သက်မွန် (ID-00123) အား ၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ ၁၇ ရက်နေ့ နံနက်ပိုင်းမှစ၍ ဒုတိယအထွေထွေမန်နေဂျာ၊ လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀) ရာထူးသို့ တိုးမြှင့်ခန့်ထားလိုက်သည်။

(နေရာချထားရေးနှင့်ပတ်သက်၍ ရုံးအမိန့်စာ ထပ်မံထုတ်ပြန်မည်ဖြစ်ရာ အဆိုပါ ရုံးအမိန့်စာမရမီ လက်ရှိနေရာတွင်ပင် ယာယီဆက်လက်တာဝန်ထမ်းဆောင်ရန်ဖြစ်သည်။)

ယဉ်ဇော်မျိုး၊
ဦးဆောင်ညွှန်ကြားရေးမှူး၊
မြန်မာ့စီးပွားရေးဘဏ်။

# ပြည်တွင်းအခွန်များဦးစီးဌာန

## လိုက်နာကျင့်သုံးရန် သတ်မှတ်ချက်အမှတ် ၃/၂၀၁၈

နေပြည်တော်၊ ၁၃၈၀ ပြည့်နှစ်၊ နတ်တော်လပြည့်ကျော် ၄ ရက်
(၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၂၆ ရက်)

## ကုန်သွယ်လုပ်ငန်းခွန်ကျသင့်သည့် လုပ်ငန်းများ၏ ရောင်းရငွေ သို့မဟုတ် ဝန်ဆောင်မှုရငွေအပေါ်တွင် ကုန်သွယ်လုပ်ငန်းခွန်တွက်ချက်ခြင်း

၁။ ပြည်တွင်းအခွန်များဦးစီးဌာနသည် ကုန်သွယ်လုပ်ငန်းခွန်စည်းမျဉ်းများ စည်းမျဉ်း ၅၅၊ စည်းမျဉ်းခွဲ (ခ) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ ကုန်သွယ်လုပ်ငန်းခွန်ကျသင့်သည့် လုပ်ငန်းများမှ ရောင်းရငွေ သို့မဟုတ် ဝန်ဆောင်မှုရငွေအပေါ်တွင် ကုန်သွယ်လုပ်ငန်းခွန်တွက်ချက်ခြင်းနှင့်စပ်လျဉ်း၍ မည်သို့ လိုက်နာကျင့်သုံးရမည်ကို ရှင်းလင်းစွာ သိရှိနိုင်စေရန်အတွက် ထုတ်ပြန်သတ်မှတ်ရခြင်းဖြစ်ပါသည်။

### သက်ဆိုင်သည့်အကြောင်းအရာ

၂။ ကုန်သွယ်လုပ်ငန်းခွန်ကျသင့်သည့် လုပ်ငန်းများဆောင်ရွက်ရာတွင် ရောင်းရငွေ သို့မဟုတ် ဝန်ဆောင်မှုရငွေအပေါ် ကျသင့်ကုန်သွယ်လုပ်ငန်းခွန်တွက်ချက်ရာတွင် ပြည်တွင်းအခွန်များဦးစီးဌာနက မည်သို့ ကျင့်သုံးဆောင်ရွက်ကြောင်း ရှင်းလင်းအသိပေးချက်ဖြစ်ပါသည်။

### အကျိုးသက်ရောက်သူများ

၃။ ဤလိုက်နာကျင့်သုံးရန် ထုတ်ပြန်သတ်မှတ်ချက်သည် ကုန်စည်ရောင်းချသူ သို့မဟုတ် ကုန်စည်ဝယ်ယူသူ သို့မဟုတ် ဝန်ဆောင်မှုဆောင်ရွက်သူ သို့မဟုတ် ဝန်ဆောင်မှုရယူသူ အခွန်ထမ်းများအပေါ် အကျိုးသက်ရောက်ပါသည်။

### သက်ဆိုင်ရာဥပဒေပြဋ္ဌာန်းချက်

၄။ ကုန်သွယ်လုပ်ငန်းခွန်ဥပဒေပုဒ်မ ၅၊ ပုဒ်မခွဲ (ခ) အရ ကုန်စည်ထုတ်လုပ်ခြင်း သို့မဟုတ် ကုန်သွယ်မှုဆောင်ရွက်ခြင်း သို့မဟုတ် တင်သွင်းလာသည့်ကုန်စည်ကို ပြန်လည်ရောင်းချခြင်း သို့မဟုတ် ဝန်ဆောင်မှုဆောင်ရွက်ခြင်းဖြစ်ပါက ကုန်စည်ထုတ်လုပ်သူ သို့မဟုတ် ကုန်သွယ်မှုဆောင်ရွက်သူ သို့မဟုတ် ကုန်စည်တင်သွင်းသူ သို့မဟုတ် ဝန်ဆောင်မှုဆောင်ရွက်သူက ကုန်သွယ်လုပ်ငန်းခွန်မကျသင့်မီ ရောင်းရငွေ သို့မဟုတ် ကုန်သွယ်လုပ်ငန်းခွန်မကျသင့်မီရငွေနှင့်အတူ ကုန်စည်ဝယ်ယူသူ သို့မဟုတ် ဝန်ဆောင်မှုရယူသူထံမှ အခွန်ကို တစ်ပါတည်းကောက်ခံပြီး ပေးဆောင်ရန် တာဝန်ရှိပါသည်။

### လိုက်နာကျင့်သုံးရန် သတ်မှတ်ချက်

၅။ လုပ်ငန်းရှင်များအနေဖြင့် ကုန်သွယ်လုပ်ငန်းခွန်ဥပဒေပုဒ်မ ၃၊ ပုဒ်မခွဲ (င) နှင့် ပုဒ်မခွဲ (စ) တို့တွင် အဓိပ္ပာယ်ဖွင့်ဆိုထားသည့် ရောင်းရငွေ သို့မဟုတ် ဝန်ဆောင်မှုရငွေအပေါ်တွင် ပုဒ်မ ၅၊ ပုဒ်မခွဲ (ခ) ပါ ပြဋ္ဌာန်းချက်အရ ကျသင့်ကုန်သွယ်လုပ်ငန်းခွန်ကို တစ်ပါတည်းကောက်ခံရာတွင် ပြေစာ (Invoice) ၌ ရောင်းရငွေ သို့မဟုတ် ဝန်ဆောင်မှုရငွေနှင့် ကျသင့်ကုန်သွယ်လုပ်ငန်းခွန်တို့ကို သီးခြားစီဖော်ပြထားခြင်း သို့မဟုတ် စုစုပေါင်းကျသင့်ငွေ ပမာဏကိုသာ ဖော်ပြထားခြင်းများဖြစ်နိုင်ပါသည်။ ကျသင့်ကုန်သွယ်လုပ်ငန်းခွန်ကို ယင်းသို့ ခွဲခြားဖော်ပြထားသည်ဖြစ်စေ၊ ခွဲခြားဖော်ပြထားခြင်းမရှိသည်ဖြစ်စေ အခွန်ပါပြီး ရောင်းရငွေ သို့မဟုတ် အခွန်ပါပြီး ဝန်ဆောင်မှုရငွေ (including tax) အဖြစ် သတ်မှတ်ပါသည်။ သို့ဖြစ်၍ ပြေစာ (Invoice) တွင် ဖော်ပြထားသည့် စုစုပေါင်းရောင်းရငွေ သို့မဟုတ် ဝန်ဆောင်မှုရငွေအပေါ်တွင် အောက်ပါအတိုင်း ကုန်သွယ်လုပ်ငန်းခွန်တွက်ချက်ရပါမည် -

$$\text{ကျသင့်သည့်ကုန်သွယ်လုပ်ငန်းခွန်} = \text{အခွန်ပါပြီးရောင်းရငွေ} \times \frac{\text{အခွန်ရာခိုင်နှုန်း}}{\text{၁၀၀} + \text{အခွန်ရာခိုင်နှုန်း}}$$

$$= \text{အခွန်ပါပြီးရောင်းရငွေ} \times \frac{\text{၅ ရာခိုင်နှုန်း}}{\text{၁၀၀} + \text{၅ ရာခိုင်နှုန်း}}$$

$$= \frac{\text{အခွန်ပါပြီးရောင်းရငွေ}}{\text{၂၁}}$$

၆။ ဤလိုက်နာကျင့်သုံးရန် သတ်မှတ်ချက်ကို ပိုမိုရှင်းလင်းစွာသိရှိနိုင်ရန် အောက်ပါဥပမာဖြစ်စဉ်ဖြင့် ရှင်းလင်းဖော်ပြပါသည် -

(က) **နမူနာ - ၁**

(၁) **ဖြစ်စဉ်။** ကုမ္ပဏီ A သည် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်အတွင်း အခွန်မပါကုန်စည်ရောင်းရငွေစုစုပေါင်း ၂၀၀,၀၀၀,၀၀၀/- ရရှိခဲ့ပါသည်။ ကုန်သွယ်လုပ်ငန်းခွန် ဥပဒေ ပုဒ်မ ၅၊ ပုဒ်မခွဲ (ခ) အရ ရောင်းရငွေနှင့်အတူ တစ်ပါတည်း ကောက်ခံရရှိခဲ့သည့် ကုန်သွယ်လုပ်ငန်းခွန်မှာ ၁၀,၀၀၀,၀၀၀/- ဖြစ်ပါသည်။ သို့ဖြစ်၍ အခွန်ပါပြီး စုစုပေါင်း ရောင်းရငွေမှာ ၂၁၀,၀၀၀,၀၀၀/- ဖြစ်ပါသည်။ အခွန်မပါရောင်းရငွေနှင့် ယင်းအပေါ် ကျသင့်ကုန်သွယ်လုပ်ငန်းခွန်တို့ကို အရောင်းပြေစာများတွင် ခွဲခြားဖော်ပြထားပါသည်။

(၂) **လိုက်နာကျင့်သုံးရန် သတ်မှတ်ချက်ကိုကျင့်သုံးခြင်း။** ၂၀၁၇-၂၀၁၈ စည်းကြပ်နှစ်အတွက် ကုမ္ပဏီ A ၏ အခွန်ပါပြီး ကုန်စည်ရောင်းရငွေစုစုပေါင်း ၂၁၀,၀၀၀,၀၀၀/- ဖြစ်ပါသည်။ ဤလိုက်နာကျင့်သုံးရန်သတ်မှတ်ချက်ကို ကျင့်သုံး၍ ကုမ္ပဏီ A က ပေးဆောင်ရမည့် ကုန်သွယ်လုပ်ငန်းခွန်တွက်ချက်ရာတွင် အခွန်ပါပြီး ကုန်စည်ရောင်းရငွေ စုစုပေါင်း ၂၁၀,၀၀၀,၀၀၀/- ကို ၂၁ ဖြင့် စားခြင်းအားဖြင့် ကျသင့်သည့် ကုန်သွယ်လုပ်ငန်းခွန် ၁၀,၀၀၀,၀၀၀/- ရရှိမည်ဖြစ်ပါသည်။

(က) **နမူနာ - ၂**

(၁) **ဖြစ်စဉ်။** ဝန်ဆောင်မှုကုမ္ပဏီ B သည် ဝန်ဆောင်မှုရငွေနှင့်စပ်လျဉ်းသည့် ပြေစာတွင် ဝန်ဆောင်မှုရငွေနှင့် ကျသင့်သည့် ကုန်သွယ်လုပ်ငန်းခွန်ကို ခွဲခြားဖော်ပြထားခြင်းမရှိဘဲ စုစုပေါင်းကျသင့်ငွေကိုသာ ဖော်ပြထားပါသည်။ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်အတွင်း ပြေစာ အရ ဝန်ဆောင်မှုရငွေ စုစုပေါင်း ၄၂၀,၀၀၀,၀၀၀/- ဖြစ်ပါသည်။

(၂) **လိုက်နာကျင့်သုံးရန် သတ်မှတ်ချက်ကိုကျင့်သုံးခြင်း။** ၂၀၁၇-၂၀၁၈ စည်းကြပ်နှစ်အတွက် ကုမ္ပဏီ B ၏ ဝန်ဆောင်မှုရငွေစုစုပေါင်းမှာ ၄၂၀,၀၀၀,၀၀၀/- ဖြစ်ပါသည်။ ဝန်ဆောင်ခ ကျသင့်ငွေနှင့် ကျသင့်သည့် ကုန်သွယ်လုပ်ငန်းခွန်တို့ကို ခွဲခြားဖော်ပြထားခြင်း မရှိသော်လည်း ကုန်သွယ်လုပ်ငန်းခွန်ဥပဒေပုဒ်မ ၅၊ ပုဒ်မခွဲ (ခ) ပြဋ္ဌာန်းချက်အရ စုစုပေါင်းဝန်ဆောင်မှု ရငွေတွင် အခွန်ပါပြီးဟု မှတ်ယူရမည်ဖြစ်ပါသည်။ ဤလိုက်နာကျင့်သုံးရန်သတ်မှတ်ချက်ကို ကျင့်သုံး၍ ကုမ္ပဏီ B က ပေးဆောင်ရမည့် ကုန်သွယ်လုပ်ငန်းခွန်တွက်ချက်ရာတွင် ဝန်ဆောင်မှုရငွေ စုစုပေါင်း ၄၂၀,၀၀၀,၀၀၀/- ကို ၂၁ ဖြင့် စားခြင်းအားဖြင့် ကျသင့်သည့် ကုန်သွယ်လုပ်ငန်းခွန် ၂၀,၀၀၀,၀၀၀/- ရရှိမည်ဖြစ်ပါသည်။

၇။ ဤလိုက်နာကျင့်သုံးရန် သတ်မှတ်ချက်ကို လက်မှတ်ရေးထိုး ထုတ်ပြန်လိုက်သည်။

## အဓိပ္ပာယ်ရှင်းလင်းဖွင့်ဆိုချက်အမှတ် ၅/၂၀၁၈

## ပုံသေပိုင်ပစ္စည်းဝယ်ယူခြင်း သို့မဟုတ် ဆောက်လုပ်ခြင်းနှင့် သက်ဆိုင်သည့်ကိစ္စရပ်များအတွက် ပေးချေခဲ့ရသည့် ကုန်သွယ်လုပ်ငန်းခွန်ကို ခုနှိမ်ခွင့် ရှိ မရှိ နှင့်စပ်လျဉ်း၍ အဓိပ္ပာယ်ရှင်းလင်းဖွင့်ဆိုခြင်း

၁။ ပြည်တွင်းအခွန်များဦးစီးဌာနသည် ကုန်သွယ်လုပ်ငန်းခွန်စည်းမျဉ်းများ စည်းမျဉ်း ၅၅၊ စည်းမျဉ်းခွဲ (ခ) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ ပုံသေပိုင်ပစ္စည်းဝယ်ယူခြင်း သို့မဟုတ် ဆောက်လုပ်ခြင်းနှင့် သက်ဆိုင်သည့်ကိစ္စရပ်များအတွက် ပေးချေခဲ့ရသည့် ကုန်သွယ်လုပ်ငန်းခွန်ကို ခုနှိမ်ခွင့် ရှိ မရှိ နှင့်စပ်လျဉ်း၍ ရှင်းလင်းစွာသိရှိနိုင်စေရန်အတွက် အဓိပ္ပာယ်ရှင်းလင်းဖွင့်ဆိုခြင်းဖြစ်ပါသည်။

### သက်ဆိုင်သည့်အကြောင်းအရာ

၂။ ဤအဓိပ္ပာယ်ရှင်းလင်းဖွင့်ဆိုချက်သည် စီးပွားရေးလုပ်ငန်းများမှ ပုံသေပိုင်ပစ္စည်း ဆောက်လုပ်ရာတွင် လည်းကောင်း၊ ပုံသေပိုင်ပစ္စည်းဆောက်လုပ်ခြင်းနှင့်သက်ဆိုင်သည့် ကိစ္စရပ်များအတွက် ငွေပေးချေရာတွင်

လည်းကောင်း ပေးဆောင်ခဲ့ရသည့် ကုန်သွယ်လုပ်ငန်းခွန်ကို ကုန်စည်ရောင်းချခြင်း သို့မဟုတ် ဝန်ဆောင်မှု ဆောင်ရွက်ပေးခြင်းအတွက် ပေးဆောင်ရမည့် ကုန်သွယ်လုပ်ငန်းခွန်မှ ခုနှိမ်ခွင့်နှင့်စပ်လျဉ်း၍ ပြည်တွင်းအခွန်များဦးစီးဌာနက မည်ကဲ့သို့ အဓိပ္ပာယ်ရှင်းလင်းဖွင့်ဆိုကြောင်း ရှင်းလင်းအသိပေးချက်ဖြစ်ပါသည်။

**အကျိုးသက်ရောက်သူများ**

၃။ ဤထုတ်ပြန်ချက်သည် ပုံသေပိုင်ပစ္စည်းဝယ်ယူသူနှင့် တည်ဆောက်သူ အခွန်ထမ်းများအားလုံးအပေါ် အကျိုးသက်ရောက်ပါသည်။

**သက်ဆိုင်ရာဥပဒေပြဋ္ဌာန်းချက်**

၄။ ကုန်သွယ်လုပ်ငန်းခွန်စည်းမျဉ်းများ စည်းမျဉ်း ၄၂ စည်းမျဉ်းခွဲ (ဃ) ပါ ပြဋ္ဌာန်းချက်အရ စီးပွားရေးလုပ်ငန်းများက မိမိဆောင်ရွက်သည့်လုပ်ငန်း၏ ပုံသေပိုင်ပစ္စည်းများ သို့မဟုတ် မ-တည်အပိုင်ပစ္စည်းများအတွက် ပေးဆောင်ခဲ့ရသည့် ကုန်သွယ်လုပ်ငန်းခွန်ကို ခုနှိမ်ခွင့်မရှိကြောင်း အောက်ပါအတိုင်း ပြဋ္ဌာန်းထားပါသည် -

**"စည်းမျဉ်း ၄၂ စည်းမျဉ်းခွဲ (ဃ) အထက်စည်းမျဉ်းခွဲများအရ ခုနှိမ်ခွင့်ရှိသည့် ကုန်သွယ်လုပ်ငန်းခွန်တွင် ဆောင်ရွက်သည့်လုပ်ငန်း၏ ပုံသေပိုင်ပစ္စည်း သို့မဟုတ် မ-တည်အပိုင်ပစ္စည်းများအတွက် ပေးဆောင်ခဲ့ရသည့် ကုန်သွယ်လုပ်ငန်းခွန် ပါဝင်ခြင်း မရှိစေရ။"**

**လိုက်နာဆောင်ရွက်ရန် သတ်မှတ်ချက်**

၅။ ကုန်သွယ်လုပ်ငန်းခွန်ဥပဒေအရ အခွန်ကျသင့်သည့်လုပ်ငန်းဆောင်ရွက်သူ လုပ်ငန်းရှင်များအနေဖြင့် မိမိဆောင်ရွက်သည့်လုပ်ငန်းနှင့် သက်ဆိုင်သည့် ပုံသေပိုင်ပစ္စည်းများ သို့မဟုတ် မ-တည်အပိုင်ပစ္စည်းများ ဝယ်ယူခြင်း သို့မဟုတ် ဆောက်လုပ်ခြင်းနှင့်သက်ဆိုင်သည့်ကိစ္စရပ်များအတွက် ပေးဆောင်ခဲ့ရသည့် ကုန်သွယ်လုပ်ငန်းခွန်ကို ကုန်သွယ်လုပ်ငန်းခွန်စည်းမျဉ်း ၄၂ စည်းမျဉ်းခွဲ (ဃ) ပြဋ္ဌာန်းချက်အရ မိမိဆောင်ရွက်သည့် လုပ်ငန်းအတွက် ပေးဆောင်ရမည့် ကုန်သွယ်လုပ်ငန်းခွန်မှ ခုနှိမ်ခြင်းမပြုနိုင်ပါ။

၆။ ဤလိုက်နာဆောင်ရွက်ရန် သတ်မှတ်ချက်ကို ပိုမိုရှင်းလင်းစွာသိရှိနိုင်ရန် အောက်ပါအတိုင်း ဥပမာဖြစ်စဉ်ဖြင့် ရှင်းလင်းဖော်ပြပါသည် -

(က) **ဖြစ်စဉ် (၁)။** ဆောက်လုပ်ရေးဝန်ဆောင်မှု ကုမ္ပဏီတစ်ခုဖြစ်သည့် ကုမ္ပဏီ A သည် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွင်း ၎င်း၏ ကိုယ်ပိုင်အလုပ်သမား၊ စက်ယန္တရားနှင့် ကျွမ်းကျင်သူများ အသုံးပြု၍ စီမံခန့်ခွဲမှုရုံးအသစ် တည်ဆောက်ခဲ့ပါသည်။ ယင်းသို့ တည်ဆောက်ရာတွင် အသုံးပြုရန်လိုအပ်သည့် ပစ္စည်းများ ဝယ်ယူစဉ်က ပစ္စည်းတန်ဖိုး ၃၀,၀၀၀,၀၀၀/- နှင့်အတူ ကျသင့်သည့် ကုန်သွယ်လုပ်ငန်းခွန် ၁,၅၀၀,၀၀၀/- ကို ရောင်းချသူသို့ တစ်ပါတည်း ပေးချေခဲ့ရပါသည်။ အဆိုပါနှစ်အတွင်း ၎င်း၏ ဆောက်လုပ်ရေးဝန်ဆောင်မှုလုပ်ငန်း ဆောင်ရွက်ခြင်းမှ ဝန်ဆောင်မှုရငွေ ၁၀၀,၀၀၀,၀၀၀/- ရရှိခဲ့ပြီး အဆိုပါ ဝန်ဆောင်မှုရငွေနှင့်အတူ တစ်ပါတည်း ကောက်ခံရရှိသည့် ကုန်သွယ်လုပ်ငန်းခွန်မှာ ၅,၀၀၀,၀၀၀/- ဖြစ်ပါသည်။

(ခ) **လိုက်နာဆောင်ရွက်ရန် သတ်မှတ်ချက်ကို ကျင့်သုံးခြင်း။** ဆောက်လုပ်ရေးဝန်ဆောင်မှုလုပ်ငန်း ဆောင်ရွက်သည့် ကုမ္ပဏီ A သည် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွင်း ယင်းလုပ်ငန်းမှ ဝန်ဆောင်မှုရငွေအတွက် ပေးဆောင်ရမည့် ကုန်သွယ်လုပ်ငန်းခွန် ၅,၀၀၀,၀၀၀/- မှ မိမိလုပ်ငန်းအတွက် အဆောက်အဦသစ် ဆောက်လုပ်ရာတွင် အသုံးပြုရန် ပစ္စည်းဝယ်ယူစဉ်က ပစ္စည်းတန်ဖိုးနှင့်အတူ ပေးချေခဲ့ရသည့် ကုန်သွယ်လုပ်ငန်းခွန် ၁,၅၀၀,၀၀၀/- ကို ခုနှိမ်ခွင့်မရှိပါ။ အဘယ်ကြောင့်ဆိုသော် ယင်းမှာ ပုံသေပိုင်ပစ္စည်း သို့မဟုတ် မ-တည်အပိုင်ပစ္စည်းနှင့် သက်ဆိုင်သည့်ကိစ္စအတွက် ပေးဆောင်ခဲ့ရသည့် ကုန်သွယ်လုပ်ငန်းခွန်ဖြစ်သဖြင့် ကုန်သွယ်လုပ်ငန်းခွန်စည်းမျဉ်း ၄၂ စည်းမျဉ်းခွဲ (ဃ) ပါ ပြဋ္ဌာန်းချက်အရ ခုနှိမ်ခွင့်မရှိခြင်းဖြစ်ပါသည်။ (သို့ရာတွင် မိမိလုပ်ငန်း၏ လက်ကျန်ရှင်းတမ်းရှိ ပုံသေပိုင်ပစ္စည်းစာရင်းတွင် ယင်းအဆောက်အဦသစ်၏ မူရင်းတန်ဖိုးဖော်ပြရာ၌ ပေးဆောင်ခဲ့ရသည့် ကုန်သွယ်လုပ်ငန်းခွန် အပါအဝင်ဖြစ်သော တန်ဖိုးကို ဖော်ပြလျက် နှစ်အလိုက် တန်ဖိုးလျော့ငွေ ခံစားနိုင်ရန် သတ်မှတ်ပုံစံဖြင့် တောင်းခံပိုင်ခွင့်ရှိပါသည်။)

(ဂ) **ဖြစ်စဉ် (၂)။** ကုန်စည်ထုတ်လုပ်မှုလုပ်ငန်း ဆောင်ရွက်သည့် ကုမ္ပဏီ B သည် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွင်း ၎င်းလုပ်ငန်း၏ စက်ရုံအသစ်အတွက် ဒီဇိုင်းရေးဆွဲပေးရန် ဗိသုကာဝန်ဆောင်မှု ကုမ္ပဏီ C သို့ အလုပ်အပ်ခဲ့ပါသည်။ ယင်းသို့ ဒီဇိုင်းရေးဆွဲပေးရန်အတွက် ကုမ္ပဏီ B သည် ဝန်ဆောင်ခ ၁၀,၀၀၀,၀၀၀/- နှင့်အတူ ကျသင့်သည့် ကုန်သွယ်လုပ်ငန်းခွန် ၅၀၀,၀၀၀/- ကို ကုမ္ပဏီ C သို့ ပေးချေခဲ့ရပါသည်။ ယင်းနှစ်အတွင်း ကုမ္ပဏီ B ၏ ကုန်စည်ထုတ်လုပ်မှုလုပ်ငန်းတွင် အသုံးပြုရန် လိုအပ်သည့်စက်ကိရိယာများကို ဝယ်ယူခဲ့ရာတွင်လည်း ဝယ်ယူသည့်တန်ဖိုး ၁၀၀,၀၀၀,၀၀၀/- နှင့်အတူ ကျသင့်သည့် ကုန်သွယ်လုပ်ငန်းခွန် ၅,၀၀၀,၀၀၀/- ကို ရောင်းချသူသို့ ပေးချေခဲ့ရပါသည်။

(ဃ) **လိုက်နာဆောင်ရွက်ရန် သတ်မှတ်ချက်ကို ကျင့်သုံးခြင်း။** ကုန်စည်ထုတ်လုပ်မှုလုပ်ငန်း ဆောင်ရွက်သည့် ကုမ္ပဏီ B သည် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွင်း ယင်းလုပ်ငန်း၏ စက်ရုံသစ်အတွက် ဒီဇိုင်းရေးဆွဲပေးရန် ဗိသုကာဝန်ဆောင်မှု ကုမ္ပဏီ C ထံသို့ ဝန်ဆောင်ခနှင့်အတူ ပေးဆောင်ခဲ့ရသည့် ကုန်သွယ်လုပ်ငန်းခွန် ၅၀၀,၀၀၀/- နှင့် ကုမ္ပဏီ၏ ကုန်စည်ထုတ်လုပ်မှုလုပ်ငန်းတွင် အသုံးပြုရန်အတွက် လိုအပ်သည့် စက်ကိရိယာများ ဝယ်ယူစဉ်က ကျသင့်တန်ဖိုးနှင့်အတူ ပေးဆောင်ခဲ့ရသည့် ကုန်သွယ်လုပ်ငန်းခွန် ၅,၀၀၀,၀၀၀/- တို့ကို ခုနှိမ်ခွင့်မရှိပါ။ အဘယ်ကြောင့်ဆိုသော် ယင်းတို့မှာ ပုံသေပိုင်ပစ္စည်း သို့မဟုတ် မ-တည်အပိုင်ပစ္စည်းနှင့် သက်ဆိုင်သည့်ကိစ္စရပ်များအတွက် ပေးဆောင်ခဲ့ရသည့် ကုန်သွယ်လုပ်ငန်းခွန်ဖြစ်သဖြင့် ကုန်သွယ်လုပ်ငန်းခွန်စည်းမျဉ်း ၄၂၊ စည်းမျဉ်းခွဲ (ဃ) ပါ ပြဋ္ဌာန်းချက်အရ ခုနှိမ်ခွင့်မရှိခြင်းဖြစ်ပါသည်။ (သို့ရာတွင် မိမိလုပ်ငန်း၏ လက်ကျန်ရှင်းတမ်းရှိ ပုံသေပိုင်ပစ္စည်းစာရင်းတွင် ယင်းအဆောက်အဦသစ်နှင့် စက်ကိရိယာတို့၏ မူရင်းတန်ဖိုး ဖော်ပြရာ၌ ပေးဆောင်ခဲ့ရသည့် ကုန်သွယ်လုပ်ငန်းခွန် အပါအဝင်ဖြစ်သော တန်ဖိုးကို ဖော်ပြလျက် နှစ်အလိုက် တန်ဖိုးလျော့ငွေ ခံစားနိုင်ရန် သတ်မှတ်ပုံစံဖြင့် တောင်းခံပိုင်ခွင့်ရှိပါသည်။)

၇။ ဤအဓိပ္ပာယ်ရှင်းလင်းဖွင့်ဆိုချက်ကို လက်မှတ်ရေးထိုး ထုတ်ပြန်လိုက်သည်။

## အဓိပ္ပာယ်ရှင်းလင်းဖွင့်ဆိုချက်အမှတ် ၆/၂၀၁၈

## ကုန်စည်ဝယ်ယူခြင်းနှင့် ဝန်ဆောင်မှုရယူခြင်းအတွက် ပေးချေရာတွင် ငွေသားဖြင့်မဟုတ်ဘဲ အခြားနည်းဖြင့် ပေးချေသည့်အပေါ် ကုန်သွယ်လုပ်ငန်းခွန် ကျသင့်ခြင်း ရှိ မရှိ နှင့်စပ်လျဉ်း၍ အဓိပ္ပာယ်ရှင်းလင်းဖွင့်ဆိုခြင်း

၁။ ပြည်တွင်းအခွန်များဦးစီးဌာနသည် ကုန်သွယ်လုပ်ငန်းခွန်စည်းမျဉ်းများ စည်းမျဉ်း ၅၅၊ စည်းမျဉ်းခွဲ (ခ) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ ကုန်သွယ်ခွန်ကျသင့်သည့် ကုန်စည်နှင့် ဝန်ဆောင်မှုအတွက် ပေးချေရာတွင် ငွေသားဖြင့်မဟုတ်ဘဲ အခြားနည်းဖြင့် ပေးချေသည့်အပေါ် ကုန်သွယ်လုပ်ငန်းခွန် ကျသင့်ခြင်း ရှိ မရှိ နှင့်စပ်လျဉ်း၍ လိုက်နာဆောင်ရွက်ရမည့်နည်းလမ်းကို ရှင်းလင်းစွာသိရှိနိုင်စေရန်အတွက် အဓိပ္ပာယ်ရှင်းလင်းဖွင့်ဆိုခြင်း ဖြစ်ပါသည်။

**သက်ဆိုင်သည့်အကြောင်းအရာ**

၂။ ဤအဓိပ္ပာယ်ရှင်းလင်းဖွင့်ဆိုချက်သည် ကုန်စည်ဝယ်ယူသူ သို့မဟုတ် ဝန်ဆောင်မှုရယူသူများက ဝယ်ယူသည့်ကုန်စည် သို့မဟုတ် ရယူသည့်ဝန်ဆောင်မှုအတွက် ပေးချေရာတွင် ငွေသားဖြင့်မဟုတ်ဘဲ အခြားနည်းဖြင့် ပေးချေသည့်အပေါ် ကုန်သွယ်လုပ်ငန်းခွန်ကျသင့်ခြင်း ရှိ မရှိ နှင့်စပ်လျဉ်း၍ ပြည်တွင်းအခွန်များဦးစီးဌာနက မည်ကဲ့သို့ အဓိပ္ပာယ်ဖွင့်ဆိုကြောင်း ရှင်းလင်းအသိပေးချက်ဖြစ်ပါသည်။

**အကျိုးသက်ရောက်သူများ**

၃။ ဤထုတ်ပြန်ချက်သည် ကုန်စည်ရောင်းချသူ သို့မဟုတ် ကုန်စည်ဝယ်ယူသူ သို့မဟုတ် ဝန်ဆောင်မှုဆောင်ရွက်သူ သို့မဟုတ် ဝန်ဆောင်မှုရယူသူ အခွန်ထမ်းများအပေါ် အကျိုးသက်ရောက်ပါသည်။

**သက်ဆိုင်ရာဥပဒေပြဋ္ဌာန်းချက်**

၄။ ကုန်သွယ်လုပ်ငန်းခွန်ဥပဒေပုဒ်မ ၃၊ ပုဒ်မခွဲ (ဃ) တွင် ဝန်ဆောင်မှုဆိုသည်မှာ အခကြေးငွေ၊ အဖိုးအခ သို့မဟုတ် အဖိုးစားနားဖြင့် ဆောင်ရွက်ပေးခြင်းကို ဆိုလိုကြောင်း၊ ပုဒ်မခွဲ ( င) တွင် ရောင်းရငွေ

ဆိုသည်မှာ ကုန်စည်ကို လက်ငင်းဖြစ်စေ၊ ကြွေးဖြင့်ဖြစ်စေ၊ အခြားဆိုင်းငံ့စနစ်ဖြင့်ဖြစ်စေ၊ ကြိုတင်အရောင်းစနစ်ဖြင့်ဖြစ်စေ ရောင်းချ၍ရငွေ သို့မဟုတ် ရရန်ငွေကို ဆိုလိုကြောင်း၊ ကုန်ပစ္စည်းချင်း လဲလှယ်ခြင်းဖြစ်လျှင် ယင်းသို့ ပြုလုပ်ရာတွင် သတ်မှတ်သည့် တန်ဖိုးကို ဆိုလိုကြောင်းနှင့် ယင်းစကားရပ်တွင် ကုန်စည်ကို ထည့်သွင်းထုပ်ပိုးသော တန်ဖိုးလည်း ပါဝင်ကြောင်း၊ ပုဒ်မခွဲ (စ) တွင် ဝန်ဆောင်မှုရငွေဆိုသည်မှာ ဝန်ဆောင်မှုကို ဆောင်ရွက်သည့်အတွက် ရငွေ သို့မဟုတ် ရရန်ငွေကို ဆိုလိုကြောင်း၊ ပုဒ်မခွဲ (ဇ) တွင် ဝန်ဆောင်မှုဆောင်ရွက်သူဆိုသည်မှာ ဝန်ဆောင်မှုကို အခကြေးငွေ၊ အဖိုးအခနှင့် အဖိုးစားနားဖြင့် ဆောင်ရွက်သူကို ဆိုလိုကြောင်း ပြဋ္ဌာန်းထားပါသည်။

**လိုက်နာဆောင်ရွက်ရန် သတ်မှတ်ချက်**

၅။ ကုန်သွယ်လုပ်ငန်းခွန်ဥပဒေပုဒ်မ ၃၊ ပုဒ်မခွဲ (င) တွင် ရောင်းရငွေဟူသော စကားရပ်ကို "ကုန်ပစ္စည်းချင်း လဲလှယ်ခြင်းဖြစ်လျှင် ယင်းသို့ပြုလုပ်ရာတွင် သတ်မှတ်သည့်တန်ဖိုးကိုဆိုသည်" ဟု ဖွင့်ဆိုထားပါသည်။ ပုဒ်မ ၃၊ ပုဒ်မခွဲ (စ) တွင် ဝန်ဆောင်မှုရငွေဆိုသည်မှာ ဝန်ဆောင်မှုကို ဆောင်ရွက်သည့်အတွက် ရငွေ သို့မဟုတ် ရရန်ငွေကို ဆိုလိုကြောင်း ဖွင့်ဆိုထားသော်လည်း ပုဒ်မခွဲ (ယ) တွင် ဝန်ဆောင်မှုဆိုသည်မှာ အခကြေးငွေ၊ အဖိုးအခ သို့မဟုတ် အဖိုးစားနားဖြင့် ဆောင်ရွက်ပေးခြင်းကိုဆိုလိုကြောင်းနှင့် ပုဒ်မခွဲ (ဇ) တွင် ဝန်ဆောင်မှု ဆောင်ရွက်သူဆိုသည်မှာ ဝန်ဆောင်မှုကို အခကြေးငွေ၊ အဖိုးအခနှင့် အဖိုးစားနားဖြင့် ဆောင်ရွက်သူကိုဆိုလိုကြောင်း အဓိပ္ပာယ်ဖွင့်ဆိုပြဋ္ဌာန်းချက်များအရ ကုန်သွယ်မှုဆောင်ရွက်သူနှင့် ဝန်ဆောင်မှုဆောင်ရွက်သူတို့သည် ကုန်စည်ရောင်းချခြင်းနှင့် ဝန်ဆောင်မှုဆောင်ရွက်ပေးခြင်းတို့အတွက် ကုန်စည်ဝယ်ယူသူ သို့မဟုတ် ဝန်ဆောင်မှုရယူသူတို့က ငွေသားဖြင့်မဟုတ်ဘဲ အခြားနည်းဖြင့်ပေးချေသည့်အခါ သတ်မှတ်သည့် ကုန်စည်တန်ဖိုး သို့မဟုတ် ဝန်ဆောင်ခအပေါ်တွင် ကျသင့်သည့် ကုန်သွယ်လုပ်ငန်းခွန်ကို ပုဒ်မ ၅၊ ပုဒ်မခွဲ (ခ) ပါ ပြဋ္ဌာန်းချက်အရ တစ်ပါတည်း ကောက်ခံပြီး ပေးဆောင်ရမည်ဖြစ်ပါသည်။

၆။ ဤလိုက်နာကျင့်သုံးရန် သတ်မှတ်ချက်ကို ပိုမိုရှင်းလင်းစွာသိရှိနိုင်ရန် အောက်ပါဥပမာဖြစ်စဉ်ဖြင့် ရှင်းလင်းဖော်ပြပါသည် -

(က) **ဖြစ်စဉ်။** ကုမ္ပဏီ A သည် အထည်ချုပ်စက်ရုံလုပ်ငန်းအတွက် ကုမ္ပဏီ B ထံမှ ပေ ၂၀၀ ပတ်လည်ကျယ်ဝန်းသော မြေနေရာကို ငှားယူခဲ့ပါသည်။ ယင်းသို့ငှားယူခြင်းအတွက် (၁) နှစ် ငှားရမ်းခ ၆,၀၀၀,၀၀၀/- နှုန်းဖြင့် (၁၀) နှစ်အတွက် ကျသင့်သည့် ငှားရမ်းခ ၆၀,၀၀၀,၀၀၀/- နှင့် ယင်းအပေါ် ကျသင့်သည့် ကုန်သွယ်လုပ်ငန်းခွန် ၃,၀၀၀,၀၀၀/- နှစ်ရပ်ပေါင်း ၆၃,၀၀၀,၀၀၀/- အတွက် ကုမ္ပဏီ A က ယင်းပမာဏနှင့် ညီမျှသော ၎င်း ကုမ္ပဏီ၏ အစုရှယ်ယာများဖြင့် ကုမ္ပဏီ B သို့ ပေးချေခဲ့ပါသည်။

(ခ) **လိုက်နာဆောင်ရွက်ရန် သတ်မှတ်ချက်ကို လိုက်နာကျင့်သုံးခြင်း။** မြေနေရာ ငှားရမ်းခြင်းအတွက် ကုမ္ပဏီ A သည် ကုမ္ပဏီ B ထံမှ ဝန်ဆောင်မှုရယူသူဖြစ်ပြီး ကုမ္ပဏီ B သည် ကုမ္ပဏီ A အတွက် ဝန်ဆောင်မှုဆောင်ရွက်သူဖြစ်ပါသည်။ ကုမ္ပဏီ A က ကျသင့်သည့် ကုန်သွယ်လုပ်ငန်းခွန် အပါအဝင်ဖြစ်သော ငှားရမ်းခ ၆၃,၀၀၀,၀၀၀/- ကို ပေးချေရာတွင် ငွေသားဖြင့်ပေးချေခြင်းမပြုဘဲ ယင်းပမာဏနှင့်ညီမျှသော အစုရှယ်ယာများဖြင့်ပေးချေခဲ့ခြင်းသည်။ ကုန်သွယ်လုပ်ငန်းခွန် ဥပဒေပုဒ်မ ၃၊ ပုဒ်မခွဲ (ဇ) ပါ ပြဋ္ဌာန်းချက်အရ ဝန်ဆောင်မှုကို အဖိုးအခ သို့မဟုတ် အဖိုးစားနားဖြင့် ဆောင်ရွက်ပေးခြင်းဖြစ်ပါသည်။ သို့ဖြစ်၍ ကုမ္ပဏီ B သည် သတ်မှတ်သည့် ငှားရမ်းခကို ငွေသားဖြင့်မဟုတ်ဘဲ အစုရှယ်ယာများဖြင့် လက်ခံရရှိခဲ့သော်လည်း ကုန်သွယ်လုပ်ငန်းခွန်ဥပဒေ ပုဒ်မ ၅၊ ပုဒ်မခွဲ (ခ) ပါ ပြဋ္ဌာန်းချက်အရ သတ်မှတ်သည့် ငှားရမ်းခအပေါ်တွင် ကျသင့်သည့် ကုန်သွယ်လုပ်ငန်းခွန် ၃,၀၀၀,၀၀၀/- ကို ကုမ္ပဏီ A ထံမှ တစ်ပါတည်းရယူ၍ ပေးဆောင်ရမည်ဖြစ်ပါသည်။

၇။ ဤအဓိပ္ပာယ်ရှင်းလင်းဖွင့်ဆိုချက်ကို လက်မှတ်ရေးထိုး ထုတ်ပြန်လိုက်ပါသည်။

မင်းထွန်း၊
ညွှန်ကြားရေးမှူးချုပ်၊
ပြည်တွင်းအခွန်များဦးစီးဌာန။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြန်တမ်း

ရန်ကုန်မြို့ { ၁၃၈၀ ပြည့်နှစ်၊ တပေါင်းလဆန်း ၁၀ ရက် ( ၂၀၁၉ ခုနှစ်၊ မတ်လ ၁၅ ရက် ) } သောကြာနေ့

ဤအပိုင်းကို သီးခြားစုပေါင်း၍တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။


## အပိုင်း ၄

### ဧရာဟင်္သာ မော်တော် ကုမ္ပဏီလီမိတက်

### (Ayeyar Hinthar Motor Co., Ltd)

အစုရှင်များ၏ ဆန္ဒအရ စာရင်းရှင်းလင်းဖျက်သိမ်းခြင်း

၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလ (၆) ရက်နေ့တွင် ကုမ္ပဏီရုံးခန်း၌ကျင်းပပြုလုပ်သော အဖွဲ့ဝင်များ၏ အထူးအစည်းအဝေးဆုံးဖြတ်ချက်အရ **ဧရာဟင်္သာ မော်တော် ကုမ္ပဏီလီမိတက် (Ayeyar Hinthar Motor Co., Ltd** အား (၆. ၂. ၂၀၁၉) ရက်နေ့မှစ၍ စာရင်းရှင်းလင်းဖျက်သိမ်းရန် ဆုံးဖြတ်ခဲ့ပြီး ဖြစ်ပါသည်။ ယင်းသို့ စာရင်းရှင်းလင်းဖျက်သိမ်းရာတွင် ဦးသောင်းအေး [B.A, C.P.A(R.A)] အား စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ခန့်အပ်လိုက်ပါသည်။

ကုမ္ပဏီမှ ရရန်ရှိနှင့် ပေးရန်ရှိသည်များကို ၂၀၁၉ ခုနှစ်၊ ဧပြီလ (၁၈) ရက်နေ့ကို နောက်ဆုံးထား၍ အောက်ဖော်ပြပါ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံ တောင်းခံခြင်းများ၊ ပေးသွင်းခြင်းများ ပြုလုပ်နိုင်ကြောင်း ကြေညာအပ်ပါသည်။


ဦးသောင်းအေး
[B.A, C.P.A(R.A)]
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ
အခန်း၊ (၄၀၆)၊ ၄ လွှာ၊ ဗိုလ်မြတ်ထွန်းတာဝါ၊
ဗိုလ်မြတ်ထွန်းလမ်း၊ ဗိုလ်တထောင်မြို့နယ်၊
ရန်ကုန်မြို့။
ဖုန်း - ၀၉-၂၅၅၅၉၄၃၅၃

## ချိုင်းနား နန်ချန် နံပါတ် ၃ အင်ဂျင်းနီးယားရင်း (မြန်မာ) ကုမ္ပဏီလီမိတက်

## [China Nanchang No.3 Engineering (Myanmar) Co., Ltd]

အစုရှင်များ၏ ဆန္ဒအရ စာရင်းရှင်းလင်းဖျက်သိမ်းခြင်း

၂၀၁၉ ခုနှစ်၊ မတ်လ (၆) ရက်နေ့တွင် ကုမ္ပဏီရုံးခန်း၌ကျင်းပပြုလုပ်သော အဖွဲ့ဝင်များ၏ အစည်းအဝေးဆုံးဖြတ်ချက်အရ **China Nanchang No.3 Engineering (Myanmar) Co., Ltd** အား (၆. ၃. ၂၀၁၉) ရက်နေ့မှစ၍ စာရင်းရှင်းလင်းဖျက်သိမ်းရန် ဆုံးဖြတ်ခဲ့ပြီး ယင်းစာရင်းရှင်းလင်းဖျက်သိမ်းရာတွင် အထက်တန်းရှေ့နေ ဦးမျိုးသက်ထွန်း (Zone A-03-03, Golden City Business Center, Yankin Road, Yankin Township Yangon.) အား စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ခန့်အပ်လိုက်ပါသည်။

ကုမ္ပဏီမှ ရရန်နှင့် ပေးရန်များကို ၂၀၁၉ ခုနှစ်၊ ဧပြီလ (၅) ရက်နေ့ကို နောက်ဆုံးထား၍ ယင်းစာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံ တောင်းခံခြင်းများနှင့် ပေးသွင်းခြင်းများ ပြုလုပ်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

Mr. Lai Xiaojun
Managing Director
China Nanchang No.3 Engineering
(Myanmar) Company Limited

U Myo Thet Tun
Liquidator
China Nanchang No.3 Engineering
(Myanmar) Co., Ltd

**Notice**

## METRORESIDENCES MYANMAR COMPANY LIMITED

(In Members' Voluntary Liquidation)

Pursuant of Section 208 (E) of the Myanmar Companies Act:

**Final Meeting**

A Final meeting of the above Company will be held on 18th April, 2019 at No. (264), 1st Floor (Right), Seikkanthar Street, Kyauktada Township, Yangon Region, at 9:00 am.

**AGENDA**

1. To Explain & Lay before the meeting the Liquidator's account of the Liquidation.
2. To give any explanation thereof.

Daw Me Me Kyaw
[B.Com (Q), C.P.A]
No.49/51, (7th Floor), 2nd Street, Lanmadaw Township,
Yangon Region, Republic of the Union of Myanmar.

NOTICE OF SPECIAL RESOLUTION UNDER SECTION 348
IN THE MATTER OF THE MYANMAR COMPANIES LAW
**SATO KOGYO MYANMAR COMPANY LIMITED**
(In Member's Voluntary Liquidation)

According to the Special Resolution at the Extraordinary General Meeting held on 12th March, 2019 that the Company was voluntarily wound up by the members with effect from that date, and Daw Wit Hmone Soe (Advocate) was appointed as the Company's liquidator for the purpose of winding up.

The creditors of **SATO KOGYO MYANMAR COMPANY LIMITED** are, therefore, requested to submit their claims together with supporting legal documents to the liquidator at the address given below, not later than 18th April, 2019.

Mr. AKIO FURUICHI
Director
SATO KOGYO MYANMAR CO., LTD

Daw Wit Hmone Soe
Liquidator
Unit 412, Level 4, Strand Square,
No. 53, Pabedan Township, Yangon, Myanmar.
01-2307344

NOTICE OF SPECIAL RESOLUTION UNDER SECTION 348
IN THE MATTER OF THE MYANMAR COMPANIES LAW
**UPP-MSP ENGINEERING LIMITED**
(In Member's Voluntary Liquidation)

According to the Special Resolution at the Extraordinary General Meeting held on 12th March, 2019 that the Company was voluntarily wound up by the members with effect from that date, and Daw Wit Hmone Soe (Advocate) was appointed as the Company's liquidator for the purpose of winding up.

The creditors of **UPP-MSP ENGINEERING LIMITED** are, therefore, requested to submit their claims together with supporting legal documents to the liquidator at the address given below, not later than 18th April, 2019.

U Khin Maung Htwe
Director
UPP-MSP ENGINEERING LIMITED

Daw Wit Hmone Soe
Liquidator
Unit 411,412 and 415, Level 4,
Strand Square,No. 53, Pabedan Township,
Yangon, Myanmar.
01-2307344

Notice to Creditors

[Notice Under Section 361 (B)]

In the matter of Myanmar Companies Law and

**ITALIAN - THAI DEVELOPMENT (MYANMAR) CO., LTD**

Notice is hereby given that the Creditors' Meeting of Italian - Thai Development (Myanmar) Co., Ltd will be convened at Room No.2D, Rose Condominium, No.182/194, 1st Floor, Botahtaung Pagoda Road, Pazundaung Township, Yangon Region, the Republic of the Union of Myanmar on March 29th , 2019 at 10:00 am just after holding the shareholders' Special General Meeting for the following purposes :-

1. To appoint a suitable liquidator (or) liquidators for the purpose of winding-up the affairs and distributing the assets of the Company Under Section 363; and

2. To appoint, if they deem fit, a Committee of Inspection Under Section 364.

It is also notified that creditors are required to put up their claims together with supporting documents at the above address on or before the meeting date, failing which their claims will not be entertained in the liquidation and distribution of the assets.

Mr. Premchai Karnasuta
Managing Director
Italian - Thai Development (Myanmar) Co., Ltd

Notice to Creditors

[Notice Under Section 361 (B)]

In the matter of Myanmar Companies Law and

**MYANMAR UPTRON HOLDINGS CO., LTD**

Notice is hereby given that the Creditors' Meeting of Myanmar Uptron Holdings Co., Ltd will be convened at Peninsula Plaza, 111 North Bridge Road # 10-04/05, Singapore 179098, Singapore on March 30th , 2019 at 10:00 am just after holding the shareholders' Special General Meeting for the following purposes :-

1. To appoint a suitable liquidator (or) liquidators for the purpose of winding-up the affairs and distributing the assets of the Company Under Section 363; and

2. To appoint, if they deem fit, a Committee of Inspection Under Section 364.

It is also notified that creditors are required to put up their claims together with supporting documents at the above address on or before the meeting date, failing which their claims will not be entertained in the liquidation and distribution of the assets.

Mr. Sameer Singh Purain
Director
Myanmar Uptron Holdings Co.,Ltd

ပ၊ ထ၊ န - အမှတ် ၅၅၇/၁၈-၁၉/ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန/စောင်ရေ - ၂၀၀၀/၁၅-၃-၂၀၁၉။